# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

၁၃၈၂ ခုနှစ်၊ တပေါင်းလဆန်း ၂ ရက်၊ တနင်္ဂနွေနေ့။ Sunday, 14 March 2021 ၁၀၃၁၆


**ကောင်းမှုကိုပြုလုပ်ဆည်းပူး**

အနည်းငယ်သောကောင်းမှုသည် ငါ့အား အကျိုးရောက်လိမ့်မည်မဟုတ်ဟု မထီမဲ့မြင် မအောက်မေ့ရာ။ မိုးရေပေါက်သည် ကျဖန်များလတ်သော် ရေအိုးသည် ပြည့်ဘိသကဲ့သို့ ပညာရှိသည် အနည်းငယ်၊ အနည်းငယ်မျှသော ကောင်းမှုကို ပြုလုပ်ဆည်းပူးဖန်များလတ်သော် ကောင်းမှုဖြင့် ပြည့်၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၂)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ဗထူးတပ်နယ်နှင့် ပြင်ဦးလွင်တပ်နယ်တို့ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ သင်တန်းသားအရာရှိ၊ စစ်သည်၊ ဗိုလ်လောင်းများအား တွေ့ဆုံအမှာစကားပြောကြား





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ဗထူးတပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ သင်တန်းသားအရာရှိ၊ စစ်သည်၊ ဗိုလ်လောင်းများအား တွေ့ဆုံ၍ အားပေးအမှာစကားပြောကြားစဉ်။

နေပြည်တော် မတ် ၁၃

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ယနေ့နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတို့တွင် ဗထူးတပ်နယ်နှင့် ပြင်ဦးလွင်တပ်နယ်တို့ရှိ သင်တန်းသား အရာရှိနှင့် ဗိုလ်လောင်းများ၊ သင်တန်းသားစစ်သည်များ၊ သန္ဓေစစ်သည်နှင့် မိသားစုများအား သီးခြားစီတွေ့ဆုံ၍ အားပေးအမှာစကားပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲများသို့ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး အောင်ဇော်အေး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ)မှ တပ်မတော်အရာရှိကြီးများ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဗထူးတပ်နယ်နှင့် ပြင်ဦးလွင်တပ်နယ်တို့ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ သင်တန်းသားအရာရှိ၊ စစ်သည်၊ ဗိုလ်လောင်းများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲများတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် မဲပေးခွင့်ရှိသူ ၃၉ ဒသမ ၂ သန်းကျော်ရှိသည့်အနက် ၁၀ ဒသမ ၄ သန်းကျော် မဲစာရင်းမှားယွင်းမှုကြီးမားစွာဖြစ်ပေါ်ကာ မဲမသမာမှုဖြစ်ပေါ်ခဲ့သည့် အခြေအနေများ၊ နစ်နာသူပြည်သူများနှင့် ပါတီများက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ထံသို့ အဆိုပါ မဲစာရင်းမှားယွင်းမှုဖြစ်ပေါ်ခဲ့သည့် အခြေအနေများကို သံသယကင်းရှင်းစေရေး ပွင့်လင်းမြင်သာစွာ ရှင်းလင်းပေးရန် အကြိမ်ကြိမ်တောင်းဆိုခဲ့သော်လည်း ဦးလှသိန်း ဦးဆောင်သည့်

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ✳**


**ကြေးမုံ ယနေ့ ဖတ်စရာ**

**မြစ်ကြီးနား အထွေထွေရောဂါကု ဆေးရုံကြီးတွင် ကျန်းမာရေးစောင့်ရှောက်မှုနှင့် ဆေးဝါးကုသမှုလုပ်ငန်းများ ပြန်လည်ဆောင်ရွက်လျက်ရှိ** စာမျက်နှာ » ၅

**လူ့အဖွဲ့အစည်း၏ တန်ဖိုးများ** ဆောင်းပါး စာမျက်နှာ » ၆

**ကမ္ဘာ့ကျန်းမာရေးအဖွဲ့က Johnson & Johnson ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အရေးပေါ် သုံးစွဲခွင့် အတည်ပြု** စာမျက်နှာ » ၁၁

**CDMလှုပ်ရှားမှု နောက်ကွယ်က ဆွဲငင်မှုပဋိပက္ခများ** ဆောင်းပါး စာမျက်နှာ » ၁၅





ကြေးမုံ

# ကလေးသူငယ်များ ဘေးအန္တရာယ်ကင်းရေး

ကလေးသူငယ်များ ဘေးအန္တရာယ်ဖြစ်စေခြင်းမှ ရှောင်ရှားနိုင်ပါရန် မတ်လ ၁၂ ရက်က ယူနီဆက်မှတောင်းဆိုလိုက်သည့် ထုတ်ပြန်ချက်ကို တွေ့ရှိလိုက်ရသည်။ နိုင်ငံအတွင်း ဆူပူလှုပ်ရှားမှုများ ဖြစ်ပေါ်နေစဉ်အတွင်း ဆူပူလှုပ်ရှားအကြမ်းဖက်မှုများကို တားဆီးထိန်းသိမ်းရာတွင် အနည်းဆုံးအင်အား၊ အနိမ့်ဆုံးအဆင့်ဖြင့် စိတ်ရှည်သည်းခံကာ ဖြေရှင်းဆောင်ရွက်လျက်ရှိပြီး ငယ်ရွယ်သူကလေးသူငယ်များ ပါဝင်လာပါကလည်း အုပ်ထိန်းသူများထံသို့ ပြန်လည်လွှဲပြောင်းပေးလျက်ရှိသည်။

သို့သော် ဖြစ်စဉ်များအပေါ် သက်ဆိုင်ရာမှ အင်အားသုံးဖိနှိပ်ခြင်းပုံစံဖြင့် လူမှုကွန်ရက်များပေါ်တွင် မမှန်မကန် သတင်းထုတ်လွှင့်မှုများ၊ တစ်ဖက်သတ်အမြင်ဖြင့် တင်ပြမှုများ၊ အထင်အမြင်လွဲမှားစေရန် တမင်ဖန်တီးမှုများအပေါ်တွင် အခြေခံပြီး အလျင်စလိုစွပ်စွဲပြောဆိုခြင်းမပြုလုပ်ဘဲ ဖြစ်စဉ်အပေါ်တွင် ဓမ္မဓိဋ္ဌာန်ကျကျ လေ့လာရှုမြင်သုံးသပ်ကာ ပြောဆိုပြုမူလုပ်ကိုင်ဆောင်ရွက်ကြရန်၊ ယုံကြည်လက်ခံကြရန် လိုမည်ဖြစ်သည်။ မသမာသူအဖျက်သမားများ၊ ဖျက်လိုဖျက်ဆီးလုပ်ကိုင်လိုသူများ၊ ယုံကြည်ချက် ခံယူချက် လွဲမှားနေသူများက ဆူပူအကြမ်းဖက်မှုဖြစ်စဉ်များတွင် ကလေးသူငယ်များကို အသုံးချနေခြင်းသည် အဆိုးရွားဆုံးလုပ်ရပ်များ လုပ်ဆောင်ခြင်းသာဖြစ်ပေသည်။

မြန်မာနိုင်ငံသည် ဗုဒ္ဓစိုရ်တရားလက်ကိုင်ထားသည့် နိုင်ငံဖြစ်ပြီး အားနည်းကြသည့် ချို့တဲ့သူများ၊ ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများအပေါ်တွင် အစဉ်အလာအားဖြင့် စာနာထောက်ထား၊ ကူညီစောင့်ရှောက်ပေးလျက်ရှိသည်။ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂသဘောတူစာချုပ်တွင် ၁၉၉၁ ခုနှစ် ဩဂုတ်လ ၁၅ ရက်နေ့က အတည်ပြုလက်မှတ်ရေးထိုးထားပြီး စာချုပ်ပါအသက် ၁၈ နှစ်အောက် ကလေးသူငယ်အခွင့်အရေးများကို အလေးထားဦးစားပေးဆောင်ရွက်ပေးလျက်ရှိသည်။

ကုလသမဂ္ဂက ပြဋ္ဌာန်းထားသော ကလေးသူငယ်အခွင့်အရေးများဖြစ်သည့် ကလေးများ၏ (၁) အသက်ရှင်ရပ်တည်မှုဆိုင်ရာအခွင့်အရေးများ၊ (၂) ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာအခွင့်အရေးများ၊ (၃) ကာကွယ်မှုဆိုင်ရာအခွင့်အရေးများ၊ (၄) ပါဝင်ဆောင်ရွက်မှုဆိုင်ရာ အခွင့်အရေးများကို မိဘ၊ ပြည်သူနှင့်နိုင်ငံတော်က ဝိုင်းဝန်းကာကွယ် လုပ်ဆောင်ပေးရမည်ဖြစ်ကြောင်း ဖော်ပြထားသည်။ ထိုဖော်ပြချက်နှင့်အညီ နိုင်ငံတော်အနေဖြင့် ကလေးသူငယ်ဆိုင်ရာ အခွင့်အရေးပါအချက်များကို အစဉ်အဆက် အလေးထားဆောင်ရွက်ပေးလျက်ရှိပြီး ယခုအချိန်အခါကဲ့သို့ လူစုလူဝေးလူအုပ်ဖြင့် ဆူပူလှုပ်ရှားမှုအချို့တွင် ကလေးသူငယ်ပါရှိလာပါကလည်း အတတ်နိုင်ဆုံး ထိန်းသိမ်းကာကွယ်ပေးလျက်ရှိသည်။

ကလေးသူငယ်အခွင့်အရေးများကို ကုလသမဂ္ဂပြဋ္ဌာန်းချက်တွင်ပါဝင်သည့် အဓိကဆောင်ရွက်ပေးရမည့် မိဘ၊ ပြည်သူ၊ နိုင်ငံတော်ဟူသော အစုအဖွဲ့သုံးမျိုးတွင် အားလုံးတညီတညွတ်တည်း လက်တွဲဆောင်ရွက်မှသာ အောင်မြင်မည်ဖြစ်သည်။ အသိုက်အဝန်းအားလုံး ရည်မှန်းချက်ကိုရရှိအောင် အတူပူးပေါင်းဆောင်ရွက်မှသာ အောင်မြင်မည်ဖြစ်သော်လည်း တစ်ဖက်သတ်အမြင်ဖြင့် လိုရာဆွဲပြောဆိုနေသည်မှာ ပြဋ္ဌာန်းချက်များကို သွေဖည်ရာရောက်ပေသည်။ ယနေ့ကမ္ဘာတွင် အားကြီးရာဘက်သို့လိုက်၍ လိုရာစွပ်စွဲပြောဆိုနေကြသဖြင့် အမှန်တရားနှင့် ကင်းကွာနေသည်ကို မြင်တွေ့ရမည်ဖြစ်သည်။ ဒီမိုကရေစီစံနှုန်းများနှင့်မညီညွတ်သည်ကိုလည်း တွေ့ရသည်။ ငြိမ်းချမ်းသာယာဝပြောရေးကို ဦးတည်ဆောက်ရွက်ရမည့်အစား မငြိမ်းချမ်းသော အခြေအနေများသို့ တွန်းပို့နေသကဲ့သို့ ဖြစ်နေပေသည်။

ယနေ့ဆူပူအကြမ်းဖက်မှုဖြစ်စဉ်များကို နိုင်ငံတော်က အမြန်ဆုံး တည်ငြိမ်အေးချမ်းအောင် ဥပဒေနှင့်အညီ အကောင်းဆုံးနည်းလမ်းဖြင့် ဆောင်ရွက်လျက်ရှိရာ တည်ငြိမ်မှုအခြေအနေကောင်းတစ်ခုသို့ ရောက်ရှိလာခဲ့ပြီဖြစ်သည်။ ဖြစ်စဉ်အစကတည်းက ပါတီနိုင်ငံရေးအရောင်အသွေး မကင်းသောသူများ၏ သွေးထိုးလှုံ့ဆော်ပေးမှုများကြောင့် လူငယ်များ လမ်းမများပေါ်သို့ရောက်ရှိနေသည်ကို မြင်တွေ့ရမည်ဖြစ်သည်။ တည်ငြိမ်မှုကို မလိုလားမနှစ်သက်သော ဖျက်လိုဖျက်ဆီးလုပ်လိုသောသူများက ကလေးသူငယ်များကိုပါ စည်းရုံးလှုပ်ရှားလာကြသည်ကို တွေ့ရမည်ဖြစ်သည်။

တစ်ဖက်တွင် အောင်မြင်မှုမရရှိလာသဖြင့် ကလေးသူငယ်များကို အသုံးချလာကြသည်ကို မြင်တွေ့ရသည်မှာ စိတ်မချမ်းမြေ့ဖွယ်ဖြစ်သည်။ မိဘအုပ်ထိန်းသူများနှင့်ပြည်သူများက ကလေးသူငယ်များ ဘေးအန္တရာယ် မဖြစ်စေရန် ကာကွယ်ပေးရမည့်အစား ကလေးသူငယ်များ အန္တရာယ်ဖြစ်စေရန်၊ အနာဂတ်တွင် ကလေးသူငယ်များ လမ်းမှားသို့ရောက်စေရန် တွန်းပို့ပေးနေသောအဖြစ်များကို မြင်တွေ့နေရသည်မှာ ဝမ်းနည်းစရာဖြစ်သည်။ သို့ဖြစ်ရာ မိဘအုပ်ထိန်းသူများ၊ ပြည်သူများက နိုင်ငံတော်နှင့်လက်တွဲ၍ ဘေးအန္တရာယ်ကင်းဝေးအောင်၊ အနာဂတ်ခရီးကောင်းမွန်အောင် ဆောင်ရွက်ပေးကြရမည်ဖြစ်ပါကြောင်း။ ။

## (၇၆)နှစ်မြောက် တပ်မတော်နေ့ဦးတည်ချက်

(၁) အမျိုးသားရေးမူဝါဒဖြစ်သော ဒို့တာဝန်အရေး(၃)ပါးကို ဆက်လက်ထိန်းသိမ်းပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခြေခံမူများနှင့်အညီ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး၏ဆန္ဒဖြစ်သည့် ဒီမိုကရေစီလမ်းကြောင်းမှ သွေဖည်မှု မရှိစေရန် ပြည်သူတစ်ရပ်လုံးနှင့်လက်တွဲ၍ တပ်မတော်က ကာကွယ်ထိန်းသိမ်းပေးရေး။

(၂) သဘာဝဘေးအန္တရာယ်ကျရောက်မှုအပါအဝင် ပြည်သူများအပေါ် ကျရောက်လာသည့် အန္တရာယ်မှန်သမျှကို မည်သည့်အခြေအနေ မည်သည့်အချိန်အခါတွင်မဆို ကာကွယ်စောင့်ရှောက်ရန်နှင့် ပြည်သူလူထု၏ လူနေမှုဘဝလုံခြုံရေးကိုပါ ဘက်ပေါင်းစုံက ကူညီဆောင်ရွက်ပေးရေး။

(၃) ပါတီစုံဒီမိုကရေစီစနစ်လမ်းကြောင်းကို လျှောက်လှမ်းရာတွင် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးသည် ပကတိလိုအပ်ချက်ဖြစ်သည့်အတွက် ထာဝရငြိမ်းချမ်းရေးတည်ဆောက်ရာတွင် ဒို့တာဝန်အရေး(၃)ပါးကို မသွေဖည်ဘဲ NCA အပေါ် အခြေခံ၍ အကောင်အထည်ဖော် ဆောင်ရွက်ရေး။

(၄) နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် အချုပ်အခြာအာဏာကို ထိရောက်စွာ ကာကွယ်နိုင်ရန် တိုက်ပွဲစွမ်းရည်နှင့် တိုက်ပွဲစွမ်းအားရှိသော ကျစ်လျစ်ခိုင်မာတောင့်တင်းသည့် ခေတ်မီတပ်မတော်တည်ဆောက်ရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

ကြေးမုံ

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | ဦးစိုးစိုးနိုင် |
| စာတည်းမှူး | - | ဦးဝင်းနိုင် |
| သတင်းထောက်မှူး | - | ဦးမြင့်စိုး |
| စာတည်းများ | - | ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး |
| ဘာသာပြန် စာတည်းများ | - | ဦးဇော်ဝင်း၊ ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော် |
| အကြီးတန်း သတင်းထောက်များ | - | ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း |
| အငယ်တန်း သတင်းထောက်များ | - | ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| ဓာတ်ပုံသတင်းထောက် | - | ဦးခင်မောင်ဝင်း |
| သုတေသန | - | ဒေါ်ဇင်မာဝင့် |
| စာပြင် | - | ဒေါ်ခိုင်သန္တာရွှေ၊ ဒေါ်ခင်ယုဆွေနှင့်အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | ဒေါ်နွယ်နွယ်ထွန်း၊ ဒေါ်မျိုးမျိုးဝင်းနှင့်အဖွဲ့ |
| အီးမေးလ်နှင့် အွန်လိုင်း | - | ဦးစိုးချစ်ဦး၊ ဦးစည်သူလွင်နှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးမှူးများ တာဝန်ပေးအပ်ရာတွင် အများကြည်ညိုလေးစားခံရပြီး ပါတီနိုင်ငံရေးကင်းရှင်းသူများကိုသာ တာဝန်ပေး

ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးမှူးများ အသစ်ပြန်လည်ခန့်အပ်ခြင်းနှင့်ပတ်သက်၍ ၎င်းတို့၏ သက်တမ်းမှာလည်း ဥပဒေအရ လဲလှယ်ရမည့်အချိန်ဖြစ်ကြောင်း၊ ယခုအချိန်တွင် ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးမှူးများ တာဝန်ပေးအပ်ရာတွင် လက်မခံသည့် လုပ်ရပ်မျိုးများ လုပ်ဆောင်နေကြသည်ကိုတွေ့ရကြောင်း၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ တာဝန်ပေးအပ်ရာတွင် အများကြည်ညိုလေးစားခံရပြီး အတတ်နိုင်ဆုံး ပါတီနိုင်ငံရေး ကင်းရှင်းသူများကိုသာ တာဝန်ပေးအပ်လိုကြောင်း၊ ပါတီနိုင်ငံရေး အရောင်အသွေးမကင်းသည့်အတွက် ယခုလိုလက်မခံသည့် ဖြစ်စဉ်မျိုးများ ဖြစ်ပွားလာခြင်းဖြစ်ကြောင်း၊ ဒီမိုကရေစီစနစ်တွင် ကြိုက်နှစ်သက်သည်၊ မကြိုက်နှစ်သက်သည်ရှိနိုင်ကြောင်း၊ ဒီမိုကရေစီရင့်ကျက်သည့်နိုင်ငံများတွင် စည်းကမ်းဥပဒေနှင့်အညီ တာဝန်ပေးအပ်မှုကို လက်ခံကြကြောင်း၊ ရပ်ကွက်ကျေးရွာများနှင့် အနီးစပ်ဆုံးဖြစ်သည့် မြို့နယ်အုပ်ချုပ်ရေးတာဝန်ရှိသူများသည် နိုင်ငံရေးအရောင်အသွေး ကင်းရှင်းရန်လိုအပ်ကြောင်း၊ ယင်းအတွက် စိစစ်ဆောင်ရွက်မှုများ ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၁-၃-၂၀၂၁ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး၌ ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် အဖွဲ့ဝင်များက ဗထူးတပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ သင်တန်းသား အရာရှိ၊ စစ်သည်၊ ဗိုလ်လောင်းများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်စဉ်။

✻ ရွှေဖုံးမှ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က လျစ်လျူရှုကာ တာဝန်ယူဖြေရှင်းမှု မပြုလုပ်ပေးသည့် အခြေအနေများ၊ မဲစာရင်းမှားယွင်းခြင်းဖြစ်ပေါ်နေမှုကို ဆွေးနွေးနိုင်ရေး ဒုတိယအကြိမ်လွှတ်တော်အတွင်း အထူးအစည်းအဝေး ခေါ်ယူကျင်းပရန် လွှတ်တော်ကိုယ်စားလှယ် ၂၅ ရာခိုင်နှုန်းကျော်ကတောင်းဆိုမှုကိုလည်း ပြည်ထောင်စုလွှတ်တော်နာယက က ပယ်ချခဲ့မှုအခြေအနေများ၊ နောက်ဆုံးအဆင့် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၌ ရှင်းလင်းဆွေးနွေးခွင့်ပြုရန် နှစ်ကြိမ်တိုင်တိုင် တောင်းဆိုမှုကို နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်က လုံးဝလက်မခံဘဲ ပယ်ချခဲ့မှု အခြေအနေများ၊ ကိုယ်ရေးစာဖြင့် မဲစာရင်းမှားယွင်းမှုများ စိစစ်ပေးရန်၊ စိစစ်ရာတွင် UEC အသစ်ဖွဲ့စည်း၍ ဆောင်ရွက်ပေးရန်၊ စိစစ်ဆဲကာလအတွင်း လွှတ်တော်အသစ်ခေါ်ယူမှု ဆိုင်းငံ့ပေးရန်၊ နိုင်ငံတော်သမ္မတက ယခုတင်ပြချက်အပေါ် အချိန်မီဖြေရှင်းပေးနိုင်ရန် တောင်းဆိုခဲ့မှုတို့အား လက်မခံခဲ့သည့် အခြေအနေများ။

သံသယဖြစ်ဖွယ်မဲစာရင်း ၁၀ ဒသမ ၄ သန်းကျော် မှားယွင်းနေမှုကို ပွင့်လင်းမြင်သာစွာ ဖြေရှင်းဆောင်ရွက်ပေးခြင်းမရှိသည့်အပြင် တတိယအကြိမ် လွှတ်တော်အသစ် အစည်းအဝေးကျင်းပပြုလုပ်၍ နိုင်ငံတော်၏ အာဏာ ၃ ရပ်အား မတရားနည်းဖြင့်ရယူရန် ကြိုးပမ်းလာသည့် အခြေအနေများ၊ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များကို လိုက်နာမှုမရှိဘဲ နိုင်ငံတော်၏ အာဏာအရပ်ရပ်အား မတရားနည်းဖြင့် ရယူရန် ကြိုးပမ်းလာမှုတို့ကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)ခုနှစ်၊ ပုဒ်မ ၂၀ အရ တပ်မတော်သည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရန် အဓိကတာဝန်ရှိသည်နှင့်အညီ တပ်မတော်က ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)ကို ဖျက်သိမ်းခြင်းမရှိဘဲ ပုဒ်မ ၄၁၇၊ ပုဒ်မ ၄၁၈ အရ နိုင်ငံတော်အရေးပေါ်အခြေအနေကြေညာပြီး အာဏာ ၃ ရပ်အား ဖွဲ့စည်းပုံအခြေခံဥပဒေပါ ကာလသတ်မှတ်ချက်အတွင်း ရယူဆောင်ရွက်ရသည့် အခြေအနေများ၊ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့မှစ၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို ဖွဲ့စည်း၍ ရှေ့လုပ်ငန်းစဉ်(၅) ရပ် ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်နေမှုအခြေအနေများ။

နိုင်ငံ့ဝန်ထမ်းများ CDM တွင် ပါဝင်လာစေရေး စည်းရုံးမှုမှစ၍ အကျပ်ကိုင်မှု၊ ခြိမ်းခြောက်မှု၊ ဖိအားပေးမှုအထိ ပြုလုပ်လာသည့်အတွက် ဆူပူအကြမ်းဖက်မှုများ မဖြစ်စေရေး ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၁၄၄ ထုတ်ပြန်ခဲ့သည့်အခြေအနေများ၊ နိုင်ငံ့ဝန်ထမ်းများ နားယောင်မှု၊ ကြောက်ရွံ့မှုတို့ကြောင့် CDM တွင်ပါဝင်ခဲ့ရခြင်းကြောင့် မိသားစုများအပါအဝင် လူမှုစီးပွားဘဝပျက်စီးဆုံးရှုံးရမှုအခြေအနေများ၊ ငြိမ်းချမ်းစွာ ဆန္ဒဖော်ထုတ်မှုမှ အကြမ်းဖက်ဆူပူမှုအသွင်(Riot) ၎င်းမှ မင်းမဲ့စရိုက်ဆန်သော လူအုပ်စုဖြင့်အကြမ်းဖက်လာမှုသည် (Anorchy Mob) အသွင်ပြောင်းလဲလာမှုအခြေအနေများ၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၆၁၊ ပုဒ်မ ၃၆၂ အရ ဘာသာ၊ သာသနာကိုးကွယ်မှုဆိုင်ရာများကို လွတ်လပ်စွာ ဆောင်ရွက်ခွင့်ပြုထားသော်လည်း မိမိတို့နိုင်ငံ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းများ ပျက်စီးလာအောင် အမျိုးသမီးထဘီများ လမ်းလုံးပြည့် ချိတ်ဆွဲခြင်း၊ နိုင်ငံတော်၏အဓိပတိဆရာတော် ထေရ်ကြီးဝါကြီးများ၏ ပုံတော်များကို မဖွယ်မရာ ဆောင်ရွက်လာမှုနှင့် ဘာသာ၊ သာသနာ ညှိုးနွမ်းအောင်ဆောင်ရွက်လာမှုအခြေအနေများ၊ လူတစ်ဦးချင်းစီ၏ ဂုဏ်သိက္ခာ၊ လူ့တန်ဖိုး၊ လူ့အခွင့်ရေးဆုံးရှုံးသည်အထိ မျက်ခုံးမွေးရိတ်ခြင်း၊ လေးကွက်ကျား ကတုံးတုံးခြင်း၊ ရာဇဝတ်သားကဲ့သို့ လည်ပင်းစာတမ်း ချိတ်ဆွဲ၍ အရှက်ခွဲခြင်းအပြင် လူ့ကျင့်ဝတ်သိက္ခာနှင့်မညီသော နဖူးနှင့် ပါးပေါ်တွင် တက်တူးများရေးထိုးစေလွှတ်ခြင်း၊ ရဲစခန်းများအပါဝင် အုပ်ချုပ်ရေးမှူးရုံးများကို ထိပါးနှောင့်ယှက်လာခြင်းအပြင် လုံခြုံရေး တပ်ဖွဲ့ဝင်များအပေါ် သေစေနိုင်လောက်သည်အထိ ရေနွေးပူလောင်းချခြင်း၊ တုတ်၊ ဓား၊ လှံ၊ မှိန်း၊ လက်လုပ်သေနတ်၊ လေးခွ၊ ဂျင်ကလိ စသည်တို့ဖြင့် ထိပ်တိုက်အကြမ်းဖက်မှုဆောင်ရွက်လာမှု အခြေအနေများ၊ ထိုသို့ ပြုမူဆောင်ရွက်မှုများနှင့် ဆူပူအကြမ်းဖက်မှုများ ဆောင်ရွက်လာခြင်းကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရ ရုန်းရင်းဆန်ခတ်မှု လက်စွဲဥပဒေ(၁၉၅၆ခုနှစ်) နှင့် ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ လူစုလူဝေးအား ကြီးကြပ်ထိန်းသိမ်းခြင်း လက်စွဲစာစောင်(၂၀၁၅ခုနှစ်)ပါ ပြဋ္ဌာန်းဥပဒေများနှင့်အညီ အနည်းဆုံး အင်အား၊ အနိမ့်ဆုံးအဆင့်မှစ၍ ဖြေရှင်းဆောင်ရွက်နေမှု အခြေအနေများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများအနေဖြင့် လုံခြုံရေးအသိ၊ လုံခြုံရေးသတိဖြင့် နေထိုင်ကာ တပ်တွင်းစည်းလုံးညီညွတ်ရေးကို ကျစ်လျစ်ခိုင်မာအောင်ဆောင်ရွက်ရန်၊ မြဲသုံး မြဲအား အမြဲလက်ကိုင်ထား၍ ရဲသုံး ရဲဖြင့် ကျရာတာဝန်ကို ကျေပွန်အောင်ဆောင်ရွက်ရန်၊ တစ်ဦးချင်း၏ ကျန်းမာရေးကို ဂရုစိုက်ပြီး ကျန်းမာသန်စွမ်းအောင် နေထိုင်လေ့ကျင့်ရန်နှင့် မိမိကိုယ်တိုင်နှင့် မိမိမိသားစုကြောင့် မိမိအဖွဲ့အစည်း၏ ပုံရိပ်များ၊ ဂုဏ်သိက္ခာများ ပျက်ယွင်းကျဆင်းမှုမရှိစေရေး လိုက်နာစောင့်ထိန်းရမည့် အခြေအနေများအား အသေးစိတ်ရှင်းလင်း မှာကြားခဲ့သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များက ဗထူးတပ်နယ်နှင့် ပြင်ဦးလွင်တပ်နယ်တို့ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ သင်တန်းသားအရာရှိ၊ စစ်သည်၊ ဗိုလ်လောင်းများအတွက် တပ်မတော်စက်ရုံထုတ် စားသောက်ဖွယ်ရာများနှင့် လက်ဆောင်ပစ္စည်းများပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူသည်။

တွေ့ဆုံပွဲများအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် တွေ့ဆုံပွဲများသို့ တက်ရောက်လာသော အရာရှိ၊ စစ်သည်၊ မိသားစုများ၊ သင်တန်းသားအရာရှိ၊ စစ်သည်၊ ဗိုလ်လောင်းများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြသည်။

ထို့ပြင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် ဗထူးတပ်မြို့ အရာခံနှင့်အကြပ်ကြီးသင်ကျောင်းရှိ သင်တန်းသားစုပေါင်းစားရိပ်သာ၌ သင်တန်းသားများနှင့်အတူ နေ့လယ်စာအတူတကွသုံးဆောင်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရခိုင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ စစ်တွေမြို့နယ်၌ ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်နေမှု ကြည့်ရှုအားပေး

**စစ်တွေ မတ် ၁၃**

ရခိုင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဒေါက်တာအောင်ကျော်မင်းသည် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် စစ်တွေမြို့ ဓမ္မာစရိယ တက္ကသိုလ် ကျောင်းတိုက်ဆရာတော်အား ဖူးမြော်ပြီး စစ်တွေမြို့နယ်၌ ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးသည်။

**ဆက်ကပ်လှူဒါန်း**

ရှေးဦးစွာ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့သည် စစ်တွေမြို့ ဓမ္မာစရိယတက္ကသိုလ်ကျောင်းတိုက်သို့ သွားရောက်၍ ဓမ္မာစရိယ တက္ကသိုလ်များ၏ နာယကချုပ်ဆရာတော် ဘဒ္ဒန္တ သုစိတ္တာဘိဝံသအား ဖူးမြော်ကာ လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းပြီး ဆရာတော်ထံမှ ဩဝါဒခံယူသည်။ ထို့နောက် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့သည် စစ်တွေမြို့နယ် သင်းပုန်းတန်းကျေးရွာ ဘုန်းတော်ကြီးကျောင်း ဓမ္မာရုံ၌ ကျေးရွာအတွင်းရှိ ပြည်သူများအား စစ်တွေမြို့နယ် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ ဝန်ထမ်းများက ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေးနေမှုကို သွားရောက်ကြည့်ရှုအားပေးသည်။



အဆိုပါ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ရာတွင် စစ်တွေမြို့နယ်ရုံးမှ ဝန်ထမ်းများက ကျေးရွာအတွင်းရှိ ပြည်သူများအား အသက် ၁၀ နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေးခြင်း၊ အသက် ၁၈ နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ အသစ်ပြန်လည်ပြုလုပ်ပေးခြင်း၊ ပျောက်ဆုံး၊ ပျက်စီး နိုင်ငံသားစိစစ်ရေးကတ်ပြားများ အသစ်ပြန်လည်ပြုလုပ်ပေးခြင်း၊ အိမ်ထောင်စုစာရင်းများပျောက်ဆုံးခြင်း၊ ပျက်စီးခြင်းများအား အသစ်ပြန်လည်ပြုလုပ်ပေးခြင်းနှင့် အိမ်ထောင်စုလူဦးရေစာရင်းများ ဖြည့်စွက်ထည့်သွင်းပေးခြင်းများကို ဆောင်ရွက်ပေးကြကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

# မုံရွာမြို့ ခုတင် ၅၀၀ ဆံ့ ပြည်သူ့ဆေးရုံကြီး တိုးချဲ့(၅)ထပ်ဆောင် တည်ဆောက်နေမှုနှင့်စပ်လျဉ်း၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**မုံရွာ မတ် ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ ခုတင်(၅၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီး တိုးချဲ့(၅)ထပ်ဆောင် တည်ဆောက်နေမှုနှင့်စပ်လျဉ်း၍ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို မတ် ၁၁ ရက် မွန်းလွဲ ၁ နာရီက စစ်ကိုင်းတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီရုံးအစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။



ရှေးဦးစွာ စစ်ကိုင်းတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်လင်းက မုံရွာမြို့ ခုတင် ၅၀၀ ဆံ့ ပြည်သူ့ဆေးရုံကြီး တိုးချဲ့(၅)ထပ်ဆောင် အဆောက်အအုံသစ် တည်ဆောက်နေမှု လုပ်ငန်းအခြေအနေများနှင့်ပတ်သက်၍ အမှာစကား ပြောကြားသည်။

**ဆွေးနွေးတင်ပြ**

ထို့နောက် အဆောက်အဦအထူးအဖွဲ့ (၁၀)မှ တာဝန်ခံအင်ဂျင်နီယာ ဦးဂိုခန့်မာန်က ခုတင် ၅၀၀ ဆံ့ ပြည်သူ့ဆေးရုံကြီး တိုးချဲ့(၅)ထပ်ဆောင် အဆောက်အအုံသစ် တည်ဆောက်ရေးလုပ်ငန်း အခြေအနေများနှင့်ပတ်သက်၍ Power Point ဖြင့် ရှင်းလင်းတင်ပြပြီး မုံရွာမြို့ ခုတင် ၅၀၀ ဆံ့ ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာသက်အောင်က တည်ဆောက်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ ဖြည့်စွက်ဆွေးနွေးတင်ပြသည်။

ယင်းနောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်လာသူများက ခုတင် ၅၀၀ ဆံ့ ပြည်သူ့ဆေးရုံကြီး တိုးချဲ့(၅)ထပ်ဆောင် အဆောက်အအုံသစ် တည်ဆောက်နေမှုလုပ်ငန်းများနှင့် ပတ်သက်၍ အသီးသီးဆွေးနွေးတင်ပြကြပြီး တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်လင်းက ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးပြီး နိဂုံးချုပ်စကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းခဲ့သည်။

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်လင်း၊ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်(၁) ဗိုလ်မှူးကြီး ဝင်းတင်စိုး၊ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်(၂) ဒေါ်ရီရီသန်း၊ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်(၃) ဦးတင်သန်းဝင်း၊ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဦးတင်မောင်ဆွေနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ပြည်ပမှ ပြန်လည်ရောက်ရှိလာသူများအား တပ်မတော်ဆေးအဖွဲ့က ကိုဗစ်-၁၉ ရောဂါနှင့် ပတ်သက်၍ ကျန်းမာရေးစစ်ဆေးပေးခြင်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် မတ် ၁၃**

ပြည်ပမှ ပြန်လည်ဝင်ရောက်လာသည့် မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်းရှိ ဒေသခံပြည်သူများအား ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ လိုအပ်သည့် စစ်ဆေးမှုများပြုလုပ်ရန် အခက်အခဲဖြစ်ပေါ်လျက်ရှိသဖြင့် မော်လမြိုင်မြို့ရှိ တက္ကသိုလ်(၁၀)မြို့နယ် အဆောင်၌ အသွားအလာကန့်သတ်ထားရှိခဲ့သည်။

ထိုသို့ အသွားအလာကန့်သတ်ထားရှိသည့် ပြည်ပမှ ပြန်လည်ဝင်ရောက်လာသူ ၇၂ ဦးကို ယနေ့နံနက်ပိုင်းတွင် အရှေ့တောင်တိုင်းစစ်ဌာနချုပ် နယ်မြေခံတပ်မတော်ဆေးရုံမှ ဆရာဝန်များ၊ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများက မြို့နယ်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့်ပူးပေါင်း၍ နှာခေါင်းတို့ဖတ်၊ အာခေါင်တို့ဖတ်ရယူခြင်း၊ RDT နည်းဖြင့် စစ်ဆေးခြင်းများကို ဆက်လက် ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# မိုင်းယောင်း၌ ဒေသခံပြည်သူများ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ဆက်လက်ထိုးနှံ

**မိုင်းယောင်း မတ် ၁၃**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် မိုင်းယောင်းမြို့နယ် မိုးလုံလေလုံ အားကစားခန်းမ စုရပ်၌ ယနေ့နံနက်ပိုင်းမှစ၍ မြို့နယ်အတွင်းရှိ ဒေသခံပြည်သူများအား တပ်မတော်သား ဆရာဝန်များ၊ ဆေးမှူးများနှင့် သူနာပြုများက ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး(COVISHIELD) ထိုးနှံပေးလျက်ရှိသည်။



အဆိုပါ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးနေမှု အခြေအနေများကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနေမြတ်သူနှင့် အဖွဲ့ဝင်များ၊ မိုင်းယောင်းတပ်နယ် တပ်နယ်မှူးနှင့် နယ်မြေခံ တပ်ရင်းတပ်ဖွဲ့ အသီးသီးရှိ တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားခဲ့ကြသည်။

ပြည်သူများ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှု အဆင်ပြေစေရန် ထွေ/အုပ်နှင့် ဌာနဆိုင်ရာများ၊ တပ်မတော်သားများ၊ ရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့နှင့် ကြက်ခြေနီသူနာပြုတပ်ဖွဲ့ဝင်များ၊ မျိုးဆက်သစ်ရောင်နီ ပရဟိတ လူမှုကူညီရေးအသင်းတို့က ကူညီဆောင်ရွက်ပေးကြောင်း သိရသည်။

**စိုင်းအောင်ဇော်လင်း**

# ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီရုံးနှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးများရှိ ရုံးတက်ဝန်ထမ်းများအား ဆန်နှင့်ဆီ ထောက်ပံ့ပေးအပ်

**လှိုင်ကော် မတ် ၁၃**

ကယားပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏အစီအစဉ်ဖြင့် ကယားပြည်နယ်အတွင်းရှိ ပြည်နယ်/ခရိုင်/မြို့နယ်/မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးများတွင် ရုံးတက်တာဝန်ထမ်းဆောင်လျက်ရှိသော ဝန်ထမ်းများအတွက် ဆန်နှင့်ဆီ ထောက်ပံ့ပေးအပ်ပွဲကို ယနေ့ နံနက် ၁၀ နာရီက ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်ဦးက လက်ရှိကာလတွင် နိုင်ငံတစ်ဝန်းဖြစ်ပေါ်နေသော အခြေအနေများအရ နိုင်ငံ့ဝန်ထမ်းများအား CDM( Civil Disobedience Movement)တွင် ပါဝင်ရေး ပြည်ပမှနည်းမျိုးစုံဖြင့် ဆောင်ရွက်လျက်ရှိရာ ဝန်ထမ်းအချို့မှာ ၎င်းတို့၏ ပင်ကိုဆန္ဒအရလည်းကောင်း၊ ခြိမ်းခြောက်ခံရခြင်း၊ သွေးဆောင်ခံရခြင်းကြောင့်လည်းကောင်း ရုံးမတက်နိုင်ကြဘဲ ဌာနနှင့်ကင်းကွာလျက်ရှိသည်ကို တွေ့ရှိရကြောင်း၊ အချို့ဝန်ထမ်းများမှာ ရုံးလုပ်ငန်းများ ဆောင်ရွက်လိုကြပြီး အမျိုးမျိုးသော ဟန့်တားမှုများကြောင့် ရုံးတက်ရောက်ရေး အခက်အခဲများရှိနေကြသော်လည်း ရုံးတက်ရောက်ပြီး လုပ်ငန်းများဆောင်ရွက်နေကြသည်ကို ဂုဏ်ယူဖွယ်ရာ တွေ့ရှိရသဖြင့် အထူးကျေးဇူးတင်ရှိကြောင်းနှင့် ယခုကဲ့သို့ အမျိုးမျိုးသော အခက်အခဲကြားမှ လုပ်ငန်းတာဝန်များ ထမ်းဆောင်လျက်ရှိကြသော ဝန်ထမ်းများအား တတ်အားသရွေ့ ကူညီထောက်ပံ့ပေးခြင်းဖြစ်ပြီး ဝန်ထမ်းများအနေဖြင့်လည်း တစ်စုံတစ်ရာ စိုးရွံ့ရန်မလိုဘဲ လုပ်ငန်းတာဝန်များ ဆက်လက်ကြိုးစား ဆောင်ရွက်ပေးကြရန် တိုက်တွန်းလိုကြောင်း ပြောကြားခဲ့သည်။

ထို့နောက် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်ဦးက အခက်အခဲများကြားမှ ရုံးတက်တာဝန်ထမ်းဆောင်လျက်ရှိသော ပြည်နယ်/ခရိုင်/မြို့နယ်/မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများအတွက် ဆန်နှင့်ဆီကို ထောက်ပံ့ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

အဆိုပါအခမ်းအနားသို့ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ ပြည်နယ်/ခရိုင်/မြို့နယ်/မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးများနှင့် ဝန်ထမ်းများ တက်ရောက်ခဲ့ကြောင်းနှင့် ဝန်ထမ်းတစ်ဦးလျှင် ဆန် ခြောက်ပြည်၊ ဆီ တစ်ပိဿာနှုန်းဖြင့် ဝန်ထမ်း ၅၇၄ ဦးအတွက် ဆန် ၁၄၄ အိတ်၊ ဆီ ၅၇၄ ပိဿာ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



# မြစ်ကြီးနားအထွေထွေရောဂါကုဆေးရုံကြီးတွင် ကျန်းမာရေးစောင့်ရှောက်မှုနှင့် ဆေးဝါးကုသမှုလုပ်ငန်းများ ပြန်လည်ဆောင်ရွက်လျက်ရှိ

**မြစ်ကြီးနား မတ် ၁၃**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ခုတင် (၅၀၀) အထွေထွေရောဂါကုဆေးရုံကြီးတွင် ပြည်သူများ၏ ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများနှင့် ဆေးဝါးကုသရေးလုပ်ငန်းများ ပြန်လည်ဆောင်ရွက်လျက်ရှိသဖြင့် ပြည်သူများက ယုံကြည်စိတ်ချစွာဖြင့် ဆေးဝါးကုသမှုလုပ်ငန်းများ လာရောက်ခံယူနိုင်ပြီဖြစ်ကြောင်း မိဘပြည်သူများသို့ အသိပေးနှိုးဆော်ခြင်း အခမ်းအနားကို ယနေ့ နံနက် ၁၁ နာရီတွင် အဆိုပါဆေးရုံဝင်း၌ ကျင်းပသည်။

အသိပေးနှိုးဆော်ခြင်း အခမ်းအနားသို့ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးခက်ထိန်နန်နှင့် ကောင်စီအဖွဲ့ဝင်များ၊ ပြည်နယ်ဥပဒေချုပ်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြစ်ကြီးနားမြို့ပေါ်ရပ်ကွက် စီမံအုပ်ချုပ်ရေးမှူးများ တက်ရောက်ခဲ့ကြပြီး ပြည်နယ်ကောင်စီဥက္ကဋ္ဌက လက်ရှိ အခြေအနေတွင် ပြည်နယ်သူပြည်နယ်သားများ၏ မျက်နှာကိုသာ ကြည့်ပြီး ကျန်းမာရေးစောင့်ရှောက်မှု ရရှိအောင်၊ ဆေးဝါးကုသခွင့် ပြန်လည်ရရှိအောင် ယခုလို ကြိုးစား၍ တာဝန်ထမ်းဆောင်လျက်ရှိကြသော ကျန်းမာရေးဝန်ထမ်းများအား ကျေးဇူးအထူးတင်ရှိပါကြောင်း၊ ဆက်လက်ပြီးတော့လည်း မိမိတို့ ပြည်နယ်နှင့် ပြည်နယ်သူ ပြည်နယ်သားများအတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၊ ဆေးဝါးကုသမှုလုပ်ငန်းများ ကြိုးစားဆောင်ရွက်စေလိုကြောင်း တိုက်တွန်းမှာကြားသည်။

ယင်းနောက်ပြည်နယ်ကောင်စီဥက္ကဋ္ဌနှင့် ပြည်နယ်ကောင်စီအဖွဲ့ဝင်များက ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့် ဆေးဝါးကုသရေးလုပ်ငန်းများ ပြန်လည် ဆောင်ရွက်လျက်ရှိသဖြင့် ပြည်သူများအနေဖြင့် ယုံကြည်စိတ်ချစွာ ဆေးဝါးကုသမှု ခံယူနိုင်ပြီဖြစ်ကြောင်း မိဘပြည်သူများသို့ အသိပေးနှိုးဆော်ခြင်း ဆိုင်းဘုတ်ကို အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးကြသည်။

ထို့နောက် ပြည်နယ်ကောင်စီဥက္ကဋ္ဌနှင့် ကောင်စီအဖွဲ့ဝင်များ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်ပြည်သူ့ကျန်းမာ/ကုသရေးဦးစီးဌာနမှူး၊ ဆေးရုံအုပ်ကြီးနှင့် တာဝန်ရှိသူများက ပြည်သူ့ဆေးရုံကြီးအတွင်း ကျောက်ကပ်တုသွေးသန့်စင်ဌာန၊ အရေးပေါ်ကုသရေးဌာနတို့တွင် တက်ရောက်ဆေးဝါးကုသမှု ခံယူနေသော ပြည်သူများအား ပြည်သူ့ဆေးရုံကြီးမှ ဆရာဝန်နှင့်သူနာပြုများ၊ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့မှ ဆရာဝန်များ၏ ကျန်းမာရေးစောင့်ရှောက်မှုနှင့် ဆေးဝါးကုသမှုလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေတို့ကို လိုက်လံကြည့်ရှုအားပေးခဲ့ကြသည်။

**ပြည်နယ်(ပြန်/ဆက်)**

# လုံခြုံရေးဆောင်ရွက်နေသည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများအား ဆန်၊ ဆီ၊ ဆား၊ ပဲ စားသောက်ဖွယ်ရာများ ပေးအပ်

**နေပြည်တော် မတ် ၁၃**

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့ရှိ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များအား ယနေ့ နံနက်ပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် မျိုးဝင်းနှင့် အဖွဲ့ဝင်များက သွားရောက်တွေ့ဆုံသည်။

ဦးစွာ ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်က အဖွင့်အမှာစကား ပြောကြားပြီး တစ်ဦးချင်းစီ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးကာ စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့ပြင် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ထမ်းဆောင်လျက်ရှိသည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များအတွက် အလှူရှင်များက စားသောက်ဖွယ်ရာများ ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ဝန်ထမ်းအိမ်ရာများတွင် အေးချမ်းစွာနေထိုင်နိုင်ရေး ညှိနှိုင်းဆွေးနွေး

**ရန်ကုန် မတ် ၁၃**

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ်၌ မီးရထားဝန်ထမ်းအိမ်ရာများအတွင်း အေးချမ်းစွာနေထိုင်နိုင်ရေး ယနေ့တွင် ခရိုင်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

အင်းစိန်မြို့နယ်အတွင်းရှိ မီးရထားဝန်ထမ်းအိမ်ရာများသို့ မြောက်ပိုင်းခရိုင်အုပ်ချုပ်ရေးမှူး ဦးသန့်ဇင်၊ အင်းစိန်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးဝင်းအောင်၊ မြန်မာ့မီးရထားလိုင်း(၇) တာဝန်ခံအရာရှိ ဦးစိုးမိုးနှင့် ခရိုင်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များပါဝင်သောအဖွဲ့က နံနက် ၈ နာရီမှ မွန်းလွဲ ၁၂ နာရီခွဲအထိ မီးရထားဝန်ထမ်းအိမ်ရာဝင်းအတွင်းရှိ မိသားစုဝင်များနှင့်တွေ့ဆုံကာ CDM တွင်ပါဝင်သော ဝန်ထမ်းများ လုပ်ငန်းခွင်ပြန်လည်ဝင်ရောက်ပြီး လုပ်ငန်းများပုံမှန်အနေအထား ပြန်လည်တာဝန်ထမ်းဆောင်ရန်နှင့် ဝန်ထမ်းအိမ်ရာများတွင် အေးချမ်းစွာနေထိုင်နိုင်ရေး ညှိနှိုင်းဆွေးနွေးအားပေးစကား ပြောကြားခဲ့သည်။

ဆက်လက်ပြီး အိမ်ရာဝင်းအနီးဝန်းကျင်ဆောင်ရွက်ထားရှိသည့် အတားအဆီးများအား မီးရထားဝန်ထမ်းများ၊ စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်ပူးပေါင်းအင်အားဖြင့် ငြိမ်းချမ်းစွာရှင်းလင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# လူ့အဖွဲ့အစည်း၏ တန်ဖိုးများ

ပိုက်တင်

"လူ့အဖွဲ့အစည်း၏ တန်ဖိုးများ" (values of society) ဆိုတာက လူ့အဖွဲ့အစည်းတစ်ခုရဲ့ ငြိမ်းချမ်းသာယာခြင်း၊ ဂုဏ်သိက္ခာရှိခြင်း၊ လွတ်လပ်ခြင်း စတဲ့ကောင်းကျိုးချမ်းသာတွေကို အာမခံချက်ပေးတဲ့ အခြေခံအကြောင်းအရာတွေပဲ ဖြစ်ပါတယ်။ "လူ့အဖွဲ့အစည်း၏ တန်ဖိုးများ" ဆိုတာဟာ အနာဂတ်ကောင်းတစ်ခုကို ကျနသေချာစွာ ပေါ်ထွန်းလာစေဖို့ တည်ဆောက်ပေးတဲ့ အင်အားတွေအနေနဲ့လည်း သတ်မှတ်လို့ရပါတယ်။ တန်ဖိုးတွေနဲ့ ပြည့်စုံတဲ့လူ့အဖွဲ့အစည်းတစ်ခုဟာ အောင်မြင်တဲ့ လူ့အဖွဲ့အစည်း ဖြစ်ပါတယ်။ နေချင့်စဖွယ်ရှိပြီး ဂုဏ်ကျက်သရေနဲ့လည်း တင့်တယ်ပြည့်စုံပါတယ်။

တန်ဖိုး (value) ဟာ အမှန်အမှား ဆုံးဖြတ်တဲ့ စိတ်သဘောထားတွေအပေါ် ထင်ဟပ်ပါတယ်။ လူတစ်ယောက်ချင်းနဲ့ လူ့အဖွဲ့အစည်းရဲ့ ရှင်သန်ခြင်း၊ ဖွံ့ဖြိုးတိုးတက်ခြင်းနဲ့ ဆုတ်ယုတ်ခြင်းစတဲ့ အကြောင်းခြင်းရာတွေအပေါ် သက်ရောက်ပါတယ်။ အနာဂတ်ကို ဘယ်လိုပုံဖော်ကြသလဲဆိုတဲ့ ဦးတည်လုပ်ဆောင်မှုတွေကို တွန်းအားပေးပါတယ်။ နေ့စဉ် ဆုံးဖြတ်ဆောင်ရွက်မှုအားလုံးအပေါ် ရောင်ပြန်ဟပ်နေတဲ့ အခြေခံအကြောင်းတရားတွေကတော့ တန်ဖိုး (value) သာလျှင် ဖြစ်ပါတယ်။

လူဟာ လူမှုနဲ့ ယဉ်ကျေးမှုဆိုင်ရာတန်ဖိုး (မှန်ကန်တဲ့တန်ဖိုးတွေနဲ့ မှားယွင်းတဲ့တန်ဖိုးတွေ) ကို မိဘတွေထံမှ လေ့လာသင်ယူပါတယ်။ ပတ်ဝန်းကျင်မှ လေ့လာသင်ယူပါတယ်။ လူ့အဖွဲ့အစည်းထံမှ လေ့လာသင်ယူပါတယ်။ ဘဝအတွေ့အကြုံသစ်တွေကလည်း ကိုယ်တိုင်က စံအဖြစ်သတ်မှတ်ထားတဲ့ တန်ဖိုးတွေကို ပြောင်းလဲပစ်တာမျိုးလည်း ရှိပါတယ်။

တစ်သီးပုဂ္ဂလဆိုင်ရာတန်ဖိုးများ(individual values) ဆိုတာက လူတစ်ယောက်ရဲ့ ကိုယ်ပိုင်ရည်မှန်းချက် ယုံကြည်ချက်တွေကို ပြဋ္ဌာန်းပါတယ်။ တစ်သီးပုဂ္ဂလဆိုင်ရာ တန်ဖိုးတွေဆိုတာကတော့ စိတ်အားထက်သန်ရာ နယ်ပယ်တွေ၊ အမှန်တရားအဖြစ် ယုံကြည်လက်ခံခြင်းတွေ၊ မိမိကိုယ်ကို နှိမ့်ချခြင်း သို့မဟုတ် မာန်မာနတရား၊ ဘဝကိုတည်ဆောက်ပုံစသည်တို့ကိုပြဋ္ဌာန်းပါတယ်။

ဆက်ဆံရေးဆိုင်ရာ တန်ဖိုးများ (relationship values) ဆိုတာကတော့ မိမိနဲ့သက်ဆိုင်သူတွေ (မိသားစု၊ အသိမိတ်ဆွေ၊ အသိုင်းအဝိုင်း၊ လူ့အဖွဲ့အစည်း) အပေါ် ဆက်ဆံပုံနဲ့ သဘောထားတွေအပေါ် ထင်ဟပ်ပါတယ်။ ကောင်းမွန်တဲ့ ဆက်ဆံရေးဆိုင်ရာ တန်ဖိုးတွေကတော့ ရိုးသားပွင့်လင်းခြင်း၊ သစ္စာစောင့်သိခြင်း၊ ရက်ရောစေတနာရှိခြင်းနဲ့ စောင့်ရှောက်ကူညီခြင်း စတာတွေဖြစ်ပါတယ်။

လူမှုဆိုင်ရာတန်ဖိုးများ (social values) ဆိုတာကတော့ လူနဲ့ လူ့အဖွဲ့အစည်းအကြား ဆက်နွယ်ပုံကို ပြဋ္ဌာန်းတဲ့တန်ဖိုးတွေ ဖြစ်ပါတယ်။ လူမှုဆိုင်ရာတန်ဖိုးအချို့ကတော့ တရားမျှတခြင်း (justice)၊ လွတ်လပ်ခြင်း (freedom)၊ အပြန်အလှန်လေးစားခြင်း (mutual respect)၊ အသိုင်းအဝိုင်းအပေါ် သဘောထား (sttitude on community)၊ တာဝန်ယူခြင်း (responsibility) စတာတွေပဲ ဖြစ်ပါတယ်။

ဒီကနေ့ခေတ် လောကကမ္ဘာမှာ လူအများဟာ ဒီလိုတန်ဖိုးတွေကို ကောင်းစွာသိရှိနားလည်ထားဖို့ အားထုတ်ခြင်း၊ လေးစားလိုက်နာပြုကျင့်ဖို့ ကြိုးစားခြင်းတွေ ပျက်ကွက်လာကြတယ်၊ လျော့ပါးလာကြတယ်လို့ ဆိုပါတယ်။ လူ့အဖွဲ့အစည်းတစ်ရပ်ဟာ လူလူသူသူဖြစ်ဖို့၊ တည်ငြိမ်ဖို့၊ အေးချမ်းသာယာပြီး နေချင်စဖွယ်ရှိဖို့၊ ဘက်စုံဖွံ့ဖြိုးတိုးတက်နေဖို့ဆိုရင် ဒီတန်ဖိုးတွေကို မဖြစ်မနေအာရုံစိုက်ကြဖို့၊ အလေးအနက်ထား နှလုံးသွင်းကြဖို့ လိုအပ်ပါတယ်။

ဖွံ့ဖြိုးပြီးဖြစ်တဲ့ လူ့အဖွဲ့အစည်းတွေမှာပင်လျှင် ဒီတန်ဖိုးတွေကို အလေးထားမှုတွေ လျော့ကျလာနေတာကြောင့် အဲဒီလူ့အဖွဲ့အစည်းတွေရဲ့ တန်ဖိုးတွေဟာ တစ်နေ့တခြား နိမ့်ကျလာနေရပြီးတော့ အနာဂတ်မှာ အဆင့်မီလူ့အဖွဲ့အစည်းအဖြစ် ခိုင်ခိုင်မာမာ ရပ်တည်နိုင်ရေးအတွက် စိုးရိမ်ပူပန်မှုတွေ တိုးပွားလာနေရပါတယ်။ (ဖွံ့ဖြိုးမှု နောက်ကျနေတဲ့ လူ့အဖွဲ့အစည်းတွေအနေနဲ့ လူစဉ်မီတဲ့လူ့အဖွဲ့အစည်းတစ်ရပ် ဖြစ်လာဖို့ဆိုရင် ဒီတန်ဖိုးတွေနဲ့ ပတ်သက်လို့ ဘယ်လောက်အလေးထား ကြိုးစားဆောင်ရွက်ကြဖို့သင့်တယ်ဆိုတာကို နက်နက်နဲနဲ တွေးကြည့်ရင် နားလည်နိုင်ပါလိမ့်မယ်။ ဒီတန်ဖိုးတွေကို မတည်ဆောက်နိုင်သရွေ့ လူတန်းစေ့တဲ့ လူ့အဖွဲ့အစည်းတစ်ရပ်ထူထောင်နိုင်ဖို့ရာ ဘယ်လိုမှ မဖြစ်နိုင်ပါဘူး) တန်ဖိုးတွေနဲ့ပြည့်စုံတဲ့ လူ့အဖွဲ့အစည်းတစ်ရပ်အဖြစ် ရပ်တည်နိုင်ရေးဟာ နိုင်ငံရေးစနစ်တွေရဲ့ အဓိကရည်မှန်းချက်လည်းဖြစ်ဖို့ လိုအပ်ပါလိမ့်မယ်။ ဘယ်လိုနိုင်ငံရေးစနစ်မျိုးကို ကျင့်သုံးသည်ဖြစ်စေ လူ့အဖွဲ့အစည်းရဲ့ဂုဏ်ကို မြှင့်တင်ဖို့အတွက် လိုအပ်တဲ့တန်ဖိုးတွေ အပြည့်အစုံ အပြည့်အဝရှိလာဖို့ မဖြည့်တင်း မတည်ဆောက်နိုင်ဘူးဆိုရင် အဲဒီနိုင်ငံရေးစနစ်ဟာ အလုပ်မဖြစ်ဘူးလို့ ဆိုရမှာဖြစ်ပါတယ်။ ဒါမှမဟုတ်ရင်လည်း အဲဒီနိုင်ငံရေးစနစ်ကို လက်တွေ့အကောင်အထည်ဖော်ကြတဲ့ အေးဂျင့်တွေဖြစ်ကြတဲ့ နိုင်ငံရေးသမားတွေဟာ သဘောတရား မကျေညက်သူတွေ၊ စိတ်စေတနာ မမှန်ကန်သူတွေ၊ စွမ်းရည်နည်းသူတွေဖြစ်တယ်လို့ ကောက်ချက်ဆွဲရပါလိမ့်မယ်။ နိုင်ငံရေးစနစ်ကောင်းတစ်ရပ်ကို လက်တွေ့ကျကျကျင့်သုံးနိုင်တဲ့ နိုင်ငံတိုင်းမှာ လူ့အဖွဲ့အစည်းဆိုတာဟာ တင့်တင့်တယ်တယ် ဖြစ်လာလေ့ရှိတဲ့သဘာဝရှိပါတယ်။

ကောင်းမွန်ပြည့်စုံတဲ့ လူ့အဖွဲ့အစည်းတစ်ရပ်ရဲ့ တန်ဖိုးတွေကို ဖြည့်တင်းကြဖို့၊ ရေရှည်ထိန်းသိမ်းနိုင်ကြဖို့အတွက် လူ့အဖွဲ့အစည်းတစ်ရပ်ရဲ့ အဓိကကျပြီး အရေးကြီးတဲ့ နိုင်ငံသားတွေအနေနဲ့ သိသင့်သိထိုက်၊ လိုက်နာကျင့်ကြံအပ်တဲ့ အခြေခံအကြောင်းအချက်တချို့ကို စဉ်းစားဆင်ခြင်ကြည့်နိုင်ကြဖို့ အလို့ငှာ တင်ပြလိုက်ပါတယ်။

**စာနာခြင်း (Empathy)**

စာနာခြင်းဆိုတာကို သူတစ်ပါးရဲ့ ခံစားချက်ကို နားလည်လျက် ဝေမျှခံစားနိုင်ခြင်းလို့ အဓိပ္ပာယ်ဖွင့်ဆိုပါတယ်။ (Empathy is defined as understanding and sharing the feelings of other people.) လူတိုင်းဟာ မိမိအသိုင်းအဝိုင်း၊ မိမိလူ့အဖွဲ့အစည်းအတွင်းမှာရှိကြတဲ့ မိမိနဲ့ ဘဝတူကံကြမ္မာတူ တခြားသူတွေကို သူတို့က ဘယ်သူဖြစ်တယ်၊ ဘာကို ယုံကြည်တယ် အစရှိတဲ့ သူတို့ရဲ့ဖြစ်တည်မှုကို ကောင်းစွာနားလည်သဘောပေါက်ရုံမက သူတို့ရဲ့ ဖြစ်တည်မှု၊ ရှင်သန်ရပ်တည်မှုကိုလည်း လက်ခံပေးနိုင်ဖို့ အဆင်သင့်ဖြစ်နေကြဖို့ လိုအပ်ပါတယ်။ သူတစ်ပါးက မိမိကို ပြုမူစေချင်သလို မိမိက ပြုမူရမယ်ဆိုတာနဲ့ သူတစ်ပါးက မိမိကို မပြုမူစေချင်တာမျိုးကို မိမိက မပြုမူမိဖို့ကိုလည်း သတိထားရှောင်ကြဉ်ရမှာဖြစ်ပြီး ဘာသာတရားတွေကလည်း အထူးဆုံးမထားကြခြင်းဟာ လူ့လောက လူ့အဖွဲ့အစည်းအတွင်း စာနာမှုတရား ထွန်းကားစေဖို့ရည်ရွယ်တာ ဖြစ်ပါတယ်။ နိုင်ငံသားတိုင်းရဲ့ အန္တိမရည်မှန်းချက်ဟာ မတူတဲ့အတ္တတွေနဲ့ တည်ဆောက်ထားကြတဲ့ လူအများ အတူတကွစုဝေးနေထိုင်ကြတဲ့ လူ့အဖွဲ့အစည်းအတွင်း ဘယ်ပုံဘယ်နည်းနဲ့ အတူတကွနေထိုင်ရှင်သန်ကြမလဲဆိုတဲ့ အဖြေကို သိရှိနားလည်ကြပြီး စာနာစိတ်နဲ့ မိမိအကျိုးနဲ့ လူ့အဖွဲ့အစည်းအကျိုးကိုမျှတအောင် စဉ်းစားနေထိုင်လုပ်ကိုင်ပြောဆိုကြဖို့သာ ဖြစ်ပါတယ်။

> **တန်ဖိုးတွေပျက်ယွင်းတဲ့ လူ့အဖွဲ့အစည်းအဖြစ် အတ္တကြောင့်ဖြစ်စေ၊ အသိပညာချို့တဲ့လို့ဖြစ်စေ လုပ်မိကိုင်မိရက်သား ဖြစ်နေကြရင်တော့ လူ့အဖွဲ့အစည်းရဲ့ ပျက်စီးရာ ပျက်စီးကြောင်းက နောက်ကနေ တစ်ပါတည်း ကပ်ပါလာတတ်ပါတယ်။ ဒါကြောင့် လူတိုင်းက မိမိတို့ အားကိုးအားထားပြု မှီတင်းနေထိုင်ရတဲ့ လူ့အဖွဲ့အစည်းရဲ့ တန်ဖိုးတွေကို ကောင်းစွာထိန်းသိမ်းစောင့်ရှောက် မြှင့်တင်လိုစိတ်တွေ မွေးမြူကြလျက် သေချာခိုင်မာပြီး ဂုဏ်ကျက်သရေနဲ့ ပြည့်စုံတဲ့ လူ့အဖွဲ့အစည်းတစ်ရပ် ဖြစ်ထွန်းပေါ်ပေါက်လာရေး ဦးတည်ကြိုးပမ်းကြဖို့ မဖြစ်မနေလိုအပ်။**

**အပြန်အလှန်လေးစားခြင်း (Mutual Respect)**

လူ့အဖွဲ့အစည်းမှာ အတူပါဝင်နေကြတဲ့ လူတိုင်း (နိုင်ငံသားတိုင်း) က အချင်းချင်းအပြန်အလှန်လေးစားသမှုရှိကြဖို့ လေ့ကျင့်သင်ကြားကြရပါလိမ့်မယ်။ အပြန်အလှန်လေးစားသမှုရှိခြင်းကပဲ လူသားအဖြစ် ပြည့်ဝသောအဓိပ္ပာယ်ကို ဖြစ်ပေါ်စေနိုင်ပါတယ်။ မတူကွဲပြားမှုတွေ ရှိနေလင့်ကစား အချင်းချင်း အပြန်အလှန် လေးစားကြခြင်းဆိုတာက အဆင့်အတန်းမြင့်တဲ့ လူ့အဖွဲ့အစည်းတစ်ရပ်ရဲ့ တန်ဖိုးတစ်ရပ်လည်း ဖြစ်ပါတယ်။ ကိုယ်ကမှ မှန်တယ်၊ ကိုယ်ကမှ တန်ဖိုးရှိတယ်၊ ကိုယ်ကမှ မြင့်မြတ်တယ်ဆိုတဲ့ တလွဲမာနကြောင့် သူတစ်ပါးကို လေးစားသမှုနဲ့ မဆက်ဆံနိုင်ကြဘူးဆိုရင် သူတစ်ပါးကလည်း ကိုယ့်ကိုလေးစားဖို့ဆိုတာ ခက်ခဲပါလိမ့်မယ်။ အချင်းချင်း အပြန်အလှန်လေးစားဖို့ အလေ့အကျင့်ကို ပျိုးထောင်နိုင်စွမ်း မရှိကြဘူးဆိုရင်တော့ ကောင်းမွန်ပြည့်စုံတဲ့ လူ့အဖွဲ့အစည်းတစ်ရပ်အဖြစ် ထူထောင်နိုင်ဖို့ဝေးလို့ အခန့်မသင့်ရင် လုံးဝပြိုကျပျက်စီးသွားတဲ့ အနေအထားကိုပင်လျှင် ရောက်သွားနိုင်တာဖြစ်ပါတယ်။

အချင်းချင်း အပြန်အလှန်တန်ဖိုးထားလေးစားမှု မရှိခြင်းဆိုတဲ့ အမှိုက်ကစလို့ လူ့အဖွဲ့အစည်းဆိုတဲ့ ပြာသာဒ်ကို မီးလောင်နိုင်တယ်ဆိုတာကို အလေးအနက် နားလည်သဘောပေါက်ကြဖို့ဖြစ်ပါတယ်။

**ရိုးသားဖြောင့်မတ်မှု (Honesty)**

လူနဲ့ လူ့အဖွဲ့အစည်းအကြားမှာ လိုက်လျောညီထွေရှိမှသာ လူ(တစ်ဦးချင်း) ရဲ့ ဘဝတွေဟာ လည်း ကောင်းမွန်တဲ့အခြေအနေတစ်ရပ်မှာ ရပ်တည်ရှင်သန်နိုင်မှာဖြစ်သလို လူတစ်ဦးချင်းတွေကိုပဲ စုစည်းထားတာဖြစ်တဲ့ လူ့အဖွဲ့အစည်းဟာလည်း အဆင့်အတန်းမြင့်လာနိုင်မှာ၊ ဂုဏ်သိက္ခာရှိလာနိုင်မှာဖြစ်ပါတယ်။ ဒါကြောင့် လူတစ်ဦးနဲ့ တစ်ဦး ဆက်ဆံကြရာမှာ သင့်တင့်လုံလောက်တဲ့ ရိုးသားဖြောင့်မတ်မှုနဲ့ ပြုမူဆက်ဆံကြမှသာ လူ့အဖွဲ့အစည်းကောင်းတစ်ရပ်အဖြစ် ရပ်တည်နိုင်ပါတယ်။ လူနဲ့လူချင်းကြား မရိုးမဖြောင့်မှုတွေ လိုတာထက် ပိုများပြားလာတဲ့အခါ လူ့အဖွဲ့အစည်းရဲ့ တန်ဖိုးကလည်း ပျက်ယွင်းရပါတယ်။ လူ့အဖွဲ့အစည်းတန်ဖိုး နိမ့်လာတဲ့အခါ လူတစ်ဦးချင်းရဲ့ တန်ဖိုးကလည်း နိမ့်လာတတ်ပါတယ်။

ရိုးသားဖြောင့်မတ်တဲ့လူတွေနဲ့ ဖွဲ့စည်းထားတဲ့ လူ့အဖွဲ့အစည်းတစ်ရပ်ဖြစ်လာဖို့က လူမှုကျင့်ဝတ်တွေကို အခိုင်အမာလိုက်နာကြခြင်းနဲ့ တရားဥပဒေတွေကို တန်ဖိုးထားလိုက်နာကြခြင်းဆိုတဲ့ အချက်နှစ်ချက်အပေါ်မှာ မူတည်ပါတယ်။ လူတိုင်းက လူမှုကျင့်ဝတ်တွေနဲ့ တရားဥပဒေတွေကို လိုက်နာလာကြဖို့ ရသမျှနည်းလမ်းတွေအားလုံးနဲ့ ဆောင်ရွက်နိုင်ရင် ရိုးသားဖြောင့်မတ်ခြင်းဆိုတဲ့ ဂုဏ်ပုဒ်နဲ့ပြည့်စုံတဲ့ နိုင်ငံသားတွေ စုဝေးနေထိုင်ကြတဲ့ လူ့အဖွဲ့အစည်းဆိုတာကို သေချာပေါက် တည်ဆောက်နိုင်မှာ ဖြစ်ပါတယ်။

**သစ္စာစောင့်သိမှု(Trust)**

မိမိကိုယ်ကို သစ္စာစောင့်သိခြင်း၊ မိသားစုအပေါ် သစ္စာစောင့်သိခြင်း၊ လူ့အသိုင်းအဝိုင်းအပေါ် သစ္စာစောင့်သိခြင်း၊ လူ့အဖွဲ့အစည်းအပေါ် သစ္စာစောင့်သိခြင်း၊ နိုင်ငံတော်အပေါ် သစ္စာစောင့်သိခြင်းစတဲ့ တန်ဖိုးတွေကို နိုင်ငံသားတွေက သဘောပေါက်နားလည်ကြမယ်ဆိုတာနဲ့လူ့အဖွဲ့အစည်းဟာ သေချာပေါက် တောင့်တင်းခိုင်မာလာပါတယ်။ သစ္စာစောင့်သိခြင်းက နိုင်ငံသားတွေနဲ့ လူ့အဖွဲ့အစည်းကို ကျစ်လျစ်တောင့်တင်းနေအောင် စည်းနှောင်ပေးပါတယ်။ သစ္စာစောင့်သိခြင်းကို လူတိုင်းက သွေးထဲသားထဲမှာ မျှဝေတည်ဆောက်နိုင်ကြတာနဲ့ လူ့အဖွဲ့အစည်းအပေါ်ကျရောက်နိုင်တဲ့ အန္တရာယ်တစ်စုံတစ်ရာရှိခဲ့ရင်လည်း ကြံ့ကြံ့ခံရင်ဆိုင် တွန်းလှန်နိုင်ပါတယ်။ သစ္စာစောင့်သိခြင်းကို တန်ဖိုးမထားကြဘဲနဲ့ အန္တရာယ်ကင်းတဲ့၊ လုံခြုံတဲ့၊ အေးချမ်းသာယာတဲ့ လူ့အဖွဲ့အစည်းတစ်ရပ်ထူထောင်နိုင်ဖို့ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်ပါဘူး။

လူ့အဖွဲ့အစည်းတစ်ရပ် ကောင်းမွန်ပြည့်စုံမှသာ လူတစ်ဦးချင်းရဲ့ ဘဝရပ်တည်ချက်တွေဟာလည်း ကောင်းမွန်ပြည့်စုံနိုင်ပါတယ်။ အဲဒီလူ့အဖွဲ့အစည်းရဲ့ အနာဂတ်ကိုလည်း အာမခံချက်ရှိအောင် တည်ဆောက်ပြီးသားဖြစ်တာကြောင့် နောက်ထပ်လူလုပ်ကြမယ့် မျိုးဆက်တွေရဲ့ ဘဝရပ်တည်ချက်တွေ အာမခံချက်ရှိရေးအတွက်ကိုပါ ဦးတည်ပြီး တည်ဆောက်ပေးရာလည်း ရောက်ပါတယ်။ တန်ဖိုးတွေကို စနစ်တကျတည်ဆောက်ကြဖို့ စိတ်ဆန္ဒရှိတဲ့ နိုင်ငံသားတွေ ဖြစ်လာမှသာလျှင် လက်တွေ့မှာ အဲဒီလို လူ့အဖွဲ့အစည်းမျိုးကို မျှော်မှန်းနိုင်ပါလိမ့်မယ်။ တန်ဖိုးတွေပျက်ယွင်းတဲ့ လူ့အဖွဲ့အစည်းအဖြစ် အတ္တကြောင့်ဖြစ်စေ၊ အသိပညာချို့တဲ့လို့ဖြစ်စေ လုပ်မိကိုင်မိရက်သား ဖြစ်နေကြရင်တော့ လူ့အဖွဲ့အစည်းရဲ့ ပျက်စီးရာပျက်စီးကြောင်းက နောက်ကနေ တစ်ပါတည်း ကပ်ပါလာတတ်ပါတယ်။ ဒါကြောင့် လူတိုင်းက မိမိတို့ အားကိုးအားထားပြု မှီတင်းနေထိုင်ရတဲ့ လူ့အဖွဲ့အစည်းရဲ့ တန်ဖိုးတွေကို ကောင်းစွာ ထိန်းသိမ်းစောင့်ရှောက် မြှင့်တင်လိုစိတ်တွေ မွေးမြူကြလျက် သေချာခိုင်မာပြီး ဂုဏ်ကျက်သရေနဲ့ ပြည့်စုံတဲ့ လူ့အဖွဲ့အစည်းတစ်ရပ် ဖြစ်ထွန်းပေါ်ပေါက်လာရေး ဦးတည်ကြိုးပမ်းကြဖို့ မဖြစ်မနေလိုအပ်ပါကြောင်း လေးစားစွာမေတ္တာရပ်ခံ တိုက်တွန်းလိုရင်းဖြစ်ပါတယ်။ ။

# မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ကျုံးရေသွင်းမြောင်းတည်ဆောက်ပြီးစီးမှုနှင့် ရေစစ်ကန်ဝန်းကျင်သန့်ရှင်းသာယာလှပရေး ကြည့်ရှုစစ်ဆေး

**မန္တလေး မတ် ၁၃**

မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမောင်ကိုနှင့် တာဝန်ရှိသူများသည် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ၏ ဆောင်ရွက်နေသော လုပ်ငန်းများကို ယနေ့ နံနက် ၈ နာရီခွဲက သွားရောက် ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့်တာဝန်ရှိသူများသည် အောင်မြေသာစံမြို့နယ် ၆၈ လမ်းနှင့် ၂၂ လမ်းရှိ ကျုံးရေသွင်းမြောင်း တည်ဆောက်ထားမှုနေရာသို့ ရောက်ရှိရာ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီမှ ဒုတိယမြို့တော်ဝန် ဦးစောဟန်၊ လမ်းတံတားဌာနမှူး၊ သန့်ရှင်းရေးဌာနမှူး၊ ရေနှင့်သန့်ရှင်းမှုဒုတိယဌာနမှူးတို့က ရေစစ်ကန်မှ ကျုံးအတွင်းသို့ Precast U-Channel ဖြင့် ရေစီးရေလာကောင်းမွန်အောင် ဆောင်ရွက်ထားမှု၊ ရေမြောင်းဝဲ/ယာ လမ်းခင်းခြင်း၊ လျှပ်စစ်မီးတိုင်များ၊ အရိပ်ရပန်းပင်များ၊ ပန်းအလှခုံများ ထားရှိဆောင်ရွက်သွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြပြီး တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက လိုအပ်သည်များကို မှာကြားသည်။

အဆိုပါ လမ်းခင်းခြင်း၊ လျှပ်စစ်မီးတိုင်များ၊ အရိပ်ရပန်းပင်များ၊ ပန်းအလှခုံများထားရှိခြင်းအား ၁၉ လမ်းနှင့်ရေနီမြောင်းဆုံမှ ၆၈ လမ်းနှင့် ၂၂ လမ်း ကျုံးရေသွင်းမြောင်းတစ်လျှောက် အရှည်ပေ (၇၀၀၀) အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် ၂၂ လမ်းနှင့် လမ်း ၆၀ ရှိ ကျုံးအတွင်းဝင်ရောက်သည့် ရေစစ်ကန်ဝန်းကျင်အား ကြည့်ရှုစစ်ဆေးပြီး ကန်ဝန်းကျင်သန့်ရှင်းသာယာလှပရေးနှင့် ဆည်ရေသန့်ရှင်းစွာ ဝင်ရောက်နိုင်ရေးတို့ကို ဆောင်ရွက်သွားရန် လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

အဆိုပါ ကျုံးရေသွင်းမြောင်းအရှည်မှာ ၇၆၆၂ ပေရှိပြီး ဆည်မြောင်းနှင့်ရေအသုံးချရေးဦးစီးဌာနမှ အရှည် ပေ ၁၂၀၀ ခန့်ကို မူလမြေသားမြောင်းအစား Precast Drain ဖြင့် ဆောင်ရွက်ထားကြောင်း၊ ဆည်တော်ကြီးမှရေများကို ရေစစ်ကန်အတွင်း အနည်ထိုင်စေပြီးမှ ကျုံးအတွင်းသို့ဝင်ရောက်ကြောင်း၊ ယင်းရေစစ်ကန်သို့ နေ့စဉ်ဆည်တော်ကြီး ရေဝင်ရောက်မှုမှာ ဂါလန် ၃၅ သန်းရှိပြီး လက်ရှိဖြန့်ဝေပေးမှုမှာ ရေတွန်းစက်ရုံအမှတ်(၄) နှင့် အမှတ်(၁၂) တို့မှ ဂါလန် ၆ ဒသမ ၇၅ သန်း၊ ယခင်ကရှိခဲ့သော မြေအောက်ကျုံးရေကန်များမှ နေ့စဉ်ရေပေးဝေနိုင်မှုမှာ ဂါလန် ခုနစ်သန်း စုစုပေါင်း ရေပေးဝေနိုင်မှုမှာ ဂါလန် ၁၃ ဒသမ ၇၅ သန်းရှိကြောင်း၊ မန္တလေးမြို့



ခြောက်မြို့နယ်တွင် အိမ်ခြေ နှစ်သိန်းတစ်သောင်းကျော်ရှိပြီး လက်ရှိရေမီတာတပ်ဆင်ပေးနိုင်မှုမှာ တစ်သိန်းတစ်သောင်းရှစ်ထောင်ကျော် ရှိသည့်အတွက် လက်ရှိရေပေးဝေမှုစနစ်မှ လွှမ်းခြုံနိုင်မှုမှာ ၆၅ ရာခိုင်နှုန်းရှိကြောင်း၊ နေအိမ်အားလုံးသို့ ရာနှုန်းပြည့်ရေပေးဝေနိုင်ရေးစီမံချက်ချမှတ်ပြီး ထပ်မံတိုးချဲ့ပေးဝေနိုင်မည့် ဆည်တော်ကြီး ရေဂါလန် ၂၀ ဒသမ ၂၄သန်းအား ရေလိုအပ်ချက်ရှိသော အိမ်ထောင်စုကိုးသောင်းနှစ်ထောင်ကျော်ကို လာမည့်နှစ်များအတွင်း တိုးချဲ့ပေးဝေသွားနိုင်ရန် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဆည်တော်ကြီးရေသွင်းမြောင်းအား အမှိုက်နှင့် အညစ်အကြေးများ မဝင်ရောက်စေရန်အတွက် ရေသွင်းမြောင်းအရှည် ၅ မိုင်ကျော်အား မူလမြေသားမြောင်းမှ အဖုံးပါသော ကွန်ကရစ်မြောင်းအဖြစ် နှစ်အလိုက် အစားထိုးတည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

○

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၂၉၉၉၃၄၂၃ | ၂၂၀၃၁၂၂၀ | ၅၄၅၅၄၄ |
| ၂။ | ဘရာဇီး | ၁၁၃၆၈၃၁၆ | ၁၀၀၀၀၉၈၀ | ၂၇၅၂၇၆ |
| ၃။ | အိန္ဒိယ | ၁၁၃၃၃၇၂၈ | ၁၀၉၇၃၂၆၀ | ၁၅၈၄၈၃ |
| ၄။ | ရုရှား | ၄၃၈၀၅၂၅ | ၃၉၈၅၈၉၇ | ၉၁၆၉၅ |
| ၅။ | ဗြိတိန် | ၄၂၄၈၂၈၆ | ၃၄၂၄၀၉၂ | ၁၂၅၃၄၃ |
| ၆။ | ပြင်သစ် | ၄၀၁၅၅၆၀ | ၂၇၁၆၇၈ | ၉၀၁၄၆ |
| ၇။ | စပိန် | ၃၁၈၃၇၀၄ | ၂၈၅၇၇၁၄ | ၇၂၂၅၈ |
| ၈။ | အီတလီ | ၃၁၇၅၈၀၇ | ၂၅၆၄၉၂၆ | ၁၀၁၅၆၄ |
| ၉။ | တူရကီ | ၂၈၅၀၉၃၀ | ၂၆၇၀၂၇၃ | ၂၉၃၅၆ |
| ၁၀။ | ဂျာမနီ | ၂၅၅၉၂၉၆ | ၂၃၅၂၆၀၀ | ၇၃၇၉၀ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အင်ဒိုနီးရှား | ၁၄၁၄၇၄၁ | ၁၂၃၇၄၇၀ | ၃၈၃၂၉ |
| ၂။ | ဖိလစ်ပိုင် | ၆၁၆၆၁၁ | ၅၄၇၁၆၆ | ၁၂၇၆၆ |
| ၃။ | မလေးရှား | ၃၂၂၄၀၉ | ၃၀၄၄၉၂ | ၁၂၀၆ |
| ၄။ | မြန်မာ | ၁၄၂၁၃၆ | ၁၃၁၇၃၆ | ၃၂၀၁ |
| ၅။ | စင်ကာပူ | ၆၀၀၈၈ | ၅၉၉၅၀ | ၂၉ |
| ၆။ | ထိုင်း | ၂၆၇၅၇ | ၂၆၀၈၆ | ၈၆ |
| ၇။ | ဗီယက်နမ် | ၂၅၅၃ | ၂၀၈၆ | ၃၅ |
| ၈။ | ကမ္ဘောဒီးယား | ၁၂၆၄ | ၆၂၃ | ၁ |
| ၉။ | ဘရူနိုင်း | ၁၉၂ | ၁၈၃ | ၃ |
| ၁၀။ | လာအို | ၄၈ | ၄၂ | ၀ |

**ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဖို့ စနစ်တကျ လက်ဆေးစို့**



# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ပြည်သူ့အကျိုးပြု တစ်လတာ

*(ယမန်နေ့မှ အဆက်)*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဖေဖော်ဝါရီ ၄ ရက်က မြန်မာနိုင်ငံဘဏ်များအသင်းနာယက၊ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ပုဂ္ဂလိကဘဏ်များမှ ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများ၊ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးစဉ်။

### ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ တစ်လတာအတွင်း တွေ့ရှိချက်များ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကလည်း ဖေဖော်ဝါရီလ ၁၆ ရက် နေ့စွဲဖြင့် သတင်းထုတ်ပြန်ချက်တစ်စောင်ကို ထုတ်ပြန်ခဲ့ပါတယ်။ အဆိုပါသတင်းထုတ်ပြန်ချက်အတွင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက် နေ့မှာ ကျင်းပတဲ့ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနဲ့ စပ်လျဉ်းလို့ ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ မြို့နယ် ၈ မြို့နယ်ရဲ့ ဆန္ဒမဲပေးမှုများကို စိစစ်ဆေးခဲ့ရာမှ စစ်ဆေးတွေ့ရှိချက်များကို ဖော်ပြထားပါတယ်။ ယခင်ရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ကြေညာတဲ့ မဲဆန္ဒရှင်စာရင်းမှာ ၉၀၆၂၆ ဦးဖြစ်ပြီး အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ စာရင်းအရ အသက် ၁၈ နှစ်ပြည့်ပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူမှာ ၇၀၃၅၄၆ ဦး ဖြစ်ပါတယ်။ မဲဆန္ဒရှင်စာရင်းများမှာ နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူ၊ လက်မှတ်မရှိသူများမှာ ၁၀၈၃၃၃ ဦး၊ နိုင်ငံသားစိစစ်ရေး ကတ်ပြားအမှတ်တစ်ခုတည်းဖြင့် မဲစာရင်းတွင် သုံးကြိမ်နှင့်အထက် ပါဝင်နေသူများမှာ ၆၉၀၀၊ နှစ်ကြိမ်ပါဝင်သူများမှာ ၇၆၂၂ ဦးဖြစ်တယ်လို့ စာရင်းဇယားများဖြင့် စစ်ဆေးတွေ့ရှိချက်ကို ဖော်ထုတ်နိုင်ခဲ့တာ တွေ့မြင်ရပါတယ်။

ထို့ပြင် အထွေထွေရွေးကောက်ပွဲတွင် အသုံးပြုခဲ့တဲ့ ဆန္ဒမဲလက်မှတ်ရိုက်နှိပ်မှုနဲ့ ပတ်သက်လို့ စစ်ဆေးတွေ့ရှိချက်များကိုလည်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဖေဖော်ဝါရီလ ၂၃ ရက်နေ့စွဲဖြင့် သတင်းထုတ်ပြန်ခဲ့ပါတယ်။ တွေ့ရှိချက်များအရ ကနဦးဆန္ဒမဲလက်မှတ်ပေါင်း ၁၃၈၄၆၀၂၇၀ ရိုက်နှိပ်ခဲ့ပြီး လိုအပ်ချက်အရ ထပ်မံ၍ ကိုးကြိမ်ရိုက်နှိပ်ခဲ့ကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအနေဖြင့် အထွေထွေရွေးကောက်ပွဲ ကျင်းပရန် တစ်ရက်အလို ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၇ ရက်နေ့တွင် နှစ်ကြိမ်ထပ်မံ မှာကြားချက်အရ ဆန္ဒမဲလက်မှတ် ရိုက်နှိပ်ခဲ့ကြောင်း တွေ့ရှိရတယ်လို့ စာရင်းဇယားများနဲ့ ဖော်ပြထုတ်ပြန်ခဲ့ပါတယ်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကနေ တတိယအကြိမ်မြောက် သတင်းထုတ်ပြန်ချက်အဖြစ် ဖေဖော်ဝါရီလ ၂၄ ရက်နေ့မှာ ထုတ်ပြန်ကြေညာခဲ့ပါတယ်။ ရွေးကောက်ပွဲကော်မရှင်က နေပြည်တော် ၈ မြို့နယ်၏ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲတွင် အသုံးပြုခဲ့တဲ့ ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ရရှိ/သုံးစွဲ/လက်ကျန်အခြေအနေများကိုသက်ဆိုင်ရာမြို့နယ်အလိုက် မြေပြင်ဖွင့်ဖောက်စစ်ဆေးမှုရလဒ်များကို ထုတ်ပြန်နိုင်ခဲ့ပါတယ်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကနေ ကျင်းပခဲ့တဲ့ ရွေးကောက်ပွဲနဲ့ စပ်လျဉ်းပြီး ရခိုင်ပြည်နယ် စစ်တွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ (အရှေ့) မြို့နယ်နဲ့ ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်တို့ရဲ့ ဆန္ဒမဲပေးမှုများကို စစ်ဆေးခဲ့ရာ မဲစာရင်းကွာခြားမှုများကို စာရင်းဇယားများဖြင့် ထုတ်ပြန်ခဲ့ပါတယ်။

ဖေဖော်ဝါရီလ ၂၇ ရက်နေ့ကလည်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က သတင်းထုတ်ပြန်ချက်တစ်ရပ် ထုတ်ပြန်ခဲ့ပြီး ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ်နဲ့ မကွေးတိုင်းဒေသကြီး မကွေးမြို့နယ်တို့တွင် ဆန္ဒမဲပေးမှုအခြေအနေများနဲ့ စပ်လျဉ်းလို့ မဲစာရင်းနဲ့ မြေပြင်စာရင်းကွာဟချက်များကို စာရင်းဇယားများဖြင့် ထုတ်ပြန်ခဲ့ပါတယ်။

### တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကနေ နိုင်ငံတော်အေးချမ်းသာယာရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးကို ထိပါးနှောင့်ယှက်မှုများကို ကာကွယ်တားဆီးနိုင်ရန်အတွက် လိုအပ်တဲ့ ဥပဒေများကို ပြင်ဆင်ခြင်း၊ ပြဋ္ဌာန်းခြင်းများကိုလည်း ဆောင်ရွက်ခဲ့ပါတယ်။ ဥပမာ-ရာဇသတ်ကြီးကို ပြင်ဆင်သည့် ဥပဒေ၊ ရာဇဝတ်ကျင့်ထုံးဥပဒေကို ပြင်ဆင်သည့် ဥပဒေ၊ ရပ်ကွက်သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်တဲ့ ဥပဒေနဲ့ နိုင်ငံသားများ၏ ပုဂ္ဂိုလ်ရေးဆိုင်ရာ လွတ်လပ်မှုနှင့်ပုဂ္ဂိုလ်ဆိုင်ရာ လုံခြုံမှုကို ကာကွယ်ပေးရေးဥပဒေကိုပြင်ဆင်တဲ့ ဥပဒေစသည်တို့ကို ပြဋ္ဌာန်းခဲ့ပါတယ်။ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေကိုလည်း ပြင်ဆင်ပြဋ္ဌာန်းခဲ့ပါတယ်။ ဒါ့အပြင် အကြောင်းအမျိုးမျိုးကြောင့် နိုင်ငံ့တာဝန်ထမ်းဆောင်ရန် ပျက်ကွက်နေကြတဲ့ နိုင်ငံ့ဝန်ထမ်းများကိုလည်း လုပ်ငန်းခွင်များထံ အမြန်ဆုံး ပြန်လည်ဝင်ရောက်ကြဖို့အတွက် အသိပေးကြေညာချက်များကို ဖေဖော်ဝါရီလဒုတိယပတ်မှစတင်ကာ ထုတ်ပြန်ခဲ့ပါတယ်။

ဝန်ထမ်းများ CDM လှုပ်ရှားဆောင်ရွက်မှုနဲ့ပတ်သက်ပြီး စတင်ဆောင်ရွက်ရန် ပြောကြားဖြန့်ချိသူများကို ထိထိရောက်ရောက် အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းနဲ့ CDM နှင့်ပတ်သက်ပြီး အွန်လိုင်းတွင် လှုံ့ဆော်နေတဲ့ အဖွဲ့များနဲ့ အဆိုပါအဖွဲ့များနောက်မှာ ပံ့ပိုးနေသူများရှိကြောင်း၊ ယင်းတို့နောက်မှာ ငွေကြေးစိုက်ထုတ်ပေးတဲ့ အဖွဲ့များရှိကြောင်း၊ မိမိတို့ကောင်စီအနေနဲ့ လုပ်ဆောင်ရန်ရှိသည်များကို ဥပဒေနဲ့အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အပါအဝင် ရှေ့ဆက်ဆောင်ရွက်သွားမယ့် ကိစ္စရပ်များနဲ့ စပ်လျဉ်းပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက လမ်းညွှန်

စာမျက်နှာ ၉ သို့ ☆



ပင်းတယမြို့နယ် မြန်မာ့စီးပွားရေးဘဏ်၌ အငြိမ်းစားဝန်ထမ်းများအား ဖေဖော်ဝါရီ ၂၂ ရက်က ပင်စင်လစာများထုတ်ပေးစဉ်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီကနေ နိုင်ငံတော် အေးချမ်းသာယာရေးနဲ့ဖွံ့ဖြိုးတိုးတက်ရေးကို ထိပါးနှောင့်ယှက်မှုများကို ကာကွယ် တားဆီးနိုင်ရန် အတွက် လိုအပ်တဲ့ ဥပဒေများကို ပြင်ဆင်ခြင်း၊ ပြဋ္ဌာန်းခြင်းများကိုလည်း ဆောင်ရွက်ခဲ့**

☆ စာမျက်နှာ ၈ မှ

မှာကြားချက်များကို ဖေဖော်ဝါရီလ ၂၂ ရက်နေ့က ကျင်းပတဲ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ညှိနှိုင်းအစည်းအဝေး(၃/၂၀၂၁)မှာ ထည့်သွင်းပြောကြားခဲ့ပါတယ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက အသိပေးချက်တစ်ရပ်ကို မတ်လ ၅ ရက်နေ့ ရက်စွဲဖြင့် ထုတ်ပြန်ခဲ့ပါတယ်။ အဆိုပါထုတ်ပြန်ချက်တွင် လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရပ်တည်ပိုင်ခွင့်မရှိသေးသူများက "ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ" CRPH အမည်ဖြင့် ကော်မတီ ဖွဲ့စည်းဆောင်ရွက်နေခြင်းသည် ဥပဒေနှင့်ညီညွတ်ခြင်းမရှိသည့်အပြင် ကြီးလေးသည့် ရာဇဝတ်မှုကို ကျူးလွန်ရာရောက်သဖြင့် ယင်းကော်မတီတွင် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ပါဝင်ဆောင်ရွက်ခြင်းမပြုကြရန်နှင့် ထိုသို့ဆောင်ရွက်ပါက ဥပဒေအရ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း ထုတ်ပြန်ထားခဲ့ပါတယ်။

**စီးပွားရေးဦးတည်ချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက စီးပွားရေးလုပ်ငန်းများ ပုံမှန်အတိုင်း ဆက်လက်လည်ပတ်နိုင်စေရေးနဲ့ စည်းကမ်းတကျ ပြန်လည်လည်ပတ်နိုင်ရေးအတွက်လည်းကောင်း၊ တိုင်းပြည်တစ်ခုရဲ့ အဓိကမောင်းနှင်အား စီးပွားရေးကဏ္ဍကို မြှင့်တင်ပေးနိုင်ရန်နှင့် ငွေရေးကြေးရေးကဏ္ဍ တည်ငြိမ်မှုရှိစေရေးတို့အတွက်လည်းကောင်း မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် ညီနောင်အသင်းများမှ လုပ်ငန်းရှင်များ၊ မြန်မာနိုင်ငံဘဏ်များအသင်းမှ နာယက၊ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ဘဏ်လုပ်ငန်းရှင်များတို့နှင့် ဖေဖော်ဝါရီလ ၃ ရက်နေ့နှင့် ၄ ရက်နေ့တို့တွင် တွေ့ဆုံဆွေးနွေးခဲ့ပါတယ်။** ထို့အတူ ငွေကြေးဆိုင်ရာကောလာဟလများနှင့် ပတ်သက်၍ ပြည်သူများ စိုးရိမ်ကြောင့်ကြမှုမရှိစေရေးအတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှလည်း သတင်းထုတ်ပြန်ချက်များကို အချိန်မဆိုင်း ထုတ်ပြန်ပေးနိုင်ခဲ့ပါတယ်။

ပြည်သူများခရီးသွားလာမှုလွယ်ကူစေရေးမှာ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုကို ထိန်းချုပ်နိုင်စေမယ့် နည်းလမ်းများကို လိုက်နာခြင်းဖြင့် အများပြည်သူများ ပြည်တွင်းခရီးသွားလာမှု လွယ်ကူစေရန်အတွက် လေကြောင်းလိုင်းများပြန်လည်ဖွင့်လှစ်ပေးခြင်း၊ မီးရထားခရီးစဉ်များ တိုးချဲ့ပြေးဆွဲခြင်းနှင့် အဝေးပြေးယာဉ်လိုင်းများ တိုးချဲ့ပြေးဆွဲခြင်း လုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ခဲ့တာကို မြင်တွေ့ရပါတယ်။



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုး ဖေဖော်ဝါရီ ၂၆ ရက်က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် နိုင်ငံရေးပါတီများ တွေ့ဆုံညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

ဖေဖော်ဝါရီလ ၁၃ ရက် နေ့စွဲဖြင့် ပို့ကုန်လုပ်ငန်းများမှ ကြိုတင်ကောက်ခံတဲ့ ဝင်ငွေခွန် ၂ ရာခိုင်နှုန်းကို ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် လူမှုရေး၊ စီးပွားရေးထိခိုက်မှုများ ဆက်လက်ရှိနေဆဲဖြစ်တာကြောင့် ဖေဖော်ဝါရီလ ၂၈ ရက်နေ့အထိ ထပ်မံ၍ ကာလတိုးမြှင့် ကင်းလွတ်ခွင့်ပြုပေးခဲ့ပါတယ်။ ဒါဟာ နိုင်ငံ့စီးပွားရေးအတွက် ဆောင်ရွက်မှုများထဲမှ တစ်ခုဖြစ်ခဲ့ပြီး ပို့ကုန်လုပ်ငန်းရှင်များ အဆင်ပြေစေရန် ဆောင်ရွက်ပေးနိုင်ခဲ့ခြင်းလည်း ဖြစ်ပါတယ်။ ထို့ပြင် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်ဆုံးရှုံးနေကြသည့် စီးပွားရေးလုပ်ငန်းများ အထိုက်အလျောက် သက်သာခွင့်ရရှိစေရန်အတွက် ဖေဖော်ဝါရီလ တတိယပတ်အတွင်း ကမ်းဝေးငါးဖမ်းရေယာဉ်များကို ငါးဖမ်းရက်တိုးမြှင့်ခွင့်ပြုခြင်း၊ ဒေသတွင်း ဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှုသဘောတူစာချုပ် အကောင်အထည် ဖော်ရေးကိုလည်း ဖေဖော်ဝါရီလ ၁၉ ရက်နေ့က ဆောင်ရွက်ခဲ့ပါတယ်။ ကိုဗစ်-၁၉ စီးပွားရေး ထိခိုက်မှုသက်သာရေး စီမံချက်အကောင်အထည်ဖော်မှုများကို စဉ်ဆက်မပြတ် ဆက်လက်ဆောင်ရွက်နိုင်ရန် ညှိနှိုင်းဆွေးနွေးခြင်းများ လုပ်ဆောင်လျက်ရှိပါတယ်။



ရှမ်းပြည်နယ် (မြောက်ပိုင်း) မန်တုံပြည်သူ့ဆေးရုံတွင် တက်ရောက်ဆေးကုသလျက်ရှိသော ဒေသခံပြည်သူများအား တပ်မတော်ဆေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုပေးစဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက တာဝန်ယူဆောင်ရွက်ချိန်မှစတင်ကာ ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ရန်ပုံငွေများသုံးစွဲရာတွင် ပွင့်လင်းမြင်သာမှုရှိစွာ ဘဏ္ဍာရေးစည်းမျဉ်းများနှင့်အညီ လိုက်နာဆောင်ရွက်၍ သတင်းထုတ်ပြန်ပေးနေတာကို မြင်တွေ့နိုင်ပါတယ်။ ထို့ပြင် အငြိမ်းစားပင်စင်လစာ ထုတ်ယူကြမယ့် ကိုးသိန်းကျော်သော ပင်စင်စားကြီးများ အဆင်ပြေလွယ်ကူစွာဖြင့် ပင်စင်လစာများ ထုတ်ယူနိုင်ရေးအတွက် ရုံးဖွင့်ရက် ၂၁ ရက်နေ့ တစ်ရက်တည်းအစား ၂၁ ရက်နေ့ နောက်ပိုင်း ဘဏ်ဖွင့်သည့်ရက်များတွင် ထုတ်ယူခြင်း၊ Mobile Money စနစ်အသုံးပြု၍ နီးစပ်ရာ Mobile Agent များမှာ ထုတ်ယူခြင်းတို့ကို စီစဉ်ဆောင်ရွက်ပေးခဲ့ပါတယ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ စီးပွားရေးရာ ကော်မတီအစည်းအဝေး အမှတ်စဉ် (၁/၂၀၂၁) ကို ဖေဖော်ဝါရီလ ၂၃ ရက်နေ့မှာ ကျင်းပခဲ့ပါတယ်။ စီးပွားရေးကော်မတီဥက္ကဋ္ဌက ကိုဗစ်ကပ်ရောဂါကြောင့် ယိုင်နဲ့နေသည့် စီးပွားရေးကို အမြန်ဆုံး ပြန်လည်တည့်မတ်စေရေး ဆောင်ရွက်သွားရန်နှင့် သက်ဆိုင်ရာလုပ်ငန်းများအလိုက် ဌာနဆိုင်ရာတာဝန်ရှိသူများက မှန်မှန်ကန်ကန် မြန်မြန်ဆန်ဆန် ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း ထည့်သွင်းပြောကြားခဲ့ပါတယ်။

**လူမှုရေးဦးတည်ချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်**

ပြည်သူများ လပေါင်းများစွာတောင့်တနေခဲ့တဲ့ ဘုရားပုထိုးများ ဖူးမြော်ခွင့်ကို ပြန်လည်ခွင့်ပြုနိုင်ဖို့အတွက် ရွှေတိဂုံစေတီတော်မြတ်ကြီး၊ မဟာမုနိရုပ်ရှင်

စာမျက်နှာ ၁၀ သို့ ☆



ဖေဖော်ဝါရီ ၁၂ ရက်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လွတ်ငြိမ်းခွင့်အမိန့်ဖြင့် မန္တလေးမြို့ အောင်မြေသာစံမြို့နယ်ရှိ ဗဟိုအကျဉ်းထောင်(မန္တလေး)မှ လွတ်မြောက်သော အကျဉ်းသား အကျဉ်းသူများကို တွေ့ရစဉ်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက စီးပွားရေးလုပ်ငန်းများ ပုံမှန်အတိုင်း ဆက်လက်လည်ပတ်နိုင်စေရေးနဲ့ စည်းကမ်းတကျ ပြန်လည်လည်ပတ်နိုင်ရေးအတွက်လည်းကောင်း၊ တိုင်းပြည်တစ်ခုရဲ့ အဓိကမောင်းနှင်အား စီးပွားရေးကဏ္ဍကို မြှင့်တင်ပေးနိုင်ရန်နှင့် ငွေရေးကြေးရေးကဏ္ဍ တည်ငြိမ်မှုရှိစေရေးတို့အတွက်လည်းကောင်း မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်နှင့် ညီနောင်အသင်းများမှ လုပ်ငန်းရှင်များ၊ မြန်မာနိုင်ငံဘဏ်များအသင်းမှ နာယက၊ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ဘဏ်လုပ်ငန်းရှင်များတို့နှင့် ဖေဖော်ဝါရီလ ၃ ရက်နေ့နှင့် ၄ ရက်နေ့တို့တွင် တွေ့ဆုံဆွေးနွေးခဲ့**



ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီး၌ ရန်ကုန်တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် ရန်ကုန်တပ်နယ်မှ နယ်မြေခံတပ်မတော်သားများ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။

✰ စာမျက်နှာ ၉ မှ

တော်မြတ်ကြီး၊ ကျိုက်ထီးရိုးစေတီတော်မြတ်ကြီးနှင့် ပုဂံညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုနယ်မြေတို့ရှိ ဘုရားစေတီ၊ ပုထိုးများအပါအဝင် အနယ်နယ်အရပ်ရပ်မှာရှိတဲ့ ဘုရား၊ စေတီပုထိုးများကို ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးစည်းကမ်းချက်များနှင့်အညီ ပြန်လည်ဖွင့်လှစ်နိုင်ဖို့ ဒေသအသီးသီးမှာရှိတဲ့ နယ်မြေခံတပ်ရင်းများမှ တပ်မတော်သားများက စုပေါင်းသန့်ရှင်းရေးများ ပြုလုပ်ပေးခဲ့ကြပါတယ်။ ဖေဖော်ဝါရီလ ၈ ရက်နေ့ကစပြီး ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးမှာရှိတဲ့ ဘုရား၊ စေတီပုထိုးများမှာ ရဟန်းရှင်လူပြည်သူများ သဒ္ဓါကြည်ညိုစွာ ဖူးမြော်ခွင့်ရရှိခဲ့ပြီဖြစ်ပါတယ်။

## ကျန်းမာရေးစောင့်ရှောက်

နိုင်ငံတစ်ဝန်းလုံးမှာရှိတဲ့ ပြည်သူများရဲ့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းတွေမှာ ကူညီအားဖြည့်ပေးရန်ဟူသည့် တပ်မတော်၏စေတနာဖြင့် တပ်မတော်ဆေးရုံများတွင် တိုင်းရင်းသား ပြည်သူအားလုံး အခမဲ့တက်ရောက်ဆေးကုသမှုခံယူနိုင်ကြောင်းကို ဖေဖော်ဝါရီလ ၅ ရက်နေ့စွဲဖြင့် အသိပေးထုတ်ပြန်နိုင်ခဲ့ပါတယ်။ ဖေဖော်ဝါရီလဆန်းမှ ဖေဖော်ဝါရီလ ၂၈ ရက် တစ်လတာအတွင်း တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ပြည်သူများ၏ ကျန်းမာရေးဆိုင်ရာ အခက်အခဲများကို တစ်ထောင့်တစ်နေရာမှ အထောက်အကူပြုနေကြတဲ့ တပ်မတော်ဆေးရုံများနှင့် ယာယီကုသရေးဆေးရုံများတွင် ပြင်ပလူနာ ၃၆၁၃၃ ဦး၊ အတွင်းလူနာ ၃၅၅၀ တို့ကို တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများက ကျန်းမာရေးစောင့်ရှောက်ခြင်း၊ ခွဲစိတ်ကုသခြင်းများပေးအပ်ခဲ့ကြပါတယ်။ လူနာနဲ့ လူနာစောင့်များ နေထိုင်စားသောက်မှုအဆင်ပြေစေရေးအတွက်လည်း တာဝန်ယူဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ လူနာများအနက် အကြီးစားခွဲစိတ်ကုသရန် လိုအပ်တဲ့လူနာ ၁၅၉၂ ဦး၊ အသေးစားခွဲစိတ်ကုသရန် လိုအပ်သူ ၈၇၀၊ မွေးလူနာ ၉၀၉ ဦးတို့ကို ခွဲစိတ်မီးဖွားပေးနိုင်ခဲ့ပြီး ရိုးရိုးမွေးလူနာ ၁၃၃၁ ဦးကို မီးဖွားပေးနိုင်ခဲ့ပါတယ်။ ထို့ကြောင့် ကလေးငယ်စုစုပေါင်း ၂၂၄၀ ကို ဖေဖော်ဝါရီလအတွင်း တပ်မတော်ဆေးရုံအသီးသီးမှာ အောင်မြင်စွာ မွေးဖွားပေးခဲ့တာလည်းဖြစ်ပါတယ်။

## လူမှုရေးအကူအညီများ ပေးအပ်

ကိုဗစ်ရောဂါဖြစ်ပွားနေတဲ့ ကာလအတွင်း နိုင်ငံရပ်ခြားမှာ ကာလကြာရှည်စွာ ပိတ်မိဒုက္ခခံနေကြရတဲ့ မြန်မာနိုင်ငံသားများ မိမိတို့နိုင်ငံသို့ ပြန်လည်ရောက်ရှိလာနိုင်စေဖို့အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ၏ လမ်းညွှန်ချက်များအတိုင်း ဆောင်ရွက်မှုတစ်ရပ်အဖြစ် မလေးရှားနိုင်ငံတွင် ယခင်ကာလများကတည်းက အကြောင်းအမျိုးမျိုးကြောင့် မြန်မာနိုင်ငံသို့ ပြန်လာရန် အခက်အခဲကြုံနေကြရတဲ့ မြန်မာနိုင်ငံသားများကို ပြန်လည်ခေါ်ဆောင်ရန်အတွက် တပ်မတော်ရေမှ တာဝန်ရှိသူများဦးဆောင်တဲ့ စစ်ရေယာဉ် သုံးစင်းဟာ ရန်ကုန်မြို့မှ မလေးရှားနိုင်ငံသို့ ဖေဖော်ဝါရီလ ၁၅ ရက်နေ့က စတင်ထွက်ခွာခဲ့ကြပါတယ်။ မလေးရှားနိုင်ငံမှာ ရောက်ရှိပိတ်မိနေတဲ့ မြန်မာနိုင်ငံသား ၁၀၈၆ ဦးကို မလေးရှားနိုင်ငံဆိုင်ရာ မြန်မာသံရုံးနဲ့ မလေးရှားနိုင်ငံ လူဝင်မှုကြီးကြပ်ရေးဌာနမှ တာဝန်ရှိသူများထံမှ စနစ်တကျ လွှဲပြောင်းလက်ခံခဲ့ပြီး ဖေဖော်ဝါရီလ ၂၃ ရက်နေ့မှာ မြန်မာနိုင်ငံကို ပြန်လည်ခုတ်မောင်းလာခဲ့ပါတယ်။

လမ်းခရီးတစ်လျှောက် ပြည်တော်ပြန်များ၏ လုံခြုံရေး၊ ကျန်းမာရေးနဲ့ စားသောက်ရေးတို့အတွက် တပ်မတော်မှ အစစအရာရာ ကူညီစောင့်ရှောက်ပေးခဲ့ကြပြီး ဖေဖော်ဝါရီလ ၂၇ ရက်နေ့မှာ ရန်ကုန်မြို့ အမှတ် (၃) ရေတပ်ဆိပ်ကမ်းသို့ အောင်မြင်စွာ ဆိုက်ရောက်ခဲ့ပြီဖြစ်ပါတယ်။ နေရပ်ပြန်များကို ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး စည်းကမ်းချက်များနဲ့အညီ တပ်မတော်ကွာရန်တင်းစင်တာများတွင် လက်ခံထားရှိပြီး နေရပ်အသီးသီးသို့ ပြန်လည်ရောက်ရှိစေဖို့နဲ့ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေဖို့အတွက် ညှိနှိုင်းဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက လူမှုရေး ဦးတည်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာမှာလည်း နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူများအတွက် နေ့ထူးနေ့မြတ်များဖြစ်တဲ့ ဖေဖော်ဝါရီလ ၇ ရက်မှာ ကျရောက်တဲ့ (၇၄)နှစ်မြောက် ရှမ်းပြည်နယ်နေ့အခမ်းအနား၊ ဖေဖော်ဝါရီလ ၁၂ ရက်နေ့မှာ ကျရောက်တဲ့ (၇၄)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနား၊ ဖေဖော်ဝါရီလ ၂၀ ရက်နေ့မှာ ကျရောက်တဲ့ (၇၃)နှစ်မြောက် ချင်းအမျိုးသားနေ့အခမ်းအနားတွေကို သဝဏ်လွှာများပေးပို့ခဲ့ပြီး တိုင်းရင်းသားပြည်သူညီအစ်ကိုမောင်နှမများအတွက် တစ်သားတည်းရှိနေကြောင်းကို ထုတ်ဖော်ပြသခဲ့ပါတယ်။

## ကိုဗစ်ကာကွယ်ရေးလုပ်ငန်းများ တိုးမြှင့်လုပ်ဆောင်

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးလျက်ရှိရာမှာ ဖေဖော်ဝါရီလ ၅ ရက်နေ့မှာ ယာယီသမ္မတအပါအဝင် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များနဲ့ ဝန်ကြီးဌာနများမှ အရာထမ်းများကို ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး (COVISHIELD) ပထမအကြိမ်အဖြစ် စတင်ထိုးနှံပေးနိုင်ခဲ့သလို မတ်လ ၅ ရက်နေ့မှာ ဒုတိယအကြိမ်ကာကွယ်ဆေးထိုးနှံပြီးစီးခဲ့ပြီ ဖြစ်ပါတယ်။ ထို့ပြင် ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ထိုးနှံခြင်း၊ အသက် ၆၅ နှစ် အထက် မိဘပြည်သူများအား ကာကွယ်ဆေးထိုးလုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါတယ်။

ပြည်သူများရဲ့ ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍ ပိုမိုမြင့်မားလာစေရေးအတွက် ဆေးတက္ကသိုလ်များနှင့် ဆေးပညာနီးနွယ် တက္ကသိုလ်များမှာ ဘွဲ့လွန်သင်တန်းတွေ ဖွင့်လှစ်သင်ကြားဖို့အတွက် လျှောက်လွှာများခေါ်ယူပေးနိုင်ခဲ့သလို မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင်လစ်လပ်နေရာများအတွက် အစားထိုးရွေးချယ်ရန် ကိုယ်စားလှယ်လောင်း အဆိုပြုလွှာများကိုလည်း ဖိတ်ခေါ်ပေးနိုင်ခဲ့ပါတယ်။ ထို့ပြင် အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေးတို့အတွက် ကျောင်းနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး၊ စာသင်ခုံနှင့် သင်ထောက်ကူပစ္စည်းများ နေရာချထားရေး၊ ကျန်းမာရေး ဆောင်ရွက်ချက်များ၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးစည်းကမ်းများနှင့်အညီ အမြန်ဆုံးဖွင့်လှစ်နိုင်ရေးတို့ကိုလည်း ကြိုတင်ဆောင်ရွက်နေပြီဖြစ်ပါတယ်ဆိုတာကို တင်ပြရင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ၏ တစ်လတာခရီးကို မှတ်တမ်းတင်ဂုဏ်ပြုဖော်ပြလိုက်ရပါတယ်။

= = = = =

**ကနောင်**

**မလေးရှားနိုင်ငံမှာ ရောက်ရှိပိတ်မိနေတဲ့ မြန်မာနိုင်ငံသား ၁၀၈၆ ဦးကို မလေးရှားနိုင်ငံဆိုင်ရာ မြန်မာသံရုံးနဲ့ မလေးရှားနိုင်ငံ လူဝင်မှုကြီးကြပ်ရေးဌာနမှ တာဝန်ရှိသူများထံမှ စနစ်တကျ လွှဲပြောင်းလက်ခံခဲ့ပြီး ဖေဖော်ဝါရီလ ၂၃ ရက်နေ့မှာ မြန်မာနိုင်ငံကို ပြန်လည်ခုတ်မောင်းလာခဲ့**



မလေးရှားနိုင်ငံတွင် ရောက်ရှိနေသော မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်လာသည့် တပ်မတော်မှစစ်ရေယာဉ်များ ရန်ကုန်မြို့ အမှတ်(၃) ရေတပ်ဆိပ်ကမ်းသို့ ဖေဖော်ဝါရီ ၂၇ ရက်က ပြန်လည်ရောက်ရှိစဉ်။

# ကမ္ဘာ့ကျန်းမာရေးအဖွဲ့က Johnson & Johnson ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို အရေးပေါ်သုံးစွဲခွင့် အတည်ပြု

**ဂျီနီဗာ မတ် ၁၃**

ကမ္ဘာ့ကျန်းမာရေးအဖွဲ့က Johnson & Johnson ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အရေးပေါ်သုံးစွဲခွင့်ပြုပေးခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

Johnson & Johnson ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အရေးပေါ်သုံးစွဲခွင့်ပြုသည့် ကာကွယ်ဆေးစာရင်းများတွင် ထည့်သွင်းလိုက်ပြီဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့အကြီးအကဲ တီဒရော့စ် အက်ဒါနွမ် ဂါဘရီယီဆက်စ်က ယမန်နေ့ သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

Johnson & Johnson ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးသည် အမေရိကန်ဆေးဝါးကုမ္ပဏီ Pfizer နှင့် ဂျာမနီဆေးဝါးကုမ္ပဏီ BioNTech တို့ ပူးပေါင်းထုတ်လုပ်သည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးနှင့် ဗြိတိန်ဆေးဝါးကုမ္ပဏီ AstraZeneca နှင့် အောက်စဖို့ဒ်တက္ကသိုလ်တို့ ပူးပေါင်းထုတ်လုပ်သည့် AstraZeneca ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးတို့ပြီးနောက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က တတိယမြောက် ခွင့်ပြုပေးခဲ့သည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးဖြစ်လာခဲ့သည်။

အဆိုပါ ခွင့်ပြုပေးခဲ့သည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးသုံးမျိုးကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ကာကွယ်ဆေးဖြန့်ဖြူးရေးအစီအစဉ် COVAX တွင် အသုံးပြုလျက်ရှိကြောင်း သိရသည်။

လက်ရှိအချိန်တွင် AstraZeneca ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုခံယူပြီးနောက် သွေးခဲမှုပြဿနာများဖြစ်ပေါ်သည့် အစီရင်ခံစာများ ထွက်ပေါ်လာသည့်အတွက် အဆိုပါကာကွယ်ဆေးကို အချို့နိုင်ငံများတွင် သုံးစွဲမှုယာယီရပ်ဆိုင်းထားကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့အကြီးအကဲ တီဒရော့စ် အက်ဒါနွမ် ဂါဘရီယီဆက်စ်က ပြောကြားခဲ့သည်။

အဆိုပါကိစ္စရပ်နှင့်ပတ်သက်ပြီး ကမ္ဘာ့ကျန်းမာရေးအဖွဲ့က တိကျသေချာသော စစ်ဆေးမှုများ လုပ်ဆောင်လျက်ရှိသည်ဟု ၎င်းက ဆိုသည်။




လက်ရှိအချိန်အထိ ကမ္ဘာတစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပြီးသူ ၃၃၅ သန်းကျော် ရှိပြီး ကာကွယ်ဆေးထိုးနှံမှုကြောင့် အသက်ဆုံးရှုံးခဲ့သည့်ဖြစ်ရပ်မျိုး ဖြစ်ပေါ်လာခြင်းမရှိသေးကြောင်း ဂါဘရီယီဆက်စ်က ပြောကြားခဲ့သည်။

**ကိုးကား- အင်န်အိတ်ချ်ကေ**
**ဘာသာပြန်- အောင်ကျော်ကျော်**

# နိုင်ငံလူဦးရေ ၇၀ မှ ၈၀ ရာခိုင်နှုန်းအား ယခုနှစ်ကုန်ပိုင်းတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးပြီးဖြစ်ရန် တရုတ်အစိုးရ ရည်ရွယ်လျက်ရှိ

**ပေကျင်း မတ် ၁၃**

တရုတ်နိုင်ငံလူဦးရေ ၇၀ မှ ၈၀ ရာခိုင်နှုန်းအား ယခုနှစ်ကုန်ပိုင်း သို့မဟုတ် ၂၀၂၂ ခုနှစ်လယ်ပိုင်း မတိုင်မီ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးပြီးဖြစ်ရန် တရုတ်အစိုးရက ရည်ရွယ်ထားကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး လေးမျိုးကို လက်ရှိအချိန်တွင် နိုင်ငံအတွင်း၌ အသုံးပြုလျက်ရှိကြောင်းနှင့် ပြည်သူ သန်း ၉၀၀ မှ တစ်ဘီလီယံအထိ ကာကွယ်ဆေး ထိုးနှံပေးမည်ဖြစ်ကြောင်း တရုတ်နိုင်ငံ ရောဂါကာကွယ် ထိန်းချုပ်ရေးစင်တာမှ အကြီးအကဲ ဂါအိုဖုက အင်တာဗျူးတစ်ရပ်တွင် ပြောကြားခဲ့သည်။

ဖေဖော်ဝါရီလကုန်ပိုင်းအထိ နိုင်ငံအတွင်းရှိ ပြည်သူ ၅၂ ဒသမ ၅ သန်းကို ကာကွယ်ဆေးထိုးနှံပေးပြီး ဖြစ်သည်။

တရုတ်နိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံမှုအစီအစဉ်သည် အမေရိကန်နိုင်ငံ အပါအဝင် အခြားသောနိုင်ငံများထက် ပိုမိုနှေးကွေးလျက်ရှိကြောင်း ဆေးဘက်ကျွမ်းကျင်ပညာရှင်များက ဆိုသည်။

တရုတ်နိုင်ငံမှ နိုင်ငံရပ်ခြားသို့ လှူဒါန်းပေးပို့သော ကာကွယ်ဆေးပမာဏသည် နိုင်ငံအတွင်း ကာကွယ်ဆေး ဖြန့်ဖြူးပေးမှုပမာဏထက် ၁၀ ဆ နီးပါး ပိုမိုများပြားသည်ကို တွေ့ရှိရကြောင်း ဆေးဘက်ကျွမ်းကျင် ပညာရှင်များက ပြောကြားခဲ့သည်။



နိုင်ငံအတွင်း လက်ရှိအသုံးပြုလျက်ရှိသည့် ကာကွယ်ဆေး လေးမျိုးမှာ နိုင်ငံပိုင်ဆေးဝါးကုမ္ပဏီ Sinopharm မှ ထုတ်လုပ်သည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးနှစ်မျိုးနှင့် Sinovac နှင့် CanSino ဆေးဝါးကုမ္ပဏီတို့မှ ထုတ်လုပ်သည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး နှစ်မျိုးတို့ဖြစ်ကြောင်း သိရသည်။

နိုင်ငံအတွင်း သုံးစွဲခွင့်ရရှိရန် လက်တွေ့စမ်းသပ်မှုပြုလုပ်လျက်ရှိသည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ၁၇ မျိုးရှိကြောင်း သိရသည်။

**ကိုးကား- စီအင်န်အေ**
**ဘာသာပြန်- အောင်ကျော်ကျော်**

# အမေရိကန်ပြည်သူ ၁၀၁ ဒသမ ၁ သန်းအား ကာကွယ်ဆေးထိုးပြီးဖြစ်



**ဝါရှင်တန် မတ် ၁၃**

အမေရိကန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှု ခံယူပြီးသူ ၁၀၁ ဒသမ ၁ သန်း ရှိပြီဖြစ်ကြောင်း အမေရိကန် ရောဂါ ကာကွယ်ထိန်းချုပ်ရေး စင်တာက ယမန်နေ့တွင် ပြောကြားခဲ့သည်။

နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အလုံးရေ ၁၃၃ ဒသမ ၃ သန်းကို ဖြန့်ဖြူးထားပြီးဖြစ်ကြောင်းနှင့် ကာကွယ်ဆေး ထိုးနှံမှုခံယူပြီးသူ ၁၀၁၁၂၈၀၀၅ ဦးရှိကြောင်း သိရသည်။

အမေရိကန်၏ ကာကွယ်ဆေး ထိုးနှံမှုအစီအစဉ်တွင် Moderna ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး၊ Pfizer ဆေးဝါးကုမ္ပဏီနှင့် BioNTech ဆေးဝါးကုမ္ပဏီတို့ ပူးပေါင်းထုတ်လုပ်သည့် Pfizer ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး နှင့် Johnson & Johnson ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး တို့ကို အသုံးပြုလျက်ရှိသည်။

သမ္မတ ရာထူးတာဝန် စတင်ထမ်းဆောင်သည့်ရက်မှ ရက်ပေါင်း ၁၀၀ ပြည့်သည့်နေ့ဖြစ်သည့် ဧပြီ ၃၀ ရက်တွင် အမေရိကန်ပြည်သူ သန်း ၁၀၀ အား ကာကွယ်ဆေးထိုးနှံပေးပြီး ဖြစ်ရမည်ဟု သမ္မတ ဂျိုးဘိုင်ဒင်က ရည်မှန်း ပြောကြားခဲ့သည်။

ကာကွယ်ဆေးထိုးနှံမှု အရှိန်အဟုန် မြင့်တက်လျက်ရှိသည့်အတွက် သမ္မတ ဂျိုးဘိုင်ဒင်က အဆိုပါရည်မှန်းချက်ကို ပြည်သူ သန်း ၁၀၀ အစား ပြည်သူ သန်း ၁၅၀ အထိ တိုးမြှင့် ပြောင်းလဲပေးခဲ့သည်။ ထို့ပြင် မေလကုန်မတိုင်မီ အရွယ်ရောက်ပြည်သူ ၂၅၈ သန်းအတွက် ကာကွယ်ဆေး အလုံအလောက်ရရှိရမည်ဟု သမ္မတ ဂျိုးဘိုင်ဒင်က ယခုရက်သတ္တပတ်အတွင်း ကတိပြုပြောကြားခဲ့သည်။

လက်ရှိအချိန်အထိ ပြည်သူ ၃၅ သန်းသည် ကာကွယ်ဆေးနှစ်ကြိမ် ထိုးနှံမှုခံယူပြီးဖြစ်ပြီး ပြည်သူ ၆၅ ဒသမ ၉ သန်းသည် အနည်းဆုံး ကာကွယ်ဆေးတစ်ကြိမ် ထိုးနှံမှုခံယူပြီးဖြစ်ကြောင်း သိရသည်။

အဆိုပါ အရေအတွက်သည် အမေရိကန်နိုင်ငံ လူဦးရေ ၃၃၁ သန်း၏ ၁၀ ဒသမ ၅ ရာခိုင်နှုန်းဖြစ်ကြောင်း တွေ့ရှိရသည်။

အသက် ၆၅ နှစ်အရွယ်ရှိ ပြည်သူ ၆၁ ရာခိုင်နှုန်းအား ကာကွယ်ဆေး အနည်းဆုံး တစ်ကြိမ်ထိုးနှံပေးပြီး ဖြစ်သည်။

Pfizer ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အလုံးရေ သန်း ၅၀၊ Moderna ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ၄၉ သန်း၊ Johnson &Johnson ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ၉၀၀၀၀၀ တို့ကို ပြည်သူများအား ထိုးနှံပေးပြီးဖြစ်ကြောင်း သိရသည်။ အမေရိကန်နိုင်ငံတွင် တစ်ရက်လျှင် ပြည်သူ ၂ ဒသမ ၂ သန်းအား ကာကွယ်ဆေး ထိုးနှံပေးလျက် ရှိသည်။

လက်ရှိအသုံးပြုလျက်ရှိသည့် ကာကွယ်ဆေးများအပြင် Astra Zeneca ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးနှင့် Novavax ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး တို့ကိုလည်း သုံးစွဲခွင့်အတည်ပြုရန် လက်တွေ့စမ်းသပ်မှုများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ကိုးကား- စီအင်န်အေ**
**ဘာသာပြန်- အောင်ကျော်ကျော်**

# အမေရိကန်၌ ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးမှု ကမ္ဘာစစ်များ၊ ဗီယက်နမ်စစ်ပွဲနှင့် ၉/၁၁ အကြမ်းဖက် တိုက်ခိုက်မှုတို့တွင် သေဆုံးမှုထက် ပိုမိုများပြား

**ဝါရှင်တန် မတ် ၁၃**

အမေရိကန်ပြည်ထောင်စုတစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူဦးရေသည် ပထမကမ္ဘာစစ်၊ ဒုတိယကမ္ဘာစစ်၊ ဗီယက်နမ်စစ်ပွဲနှင့် စက်တင်ဘာ ၁၁ ရက် အကြမ်းဖက် တိုက်ခိုက်မှုများတွင် သေဆုံးသူစုစုပေါင်း ဦးရေထက် ပိုမိုများပြားလာကြောင်း အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်က ပြောကြားခဲ့သည်။

လက်ရှိအချိန်အထိ အမေရိကန်ပြည်ထောင်စုတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၂၉ သန်း ကျော်ရှိပြီး၎င်းတို့အနက် ၅၀၀၀၀၀ ကျော်သည် ထိုရောဂါဖြင့် သေဆုံးခဲ့ကြောင်း တရားဝင်ကိန်းဂဏန်းများအရ သိရသည်။

အမေရိကန်ပြည်ထောင်စုတွင် ကိုဗစ်-၁၉ ရောဂါကြောင့် လက်ရှိအချိန်အထိ ၅၂၇၇၂၆ ဦး သေဆုံးခဲ့ပြီး ယင်းသေဆုံးမှု ကိန်းဂဏန်းသည် ပထမကမ္ဘာစစ်၊ ဒုတိယကမ္ဘာစစ်၊ ဗီယက်နမ်စစ်ပွဲနှင့် စက်တင်ဘာ ၁၁ ရက် အကြမ်းဖက်တိုက်ခိုက်မှုများတွင် သေဆုံးခဲ့သည့်စုစုပေါင်း ဦးရေထက် ပိုမိုများပြားကြောင်း ဘိုင်ဒင်က မိန့်ခွန်းတစ်ရပ်တွင် ပြောကြားခဲ့သည်။

ပထမကမ္ဘာစစ်အတွင်း အမေရိကန်ပြည်သူ ၅၃၄၀၂ ဦး သေဆုံးခဲ့ကြောင်း၊ ထို့အတူ ဒုတိယကမ္ဘာစစ်အတွင်း ၂၉၁၅၅၇ ဦး၊ ဗီယက်နမ်စစ်ပွဲတွင် ၄၇၄၃၄ ဦးနှင့် စက်တင်ဘာ ၁၁ ရက်အကြမ်းဖက်တိုက်ခိုက်မှုတွင် ၂၉၇၇ ဦးစသည်ဖြင့် အမေရိကန်ပြည်သူများ အသီးသီးသေဆုံးခဲ့ကြောင်း အမေရိကန်စစ်မှုထမ်းဟောင်းများရေးရာဌာနမှ ထုတ်ပြန်သည့်အချက်အလက်များအရ သိရသည်။

မိမိတို့၏ အသက်လုံခြုံရေးအတွက် အလွယ်ကူဆုံး အရာတစ်ခုမှာ နှာခေါင်းစည်းတပ်ဆင်ခြင်းပင်ဖြစ်ပြီး အကြမ်းတမ်းဆုံးနှင့် အမှောင်မိုက်ဆုံး ကာလကို မကြာမီ ကျော်လွှားတော့မည်ဖြစ်ကြောင်း ဘိုင်ဒင်က ပြောကြားသည်။

**ကိုးကား - စီဂျီတီအင်န်**
**ဘာသာပြန် - ဂျေတီ**



# အိန္ဒိယနိုင်ငံ ပန်ဂျပ်ပြည်နယ်၌ ကိုဗစ်-၁၉ ရောဂါပျံ့နှံ့မှု ထိန်းချုပ်ရန် ညမထွက်ရအမိန့် တိုးမြှင့်သတ်မှတ်

**နယူးဒေလီ မတ် ၁၃**

အိန္ဒိယနိုင်ငံ ပန်ဂျပ်ပြည်နယ်တွင် မကြာသေးမီရက်များအတွင်းက ကိုဗစ်-၁၉ ရောဂါကူးစက်ပြန့်ပွားမှုများ ဖြစ်ပေါ်ခဲ့ခြင်းကို ထိန်းချုပ်နိုင်ရန် ပြည်နယ်အစိုးရက ပြည်နယ်အတွင်းရှိဒေသများ၌ ညမထွက်ရအမိန့်များကို တိုးမြှင့်ထုတ်ပြန်ရန် မတ် ၁၂ ရက်က ဆုံးဖြတ်ခဲ့ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

**စတင်ထုတ်ပြန်**

ညမထွက်ရအမိန့်ကို မိုဟာလီနှင့် ဖာကေဂရပ်ရှ်ဆာဟစ်ခရိုင်များ၌ မတ် ၁၂ရက်ညပိုင်းမှ စတင်ထုတ်ပြန်ခဲ့ကြောင်း ပြည်နယ်အစိုးရ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အဆိုပါ ညမထွက်ရအမိန့်သည် ဒေသစံတော်ချိန် ည ၁၁ နာရီမှ နံနက် ၅ နာရီအထိဖြစ်ပြီး နောက်ထပ်အမိန့် တစ်စုံတစ်ရာ မထုတ်ပြန်မချင်း အတည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ထိုအပြင် ပြည်နယ်အတွင်းရှိ လုဒ်ဟီရာနာနှင့် ပါတီရာလာခရိုင်များ၌လည်း မတ် ၁၂ ရက်မှစ၍ ညမထွက်ရအမိန့်များ စတင် သက်ရောက်မည်ဖြစ်သည်။

လွန်ခဲ့သည့် ရက်သတ္တပတ်အတွင်းကပင် ပန်ဂျပ်ပြည်နယ်အစိုးရသည် ညမထွက်ရအမိန့်များကို ဂျာလန်ဒါ၊ ရှာဟိဒ်ဘာဂတ်ဆင်နာဂါ၊ ဟိုရှီရာပူနှင့် ကာပါသာယာ ခရိုင်များ၌လည်း ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

**လျှော့ပေါ့ခွင့်ပြုပေးသွားမည်**

ပန်ဂျပ်ပြည်နယ်အစိုးရက ထုတ်ပြန်ခဲ့သော ညမထွက်ရအမိန့်သည် အရေးပေါ်ကျန်းမာရေးဆိုင်ရာကိစ္စများနှင့် ၂၄ နာရီအတွင်း အချိန်အလိုက် လုပ်ကိုင်ရသော စက်ရုံလုပ်သားများကိုမူ လျှော့ပေါ့ခွင့်ပြုပေးသွားမည်ဖြစ်သည်။



အိန္ဒိယနိုင်ငံအစိုးရ ကျန်းမာရေးဝန်ကြီးဌာန၏ မတ် ၁၂ ရက် ထုတ်ပြန်ချက်အရ မဟာရက်စထရာ၊ ကေရာလာ၊ ပန်ဂျပ်၊ ကာနာတာကာ၊ ဂူဂျာရတ်နှင့် တမီလ်နာဒူးပြည်နယ်များ၌ ကိုဗစ်-၁၉ ရောဂါ နေ့စဉ် ကူးစက်မှုအသစ်များ တစ်ရှိန်ထိုး တိုးတက်နေသည်ဟု ဖော်ပြခဲ့သည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - ဇော်ဝင်း**

# ရုရှားနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၉၉၀၀ ကျော်ရှိခဲ့

**မော်စကို မတ် ၁၃**

ရုရှားနိုင်ငံ၌ လွန်ခဲ့သည့် တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၉၉၀၈ ဦး ရှိခဲ့သဖြင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၄၃၈၀၅၂၅ ဦးအထိ ရှိလာခဲ့ကြောင်း ရုရှားနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါ တုံ့ပြန်ရေးစင်တာက ယနေ့တွင် ပြောကြားခဲ့သည်။

ထို့အတူ ရုရှားနိုင်ငံ၌ လွန်ခဲ့သည့် တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၄၇၅ ဦးရှိခဲ့ခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူပေါင်း ၉၁၆၉၅ ဦးအထိရှိလာခဲ့ကြောင်း သိရသည်။

ရုရှားနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါ တုံ့ပြန်ရေးစင်တာ၏ ပြောကြားချက်အရ နိုင်ငံတစ်ဝန်းတွင် လွန်ခဲ့သည့် တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည် ကျန်းမာလာသဖြင့် ဆေးရုံများမှ ဆင်းခွင့်ရရှိသူ ၁၂၈၆၈ ဦးရှိခဲ့ခြင်းကြောင့် လက်ရှိတွင် ပြန်လည်ကျန်းမာလာသူ စုစုပေါင်း ၃၉၈၅၈၉၇ ဦးအထိ ရှိလာခဲ့ကြောင်း သိရသည်။

မြို့တော်မော်စကိုသည် ရုရှားနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုနှင့် သေဆုံးမှုတွင် အများဆုံးဒေသဖြစ်ပြီး လွန်ခဲ့သည့် တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၆၀၀ ရှိခဲ့ခြင်းကြောင့် မြို့တော်တစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၉၉၈၄၈၉ ဦးအထိရှိလာခဲ့ကြောင်း သိရသည်။ လက်ရှိတွင် ရုရှားနိုင်ငံတွင် ပြည်သူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ စစ်ဆေးလျက်ရှိရာ ပြည်သူ ၁၁၄ ဒသမ ၈ သန်းကျော်အား စစ်ဆေးဆောင်ရွက်ပြီး ဖြစ်ကြောင်း သိရသည်။



**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - အလင်းသစ်**

# COVAX အစီအစဉ်မှ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ပထမအသုတ် မွန်ဂိုလီးယားနိုင်ငံ လက်ခံရရှိ

**အူလန်ဘာတာ မတ် ၁၃**

မွန်ဂိုလီးယားနိုင်ငံသည် ဗိုင်းရပ်စ်တိုက်ဖျက်ရေး ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ လျင်မြန်မျှတစွာရရှိနိုင်ရေး ကမ္ဘာလုံးဆိုင်ရာ ကာကွယ်ဆေးအစီအစဉ် COVAX ထံမှ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ပထမအသုတ်ကို မတ် ၁၂ ရက်တွင် လက်ခံရရှိခဲ့သည်။


မွန်ဂိုလီးယားနိုင်ငံရှိ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ကိုယ်စားလှယ် ဆာဂျေဒီအော်ဒစ်ဆာက COVAX အစီအစဉ်မှရရှိသည့် AstraZeneca ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအလုံးရေ ၁၄၄၀၀ ပါဝင်သော ပထမအသုတ်ကို မွန်ဂိုလီးယားနိုင်ငံခြားရေးဝန်ကြီး ဘတ်မွန့်ခ်ဘတ်ဆက်ဆက်ထံ လွှဲပြောင်းပေးအပ်ခဲ့ခြင်းဖြစ်သည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ မျှမျှတတရရှိရေးသည် ကမ္ဘာလုံးဆိုင်ရာ ပြဿနာတစ်ခု ဖြစ်လာချိန်တွင် မွန်ဂိုလီးယားနိုင်ငံသည် COVAX အစီအစဉ်မှတစ်ဆင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ လက်ခံရရှိနေပြီဖြစ်ကြောင်း မွန်ဂိုလီးယားနိုင်ငံခြားရေးဝန်ကြီး ဘတ်မွန့်ခ် ဘတ်ဆက်ဆက်က ကာကွယ်ဆေးလွှဲပြောင်းလက်ခံခြင်း အခမ်းအနား၌ ပြောကြားခဲ့သည်။

မွန်ဂိုလီးယားနိုင်ငံသည် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုအစီအစဉ်ကို ဖေဖော်ဝါရီ ၂၃ ရက်တွင် စတင်ခဲ့ခြင်းဖြစ်ပြီး ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပြီးသူ ၇၁၁၀၀ ရှိပြီဖြစ်ကြောင်း သိရသည်။

မွန်ဂိုလီးယားနိုင်ငံ၌ လူဦးရေ ၃ ဒသမ ၃ သန်းရှိသည့်အနက် အနည်းဆုံး ၆၀ ရာခိုင်နှုန်းကို ကာကွယ်ဆေးထိုးနှံပေးနိုင်ရန် စီစဉ်ထားကြောင်းနှင့် ၎င်းတို့အနက် ၂၀ ရာခိုင်နှုန်းအား COVAX အစီအစဉ်မှ ရရှိသည့် ကာကွယ်ဆေးများဖြင့် ကာကွယ်ဆေးထိုးနှံပေးသွားမည်ဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - အလင်းသစ်**




# ကမ္ဘာတစ်ဝန်းလုံးတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး တစ်ကြိမ်ထက်မနည်း ထိုးနှံပြီးသူဦးရေ သန်း ၂၀၀ ကျော်ရှိဟုဆို

**လန်ဒန် မတ် ၁၃**

ကမ္ဘာတစ်ဝန်းလုံးတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး တစ်ကြိမ်ထက်မနည်း ထိုးနှံပြီးသူ သန်း၂၀၀ ကျော်ရှိပြီဖြစ်ကြောင်း ဗြိတိန်နိုင်ငံမှ သုတေသီများက မတ် ၁၂ ရက်တွင် ပြောကြားသည်။

ယင်းကိန်းဂဏန်းအချက်အလက်များအရ အောက်စဖို့ဒ်တက္ကသိုလ်၏ ဝက်ဘ်ဆိုက်တစ်ခုဖြစ်သော ကျွန်ုပ်တို့ကမ္ဘာ၏ အချက်အလက်မှ မတ် ၁၂ ရက်တွင် ရယူခဲ့ခြင်းဖြစ်သည်။

ယင်းဝက်ဘ်ဆိုက်မှရရှိသော အချက်အလက်များအရ ကမ္ဘာ့လူဦးရေ ၂၀၂၅၁၀၀၀၀ သည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး တစ်ကြိမ်ထက်မနည်း ထိုးနှံပြီးဖြစ်ကြောင်း သိရသည်။

နိုင်ငံအလိုက်ဆိုပါက အမေရိကန်ပြည်ထောင်စုသည် ကမ္ဘာပေါ်တွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပြီးသူဦးရေ အများဆုံးဖြစ်ပြီး ဆေးထိုးနှံပြီးသူ ၆၄ ဒသမ ၀၇ သန်းဖြစ်သည်။

၎င်း၏နောက်တွင် ဗြိတိန်၌ ၂၃ ဒသမ ၀၅ သန်း၊ အိန္ဒိယနိုင်ငံ၌ ၂၁ ဒသမ ၄၄ သန်း၊ ဘရာဇီးနိုင်ငံ၌ ၈ ဒသမ ၀၉ သန်းနှင့် တူရကီနိုင်ငံ၌ ၇ ဒသမ ၈၁ သန်းတို့ဖြစ်ကြသည်။

နိုင်ငံ၏လူဦးရေ ရာခိုင်နှုန်းအလိုက် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး တစ်ကြိမ်ထက်မနည်းထိုးနှံပြီးသည့် နိုင်ငံများတွင်မူ အစ္စရေးနိုင်ငံက နိုင်ငံလူဦးရေ၏ ၅၉ ရာခိုင်နှုန်းအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး တစ်ကြိမ်ထက်မနည်း ထိုးနှံပေးပြီးဖြစ်သည်။ ၎င်း၏နောက်တွင် အာရပ်စော်ဘွားများပြည်ထောင်စု(ယူအေအီး)က လူဦးရေ၏ ၃၅ ဒသမ ၂ ရာခိုင်နှုန်း၊ ဗြိတိန်နိုင်ငံက ၃၄ ရာခိုင်နှုန်း၊ ချီလီနိုင်ငံက ၂၄ ဒသမ ၂ ရာခိုင်နှုန်းနှင့် အမေရိကန်ပြည်ထောင်စုက ၁၉ ဒသမ ၂ ရာခိုင်နှုန်းဖြစ်သည်။

ဗြိတိန်နိုင်ငံမှ သုတေသီများက ထုတ်ပြန်သည့် ယင်းအစီရင်ခံစာအရ ကမ္ဘာ့လူဦးရေ၏ ၂ ဒသမ ၆ ရာခိုင်နှုန်းသည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို တစ်ကြိမ်ထက်မနည်း ထိုးနှံပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား - အင်န်အိတ်ချ်ကေ၊ ဘာသာပြန် - ဇော်ဝင်း**

# အီတလီနိုင်ငံ၌ ဗီဇပြောင်းကိုရိုနာဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့မှုကြောင့် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ စည်းမျဉ်းချမှတ်သည့်ဒေသများ ထပ်တိုးမည်

**ရောမ မတ် ၁၃**

အီတလီနိုင်ငံသည် နိုင်ငံအတွင်း ဗီဇပြောင်းကိုရိုနာဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့မှုများ ဖြစ်ပွားခဲ့ခြင်းကြောင့် တနင်္လာနေ့မှ စတင်ကာ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ စည်းကမ်းချက်များ ချမှတ်ထားသည့် ဒေသများ ထပ်မံတိုးချဲ့မည်ဖြစ်ကြောင်း အီတလီနိုင်ငံဝန်ကြီးချုပ် မာရီယိုဒရာဂီက ပြောကြားခဲ့သည်။

အီတလီနိုင်ငံဝန်ကြီးချုပ် မာရီယိုဒရာဂီက မတ် ၁၂ ရက်တွင် ရောမမြို့အနီးရှိ ကာကွယ်ဆေးစင်တာတစ်ခုသို့ သွားရောက်စဉ်အတွင်း အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အီတလီနိုင်ငံသည် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အရေးပေါ်အခြေအနေ ကြေညာချက်စတင်ခဲ့ပြီးနောက် တစ်နှစ်ကျော်ကြာချိန်တွင် မမျှော်လင့်ထားသည့် ကူးစက်မှုလှိုင်းအသစ်နှင့် ရင်ဆိုင်ကြုံတွေ့ခဲ့ရခြင်းဖြစ်ကြောင်း ဝန်ကြီးချုပ် မာရီယိုဒရာဂီက ပြောကြားခဲ့သည်။

နိုင်ငံ၏ နယ်မြေဒေသသုံးခုတွင် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ စည်းကမ်းချက်များကို ချမှတ်ထားပြီး လက်ရှိတွင် ဒေသအများအပြားတွင် ပိုမိုထိရောက်မှုရှိမည့် စည်းကမ်းချက်များချမှတ်ရန် အီတလီနိုင်ငံအစိုးရက စီစဉ်လျက်ရှိကြောင်းနှင့် လာဇီယိုနှင့် ရောမအပါအဝင် နိုင်ငံ၏ နယ်မြေဒေသတစ်ဝက်သည် အတင်းကျပ်ဆုံးဖြစ်သည့် စည်းကမ်းချက်များအောက်သို့ ရောက်ရှိမည်ဖြစ်ကြောင်းလည်း သိရသည်။

ယင်းဒေသများရှိ ပြည်သူများသည် ညမထွက်ရအမိန့်ကို လိုက်နာရလျက်ရှိပြီး လက်ရှိတွင် နေ့အချိန်အပြင်ထွက်ခြင်းကိုလည်း ကန့်သတ်ချက်ဖြင့် သွားရောက်ရမည်ဖြစ်သည့်အပြင် ကျောင်းများ၊ စားသောက်ဆိုင်များနှင့် လက်လီအရောင်းဆိုင်အများစုကိုလည်း ပိတ်ထားမည်ဖြစ်ကြောင်း သိရသည်။

အီတလီနိုင်ငံ၌ ကာကွယ်ဆေးထိုးနှံပြီးသူများတွင် ပြင်းထန်သည့်ကျန်းမာရေးဆိုင်ရာ ဆိုးကျိုးများရှိခဲ့ပြီးနောက် AstraZeneca ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအသုံးပြုမှုကိုလည်း ယာယီအားဖြင့် ရပ်ဆိုင်းထားကြောင်း သိရသည်။



**ကိုးကား - အင်န်အိတ်ချ်ကေ**
**ဘာသာပြန် - အလင်းသစ်**



# Pfizer ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အလုံးရေသန်း ၁၀၀ ခန့်ရရှိရန် ဂျပန်အသင့်ပြင်ဆင်

**တိုကျို မတ် ၁၃**

ဂျပန်နိုင်ငံသည် လာမည့် မေလနှင့် ဇွန်လတွင် အမေရိကန် ဆေးဝါးကုမ္ပဏီထုတ် Pfizer နှင့် ဂျာမနီဆေးဝါးကုမ္ပဏီ BioNTech တို့ ပူးပေါင်းထုတ်လုပ်သည့် Pfizer ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အလုံးရေသန်း ၁၀၀ ခန့် လက်ခံရရှိရန် အသင့်ပြင်ဆင်ထားကြောင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးရရှိရေးဆိုင်ရာ တာဝန်ခံဝန်ကြီး တာရိုကိုနိုက ပြောကြားသည်။

အဆိုပါ ကာကွယ်ဆေးကို ဘယ်လ်ဂျီယံနိုင်ငံရှိ Pfizer ဆေးဝါးစက်ရုံမှ တင်သွင်းမည်ဖြစ်ပြီး ကာကွယ်ဆေး တင်သွင်းရန်အတွက် ဥရောပသမဂ္ဂ၏ ပို့ကုန်ထိန်းချုပ်မှုအောက်တွင် ခွင့်ပြုချက်ရယူရန် လိုအပ်မည်ဖြစ်ကြောင်း ကိုနိုက သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ပြောကြားသည်။

ဘယ်လ်ဂျီယံနိုင်ငံရှိ Pfizer ကာကွယ်ဆေးထုတ်လုပ်ရေးစက်ရုံတွင် ကာကွယ်ဆေးထုတ်လုပ်မှုဆိုင်းငံ့ထားခြင်းကြောင့် ဂျပန်နိုင်ငံအစိုးရအနေဖြင့် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုအစီအစဉ်ကို အခြားနိုင်ငံများထက် နှေးကွေးခဲ့ခြင်းဖြစ်သည်။

ဂျပန်ကျန်းမာရေးအာဏာပိုင်များသည် နိုင်ငံအတွင်းရှိ ကျန်းမာရေးဝန်ထမ်း ၄ ဒသမ ၈ သန်းခန့်အတွက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုအစီအစဉ်တွင် အပြည့်အဝ လှုပ်ရှားဆောင်ရွက်လျက်ရှိပြီး အသက် ၆၅ နှစ်နှင့် အထက်ရှိ သက်ကြီးရွယ်အိုများအတွက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုအစီအစဉ်ကို ဧပြီလလယ်ခန့်တွင် စတင်ဆောင်ရွက်ရန် စီစဉ်ထားသည်။

ဂျပန်နိုင်ငံသည် အမေရိကန်နှင့် ဂျာမနီဆေးဝါးကုမ္ပဏီထုတ် Pfizer ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အလုံးရေ ၄၂၀၀၀၀ ခန့်ကို ပဉ္စမအသုတ်အဖြစ် မတ် ၁၅ ရက်တွင် လက်ခံရရှိမည်ဖြစ်ကြောင်း ကိုနိုက ပြောကြားသည်။ သို့သော် ဂျပန်နိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုခံယူမည့် လူဦးရေကို စစ်တမ်းကောက်ခဲ့ရာ နိုင်ငံလူဦးရေ၏ ၆၃ ဒသမ ၁ ရာခိုင်နှုန်းခန့်သာ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုခံယူမည်ဖြစ်ကြောင်း ကျိုဒိုသတင်းဌာန၏ လေ့လာချက်အရ သိရသည်။

လက်ရှိအချိန်အထိ ဂျပန်နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုခံယူခဲ့ပြီးသူ ၁၈၁၁၈၄ ဦးရှိပြီး ၎င်းအနက် ၃၇ ဦးတွင် ဓာတ်မတည့်မှုရှိကြောင်း သိရသည်။ သို့သော် ဓာတ်မတည့်သောလူနာအားလုံးသည် ပြန်လည်ကျန်းမာသွားကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - ဂျေတီ**

# AstraZeneca ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအသုံးပြုမှုကို ရပ်တန့်သွားမည်မဟုတ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ပြောကြား

**ဂျီနီဗာ မတ် ၁၃**

ဥရောပနိုင်ငံအများစုသည် သွေးခဲမှုဆိုင်ရာ စိုးရိမ်မှုများကြောင့် AstraZeneca ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုကို ရပ်ဆိုင်းခဲ့ပြီးနောက် AstraZeneca ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အသုံးပြုမှုကို ရပ်တန့်သွားမည်မဟုတ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က မတ် ၁၂ ရက်တွင် ပြောကြားခဲ့သည်။

လက်ရှိတွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ကာကွယ်ဆေးဆိုင်ရာ အကြံပေးကော်မတီက ဘေးကင်းလုံခြုံမှုဆိုင်ရာ အချက်အလက်များကို ရှာဖွေလျက်ရှိပြီး AstraZeneca ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးနှင့် သွေးခဲခြင်းတို့အကြား မည်သည့်ဆက်နွယ်မှုမျှ မရှိကြောင်း အလေးအနက်ပြောကြားခဲ့သည်။

ဒိန်းမတ်၊ နော်ဝေ၊ အိုက်စ်လန်၊ အီတလီနှင့် ရိုးမေးနီးယားနိုင်ငံတို့ရှိ ကျန်းမာရေးအာဏာပိုင်အဖွဲ့အစည်းများသည် AstraZeneca ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံမှုအစီအစဉ်များကို ရွှေ့ဆိုင်းသို့မဟုတ် ကန့်သတ်ထားကြောင်း သိရသည်။

"AstraZeneca ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးဟာ အခြားသော ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးတွေလို အလွန်ကောင်းမွန်တဲ့ ကာကွယ်ဆေးဖြစ်ပါတယ်" ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ပြောရေးဆိုခွင့်ရှိသူ မာဂရက်ဟားရစ်က ဂျီနီဗာ၌ ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် သတင်းထောက်များအား ပြောကြားခဲ့သည်။

ထို့ပြင် မိမိတို့အနေဖြင့် သေဆုံးမှုဆိုင်ရာ အချက်အလက်များကို ပြန်လည်သုံးသပ်ခဲ့ရာမှာ ကာကွယ်ဆေးထိုးနှံမှုကြောင့် သေဆုံးမှု မရှိသေးကြောင်းနှင့် AstraZeneca ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ဆက်လက်အသုံးပြုသင့်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ပြောရေးဆိုခွင့်ရှိသူ မာဂရက်ဟားရစ်က ပြောကြားခဲ့သည်။

AstraZeneca ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးသည် ဘေးကင်းလုံခြုံမှုရှိကြောင်းနှင့် ဂျာမနီနိုင်ငံသည် အဆိုပါ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ဆက်လက်အသုံးပြုသွားမည်ဖြစ်ကြောင်း ဂျာမနီနိုင်ငံ၏ ပြည်သူ့ကျန်းမာရေးဆိုင်ရာ ထိပ်တန်းတာဝန်ရှိသူများက ပြောကြားခဲ့သည်။

**ကိုးကား - စီအင်န်အေ**
**ဘာသာပြန် - အလင်းသစ်**




| ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာနောက်ဆုံးအခြေအနေ | ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ | သေဆုံးသူ | ပြန်လည်ကျန်းမာလာသူ |
|---|---|---|---|
| | ၁၁၉၇၂၃၉၈၄ ဦး | ၂၆၅၃၇၉၆ ဦး | ၉၆၃၄၈၀၅၆ ဦး |

# အင်းတော်မြို့နယ် မန္တလေး-မြစ်ကြီးနားသွား မီးရထားလမ်း မိုင်တိုင်အမှတ် ၅၇၁ မိုင် ၂ ဖာလုံရှိ သဲချောင်းကုန်းတံတားအား သောင်းကျန်းသူ(စိစစ်ဆဲ)အကြမ်းဖက်အဖွဲ့က မိုင်းထောင်ဖောက်ခွဲဖျက်ဆီး

**နေပြည်တော် မတ် ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ်ရှိ မန္တလေး- မြစ်ကြီးနားသွား မီးရထားလမ်း မိုင်တိုင်အမှတ် ၅၇၁ မိုင် ၂ ဖာလုံရှိသဲချောင်းကုန်းတံတား တံတားအမှတ်(၄၀၅)အား မတ် ၁၂ ရက် ည ၁၂ နာရီခန့်တွင် သောင်းကျန်းသူ (စိစစ်ဆဲ) အကြမ်းဖက်အဖွဲ့က မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့ကြောင်း သိရှိရသည်။



မိုင်းထောင်ဖောက်ခွဲဖျက်ဆီးမှုကြောင့် မီးရထားလမ်း ဇလီဖားတုံးလေးတုံး မီးလောင်ပျက်စီးခဲ့ပြီး ရေလယ်တိုင်အုတ်ခုံ၏ ထိပ်ပိုင်း ပြိုကျပျက်စီးခဲ့ကြောင်း သိရှိရသည်။ အဆိုပါနေရာသို့ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်ရှင်းလင်းစဉ် ဆိုင်ကယ်ဘက်ထရီအိုး တစ်လုံးအား ဝိုင်ယာကြိုးဖြင့် တွဲလျက် အနက်ရောင်ဘူးအား တိပ်အဝါဖြင့် ပတ်ထားပြီး တံတားရေလယ်တိုင်နှင့် ဆက်သွယ်ထားသည်ကို စစ်ဆေးတွေ့ရှိရသည်။ အဆိုပါတံတားအား သက်ဆိုင်ရာမှ အမြန်ဆုံးပြင်ဆင်ပြီး ပုံမှန်အတိုင်း သွားလာနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ အကြမ်းဖက်အဖွဲ့သည် အများပြည်သူ ထိတ်လန့်တုန်လှုပ်စေရန်နှင့် တည်ငြိမ်အေးချမ်းမှု ပျက်ပြားစေရန် ရည်ရွယ်လုပ်ဆောင်ခြင်းဖြစ်ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ဒေသတည်ငြိမ်အေးချမ်းရေးအတွက် လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

■




## မူးယစ်ကိုပစ် ပန်းတိုင်သစ် စိတ်သစ်လူသစ် ဘဝသစ်

# မိုးမိတ်မြို့နယ်၌ ဘိန်းဖြူများ သိမ်းဆည်းရမိ

**နေပြည်တော် မတ် ၁၃**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ် ၁၂ ရက် ညနေ ၄ နာရီ မိနစ် ၅၀ တွင် မိုးမိတ်မြို့နယ် မိုးမိတ်-မိုးကုတ်သွားကားလမ်း တောင်ကိုင်းကျေးရွာအုပ်စု ညောင်ပင်စောက်ကျေးရွာအနီးတွင် လီယောဆက်(ခ) လီဝူ မောင်းနှင်လာသည့် ဆိုင်ကယ်နှင့် ဝေါ်ယောဆက်(ခ)ဝေါ်ဆီး မောင်းနှင်လာသည့် ဆိုင်ကယ်တို့အား ရပ်တန့်စစ်ဆေးရှာဖွေရာ ဝေါ်ယောဆက်(ခ)ဝေါ်ဆီး၏ ဆိုင်ကယ်ခွကြားရှိ ကျောပိုးအိတ်အတွင်းမှ ဘိန်းဖြူသုည ဒသမ ၂၂ ကီလို သိမ်းဆည်းရမိခဲ့သဖြင့် ဝေါ်ယောဆက်(ခ)ဝေါ်ဆီး၊ လီယောဆက်(ခ)လီဝူတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**



လီယောဆက်(ခ)လီဝူ၊ ဝေါ်ယောဆက်(ခ)ဝေါ်ဆီးတို့ကို သိမ်းဆည်းရမိသည့် ဘိန်းဖြူများနှင့်အတူ တွေ့ရစဉ်။

# ရွှေကူမြို့နယ်၌ ဆိုင်ကယ်တိမ်းမှောက်မှုကြောင့် အမျိုးသားတစ်ဦး သေဆုံး

**ရွှေကူ မတ် ၁၃**

ကချင်ပြည်နယ် ရွှေကူမြို့နယ်၌ မတ် ၁၁ ရက် ညပိုင်းက ဆိုင်ကယ်တစ်စီး အရှိန်လွန်မောင်းနှင်မှုကြောင့် ဆိုင်ကယ်နောက်တွင် လိုက်ပါသူ အမျိုးသားတစ်ဦး သေဆုံးမှုဖြစ်ပွားခဲ့ကြောင်း ရွှေကူမြို့မရဲစခန်းမှ သိရသည်။

ဖြစ်စဉ်မှာ မတ် ၁၁ ရက် ည ၇ နာရီ ၄၅ မိနစ်က ရွှေကူမြို့နယ် မြိုင်သာယာကျေးရွာမှ ပန်းတင်ကျေးရွာသို့ မောင်ထွေးမောင်းနှင်ပြီး နေလင်းသူ လိုက်ပါလာသည့် ဆိုင်ကယ်မှာ ပန်းတင်ကျေးရွာအနီး အရောက်တွင် အရှိန်မထိန်းနိုင်ဘဲ လမ်းညာဘက်တွင် ပုံထားသည့် ကျောက်ပုံအား ဝင်ရောက်တိုက်မိပြီး နေလင်းသူသေဆုံးခဲ့ကာ မောင်ထွေးတွင် (မစိုးရိမ်ရ)ဒဏ်ရာများရရှိခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ မောင်ထွေးအား ရွှေကူမြို့မရဲတပ်ဖွဲ့စခန်းက အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။

**မိုယံးကျ(မြစ်ကြီးနား)**

# သဃ်န်းကျွန်းမြို့နယ်၌ ရေသန့်ပစ္စည်းရောင်းဝယ်ရေးကုမ္ပဏီရုံးခန်း မီးလောင်



**ရန်ကုန် မတ် ၁၃**


ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ်၌ ယနေ့နံနက်အစောပိုင်းက မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယနေ့နံနက် ၃ နာရီ ၅၅ မိနစ်ဝန်းကျင်ခန့်က သဃ်န်းကျွန်းမြို့နယ် ၈/မြောက်ရပ်ကွက် ရွာလယ်လမ်း ပိုင်ရှင် ဒေါ်မာလာဝင်း၊ (တာဝန်ခံ)ဦးစိုင်းကျော်စွာညွန့် ရေသန့်ပစ္စည်းရောင်းဝယ်ရေးကုမ္ပဏီရုံးခန်းရှိ မီးပလပ်ခုံအပူလွန်ကဲ၍ မီးစတင်လောင်ကျွမ်းခဲ့ခြင်းဖြစ်ပြီး မီးလောင်မှုကြောင့် ရုံးခန်းအဆောက်အအုံ ပထမထပ်နှင့် အတွင်းပစ္စည်းများ မီးလောင်ဆုံးရှုံးခဲ့ရကြောင်း သိရသည်။

မီးလောင်ရာနေရာသို့ အရှေ့ပိုင်းခရိုင်မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကိုကိုကြီး၏ အနီးကပ်ကြီးကြပ်ကွပ်ကဲမှုဖြင့် သဃ်န်းကျွန်းမြို့နယ် မီးသတ်စခန်းမှ မီးငြှိမ်းသတ်ယာဉ်သုံးစီးအပါအဝင် မြို့နယ်အသီးသီးရှိ မီးသတ်စခန်းများမှ မီးငြှိမ်းသတ်ယာဉ် ၁၃ စီး၊ မီးသတ်ရေသယ်ယာဉ် နှစ်စီး၊ ကွပ်ကဲမှုယာဉ်တစ်စီးနှင့် သန္ဓေမီးသတ် တပ်ဖွဲ့ဝင် ၉၅ ဦးနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင် ၄၁ ဦးတို့ ထွက်ခွာ၍ မီးငြှိမ်းသတ်ခဲ့ကြရာ နံနက် ၄ နာရီ ၁၈ မိနစ်ခန့်တွင် မီးထိန်းနိုင်ခဲ့ပြီး နံနက် ၄ နာရီခွဲတွင် မီးငြှိမ်းသတ်နိုင်ခဲ့ကြောင်း၊ မီးလောင်မှုကို ကုမ္ပဏီလုံခြုံရေးဝန်ထမ်းက မီးသတ်ဆေးဘူးငါးဘူးဖြင့် ကနဦးမီးငြှိမ်းသတ်ခဲ့ကြောင်းလည်း သိရသည်။

မီးလောင်မှုကြောင့် တာဝန်ခံ ဦးစိုင်းကျော်စွာညွန့်အား သဃ်န်းကျွန်းမြို့မရဲစခန်းက အရေးယူဆောင်ရွက်ထားရှိကြောင်း သိရသည်။

**ပွင့်သစ္စာ**



# CDMလှုပ်ရှားမှု နောက်ကွယ်က ဆွဲငင်မှုပဋိပက္ခများ

ဖွေးစိန်

(၁)

ဖုန်းမြည်သံကြောင့် ရုံးသွားဖို့ ထမင်းချိုင့်ပြင်နေတဲ့ကျွန်မ လုပ်လက်စ အလုပ်တွေကို ခဏရပ်ကာ ဖုန်းကိုကြည့်မိတော့ အဘိုး (ကျွန်မမိခင်၏ အဖေ)ဆီမှ ဖြစ်လို့ စိတ်ပူပြီး အမြန်ကိုင်လိုက်ပါတယ်။

**မိစု။** ။ ဟဲလို ..... ဟုတ်အဘိုး။

**အဘိုး။** ။ မိစု ..... ညည်းဘာလုပ်နေတာလဲ။

**မိစု။** ။ ရုံးသွားမလို့အဘိုး။ အဲဒါ ထမင်းချိုင့်ပြင်နေတာ။

**အဘိုး။** ။ ဒီလောက်သူများတွေ CDM လုပ်နေတာ၊ ရုံးမတက်နဲ့ ရုံးထွက်လို့ ဒီလောက်ပြောနေတာ၊ လမ်းတွေပေါ်မှာလည်း ဆန္ဒပြသူတွေအများကြီးပဲ၊ ရုံးတက်တဲ့သူတွေကိုလည်း ရုံးမတက်ဖို့ လိုက်ပြီးစည်းရုံးနေတာ၊ အရှက်ခွဲ၊ ခြိမ်းခြောက်နေတာ ညည်းမကြောက်ဘူးလား။ အိမ်ပြန်ခဲ့တော့။

**မိစု။** ။ ဟာ အဘိုးကလည်း ကျွန်မတို့ရုံးက ဘာမှမဖြစ်ပါဘူး။ စိတ်မပူပါနဲ့။

**အဘိုး။** ။ ဘာပဲဖြစ်ဖြစ် ငါစိတ်မချဘူး၊ ပြန်လာခဲ့။

**မိစု။** ။ ဟာ ..... အဘိုးကလည်း ဒီမှာအဆင်ပြေပါတယ်ဆို။ ကျွန်မ ဒီအလုပ်ကို ခက်ခက်ခဲခဲနဲ့ ကြိုးစားပြီးမှ ရထားတာကို အဘိုးလည်းသိသားနဲ့။ ပြန်မလာပါဘူး။

**အဘိုး။** ။ ဟဲ့..... ဟိုက သူတို့ပြည်သူ့အစိုးရတက်ရင် နင်တို့ကို ဖြုတ်ပစ်မှာပါဆို။ နင်ဒုက္ခရောက်မှာစိုးလို့ပြောနေတာ။

**မိစု။** ။ အဘိုးကလည်း မဖြစ်နိုင်တာ။ မနက်စောစော ဘာတွေလာပြောနေမှန်းလည်း မသိဘူး။ ဒီမှာအလုပ်သွားရဦးမှာပါဆို။ ရုံးကားလာကြိုတော့မယ် အဘိုးရဲ့။

**အဘိုး။** ။ ညည်းသာအမြန်ပြန်လာခဲ့။ ငါဘာမှ ရှည်ရှည်ဝေးဝေး ပြောမနေချင်ဘူး။ သူတို့က မတရား အာဏာသိမ်းထားတာ၊ ညည်းဘာမှနားမလည်ပါဘူး မိစုရာ။

**မိစု။** ။ အဘိုးကလည်း လျှောက်ပြောမနေနဲ့၊ သတင်းစာထဲမှာ ဒီလောက်ရှင်းပြထားတာ။ တီဗွီသတင်းတွေ၊ ရေဒီယို သတင်းတွေလည်း နားထောင်ကြည့်ပါဦး..... အဘိုးရယ်။ အဘိုးတို့ထင်သလိုမဟုတ်ပါဘူး။ အခုလည်းရုံးတက်တဲ့၊ အလုပ်ဆင်းတဲ့ ကျွန်မတို့လို ဝန်ထမ်းတွေကို လုံခြုံစိတ်အေးရအောင် ဥပဒေဘောင်ထဲကနေ အမိန့်တွေ၊ ထုတ်ပြန်ချက်တွေထုတ်ပြီး ကာကွယ်ပေးထားတာပဲ အဘိုးရယ်။ နောက်ပြီး အာဏာသိမ်းတယ်ဆိုတာလည်း မဟုတ်ပါဘူး။ အခုအနိုင်ရတဲ့ ပါတီက မဲမသမာမှုတွေရှိလို့၊ နောက်ပြီး နိုင်ငံအတွက် မကောင်းတဲ့အခြားကိစ္စတွေလည်း ရှိလို့ပါတဲ့အဘိုးရယ်။

**အဘိုး။** ။ မိစု ညည်းဟာလေ တော်တော်တတ်နေတယ်ပေါ့ ဟုတ်လား။ ညည်းကို ဒီလိုပညာတတ်ဖြစ်အောင် ငါတို့သင်ပေးခဲ့တာပါဟ။ အခုမှ ငါ့စကားကို နှုတ်လှန်ထိုးနေ။ ကိုယ့်အဘိုးစကားကိုတောင် နားမထောင်တော့ဘူး၊ ညည်းက ပစ်ပယ်ချင်နေတယ်ပေါ့လေ။

**မိစု။** ။ အဘိုးစကားကို နားမထောင်တာမဟုတ်ပါဘူး အဘိုးရယ်။ အဘိုးတို့သင်ပေးခဲ့တဲ့ ဒီပညာတွေကြောင့် အမှားနဲ့ အမှန်၊ ဓမ္မနဲ့ အဓမ္မကို ကျွန်မခွဲခြားနိုင်တာပေါ့ အဘိုးရယ်။ ဒီပညာတွေနဲ့ပဲ အဘိုးတို့ကျေးဇူးကို ဆပ်ချင်လို့ ဒီအလုပ်ကို ဝင်ခဲ့တာပေါ့။ ကျွန်မလူတတ်ကြီးလုပ်နေတာ မဟုတ်ပါဘူး အဘိုးရယ်။ ကျွန်မတို့ဌာနက အကြီးအကဲတွေရော၊ ကျွန်မတို့အထက် စီနီယာအစ်မတွေ အစ်ကိုတွေရော၊ ကျွန်မသူငယ်ချင်းတွေရော အားလုံးအလုပ်တက်ကြတယ် အဘိုးရဲ့။ ကျွန်မတို့ လုပ်ငန်းတွေက ပုံမှန်လည်ပတ်နေတယ်။ တချို့တွေ CDM လုပ်ကြပေမယ့် မပြောပလောက်တဲ့ ပမာဏမို့ ကျွန်မကို အိမ်ပြန်လာဖို့ မပြောပါနဲ့နော်။ ကျွန်မဒီအလုပ်ကို ချစ်တယ်။ ဘာ ပယောဂကြောင့်နဲ့မှ ဒီအလုပ်ကို မစွန့်လွှတ်နိုင်ပါဘူး အဘိုးရယ်။ အခုတော့ ရုံးသွားရတော့မှာမို့ ဒါပဲနော် အဘိုး။ ကျွန်မအတွက် စိတ်မပူပါနဲ့။ အဘိုးသာ ကျန်းမာရေးကို ဂရုစိုက်ပါနော်။ ။

(၂)

တူ ..... တူ ..... ဖုန်းဝင်သံကို နားစွင့်ရင်း ကျွန်မစိတ်လောနေမိသည်။ စိတ်လောသည်ဆိုသည်ထက် စိုးရိမ်သည်က ပိုသည်။ ကျွန်မတို့ရုံးက ဝန်ထမ်းအချို့ CDM လုပ်သွားကြပြီ။ ကျွန်မကိုလည်း CDM လုပ်ဖို့ အတင်းခေါ်နေကြပြီ။ အိမ်ကိုတော့ ပြောပြမှဖြစ်တော့မည်။ ကျွန်မတို့အိမ်ရဲ့စည်းကမ်းက မှားမှား၊ မှန်မှန် ဘယ်လိုကိစ္စမဆို ပွင့်ပွင့်လင်းလင်း ဆွေးနွေးကြခြင်းပင်။ အခုကိစ္စက ကျွန်မစိတ်ထဲလည်း ဇဝေဇဝါဖြစ်နေမိသည်။ ကိုယ်လည်း သိပ်နားမလည်သော နိုင်ငံရေးကိစ္စမို့ ပိုပြီးဆုံးဖြတ်ရခက်နေမိသည်။ ဒါကြောင့် အိမ်ကို ဖုန်းခေါ်နေခြင်း ဖြစ်ပါသည်။

**အဖေ။** ။ ဟဲလို ..... သမီးလေးပြော။

အဖေ့အသံကို ကြားရသည်။ စိတ်ထဲမှာ ဘယ်ကနေ ဘယ်လို စပြောရမှန်းမသိ။

**ခင်ချော။** ။ ဟုတ် အဖေ၊ သမီးပါ။ ဟိုလေ ..... သမီးတို့ရုံးကလေ အခုဖြစ်နေတဲ့နိုင်ငံရေးအခြေအနေကို မကျေနပ်လို့ CDM လုပ်ကြမလို့တဲ့၊ အဲဒါသမီးကိုလည်း .....။

**အဖေ။** ။ ဩော် ဟုတ်လား သမီး။ အဖေတို့လည်း သတင်းတွေ ကြားရ၊ သိရပါတယ်။ သမီးအခုလို လှမ်းတိုင်ပင်လို့ အဖေကျေးဇူးတင်တယ်၊ ဝမ်းလည်းသာပါတယ် သမီးရယ်။ အဖေလည်း အငြိမ်းစားဝန်ထမ်းတစ်ဦးဆိုတာ သမီးလည်းသိသားပဲ။ ဒီလိုကိစ္စတွေ အဖေတို့တုန်းကလည်း ကြုံဖူးတာပဲ။ အဖေတို့တုန်းက ဒီထက်ပိုဆိုးတာပေါ့ သမီးရယ်။ ၈၈ အရေးအခင်းမှာတုန်းကဆိုရင် ဆန္ဒပြပွဲတွေလိုက်ခိုင်း၊ မလိုက်ရင် သတ်၊ ဟိုအရင် အချင်းချင်းကြားက မကျေနပ်ချက်တွေ ပြန်ဖော်ပြီး ရန်ရှာပြီးသတ်လိုသတ်။ အင်မတန်ကြောက်စရာကောင်းတယ်သမီး။ အခု သမီးတို့ကြုံရတာကတော့ သမီးတို့အတွက် အသစ်အဆန်းကြီးပေါ့။ ဒါပေမယ့် သမီး ကိုယ့်အလုပ်ကိုသာ လုပ်ပါ။ အချိန်တန်ရင် သူ့လမ်းသူ သွားကြမှာပါ။ အခုချိန်မှာ မတည်ငြိမ်မှုတွေရှိကောင်း ရှိနိုင်တယ်။ ဒါပေမယ့် အဖေတစ်ခုပြောမယ် သမီး။ ၈၈ အရေးအခင်းတုန်းက ဖေဖေတို့ ရုံးဝန်ထမ်းတွေ တော်တော်များများ ဆန္ဒပြတဲ့အထဲမှာပါသွားကြပေမယ့် အဖေကတော့ မပါခဲ့ဘူး သမီး။ ဒါကြောင့်လည်း အခုလို ပင်စင်ရတဲ့အထိ သမီးတို့ကို အေးအေးချမ်းချမ်း ပညာသင်နိုင်အောင်၊ အလုပ်လုပ်နိုင်အောင် စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးအတွက် အဖေဆောင်ရွက်ပေးနိုင်ခဲ့တာပေါ့ သမီးရယ်။ အဖေပြော တာယုံပါ။

**ခင်ချော။** ။ ဒါပေမယ့် အဖေရယ် သူတို့က သူတို့အစိုးရတက်လာရင် အခုအလုပ်လုပ်နေတဲ့ ဝန်ထမ်းတွေကို ဖြုတ်ပစ်မှာတဲ့။ အဲဒါဆို သမီးက အလုပ်ပြုတ်မှာပေါ့ အဖေရဲ့။

**အဖေ။** ။ ဟား ဟား ဟား ငါ့သမီးရယ် ပူစရာရှားလို့။ သမီး နိုင်ငံ့ဝန်ထမ်းကျင့်ဝတ်တွေ၊ ဥပဒေတွေ၊ နည်းဥပဒေစာအုပ်တွေကို ဖတ်ဖူးတယ်မို့လား။ ဝန်ထမ်းတစ်ယောက်ရဲ့ ရသင့်ရထိုက်တဲ့ အခွင့်အရေးတွေပါသလို လိုက်နာရမယ့် စည်းကမ်း၊ ကျင့်ဝတ်တွေလည်းပါတယ် သမီးရဲ့။ နောက်ပြီး အဲဒီစည်းကမ်းကျင့်ဝတ်တွေကို မလိုက်နာရင် ခံရမယ့်ပြစ်ဒဏ်တွေပါသလို လိုက်နာရင်ခံစားရမယ့် အကျိုးကျေးဇူးတွေလည်း ဖော်ပြထားတယ်မို့လား သမီးရဲ့။ ဒါကြောင့် အဲဒီစာအုပ်တွေကို ဝန်ထမ်းတွေ သိရှိလိုက်နာနိုင်ဖို့ ထုတ်ဝေပေးထားတာပေါ့ သမီးရဲ့။ နိုင်ငံရေးဆိုတာ အဖေတို့ သမီးတို့ ထင်ထားတာထက် ပိုနက်နဲပါတယ် သမီး။ ဒါကြောင့် ဝန်ထမ်းဆိုတာ ပါတီနိုင်ငံရေးကင်းရှင်းရမယ်လို့ အသေအချာ ပြဋ္ဌာန်းထားတာပေါ့ သမီးရယ်။ အခုသမီးပြောသလို သူတို့ပါတီ၊ သူတို့အစိုးရမတက်ရင် အလုပ်မလုပ်ကြနဲ့ဆိုတော့ အဲဒီလိုသာ နောက်ပါတီ၊ အစိုးရက ငါတို့လည်း ငါတို့အစိုးရ၊ ငါတို့ပါတီ မတက်ရင် အလုပ်မလုပ်ဘူးဆိုပါစို့၊ အဖေတို့နိုင်ငံ ဘာဖြစ်သွားမလဲ။ အခုတောင် ဖွံ့ဖြိုးဆဲနိုင်ငံအဆင့်ကမတက်တာ ဒီလိုတွေသာလုပ်နေမယ်ဆိုရင် ဟိုးအောက်ဆုံးရောက်သွားမှာပေါ့ သမီးရဲ့။ တကယ်တော့ ဒီမိုကရေစီဆိုတာ လွတ်လပ်စွာသဘောကွဲလွဲခွင့်ပေးတာ၊ ကိုယ်နှစ်သက်တာကို မည်သူတစ်ဦးတစ်ယောက်ကိုမှ မထိခိုက်စေဘဲ လုပ်ကိုင်ခွင့်ရှိတာ၊ အများစုရဲ့ဆန္ဒကို လိုက်နာပြီး အနည်းစုရဲ့ဆန္ဒကိုလည်း အလေးထားတာ၊ ကိုယ့်တာဝန်ကို ကျေပွန်ပြီး အများအကျိုးကို ရှေးရှုတာပဲကွဲ့။ ငါ့အတွက်၊ ငါ့ပါတီအတွက်၊ ငါ့အစိုးရအတွက် မဟုတ်ဘူးနော်။ ဒီလိုတွေသာနည်းလမ်းကျရင် ဒီအခြေအနေထိအောင် ဖြစ်လာမှာမဟုတ်ဘူး။

နောက်တစ်ခုပြောမယ်။ ကိုယ့်အလုပ်ကို စိတ်ဖြောင့်ဖြောင့်နဲ့သာလုပ်။ သူတို့ပြောသလို သူတို့အစိုးရတက်လာလို့ ငါ့သမီးတို့ကို အလုပ်ဖြုတ်ရင် အဖေကိုယ်တိုင် ငါ့သမီးကို တစ်သက်လုံး လုပ်ကျွေးမယ်။ ဘာမှစိတ်ပူမနေနဲ့ ဟုတ်ပြီလား။

**ခင်ချော။** ။ ဟုတ်ကဲ့ပါ အဖေ။ ဒါဆို သမီးရုံးဆက်တက်တော့မယ်နော်။ ကျေးဇူးပါအဖေ။ ။

**အခုသမီးပြောသလို သူတို့ပါတီ၊ သူတို့အစိုးရမတက်ရင် အလုပ်မလုပ်ကြနဲ့ဆိုတော့ အဲဒီလိုသာ နောက်ပါတီ၊ အစိုးရက ငါတို့လည်း ငါတို့အစိုးရ၊ ငါတို့ပါတီမတက်ရင် အလုပ်မလုပ်ဘူးဆိုပါစို့၊ အဖေတို့နိုင်ငံ ဘာဖြစ်သွားမလဲ။ အခုတောင် ဖွံ့ဖြိုးဆဲနိုင်ငံအဆင့်ကမတက်တာ ဒီလိုတွေသာလုပ်နေမယ်ဆိုရင် ဟိုးအောက်ဆုံးရောက်သွားမှာပေါ့ သမီးရဲ့။ တကယ်တော့ ဒီမိုကရေစီဆိုတာ လွတ်လပ်စွာသဘောကွဲလွဲခွင့်ပေးတာ၊ ကိုယ်နှစ်သက်တာကို မည်သူတစ်ဦးတစ်ယောက်ကိုမှ မထိခိုက်စေဘဲ လုပ်ကိုင်ခွင့်ရှိတာ၊ အများစုရဲ့ဆန္ဒကို လိုက်နာပြီး အနည်းစုရဲ့ဆန္ဒကိုလည်း အလေးထားတာ . . .**

(၃)

အခုလို ဆောင်းအကုန်နွေအကူး နွေဦးပေါက်ကာလက အတော်ပျင်းစရာကောင်းပါသည်။ ကိုဗစ်-၁၉ ကြောင့် ကျောင်းတွေပိတ်ထားရတာ အခုဆို နွေကျောင်းပိတ်ရာသီ တစ်ပတ်လည်ခဲ့ပါပြီ။ တပည့်တွေကိုလည်း လွမ်းလှပါပြီ။ ဒီတစ်နွေပြီးရင် ကျောင်းပြန်ဖွင့်ဖို့အရေးတွေးရင်း လက်ထဲက စိတ်ပုတီးကို ဘုရားစင်ပေါ် ပြန်ထားလိုက်ပါသည်။ ပုတီးစိတ်အပြီး စိတ်ထဲရောက်လာတဲ့အတွေးကို ဆက်တွေးနေခိုက် .... ဖုန်းမြည်သံကြား၍ ဖုန်းကို ကောက်ကိုင်လိုက်တော့ ငယ်သူငယ်ချင်း ကိုခိုင်ဖြစ်နေကြောင်း သိလိုက်ရသည်။

**မိမိ။** ။ ဟဲလို ကိုခိုင်ပြော။

**ကိုခိုင်။** ။ ဆရာမကြီး ဘာတွေလုပ်နေတုန်းဗျ။

**မိမိ။** ။ ဒီလိုပါပဲ ကျောင်းတွေပိတ်ထားတော့ အိမ်ကစီးပွားရေး ကူလုပ်ပေးနေရတာပေါ့ဟာ။ ဒါနဲ့ နင်က အခုဘယ်မှာ တာဝန်ကျနေတာလဲ။

**ကိုခိုင်။** ။ အခု ငါတို့ မြို့ကိုပြန်ရောက်နေပြီ။ CDM လုပ်နေတာလေ။ နင်ရော CDM မပါဘူးလား။ ငါတို့သူငယ်ချင်း တော်တော်များများပါတယ်။ အဲဒါနင့်ကိုလည်း ပါစေချင်လို့ဟ။ ဒီမတရားမှုကြီးကို မကျေနပ်ဘူးဟာ။ လက်နက်နဲ့အနိုင်ကျင့်တာဟ။

**မိမိ။** ။ ဟင် ဟုတ်လို့လားဟာ။ ငါကြားတာတော့ အဲဒီလို မဟုတ်ပါဘူး။ နင်တို့နော် ပညာတတ်တွေဖြစ်ပြီး လျှောက်မလုပ်ကြနဲ့။ တော်ကြာ ပဲလှော်ကြားဆားညပ်ဖြစ်နေမယ်။ ကိုယ့်အလုပ်ကို ကောင်းကောင်းမွန်မွန်လုပ်ကြပါဟာ။ ငါဆို ကျောင်းတွေပိတ်ထားလို့ ငါ့တပည့်တွေကို သတိရနေတာ။ စာတွေပြန်သင်ပေးချင်လှပါပြီဟာ။ နောက်ပြီး နိုင်ငံရေးလည်း သေသေချာချာ နားမလည်ပါဘူး။ နင်တို့ပြောတဲ့ CDM ဆိုပိုဆိုးသေး။

ကျောင်းတွေပိတ်ထားတာ ငါတို့က ဘယ်သူ့သွား အာဏာဖီဆန်ရမှာလဲ။ မလုပ်ချင်ပါဘူး။ နောက်ပြီး ငါ့လုပ်သက်တွေကို နှမြောတယ်ဟ။ ငါကတော့ ပင်စင်ရတဲ့အထိ အေးအေးဆေးဆေး ကိုယ့်အလုပ်လေးကိုလုပ်ချင်တယ်။

စာမျက်နှာ ၁၆ သို့ ○

# သူတို့ကို မထောက်ခံလို့ဆိုပြီး ရပ်ကွက်ထဲမှာလည်း နိုင်ထက်စီးနင်းလုပ်ချင်နေကြတာကို မခံနိုင်လွန်းလို့ပါဗျာ

**ထီဆိုင်ပိုင်ရှင် ကိုစိုး(အမည်လွှဲ)**

**CDM လှုပ်ရှားမှုနှင့်ပတ်သက်၍ ပြည်သူများ၏ အမြင်အမျိုးမျိုးရှိကြသည်။ သို့သော် မှန်ကန်သော လမ်းကြောင်းပေါ်မှ ဘဝကို မယိမ်းမယိုင်တည်ငြိမ်စွာဖြင့် ဖြတ်သန်းရင်း အေးချမ်းစွာ နေထိုင်ကြသည့် ပြည်သူများ၏ စကားသံများကို ဖော်ပြလိုက်ရပါသည်။**

"ရှုံးတက်၊ ရှုံးဆင်းရတာလည်း အရင်လိုမဟုတ်တော့ဘူး။ ကျီးလန့်စာစားနေရတယ် အစ်မရယ်။ ရှုံးယူနီဖောင်းကို အမြဲမချွတ်တမ်းဝတ်တတ်တဲ့ ကျွန်မတောင် ခုနောက်ပိုင်းမဝတ်ဖြစ်တော့ဘူး။ ယူနီဖောင်းဝတ်ထားသူကိုတွေ့ရင် အပြစ်ပြောချင်နေကြတဲ့ မျက်စိတွေကိုလည်း ကြောက်နေရတယ်လေ။

ဘယ်သူမှားတယ် ဘယ်သူမှန်တယ်ဆိုတာ နောက်မှအချိန်က အဆုံးအဖြတ်ပေးမှာ မှန်ပေမယ့် လောလောဆယ် ရေများရေနိုင် မီးများမီးနိုင်ဆိုသလို ကိုယ်ပဲအရင်ခံရမှာမို့ ကြည့်နေကြည့်စားနေရတယ် အစ်မရေ။ ရှုံးပေါက်ဝရောက်ရင်လည်း ခိုးကြောင်ခိုးဝှက်နဲ့ ပတ်ဝန်းကျင်ကိုကြည့်ပြီးမှ လူရှင်းမှ ဝင်ရတယ်လေ။ မဟုတ်ရင် ရှုံးတက်နေတာ မရှက်ဘူးလားဆိုတဲ့ လူအုပ်ကြီးနဲ့တိုးရင် ရှင်းမရဘူး။

ရှုံးဆင်းရင်လည်း ရှုံးတံခါးရဲရဲမဖွင့်ရဲဘူး။ ရှေ့နောက် ဘေးဘီကိုကြည့်ပြီးမှ ဖွင့်ရတယ်။ အခုမှ ဘာလုပ်လုပ် နောက်ကျောမလုံဘဲ တစ်သက်လုံး တက်လာတဲ့ကိုယ့်ရှုံးကို မျက်နှာငယ်ငယ်နဲ့ တက်နေရတဲ့ဘဝ ရောက်နေပါတယ်။ ရှုံးတက်၊ ရှုံးဆင်းတိုင်းလည်း လမ်းမှာဘယ်သူတွေများ ရန်ရှာမလဲ တထိတ်ထိတ်နဲ့ပေါ့ရှင်။ ဘုရားစာတွေကို တတ်သလောက် မှတ်သလောက် ရွတ်ဖတ်ရတာပေါ့ အစ်မရေ" ဟု အငယ်တန်းစာရေး တာဝန်ထမ်းဆောင်နေသူ မသန်းသန်း(အမည်လွှဲ)က ပြောသည်။

"CDMလုပ်တဲ့ဝန်ထမ်းဌာနတစ်ခုမှာ ကျွန်တော့်အမျိုးသမီးမပါလို့ဆိုပြီး ရပ်ကွက်ထဲမှာ အိမ်နီးချင်းတွေက အမျိုးမျိုးစောင်းလိုက် မြောင်းလိုက်နဲ့ ရန်စနေတာကို နေ့တိုင်းခံရတယ်ဗျာ။ ဘာမှလည်း မဆိုင်ဘူး။ သူတို့ကြိုက်တာ သူတို့လုပ်ပေါ့ဗျာ။ ဘယ်လိုဖြစ်ပြီးမလုပ်တဲ့သူတွေကို လာလာရန်လုပ်နေတယ်မသိပါဘူးဗျာ။ တစ်နေ့ကလည်း မြို့ထဲက ဈေးဆိုင်တိုင်းလိုလို CDMမလုပ်သူများ ဈေးမရောင်းပါ ဆိုတဲ့ ဆိုင်းဘုတ်ကပ်ထားလို့ ကျွန်တော် CDM မလုပ်ပါဘူး ဈေးရောင်းမှာလားခင်ဗျာဆိုတော့ ဆိုင်ပိုင်ရှင်က ဟာ ရောင်းတယ်ရောင်းတယ် စာကကျွန်တော်တို့ကပ်ထားတာမဟုတ်ပါဘူးဗျာ။ CDMအဖွဲ့တွေ လာကပ်ထားတာပါ။ အများနဲ့တစ်ယောက်မို့ ဘာမှပြန်မပြောချင်လို့ ဒီတိုင်းထားလိုက်တာ။ မဟုတ်ရင် တခြားဆိုင်က ဘာမှမပြောဘူး၊ ခင်ဗျားဆိုင်က ဘာသဘောလဲဆိုပြီး လူအုပ်နဲ့အကျပ်ကိုင်ကြပြန်ဦးမယ်။ ခင်ဗျားတွေးကြည့်ပေါ့ဗျာ။ ကျွန်တော်တို့က တစ်နေ့လုပ်မှတစ်နေ့စားရတာပါ၊ များများရောင်းရလေလေ၊ ပိုကြိုက်လေပေါ့။ CDMလုပ်သူရော၊ မလုပ်သူရောအရင်လိုပဲ ရောင်းပါတယ်တဲ့ အစ်မရေ။ သူမရောင်းဘူးဆိုလည်း ကျွန်တော်ကမဝယ်ပါဘူး။ တစ်ဆိုင်မရောင်း တစ်ဆိုင်ရောင်းမှာပေါ့ဗျာ။ မရောင်းတဲ့အဆုံး ကြက်ဥနဲ့နှစ်ပါးသွားရုံပေါ့။ ကြက်ဥကတော့ နေရာတကာ ရောင်းတယ်လေ။ မိန်းမက ဝန်ထမ်းမို့လို့ CDM ထဲမပါလို့ လင်မယားနှစ်ယောက်လုံးကို ရပ်ကွက်ထဲမှာ ကြဉ်ထားကြတာတော့ အခိပ္ပာယ်မဲ့လွန်းပါတယ်ဗျာ။ ကျွန်တော်က ဘယ်ပါတီမှ အားမပေးပါဘူး။ အေးအေးဆေးဆေးပဲ နေတတ်တာပါ။ ခုတော့ ကိုဗစ်ကြောင့်လုပ်ငန်းကိုင်ငန်း မကောင်းရတဲ့အထဲ ခုလိုအရေးအခင်းက ဖြစ်နေပြန်တော့ လုပ်ငန်းကိုင်ငန်းတွေ အရင်လိုမကောင်းတော့ဘူး။ ထီရောင်းနေရတဲ့အလုပ်ကလည်း ရုတ်ရုတ်ရုတ်ရုတ်နဲ့ ထိုးမဲ့သူကမရှိလို့ လက်ထဲပုံနေတယ်။ စားဝတ်နေရေးအဆင်မပြေတော့ လင်မယားချင်းလည်း ခုရက် စကားကောင်းကောင်းမပြောချင်ပါဘူး။ စိတ်ခံတက်ကျနေပါတယ်ဆိုကာမှ ဒီ CDM သမားတွေက တစ်မျိုး။ သူတို့ကို မထောက်ခံလို့ဆိုပြီး ရပ်ကွက်ထဲမှာလည်း နိုင်ထက်စီးနင်းလုပ်ချင်နေကြတာကို မခံနိုင်လွန်းလို့ ပါဗျာ"ဟု ထီဆိုင်ပိုင်ရှင် ကိုစိုး(အမည်လွှဲ)က ဆိုသည်။

အသက်(၆)နှစ်မျှ မပြည့်တတ်သေးသည့် ချစ်စရာကောင်းသော တူမလေးယွန်းယွန်းက ကျူရှင်ကအပြန် ခေါက်ဆွဲအတူစားရင်း "သမီးဖေဖေနဲ့ မေမေက မတည့်ဘူး။ ဘယ်တည့်မလဲ၊ ဖေဖေက CDM ပဲလုပ်နေတာ မေမေကမကြိုက်ဘူး။ ဖေဖေနဲ့ မေမေက အကြိုက်ချင်းမတူလို့ ခဏခဏစကားများတယ်။ သမီးမှတ်မိသလောက်တော့ ဖေဖေက မေမေမကြိုက်တဲ့ CDM လုပ်လို့ စကားများကြတာ"ဟု ဆိုသည်။ မိဘနှစ်ပါး မသင့်မြတ်ရခြင်းမှာ CDM ကြောင့်ဟု စားလက်စခေါက်ဆွဲကိုရပ်ပြီး ပြောသည်။ CDM ၏ ဂယက်သည် ဘာမှမသိနားမလည်တတ်သေးသော ကလေးသူငယ်များအထိ ရိုက်ခတ်နေပြီဖြစ်သည်။

"ဘယ်သူတွေ ဘယ်ပါတီကို ထောက်ခံ ထောက်ခံ ကျွန်မနဲ့မဆိုင်ပါဘူး၊ ကျွန်မလည်း နိုင်ငံရေးကို နားမလည်ပါဘူး။ ကိုယ့်ဝန်ထမ်းအလုပ်လေးကို တာဝန်ကျေအောင် နှစ်ပေါင်းများစွာ ထမ်းဆောင်ခဲ့သူပါ။ ကျွန်မသည်းမခံနိုင်တာကတော့ ညညကျ သံပုံးတီးသံ၊ သံချောင်းခေါက်သံတွေကိုပါ။ နှလုံးရောဂါအခံရှိတဲ့ ကျွန်မနဲ့အတူ ရပ်ကွက်ထဲက ကျန်းမာရေးမကောင်းတဲ့သူတွေ၊ သက်ကြီးရွယ်အိုတွေအတွက် အရမ်းပဲစိတ်အနှောင့်အယှက်ဖြစ်ရတယ်။ တစ်ရက်တလေဆိုလည်း ကြိတ်မှိတ်သည်းခံလို့ရပေမယ့် အခုကရက်ရှည်တီးနေကြတော့ ညမိုးချုပ်မှာကိုတောင် ကြောက်နေတယ်ရှင်" ဟု ပြည်သူတစ်ဦးဖြစ်သည့် မထွန်းမေက ပြောသည်။

"ဘဏ်တွေကလည်း ဖွင့်တဲ့ဘဏ်တွေဖွင့်၊ မဖွင့်တဲ့ဘဏ်ကမဖွင့်မို့ ဖွင့်နေတဲ့ဘဏ်တွေကို ခတ်ပုံရိုက်ပြီး လိုင်းပေါ်တင်ပြီး အရှက်ခွဲနေတဲ့ CDM တချို့ရဲ့ စိတ်ဓာတ်တွေကို တကယ်ပဲအံ့သြမိတယ်ရှင်။

မဆီမဆိုင်အလုပ်လုပ်နေတဲ့ ဝန်ထမ်းတွေကိုလည်း သူတို့ရဲ့မိသားစုတွေ နေရပ်လိပ်စာတွေပါ လိုင်းပေါ်တင်ပြီး ထင်ရာစိုင်းနေတာတွေ သက်ဆိုင်ရာက ကောင်းကောင်းအရေးယူဖို့ ကောင်းနေပြီ။ သူတို့ပြောနေတဲ့ အာဏာရှင်မုန်းတီးရေးဝါဒကတော့ တခြားသူတွေကိုတော့ မသိဘူး၊ ကျွန်မအတွက်ကတော့ ၈၈ အရေးခင်းထဲက ခုချိန်ထိ ဘာအမှားမှ မကျူးလွန်ထားတဲ့အတွက် ဘာပြစ်ဒဏ်မှလည်း မခံခဲ့ရဘူး။ ဒါကြောင့် လူတစ်ယောက်နဲ့တစ်ယောက် ခံယူချက်ချင်း အယူအဆချင်းမတူတာလည်း မပြောနဲ့လေ။ ဖြတ်သန်းခဲ့ရတဲ့ ဘဝချင်းလည်း မတူနိုင်သလို ကြီးပြင်းလာရတဲ့ ပတ်ဝန်းကျင်ချင်းလည်း မတူနိုင်ဘူးလို့ ကျွန်မထင်တယ်။ ဒါကြောင့် သူ့အကြိုက် ကိုယ့်အကြိုက် ဘယ်တော့မှလည်း တူနိုင်မယ်မထင်ဘူး အစ်မရေ။ လူတိုင်း လွတ်လွတ်လပ်လပ် သဘောထားကွဲခွင့်ရှိသလို ရွေးချယ်ခွင့်လည်း အပြည့်အဝရှိတယ်။

ဘယ်အစိုးရတက်တက် ဘယ်သူတွေပဲ အာဏာရရ ကျွန်မကတော့ အငြိမ်းစားမယူမချင်း ကျွန်မအလုပ်ကို ကျွန်မဆက်လုပ်နေရဦးမှာပါပဲ"ဟု ဌာနတစ်ခုမှ အကြီးတန်းစာရေးဖြစ်သူ မလဲ့လဲ့ခင်(အမည်လွှဲ)က ရင်ဖွင့်သည်။

"ကျွန်တော်လည်း အစကနိုင်ငံရေးကို စိတ်မဝင်စားပါဘူး။ အမေတစ်ခုသားတစ်ခုဘဝနဲ့ ရှုံးအကူနေ့စားအလုပ်လေးရလာတာ ၃ နှစ်ရှိပါပြီ။

အရေးအခင်းဖြစ်တော့ ကျွန်တော့်သူငယ်ချင်းတွေ အဆွယ်ကောင်းမှုကြောင့် CDM ထဲ ပါလာရတယ်။ ကျွန်တော့်အထင် CDM ဆိုတာ ရက်တိုလှုပ်ရှားမှုပဲ ထင်ခဲ့တာပါ၊ အသက်ကလည်း ၂၅ နှစ်ဆိုတော့လည်း နိုင်ငံရေးအတွေ့အကြုံလည်း မရှိပါဘူး။ သူငယ်ချင်းတွေနဲ့ မြို့အနှံ့ဆန္ဒပြရတာ၊ ဂစ်တာတီးပြီး ထိုင်သပိတ်လုပ်ရတာ အစကတော့ ပျော်စရာကောင်းသလိုလိုပါပဲ။ တဖြည်းဖြည်း ရက်တွေ ကြာလာတော့ အဆုံးမသတ်နိုင်သေးတဲ့ CDM ကြောင့် စိတ်ဓာတ်တွေ ကျလာမိတယ်။ ထိုင်နေတုန်းအကောင်း၊ ထသွားမှအကျိုးမှန်းသိဆိုသလို အရင်က ကျွန်တော့်လစာလေးနဲ့ တည်တည်ငြိမ်ငြိမ်ရှိနေကာမှ ခုလို CDM ထဲ ပါမိတာနဲ့ ပစ်ရမှာလည်း အဆီတဝင်းဝင်း စားရမှာလည်း သဲတရှပ်ရှပ်နဲ့ဆိုသလိုပါပဲ။ အရင်လို ပုံမှန်ရှုံးပြန်တက်ဖို့ အထက်လူကြီးတွေက ခေါ်နေတယ်။ ကျွန်တော်ကိုယ်တိုင်ကလည်း အရင်လိုအေးအေးချမ်းချမ်းနေချင်ပေမယ့် အပေါင်းအသင်းတွေကိုငဲ့ပြီး ကျွန်တော် CDM ထဲပဲ နှစ်မြုပ်နေရတယ်။

CDM က မက်လုံးအမျိုးမျိုးပေးခဲ့တာကြောင့် တကယ်ပဲ မျှော်လင့်ချက်ထားခဲ့ဖူးပါတယ်။ အရေးအခင်းရက်ရှည်လာတော့ CDM ကို လူတွေက သိပ်အယုံအကြည်မရှိကြတော့ဘူး။ မျှော်လင့်သလိုမှ ဖြစ်မလာတော့တာမို့ ရှေ့တိုးရခက် နောက်ဆုတ်ရခက်ဖြစ်နေပါတယ်။ သေသေချာချာ တွေးကြည့်မှ မသေချာမရေရာတဲ့ CDM ကိုရွေးချယ်ပြီး လျှောက်လှမ်းခဲ့မိတဲ့အတွက် နောင်တစိတ် မဟုတ်တောင် ဝမ်းနည်းစိတ်ကတော့ရှိနေတာ အမှန်ပါ။ အလုပ်တစ်ခုရဖို့ မလွယ်ဘူးနော်သား၊ စဉ်းစားချင့်ချိန်ပြီးမှ ဆုံးဖြတ်စေချင်တယ်လို့ အမေဖြစ်သူက တွေ့တိုင်းဆုံးမတတ်ပေမယ့် ခုချိန်မှာ ကျွန်တော်လည်း ဘာဆက်လုပ်လို့ လုပ်ရမှန်း မဝေခွဲတတ်တော့ပါဘူးဗျာ"ဟု ရှုံးအကူနေ့စားလေးမောင်မောင်(အမည်လွှဲ)က ပြောသည်။

**တွေ့ဆုံမေးမြန်း(မရွှေထား)**

○ စာမျက်နှာ ၁၅ မှ

**ကိုခိုင်။** ။ အေး နင်တို့လို တစ်ဖက်ပိတ် ဦးနှောက်မရှိတဲ့ အခွင့်အရေးသမားတွေကြောင့် အခုလို ဖြစ်နေတာ။ ကိုယ့်အဖို့ပဲကိုယ်ကြည့်တတ်တဲ့ သူတွေ၊ ပြည်သူတွေဘက်ကရပ်တည်ရမှန်း နားမလည်တဲ့သူတွေကြောင့် ခက်တယ်။

သူ့ရဲ့ တရားလက်လွတ်အပြောတွေကြောင့် ကျွန်မတော်တော်ဒေါသထွက်သွားသော်လည်း စိတ်ကိုထိန်းကာ

**မိမိ။** ။ အေးပါ နင်ပြောသလိုပဲ ထားပါတော့ အခုနင်အဲဒီလိုလုပ်တော့ရော ပြည်သူတွေအတွက် ကောင်းကျိုးချမ်းသာ ဖြစ်သွားရောတဲ့လား။ နင်ပြောသလို ငါက စာမသင်ဘဲ CDM လုပ်တယ်ပဲထားပါ။ အဲဒီတော့ စာမတတ်မှာ နင်တို့မကြိုက်တဲ့အစိုးရလား၊ ငါတို့ပြည်သူလား စဉ်းစားပါဦးဟာ။ အဓိပ္ပာယ်မရှိတဲ့ ခံယူချက်တွေကြောင့် ကိုယ်တတ်တဲ့ပညာတွေ မဆုံးရှုံးပါစေနဲ့၊ ပြည်သူတွေအကျိုးမယုတ်ပါစေနဲ့လို့ ငါပြောချင်တယ်။ မှန်မှန်ကန်ကန်တွေးပြီး မှန်မှန်ကန်ကန်ဆုံးဖြတ်ပါသူငယ်ချင်းရယ်။ အခုလည်း နင်ကြိုက်တာ နင်လုပ်ပါ၊ ငါလည်း ငါသဘောကျတာ ငါလုပ်မယ် အေးဆေးပေါ့။

သူလည်း စကားဆက်မဆိုတော့ဘဲ ဖုန်းချသွားခဲ့သည်။ ဘုရားရှိခိုး၊ ပုတီးစိတ်ထားသည့် ကျွန်မ၏အေးချမ်းမှုများလည်း သူ့ကြောင့် ပျက်စီးသွားခဲ့ရသည်။ CDM လှုပ်ရှားမှုကြောင့် မိသားစုအချင်းချင်း၊ ညီအစ်ကိုမောင်နှမအချင်းချင်း၊ သူငယ်ချင်းမိတ်ဆွေအချင်းချင်း စိတ်ဝမ်းကွဲခဲ့ကြသည်။ အမုန်းတရားတွေ ပွားခဲ့ကြသည်။ ရန်သူကြီးသဖွယ် ဖြစ်ခဲ့ကြသည်။ ဤသို့ ပဋိပက္ခများကို အမှား၊ အမှန် ခွဲခြားနိုင်ကြပါစေ။ သတ္တဝါတွေ ကျန်းမာချမ်းသာကြပါစေဟုသာ။ ။

ကြေးမုံ **အယ်ဒီတာ့ထံ ပေးစာ**

## ကောလာဟလ သတင်းမှားတွေ အွန်လိုင်းပေါ်မှ ဖယ်ရှားပေးပါ

**အယ်ဒီတာရှင့်**

ကျွန်မကတော့ နေပြည်တော်မှာ တာဝန်ထမ်းဆောင်နေတဲ့ CDM လှုပ်ရှားမှုမှာ မပါဝင်တဲ့ ဝန်ထမ်းတစ်ဦး ဖြစ်ပါတယ်။ CDM လှုပ်ရှားမှုတွေ စတင်တဲ့အချိန်ကစပြီး ဒီနေ့အချိန်အထိ နယ်မှာရှိတဲ့ ကျွန်မမိသားစုတွေက အိမ်ကိုပြန်လာဖို့ နေ့တိုင်းလိုလို ဖုန်းဆက်ခေါ်နေပါတယ်ရှင့်။ ဒီကအခြေအနေတွေကို သေချာရှင်းပြပေမယ့်လည်း သူတို့ဆီမှာ နေ့စဉ်မြင်နေရတဲ့ ဆန္ဒပြပွဲတွေ၊ အွန်လိုင်းပေါ်မှာ အလွယ်တကူတွေ့နေရတဲ့ ကောလာဟလသတင်းနဲ့ မမှန်ကန်တဲ့သတင်းတွေကြောင့် အခုလို စိုးရိမ်နေတာဖြစ်ပါတယ်။ ကျွန်မလို ဖြစ်ရပ်မျိုးကြုံနေရသူ သူငယ်ချင်းများလည်း များစွာရှိနေသောကြောင့် အချိန်ကြာလာပါက စိတ်ဖိစီးမှုတွေများလာနိုင်ပါတယ်။ ဒါကြောင့် စိုးရိမ်မှုများခံစားနေရတဲ့ မိသားစုတွေနဲ့ အေးချမ်းစွာအလုပ်လုပ်လိုတဲ့ ဝန်ထမ်းတွေအတွက် လက်ရှိဖြစ်ပေါ်နေတဲ့ ဆန္ဒပြဆူပူမှုတွေကို အမြန်ဆုံး အဆုံးသတ်ဖြေရှင်းအရေးယူပေးနိုင်ဖို့နဲ့ အွန်လိုင်းပေါ်တွင် ကောလာဟလသတင်းမှားတွေ ဝါဒဖြန့်နေမှုတွေကို အမြန်ဆုံးဖယ်ရှား အရေးယူပေးနိုင်ဖို့ အယ်ဒီတာကတစ်ဆင့် တင်ပြလိုက်ရပါတယ်။

**တာဝန်သိဝန်ထမ်းတစ်ဦး**

## အယ်ဒီတာ့ထံ ပေးစာကဏ္ဍသို့ ပေးစာများ ပေးပို့နိုင်

ကြေးမုံသတင်းစာ ဖတ်ရှုသူပြည်သူများအနေဖြင့် မိမိတို့ပတ်ဝန်းကျင်၌ ဖြစ်ပျက်နေသော အကြောင်းအရာများကို သတင်းစာဖတ်ပြည်သူများနှင့် သက်ဆိုင်ရာ အဖွဲ့အစည်းများ သိရှိစေရန် အပြုသဘောဖြင့် ရေးသားထားသော ပေးစာများကို ကြေးမုံသတင်းစာ အယ်ဒီတာ့ထံပေးစာကဏ္ဍသို့ လိပ်မူ၍ ပေးပို့နိုင်ပါသည်။

ယင်းကဲ့သို့ ပေးစာများပေးပို့ရာတွင် အမည်၊ ဆက်သွယ်ရမည့် လိပ်စာနှင့် ဖုန်းနံပါတ်တို့ကို ထည့်သွင်းရေးသားရမည်ဖြစ်ပြီး ပေးပို့သည့် ပေးစာအတွက် တာဝန်ယူသည်ဟု ပါရှိရမည်ဖြစ်ပါကြောင်း သတင်းစာဖတ် ပြည်သူများအား အသိပေးဖိတ်ခေါ်လိုက်ပါသည်။

**စာတည်းအဖွဲ့**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက်

၂၀၂၁ ခုနှစ်၊ မတ်လ ၁၃ ရက်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၏ မဲဆန္ဒရှင်စာရင်းများနှင့် ဆန္ဒမဲလက်မှတ်ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန်မြေပြင်အခြေအနေများကို စစ်ဆေးခဲ့သည်။

၂။ စစ်ဆေးတွေ့ရှိချက်များအရ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်တွင် ယခင်ရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ကြေညာခဲ့သည့် မဲဆန္ဒရှင်စာရင်းမှာ ၂၈၈၅၂၂ ဦး ဖြစ်ပြီး အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၏ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလစာရင်းအရ အသက် ၁၈ နှစ် ပြည့်ပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများမှာ ၁၅၀၄၀၇ ဦး ဖြစ်သည်။ မဲဆန္ဒရှင်စာရင်းများတွင် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူ၊ လက်မှတ်မရှိသူများမှာ ၂၇၃၈၆ ဦး၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် တစ်ခုတည်းဖြင့် မဲစာရင်းတွင် ၃ ကြိမ်နှင့်အထက် ပါဝင်နေသူများမှာ ၇၉၀ ဦး၊ ၂ ကြိမ် ပါဝင်နေသူများမှာ ၁၇၄၈၂ ဦးဖြစ်သည်။

၃။ မဲဆန္ဒရှင်စာရင်းများနှင့်စပ်လျဉ်း၍ စစ်ဆေးတွေ့ရှိချက်မှာ အောက်ပါအတိုင်းဖြစ်သည်-

**မင်္ဂလာဒုံမြို့နယ်၏ မဲဆန္ဒရှင်စာရင်း စိစစ်တွေ့ရှိမှု**

| စဉ် | မြို့နယ်နှင့် မဲရုံအရေအတွက် | မြို့နယ် ကော်မရှင် စာရင်း | လဝက စာရင်း | နိုင်ငံသား စိစစ်ရေးကတ် မရှိဘဲ မဲစာရင်းတွင် ပါဝင်နေသူများ | နိုင်ငံသား စိစစ်ရေးကတ် တစ်ခုတည်းဖြင့် မဲစာရင်း ၃ကြိမ် နှင့် အထက် ပါဝင်နေသူများ | နိုင်ငံသား စိစစ်ရေးကတ် တစ်ခုတည်းဖြင့် မဲစာရင်း ၂ကြိမ် ပါဝင်နေသူများ |
|---|---|---|---|---|---|---|
| ၁ | ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် မဲရုံပေါင်း ၁၃၆ ရုံ | ၂၈၈၅၂၂ | ၁၅၀၄၀၇ | ၂၇၃၈၆ | ၇၉၀ | ၁၇၄၈၂ |

၄။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၃ အရ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၏ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲတွင်အသုံးပြုခဲ့သည့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူရရှိမှု၊ သုံးစွဲထားမှုနှင့် လက်ကျန်အခြေအနေများကို သက်ဆိုင်ရာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးဌာနဦးစီးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးတို့နှင့်အတူ မြေပြင်ဖွင့်ဖောက်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ပါသည်။

၅။ မင်္ဂလာဒုံမြို့နယ်တွင် မဲရုံပေါင်း ၁၃၆ ရုံရှိပြီး စုစုပေါင်း ထုတ်ယူရရှိ ဆန္ဒမဲလက်မှတ် အရေအတွက် ၂၉၄၀၀၈ အနက် ၂၈၄၅၄၃ အား ရပ်/ကျေးမဲလက်မှတ်၊ ၃၀၀၇ အား မြို့နယ်ကြိုတင်မဲလက်မှတ်နှင့် ၆၄၅၈ အား မြို့နယ်လက်ကျန် (အရန်) မဲလက်မှတ်များအဖြစ် ဖြန့်ခွဲထုတ်ပေး အသုံးပြုထိန်းသိမ်းထားရှိကြောင်း တွေ့ရပါသည်။

**မင်္ဂလာဒုံမြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးတွေ့ရှိချက်**

| စဉ် | အကြောင်းအရာ | ထုတ်ယူ ရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | လို | ပို |
| ၁ | ရပ်/ကျေး မဲလက်မှတ် | ၂၈၄၅၄၃ | ၁၅၉၆၄၉ | ၁၂၄၈၉၄ | ၁၀၇၆၃၃ | ၂၁၅၂၂ | ၄၂၆၁ |
| ၂ | မြို့နယ်ကြိုတင်မဲလက်မှတ် | ၃၀၀၇ | ၃၀၀၇ | | | - | - |
| ၃ | မြို့နယ်လက်ကျန် မဲလက်မှတ် | ၆၄၅၈ | - | ၆၄၅၈ | ၆၄၅၈ | - | - |
| | **စုစုပေါင်း** | **၂၉၄၀၀၈** | **၁၆၂၆၅၆** | **၁၃၁၃၅၂** | **၁၁၄၀၉၁** | **၂၁၅၂၂** | **၄၂၆၁** |

၆။ မြေပြင်စစ်ဆေးတွေ့ရှိချက်အရ မင်္ဂလာဒုံမြို့နယ် ပြည်သူ့လွှတ်တော် ရပ်/ကျေး မဲလက်မှတ်များ ထုတ်ယူရရှိမှုမှာ ၂၈၄၅၄၃ ဖြစ်ပြီး ၁၅၉၆၄၉ အသုံးပြုခဲ့သဖြင့် မဲလက်မှတ် ၁၂၄၈၉၄ ကျန်ရှိရမည်ဖြစ်သော်လည်း မြေပြင်တွင် ၁၀၇၆၃၃ သာ ကျန်ရှိနေသဖြင့် မဲလက်မှတ်အရေအတွက် ၁၇၂၆၁ ကို ရပ်/ကျေးများမှ ပြန်လည်အပ်နှံနိုင်ခြင်းမရှိဘဲ အကြောင်းမဲ့ လျော့နည်းပျောက်ဆုံးနေကြောင်း တွေ့ရှိရပါသည်။

၇။ ထုတ်ယူရရှိသည့် မြို့နယ်ကြိုတင်မဲလက်မှတ်အရေအတွက် ၃၀၀၇ အား ဆန္ဒမဲပေးအသုံးပြုထားခဲ့ကြောင်းတွေ့ရပြီး မြို့နယ်လက်ကျန်မဲလက်မှတ် ၆၄၅၈ မှာလည်း သုံးစွဲမှုမရှိသဖြင့် မြေပြင်လက်ကျန်စာရင်း ကွာဟမှုမရှိကြောင်း တွေ့ရှိရပါသည်။

၈။ မင်္ဂလာဒုံမြို့နယ် တစ်ခုလုံးတွင် ပြည်သူ့လွှတ်တော် ဆန္ဒမဲလက်မှတ်ထုတ်ယူရရှိမှု အရေအတွက်မှာ ၂၉၄၀၀၈ ဖြစ်ပြီး ၁၆၂၆၅၆ အသုံးပြုခဲ့ကြောင်း တွေ့ရှိရသဖြင့် မဲလက်မှတ် ၁၁၄၀၉၁ မှာ အသုံးမပြုဘဲ ကျန်ရှိနေသည့် မဲလက်မှတ်များအဖြစ် မြေပြင်တွင် ကျန်ရှိနေကြောင်း တွေ့ရှိရပါသည်။

၉။ မင်္ဂလာဒုံမြို့နယ် မဲရုံတစ်ခုချင်းစီအလိုက် ပြည်သူ့လွှတ်တော် ဆန္ဒမဲလက်မှတ် ရရှိ၊ သုံးစွဲ၊ လက်ကျန် မြေပြင်စစ်ဆေးတွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | ရပ်/ကျေးအမည် | မဲရုံ အမှတ် | ထုတ်ပေး | မြေပြင်စစ်ဆေးတွေ့ရှိ | | | လို | ပို |
|---|---|---|---|---|---|---|---|---|
| | | | | သုံးစွဲ | လက်ကျန် | ပေါင်း | | |
| ၁ | ထောက်ကြန့် မြောက်ပိုင်းရပ်ကွက် | ၁ | ၂၅၀၀ | ၁၅၃၇ | ၅၁၃ | ၂၀၅၀ | ၄၅၀ | |
| | | ၂ | ၂၆၅၀ | ၁၄၈၇ | ၅၆၃ | ၂၀၅၀ | ၆၀၀ | |
| | | ၃ | ၂၆၀၀ | ၁၂၃၀ | ၅၂၁ | ၁၇၅၁ | ၈၄၉ | |
| ၂ | တိလောကရပ်ကွက် | ၁ | ၂၂၀၀ | ၁၆၃၆ | ၆၂၀ | ၂၂၅၆ | | ၅၆ |
| ၃ | ရဲစုတောင်ရပ်ကွက် | ၁ | ၂၀၀၀ | ၁၃၄၅ | ၆၅၆ | ၂၀၀၁ | | ၁ |
| | | ၂ | ၂၅၀၀ | ၁၅၅၁ | ၈၀၅ | ၂၃၅၆ | ၁၄၄ | |
| | | ၃ | ၂၀၅၀ | ၁၁၆၂ | ၇၃၈ | ၁၉၀၀ | ၁၅၀ | |
| ၄ | ထောက်ကြန့် ဘောလုံးကွင်းရပ်ကွက် | ၁ | ၁၄၀၀ | ၇၆၃ | ၄၃၇ | ၁၂၀၀ | ၂၀၀ | |
| ၅ | ပ-စံပြရပ်ကွက် | ၁ | ၅၀၀ | ၃၈၈ | ၁၁၂ | ၅၀၀ | | |
| ၆ | ထောက်ကြန့် လမ်းဆုံပိုင်းရပ်ကွက် | ၁ | ၅၅၀ | ၄၉၄ | ၆၀ | ၅၅၄ | | ၄ |
| ၇ | ထောက်ကြန့် ဈေးပိုင်းရပ်ကွက် | ၁ | ၈၀၀ | ၆၁၄ | ၁၈၆ | ၈၀၀ | | |
| ၈ | ပဲခူးလမ်းရပ်ကွက် | ၁ | ၁၀၅၀ | ၈၁၀ | ၂၄၂ | ၁၀၅၂ | | ၂ |
| ၉ | ကေရာဇ်ရပ်ကွက် | ၁ | ၁၈၀၀ | ၁၄၀၇ | ၄၄၁ | ၁၈၄၈ | | ၄၈ |
| ၁၀ | ရွာမပိုင်းရပ်ကွက် | ၁ | ၂၄၅၀ | ၁၆၂၀ | ၆၈၀ | ၂၃၀၀ | ၁၅၀ | |
| | | ၂ | ၂၁၅၀ | ၁၄၄၁ | ၈၀၉ | ၂၂၅၀ | | ၁၀၀ |
| ၁၁ | ဒု-စံပြရပ်ကွက် | ၁ | ၁၇၅၀ | ၁၃၆၅ | ၃၃၅ | ၁၇၀၀ | ၅၀ | |
| ၁၂ | ထောက်ကြန့် တိုးချဲ့ရပ်ကွက် | ၁ | ၃၀၅၀ | ၁၆၄၃ | ၈၀၉ | ၂၄၅၂ | ၅၉၈ | |
| | | ၂ | ၂၄၀၀ | ၂၀၀၀ | ၁၀၄၁ | ၃၀၄၁ | | ၆၄၁ |
| | | ၃ | ၂၇၅၀ | ၁၇၈၂ | ၈၈၄ | ၂၆၆၆ | ၈၄ | |
| ၁၃ | ထောက်ကြန့် တောင်ပိုင်းရပ်ကွက် | ၁ | ၃၀၅၀ | ၁၉၇၅ | ၁၀၇၅ | ၃၀၅၀ | | |
| ၁၄ | တောတိုက်ရပ်ကွက် | ၁ | ၁၈၀၀ | ၁၇၁၉ | ၈၁ | ၁၈၀၀ | | |
| | | ၂ | ၁၇၅၀ | ၁၀၂၁ | ၄၂၉ | ၁၄၅၀ | ၃၀၀ | |
| ၁၅ | ပြန်လည်နေရာ ချထားရေးရပ်ကွက် | ၁ | ၂၅၀၀ | ၁၃၇၁ | ၆၆၉ | ၂၀၄၀ | ၄၆၀ | |
| | | ၂ | ၁၈၀၀ | ၁၁၅၃ | ၆၄၆ | ၁၇၉၉ | ၁ | |
| | | ၃ | ၂၄၀၀ | ၁၃၈၂ | ၈၂၄ | ၂၂၀၆ | ၁၉၄ | |
| | | ၄ | ၂၅၀၀ | ၁၄၁၅ | ၁၀၈၃ | ၂၄၉၈ | ၂ | |
| | | ၅ | ၉၅၀ | ၇၂၅ | ၁၅၃ | ၈၇၈ | ၇၂ | |
| | | ၆ | ၁၆၀၀ | ၁၁၅၈ | ၄၄၇ | ၁၆၀၅ | | ၅ |
| | | ၇ | ၁၃၀၀ | ၉၂၇ | ၅၂၅ | ၁၄၅၂ | | ၁၅၂ |
| | | ၈ | ၁၃၅၀ | ၈၆၁ | ၃၉၁ | ၁၂၅၂ | ၉၈ | |
| | | ၉ | ၂၀၅၀ | ၁၂၂၂ | ၆၀၀ | ၁၈၂၂ | ၂၂၈ | |
| | | ၁၀ | ၂၅၅၀ | ၁၃၅၃ | ၈၅၈ | ၂၂၁၁ | ၃၃၉ | |
| | | ၁၁ | ၁၇၅၀ | ၁၁၃၅ | ၄၇၁ | ၁၆၀၆ | ၁၄၄ | |
| | | ၁၂ | ၁၅၅၀ | ၅၃၁ | ၈၆၉ | ၁၄၀၀ | ၁၅၀ | |
| ၁၆ | ပြည်တော်သာရပ်ကွက် | ၁ | ၂၀၀၀ | ၉၇၇ | ၅၇ | ၁၀၃၄ | ၉၆၆ | |
| | | ၂ | ၁၆၀၀ | ၉၉၀ | ၆၁၃ | ၁၆၀၃ | | ၃ |
| | | ၃ | ၂၇၅၀ | ၉၉၉ | ၁၅၀၅ | ၂၅၀၄ | ၂၄၆ | |
| ၁၇ | ပေါက်ကုန်းရပ်ကွက် | ၁ | ၂၁၀၀ | ၁၃၀၈ | ၇၉၀ | ၂၀၉၈ | ၂ | |
| | | ၂ | ၁၅၅၀ | ၁၀၁၉ | ၄၈၁ | ၁၅၀၀ | ၅၀ | |
| | | ၃ | ၂၇၀၀ | ၁၇၄၆ | ၉၅၅ | ၂၇၀၁ | | ၁ |
| | | ၄ | ၁၃၅၀ | ၉၅၀ | ၄၀၀ | ၁၃၅၀ | | |
| | | ၅ | ၁၃၀၀ | ၈၃၀ | ၄၆၈ | ၁၂၉၈ | ၂ | |
| | | ၆ | ၃၁၀၀ | ၁၇၀၅ | ၁၁၄၅ | ၂၈၅၀ | ၂၅၀ | |
| | | ၇ | ၁၆၀၀ | ၁၁၈၈ | ၄၁၅ | ၁၆၀၃ | | ၃ |
| | | ၈ | ၁၇၀၀ | ၁၁၆၇ | ၅၈၃ | ၁၇၅၀ | | ၅၀ |
| | | ၉ | ၂၀၀၀ | ၁၀၆၂ | ၈၉၀ | ၁၉၅၂ | ၄၈ | |
| | | ၁၀ | ၁၆၅၀ | ၁၀၄၂ | ၆၀၆ | ၁၆၄၈ | ၂ | |
| | | ၁၁ | ၂၅၀၀ | ၁၄၆၁ | ၁၀၃၇ | ၂၄၉၈ | ၂ | |
| | | ၁၂ | ၁၉၀၀ | ၆၆၈ | ၇၁၀ | ၁၃၇၈ | ၅၂၂ | |
| ၁၈ | စမ်းကြီးဝရပ်ကွက် | ၁ | ၁၈၅၀ | ၁၀၄၄ | ၈ | ၁၀၅၂ | ၇၉၈ | |
| | | ၂ | ၂၆၅၀ | ၁၁၇၄ | ၁၀၇၈ | ၂၂၅၂ | ၃၉၈ | |
| | | ၃ | ၂၃၅၀ | ၉၉၆ | ၉၀၄ | ၁၉၀၀ | ၄၅၀ | |
| | | ၄ | ၁၅၀၀ | ၈၂၉ | ၄၇၃ | ၁၃၀၂ | ၁၉၈ | |
| | | ၅ | ၁၃၀၀ | ၆၉၉ | ၃၉၉ | ၁၀၉၈ | ၂၀၂ | |

စာမျက်နှာ ၁၈ သို့ ☆

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**
(က) စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး
(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး
(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး"မူ"ကို ဆက်လက်လိုက်နာ ကျင့်သုံးရေး

၂။ **စီးပွားရေး**
(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
(ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**
(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

☆ စာမျက်နှာ ၁၇ မှ

| စဉ် | ရပ်/ကျေးအမည် | မဲရုံအမှတ် | ထုတ်ပေး | မြေပြင်စစ်ဆေးတွေ့ရှိ | | | လို | ပို |
|---|---|---|---|---|---|---|---|---|
| | | | | သုံးစွဲ | လက်ကျန် | ပေါင်း | | |
| ၁၉ | တပ်မတော်စံပြရပ်ကွက် | ၁ | ၅၀၀ | ၄၀၈ | ၉၄ | ၅၀၂ | | ၂ |
| ၂၀ | နွယ်ခွေကျေးရွာအုပ်စု | ၁ | ၂၁၅၀ | ၁၁၈၆ | ၅၁၄ | ၁၇၀၀ | ၄၅၀ | |
| | | ၂ | ၃၁၄၃ | ၁၆၅၂ | ၁၁၄၈ | ၂၈၀၀ | ၃၄၃ | |
| | | ၃ | ၂၆၅၀ | ၁၆၀၆ | ၁၀၉၀ | ၂၆၉၆ | | ၄၆ |
| | | ၄ | ၂၄၅၀ | ၁၆၉၃ | ၈၀၇ | ၂၅၀၀ | | ၅၀ |
| | | ၅ | ၂၉၅၀ | ၁၆၀၁ | ၄၀၃ | ၂၀၀၄ | ၉၄၆ | |
| ၂၁ | ပျဉ်းမပင်ကျေးရွာအုပ်စု | ၁ | ၂၀၀၀ | ၁၄၀၀ | ၆၄၅ | ၂၀၄၅ | | ၄၅ |
| | | ၂ | ၂၀၅၀ | ၁၃၈၁ | ၆၁၉ | ၂၀၀၀ | ၅၀ | |
| | | ၃ | ၂၄၅၀ | ၁၂၁၄ | ၃၆ | ၁၂၅၀ | ၁၂၀၀ | |
| | | ၄ | ၁၉၀၀ | ၁၀၆၂ | ၄၈၈ | ၁၅၅၀ | ၃၅၀ | |
| | | ၅ | ၂၄၀၀ | ၁၇၄၃ | ၆၅၆ | ၂၃၉၉ | ၁ | |
| | | ၆ | ၁၆၅၀ | ၈၉၂ | ၃၆၀ | ၁၂၅၂ | ၃၉၈ | |
| | | ၇ | ၃၀၀၀ | ၁၃၀၇ | ၁၅၉၃ | ၂၉၀၀ | ၁၀၀ | |
| | | ၈ | ၃၉၀၀ | ၁၃၄၉ | ၂၅၅၄ | ၃၉၀၃ | | ၃ |
| ၂၂ | အမှတ်(၂)(က)ရပ်ကွက် | ၁ | ၂၃၅၀ | ၁၃၅၀ | ၁၀၀၀ | ၂၃၅၀ | | |
| | | ၂ | ၂၉၅၀ | ၁၇၂၈ | ၁၁၉၂ | ၂၉၂၀ | ၃၀ | |
| ၂၃ | အနန်းပင်ရပ်ကွက် | ၁ | ၁၇၀၀ | ၁၁၁၆ | ၅၈၅ | ၁၇၀၁ | | ၁ |
| | | ၂ | ၁၁၀၀ | ၇၅၈ | ၁၉၂ | ၉၅၀ | ၁၅၀ | |
| | | ၃ | ၁၉၀၀ | ၁၉၀၉ | ၃၉၁ | ၂၃၀၀ | | ၄၀၀ |
| | | ၄ | ၂၂၅၀ | ၁၇၅၆ | ၄၉၁ | ၂၂၄၇ | ၃ | |
| ၂၄ | ကြံခင်းစုရပ်ကွက် | ၁ | ၁၈၀၀ | ၁၃၇၀ | ၄၃၁ | ၁၈၀၁ | | ၁ |
| | | ၂ | ၁၄၅၀ | ၁၁၃၈ | ၃၁၅ | ၁၄၅၃ | | ၃ |
| | | ၃ | ၂၄၀၀ | ၁၃၁၂ | ၉၁၁ | ၂၂၂၃ | ၁၇၇ | |
| | | ၄ | ၁၉၅၀ | ၁၃၇၅ | ၅၈၀ | ၁၉၅၅ | | ၅ |
| ၂၅ | ချစ်တီးကုန်းရပ်ကွက် | ၁ | ၁၂၀၀ | ၈၄၇ | ၄၆၃ | ၁၃၁၀ | | ၁၁၀ |
| | | ၂ | ၂၀၅၀ | ၁၂၆၀ | ၇၅၀ | ၂၀၁၀ | ၄၀ | |
| | | ၃ | ၃၀၀၀ | ၁၅၄၇ | ၁၆၆၁ | ၃၂၀၈ | | ၂၀၈ |
| | | ၄ | ၂၁၅၀ | ၁၂၉၇ | ၁၀၅၅ | ၂၃၅၂ | | ၂၀၂ |
| ၂၆ | အမှတ်(၃)(က)ရပ်ကွက် | ၁ | ၁၂၅၀ | ၈၉၃ | ၄၀၇ | ၁၃၀၀ | | ၅၀ |
| ၂၇ | အမှတ်(၃)(ခ)ရပ်ကွက် | ၁ | ၁၆၀၀ | ၁၁၄၅ | ၄၅၇ | ၁၆၀၂ | | ၂ |
| | | ၂ | ၂၀၀၀ | ၁၅၁၀ | ၄၉၀ | ၂၀၀၀ | | |
| ၂၈ | အမှတ်(၂)(ခ)ရပ်ကွက် | ၁ | ၂၃၀၀ | ၁၅၇၁ | ၇၃၅ | ၂၃၀၆ | | ၆ |
| ၂၉ | မင်္ဂလာဒုံဈေးရပ်ကွက် | ၁ | ၁၉၅၀ | ၁၀၀၀ | ၆၀၀ | ၁၆၀၀ | ၃၅၀ | |
| | | ၂ | ၁၄၀၀ | ၁၃၆၀ | ၄၀ | ၁၄၀၀ | | |
| | | ၃ | ၈၀၀ | ၇၅၆ | ၄၄ | ၈၀၀ | | |
| | | ၄ | ၁၃၅၀ | ၁၂၅၈ | ၉၂ | ၁၃၅၀ | | |
| | | ၅ | ၁၇၅၀ | ၁၅၆၁ | ၁၉၁ | ၁၇၅၂ | | ၂ |
| | | ၆ | ၁၄၅၀ | ၁၂၈၇ | ၆၅ | ၁၃၅၂ | ၉၈ | |
| | | ၇ | ၁၃၅၀ | ၁၂၉၂ | ၅၈ | ၁၃၅၀ | | |
| | | ၈ | ၉၅၀ | ၇၈၈ | ၁၄၅ | ၉၃၃ | ၁၇ | |
| | | ၉ | ၁၄၅၀ | ၉၆၂ | ၈၈ | ၁၀၅၀ | ၄၀၀ | |
| | | ၁၀ | ၂၂၅၀ | ၁၅၇၄ | ၇၇ | ၁၆၅၁ | ၅၉၉ | |
| ၃၀ | သဃ်န်းကျွန်းကြီး ကျေးရွာအုပ်စု | ၁ | ၂၈၅၀ | ၁၄၈၃ | ၁၈၁၇ | ၃၃၀၀ | | ၄၅၀ |
| | | ၂ | ၂၄၀၀ | ၁၁၆၅ | ၁၂၈၃ | ၂၄၄၈ | | ၄၈ |
| | | ၃ | ၁၉၅၀ | ၈၇၅ | ၁၀၂၅ | ၁၉၀၀ | ၅၀ | |
| | | ၄ | ၂၁၅၀ | ၁၀၂၆ | ၁၂၇၄ | ၂၃၀၀ | | ၁၅၀ |
| | | ၅ | ၁၇၀၀ | ၉၃၁ | ၉၆၉ | ၁၉၀၀ | | ၂၀၀ |
| | | ၆ | ၃၇၀၀ | ၁၁၈၃ | ၂၅၁၇ | ၃၇၀၀ | | |
| | | ၇ | ၃၁၀၀ | ၉၀၆ | ၂၃၄၄ | ၃၂၅၀ | | ၁၅၀ |
| | | ၈ | ၃၂၀၀ | ၁၃၆၄ | ၂၀၃၆ | ၃၄၀၀ | | ၂၀၀ |
| | | ၉ | ၁၃၀၀ | ၈၂၄ | ၅၇၆ | ၁၄၀၀ | | ၁၀၀ |
| | | ၁၀ | ၁၈၀၀ | ၃၁၇ | ၁၇၈၃ | ၂၁၀၀ | | ၃၀၀ |
| | | ၁၁ | ၂၅၀၀ | ၁၄၇၃ | ၁၀၂၉ | ၂၅၀၂ | | ၂ |
| | | ၁၂ | ၃၂၅၀ | ၁၁၆၀ | ၂၄၀ | ၁၄၀၀ | ၁၈၅၀ | |
| | | ၁၃ | ၂၃၅၀ | ၂၄၉ | ၂၂၀၁ | ၂၄၅၀ | | ၁၀၀ |
| | | ၁၄ | ၁၈၀၀ | ၂၁၂ | ၁၆၃၈ | ၁၈၅၀ | | ၅၀ |
| | | ၁၅ | ၈၅၀ | ၅၅၀ | ၅၀၆ | ၁၀၅၆ | | ၂၀၆ |
| ၃၁ | ရွှေနံ့သာ ကျေးရွာအုပ်စု | ၁ | ၂၃၀၀ | ၁၁၄၆ | ၁၁၅၄ | ၂၃၀၀ | | |
| | | ၂ | ၂၉၀၀ | ၁၇၄၀ | ၉၆၀ | ၂၇၀၀ | ၂၀၀ | |
| | | ၃ | ၂၉၀၀ | ၁၄၉၃ | ၁၀၅၇ | ၂၅၅၀ | ၃၅၀ | |
| | | ၄ | ၂၆၀၀ | ၁၆၂၈ | ၉၇၅ | ၂၆၀၃ | | ၃ |
| | | ၅ | ၂၄၅၀ | ၁၃၃၂ | ၁၁၁၈ | ၂၄၅၀ | | |
| | | ၆ | ၂၉၅၀ | ၁၄၇၉ | ၁၂၂၅ | ၂၇၀၄ | ၂၄၆ | |
| | | ၇ | ၂၅၀၀ | ၁၁၉၆ | ၁၀၅၄ | ၂၂၅၀ | ၂၅၀ | |
| | | ၈ | ၁၉၀၀ | ၆၈၂ | ၉၁၈ | ၁၆၀၀ | ၃၀၀ | |
| | | ၉ | ၁၇၅၀ | ၇၀၂ | ၉၄၈ | ၁၆၅၀ | ၁၀၀ | |
| | | ၁၀ | ၂၉၅၀ | ၁၃၀၃ | ၁၆၄၇ | ၂၉၅၀ | | |
| | | ၁၁ | ၂၉၀၀ | ၁၃၀၁ | ၉၀၅ | ၂၂၀၆ | ၆၉၄ | |
| | | ၁၂ | ၁၀၀၀ | ၅၉၅ | ၃၀၅ | ၉၀၀ | ၁၀၀ | |
| | | ၁၃ | ၁၈၅၀ | ၁၀၀၉ | ၅၄၇ | ၁၅၅၆ | ၂၉၄ | |
| | | ၁၄ | ၁၈၀၀ | ၇၇၄ | ၉၇၈ | ၁၇၅၂ | ၄၈ | |
| ၃၂ | ကုန်းတလပေါင် ကျေးရွာအုပ်စု | ၁ | ၂၉၀၀ | ၁၂၃၃ | ၁၇၁၇ | ၂၉၅၀ | | ၅၀ |
| | | ၂ | ၂၈၀၀ | ၁၀၇၂ | ၁၆၇၀ | ၂၇၄၂ | ၅၈ | |
| | | ၃ | ၂၈၅၀ | ၁၁၆၈ | ၁၇၃၂ | ၂၉၀၀ | | ၅၀ |
| | | ၄ | ၂၈၀၀ | ၉၈၁ | ၁၆၆၉ | ၂၆၅၀ | ၁၅၀ | |
| | | ၅ | ၂၅၅၀ | ၇၇၉ | ၃၂၃ | ၁၁၀၂ | ၁၄၄၈ | |
| | | ၆ | ၂၃၀၀ | ၈၁၀ | ၁၄၉၀ | ၂၃၀၀ | | |
| | | ၇ | ၃၀၀၀ | ၁၀၆၃ | ၁၈၈၇ | ၂၉၅၀ | ၅၀ | |
| | | ၈ | ၂၉၀၀ | ၁၂၄၉ | ၁၆၅၁ | ၂၉၀၀ | | |
| | | ၉ | ၂၇၀၀ | ၁၂၀၂ | ၁၄၀၈ | ၂၆၁၀ | ၉၀ | |
| | | ၁၀ | ၁၄၀၀ | ၆၆၃ | ၆၉၅ | ၁၃၅၈ | ၄၂ | |
| | | ၁၁ | ၁၉၀၀ | ၁၀၄၀ | ၇၅၉ | ၁၇၉၉ | ၁၀၁ | |
| | စုစုပေါင်း | | ၂၈၄၅၄၃ | ၁၅၉၆၄၉ | ၁၀၇၆၃၃ | ၂၆၇၂၈၂ | ၂၁၅၂၂ | ၄၂၆၁ |

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# ငွေကြေးစီးဆင်းမှုလည်ပတ်မှ ပြည်သူများ အဆင်ပြေမည်

## ဦးလေးခိုင်

ကျွန်တော်က အငြိမ်းစားဝန်ထမ်းတစ်ယောက်ဖြစ်ပါသည်။ ရသည့် လုပ်သက် စုငွေလေးကို မြန်မာ့စီးပွားရေးဘဏ်တွင် မစုဆောင်းဘဲ ဝန်ဆောင်မှုပိုမိုကောင်းမွန်သည့် ပုဂ္ဂလိကဘဏ်တစ်ခုတွင် စုဆောင်းထားပါသည်။

ကျွန်တော်၏ မိတ်ဆွေတစ်ဦးမှာ အသေးစားစီးပွားရေးလုပ်ငန်းလေးတစ်ခုလုပ်ကိုင်၍ ရရှိလာသည့်ဝင်ငွေများကို ပုဂ္ဂလိကဘဏ်တစ်ခုတွင် အပ်နှံစုဆောင်းထားပြီး အရင်းအနှီးအသုံးစရိတ်လိုလျှင် ပြန်ထုတ်လိုက်၊ ရသည့်ဝင်ငွေများလာလျှင် ပြန်စုလိုက်နှင့် စီးပွားရေးအဆင်ပြေနေသည်ကို မြင်တွေ့ရသဖြင့် ဝမ်းသာပီတိဖြစ်မိပါသည်။ ကျွန်းကိုင်းမှီ၊ ကိုင်းကျွန်းမှီ အပြန်အလှန် အမှီသဟဲပြုနေသည့် ငွေကြေးစီးဆင်းလည်ပတ်နေသည့် ပုဂ္ဂလိကဘဏ်များနှင့် ပြည်သူများ အဆင်ပြေနေကြသဖြင့် ဝမ်းမြောက်ဝမ်းသာဖြစ်မိပါသည်။

သို့သော် အဆိုပါဝမ်းမြောက်မှုများမှာ ယခုအခါ ရပ်ဆိုင်းသွားခဲ့ရပါသည်။ တဖြည်းဖြည်းနှင့် ငွေကြေးအဆင်မပြေဖြစ်လာသောကြောင့် စိတ်မကောင်းဝမ်းနည်းဖြစ်မိပါသည်။ ကျွန်တော်သည် ရသည့်ပင်စင်လစာလေးနှင့် ဝန်ထမ်းတစ်ဦးဖြစ်သူ သမီးလေး၏ ထောက်ပံ့မှုဖြင့် မြိုးမြိုးမြက်မြက် ရပ်တည်နေသူဖြစ်ပါသည်။ ယခုအခါ CDM လှုပ်ရှားမှုတွင် သမီးလေးက နားယောင်ပါဝင်လိုက်ပါသွားသဖြင့် ဘဝရပ်တည်ရေးအတွက် ကျွန်တော့်မှာ အတော့်ကို အခက်အခဲဖြစ်လျက်ရှိပါသည်။ စုဆောင်းငွေလေးကိုထုတ်ယူ၍ သုံးစွဲလိုသော်လည်း ပုဂ္ဂလိကဘဏ်များမဖွင့်သဖြင့် တစ်နေ့ရနိုး မျှော်ကိုးနေရပါသည်။ ကျွန်တော်၏ မိတ်ဆွေမှာလည်း ငွေကြေးလည်ပတ်မှုမရှိတော့သဖြင့် လုပ်ငန်းရပ်ဆိုင်းထားရပါသည်။

ဤသည်မှာ ကျွန်တော်နှင့် ပတ်သက်သည့် အခက်အခဲမျှသာဖြစ်ပါသည်။ ကျွန်တော်တို့ကဲ့သို့ ကျွန်တော်တို့ထက် ပိုမိုအခက်အခဲဖြစ်ကြသော ပြည်သူများ အမြောက်အမြားရှိနိုင်ပါသည်။ တိုင်းပြည်တွင် ငွေကြေးစီးဆင်းလည်ပတ်မှုအားကောင်းမှ ဘဏ်လုပ်ငန်းများ ဖွံ့ဖြိုးလာပြီး တိုင်းပြည်စီးပွားရေး၊ နိုင်ငံဖွံ့ဖြိုးရေးတိုးတက်လာမည်၊ ပြည်သူများအတွင်း ငွေကြေးစီးဆင်းမှု မှန်ကန်ကောင်းမွန်လာပြီး ပြည်သူတို့၏ လူမှုစီးပွားတိုးတက်လာမည်ဖြစ်သည်။ မြန်မာနိုင်ငံသည် ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်ပြီး ခေတ်မီတိုးတက်သည့် ဘဏ်လုပ်ငန်းစနစ် အားကောင်းရန် အစပြုနေဆဲဖြစ်သည်။

ဘဏ်ဆိုသည်မှာ ယုံကြည်မှုဖြင့် အလုပ်လုပ်နေခြင်းဖြစ်သည်။ ဘဏ်လုပ်ငန်းရှင်များအနေဖြင့်လည်း ရိုးသားဖြောင့်မတ်သော၊ သတိဝီရိယရှိသော ဘဏ်လုပ်ငန်းဖြစ်အောင် လုပ်ကိုင်ရမည်ဆိုသည့်အတိုင်း အပ်နှံထားသည့်ပေးရန်ရှိသည်များကို အချိန်မရွေး မဆိုင်းမတွ ထုတ်ပေးမည်ဟု ခံယူထားကြပြီးဖြစ်ပေလိမ့်မည်။ သို့မှသာ ပြည်သူများ၏ ယုံကြည်စိတ်ချစွာဖြင့် ထုတ်ယူကြ၊ အပ်နှံကြဖြင့် ငွေကြေးစီးဆင်းမှုလည်ပတ်ကာ ဘဏ်လုပ်ငန်းများ အောင်မြင်လာမည်ဖြစ်သည်။ ယုံကြည်စိတ်ချမှု ပျက်ပြားသွားသည်နှင့် စီးပွားရေးလုပ်ငန်းလည်း ရပ်တန့်သွားသည့် သာဓကများကိုလည်း မြင်တွေ့ဖူးမည်ဖြစ်သည်။ ထို့ကြောင့် ပေးရန်ရှိသည်တို့ကို ပေးမည်ဖြစ်သော်လည်း အနှောင့်အယှက် အဟန့်အတား၊ ပယောဂများကြောင့် ရပ်တန့်နေခြင်းဖြစ်နိုင်သည်။

CDM လှုပ်ရှားမှုကြောင့် ပုဂ္ဂလိကဘဏ်လုပ်ငန်းများ ရပ်ဆိုင်းနေခြင်းဖြစ်သည်။ လက်ရှိတွင် ပုဂ္ဂလိကဘဏ်အချို့က ATM စက်များတွင် MPU ကတ်ဖြင့် သင့်တင့်သလောက် နေ့စဉ်ထုတ်ပေးလျက်ရှိသည်ကို သိရပါသည်။ ဤသို့ ပြည်သူများအဆင်ပြေအောင် ပုဂ္ဂလိကဘဏ်များက တတ်နိုင်သလောက် ဆောင်ရွက်ပေးနေသည်ကို ဝန်ထမ်းမဟုတ်သော CDM လှုပ်ရှားသူများက ဟန့်တားနှောင့်ယှက်ကြသည်ကို တွေ့ရပါသည်။

မြို့နယ်အချို့တွင် အကြမ်းဖက်သမားများ၊ ဆူပူဖျက်ဆီးသူများက ATM စက်များကို ဖျက်ဆီးခြင်း၊ လုယက်ခြင်းတို့ ပြုလုပ်ခဲ့သည်ကို တွေ့ရပါသည်။ CDM လှုပ်ရှားမှုတွင် မြန်မာ့စီးပွားရေးဘဏ်မှ ဝန်ထမ်းအချို့ ပါဝင်ခဲ့ကြသော်လည်း တာဝန်သိစွာ ထမ်းဆောင်ကြသော ဘဏ်ဝန်ထမ်းများက ပြည်သူများ အဆင်ပြေအောင် ဆောင်ရွက်ပေးခဲ့ကြပါသည်။ “လောလောဆယ် လုပ်ငန်းမှာ အဆင်မပြေမှုတွေတော့ရှိပါတယ်။ ဒါပေမယ့် လုပ်ငန်းလည်ပတ်နေပါတယ်။ ပြည်သူတွေနဲ့ ဌာနဆိုင်ရာအဖွဲ့အစည်းတွေ အဆင်ပြေအောင် အတတ်နိုင်ဆုံး ဆောင်ရွက်ပေးနေပါတယ်။ CDM လှုပ်ရှားသူတွေက ဘဏ်ကို မသွားနိုင်အောင် အိမ်ကထွက်ကတည်းက အမျိုးမျိုး နှောင့်ယှက်ကြပါတယ်။ ဒါပေမယ့် သူတို့ ငွေလိုတဲ့အခါကျတော့ ဘဏ်မှာ ငွေလာထုတ်ကြပါတယ်”ဟု မြန်မာ့စီးပွားရေးဘဏ်မန်နေဂျာတစ်ဦး၏ အတွေ့အကြုံကို ကျွန်တော် ပင်စင်လစာထုတ်စဉ်က ကြားသိခဲ့ရပါသည်။

နိုင်ငံပိုင်မြန်မာ့စီးပွားရေးဘဏ်များအနေဖြင့် ပြည်သူများအတွက် ငွေကြေးဝန်ဆောင်မှုကို လုံခြုံစိတ်ချမှု အပြည့်အဝရှိအောင် ဆောင်ရွက်ပေးနေသည်။ အစိုးရဌာနဆိုင်ရာ အားလုံး၏ ငွေစာရင်းများကို ထိန်းသိမ်းဆောင်ရွက်ပေးလျက်ရှိသည့်အပြင် အငြိမ်းစားမိဘပြည်သူများ၏ ပင်စင်လစာဆုကြေးကိစ္စများကိုလည်း တာဝန်ယူဆောင်ရွက်ပေးလျက်ရှိသည်။ ဘဏ်နှင့် ဆက်သွယ်သူ ပြည်သူများ၏ ငွေစုဘဏ်အပ်ငွေ၊ စာရင်းရှင်အပ်ငွေ၊ စာရင်းသေအပ်ငွေ၊ အချိန်ပိုင်းအပ်ငွေအမျိုးမျိုးတို့ကို လက်ခံခြင်း၊ ထုတ်ချေးခြင်း၊ ပြည်တွင်း/ပြည်ပငွေလွှဲလုပ်ငန်းများကို ဆောင်ရွက်ပေးခြင်းတို့ကိုလည်း အပြည့်အဝဝန်ဆောင်မှုပေးနေသည်ကို တွေ့ရပါသည်။

ပြည်သူများ ငွေသွင်း/ငွေထုတ်ခြင်း၊ ကိုယ်စားလှယ်ဖြင့် ငွေသွင်း/ငွေထုတ်ခြင်း၊ အင်တာနက်၊ မိုဘိုင်းလ်ဖုန်းများဖြင့် ငွေသွင်း/ငွေထုတ်ခြင်း၊ ATM စက်မှ ငွေထုတ်ခြင်းများကို ဆောင်ရွက်ပေးနေပါသည်။ ပြည်သူများအနေဖြင့် ငွေစုဘဏ်အပ်ငွေစာရင်းများမှ မလိုအပ်ဘဲ ငွေထုတ်ယူခြင်း၊ စိုးရိမ်ကြောင့်ကြမှုဖြစ်ပြီး လိုသည်ထက် ပိုပြီး ငွေထုတ်ယူပါက ရသင့်ရထိုက်သော ဘဏ်အတိုးခံစားခွင့်များ နစ်နာဆုံးရှုံးနိုင်သည့်အပြင် မိမိတို့လက်ထဲတွင် ငွေသားပမာဏ အမြောက်အမြား လက်ဝယ်ထားရှိပါက ငွေရှိကြောင်း သတင်းရရှိသည့် မသမာသူများ၏ အန္တရာယ်နှင့် ကြုံတွေ့နိုင်သဖြင့် ငွေကြေး လုံခြုံစိတ်ချမှုရှိသော ဘဏ်များတွင်သာ အပ်နှံထားသင့်ပါသည်။

ပုဂ္ဂလိကဘဏ်များ ဖွင့်လှစ်နိုင်ရေးအတွက် နိုင်ငံတော်အစိုးရက လုံခြုံရေးဆောင်ရွက်ပေးမည်ဖြစ်သည်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ပုဂ္ဂလိကဘဏ်များ မတ်လ ၈ ရက်နေ့တွင် ဖွင့်လှစ်ရန် အကြောင်းကြားခဲ့သော်လည်း ဘဏ်အနည်းငယ်မှလွဲ၍ အများစုမှာ ဖွင့်လှစ်နိုင်ခြင်းမရှိသည်ကို တွေ့ရသည်။

ပုဂ္ဂလိကလုပ်ငန်းများအနေဖြင့်လည်း ပုဂ္ဂလိကလုပ်ငန်းများ၏ လိုက်နာရမည့် စည်းကမ်းဥပဒေများရှိသည်။ ပြည်သူကို ဝန်ဆောင်မှုပေးကြရာတွင် လုံခြုံရေးအခြေအနေမှလွဲ၍ နိုင်ငံရေးနှင့်ကင်းရှင်းစွာ လုပ်ကိုင်ကြရန်လိုအပ်သည်။ ယခုအခါ နိုင်ငံပိုင်ဘဏ်ဝန်ထမ်းအချို့သာမက ပုဂ္ဂလိကဘဏ်များမှ ဝန်ထမ်းများလည်း CDM တွင် ပါဝင်ကြသည်ဟု သိရသည်။ ယခုဆောင်ရွက်ကြသော CDM ဆိုသည်မှာ နိုင်ငံရေး အရောင်အသွေးမကင်းသည့် လှုပ်ရှားမှုသာဖြစ်သည်။ တိုင်းပြည်နှင့် ပြည်သူလူထုအကျိုးစီးပွားကို ပျက်စီးစေသည့် လှုပ်ရှားမှုဖြစ်သည်ကို ယနေ့ ပြည်သူအများ ငွေကြေးလည်ပတ်စီးဆင်မှု၊ လုပ်ငန်းကိုင်ငန်းရပ်တန့်မှု၊ စားဝတ်နေရေး အခက်အခဲဖြစ်နေမှုများက သက်သေပြလျက်ရှိသည်။

CDM လုပ်ကြသည့် နိုင်ငံ့ဝန်ထမ်းများအနေဖြင့် တိုင်းပြည်အပေါ် သစ္စာစောင့်သိခြင်းမရှိသည်သာမက နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း စည်းကမ်းများကို ချိုးဖောက်ရာရောက်ပါသည်။ ကုမ္ပဏီဝန်ထမ်းများအနေဖြင့်လည်း ကုမ္ပဏီဥပဒေ၊ အက်ဥပဒေ၊ စည်းမျဉ်း စည်းကမ်းများကို ချိုးဖောက်ရာရောက်ပါသည်။ အချို့ဘဏ်များနှင့်

**CDM လုပ်ကြသည့် နိုင်ငံ့ဝန်ထမ်းများအနေဖြင့် တိုင်းပြည်အပေါ် သစ္စာစောင့်သိခြင်းမရှိသည်သာမက နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း စည်းကမ်းများကို ချိုးဖောက်ရာရောက်ပါသည်။ ကုမ္ပဏီဝန်ထမ်းများအနေဖြင့်လည်း ကုမ္ပဏီဥပဒေ၊ အက်ဥပဒေ၊ စည်းမျဉ်း စည်းကမ်းများကို ချိုးဖောက်ရာ ရောက်ပါသည်။ အချို့ဘဏ်များနှင့် စီးပွားရေးအဖွဲ့အစည်းအချို့တွင် CDM လုပ်သောဝန်ထမ်းများကို အရေးယူ ထုတ်ပယ်ခြင်းများပြုလုပ်သည်ဟု ကြားသိရပါသည်။ အစိုးရအုပ်ချုပ်သည့်လုပ်ငန်းဖြစ်စေ၊ ပုဂ္ဂလိက ကုမ္ပဏီအုပ်ချုပ်သည့်ဝန်ထမ်းဖြစ်စေ မည်သည့်အုပ်ချုပ်မှုပုံစံဖြင့် အုပ်ချုပ်သည်ဖြစ်စေ ပြည်သူများ အဆင်ပြေစေရေးအတွက် ငွေကြေးစီးဆင်းမှု မှန်ကန်စေရေး၊ ပြည်သူများကို အကောင်းဆုံးဝန်ဆောင်မှုပေးနိုင်ရေး၊ ကုန်စည်စီးဆင်းမှုမှန်ကန်စေရေးအတွက် စေတနာရှေ့ထားပြီး ဆောင်ရွက်ပေးကြရမည်ဖြစ်သည်။**

စီးပွားရေးအဖွဲ့အစည်းအချို့တွင် CDM လုပ်သောဝန်ထမ်းများကို အရေးယူထုတ်ပယ်ခြင်းများပြုလုပ်သည်ဟု ကြားသိရပါသည်။ အစိုးရအုပ်ချုပ်သည့်လုပ်ငန်းဖြစ်စေ၊ ပုဂ္ဂလိကကုမ္ပဏီအုပ်ချုပ်သည့် ဝန်ထမ်းဖြစ်စေ မည်သည့်အုပ်ချုပ်မှုပုံစံဖြင့် အုပ်ချုပ်သည်ဖြစ်စေ ပြည်သူများအဆင်ပြေစေရေးအတွက် ငွေကြေးစီးဆင်းမှု မှန်ကန်စေရေး၊ ပြည်သူများကို အကောင်းဆုံးဝန်ဆောင်မှုပေးနိုင်ရေး၊ ကုန်စည်စီးဆင်းမှုမှန်ကန်စေရေးအတွက် စေတနာရှေ့ထားပြီး ဆောင်ရွက်ပေးကြရမည်ဖြစ်သည်။

စီးပွားရေးလုပ်ငန်းများသည် တစ်ခုနှင့်တစ်ခု ဆက်စပ်၍ လုပ်ကိုင်နေကြရသည်။ နိုင်ငံ့ဝန်ထမ်းရော၊ ပုဂ္ဂလိကဝန်ထမ်းများနှင့်ပါ ဆက်ဆံလုပ်ကိုင်ကြရသည်။ မည်သည့်ဝန်ထမ်းဖြစ်စေ နိုင်ငံတော်၏ အကျိုးစီးပွား၊ ပြည်သူ၏ အကျိုးစီးပွားကို ရှေးရှုလုပ်ကိုင်ဆောင်ရွက်ရသည်။ ပြည်သူ့အကျိုးစီးပွား တစ်ခုတည်းနှင့်လည်း မပြီးပေ။ နိုင်ငံနှင့် ပြည်သူသည် အပြန်အလှန်အမှီသဟဲပြုနေသည်။ နိုင်ငံစီးပွားရေး ထိခိုက်နစ်နာလျှင် ပြည်သူ့အကျိုးစီးပွားလည်း နစ်နာမည်ဖြစ်သည်။ ထို့ကြောင့် ဝန်ထမ်းများအားလုံးသည် နိုင်ငံတော်နှင့် ပြည်သူ အကျိုးစီးပွားနှစ်ခုစလုံးအတွက် ဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း။ ။

## ဘူးသီးတောင်မြို့နယ်၌ ပြည်သူများသို့ ဖြန့်ဝေနိုင်ရေး ပျိုးပင်ပေါင်း ၃၀၀၀၀ ပျိုးထောင်ထားရှိ

**ဘူးသီးတောင် မတ် ၁၃**

ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ်၌ လာမည့် မိုးရာသီကာလအတွင်း ပြည်သူများစိုက်ပျိုးနိုင်ရန်အတွက် ပျိုးပင်ပေါင်း ၃၀၀၀၀ ကို ဇန်နဝါရီလမှစတင်၍ လျာထားပျိုးထောင်လျက်ရှိကြောင်း မြို့နယ်သစ်တောဦးစီးဌာနမှ သိရသည်။

ဘူးသီးတောင်မြို့နယ်ရှိ သစ်တောဦးစီးဌာန ပျိုးဥယျာဉ်အတွင်း၌ ၂၀၂၀-၂၀၂၁ ခုနှစ် မိုးရာသီ လူထုဖြန့်ပျိုးပင်လျာထားချက်အရ အော်ရီရှား ၁၀၀၀၀၊ မန်ဂျန်ရှား ၅၀၀၀၊ ပျဉ်းကတိုး ၅၀၀၀၊ ကျွန်း ၅၀၀၀ နှင့် ရေတမာ ၅၀၀၀ ပျိုးပင်စုစုပေါင်း ၃၀၀၀၀ ကို ပျိုးထောင်ထားပြီး ဘူးသီးတောင်မြို့နယ် စိမ်းလန်းစိုပြည်ရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းနိုင်ရေးအတွက် သစ်ပင်စိုက်ပွဲတော်တွင် အပင် ၁၂၀၀၊ ဌာနဆိုင်ရာအဖွဲ့အစည်းများတွင် အပင် ၂၀၀၀၊ တပ်ရင်း တပ်ဖွဲ့များတွင် အပင် ၁၀၀၀၀၊ ကျေးရွာချင်းဆက်လမ်းများတွင် အပင် ၅၀၀၀၊ ဘိနယ်အလိုက်ကျေးရွာများတွင် အပင် ၈၈၀၀ စုစုပေါင်း အပင် ၃၀၀၀၀ တို့ကို လည်းကောင်း မိုးရာသီစိုက်ပျိုးနိုင်ရန်အတွက် ပျိုးထောင်ထားခြင်းဖြစ်ပြီး ၂၀၂၀ ပြည့်နှစ်တွင်လည်း မိုးရာသီကာလပျိုးပင်ပေါင်း ၃၀၀၀၀ ကျော်ကို ဌာနဆိုင်ရာများ၊ တပ်ရင်းတပ်ဖွဲ့များ၊ သစ်ပင်စိုက်ပွဲတော်များ၊ ကျေးရွာချင်းဆက်လမ်းများ၊ ဘိနယ်အလိုက်ကျေးရွာများသို့ ဖြန့်ဝေပေးခဲ့ကြောင်း မြို့နယ်သစ်တောဦးစီးဌာန တောအုပ်ဦးလှရွှေထံမှ သိရသည်။

လှကျော်(ပြန်/ဆက်)

# ၁၁-၃-၂၀၂၁ ရက်နေ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးအဖွဲ့နှင့် သတင်းမီဒီယာများပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲမှတ်တမ်း

*ယမန်နေ့မှအဆက်*

အဓိက မိမိပြောလိုသည်မှာ မလေးရှားနိုင်ငံကို အဖွဲ့အစည်းတစ်ခုက တရားစွဲထားကြောင်း၊ အဆိုပါလူများကို ပြန်လွှတ်လျှင် လွှတ်လပ်မည် မဟုတ်ကြောင်း၊ ယခုအချိန်တွင် မလွှတ်သင့်သေးခြင်းကြောင့် တရားစွဲထားကြောင်း၊ ဒီအထောက်အထားရရှိရန်အတွက် အထောက်အပံ့ပေးခဲ့ခြင်းဖြစ်ကြောင်း၊ သွားမေးသည့်သူအနေဖြင့် တပ်မတော် Quarantine Center ထားသည့်သူများ အပြင်ထွက်ချိန်တွင် အင်တာဗျူးမေးမြန်းခဲ့ခြင်းဖြစ်ကြောင်း၊ မလေးရှားပြန်အင်တာဗျူးကိုကြည့်ပြီး မိမိပြောလိုသည်မှာ ထိုအရာကိုပဲ နှိုင်းယှဉ်ကြည့်စေလိုကြောင်း တချို့အဖွဲ့အစည်းများ၊ မီဒီယာများအနေဖြင့် မိမိတို့ပြည်သူလူထုအပေါ်နှင့် နိုင်ငံတော်အပေါ်ထားသည့် စေတနာအစစ်အမှန်ကို တွေ့နိုင်လိမ့်မည်ဖြစ်ကြောင်း၊ ယခုလည်း အိန္ဒိယနိုင်ငံ အန်ဒမန်ကျွန်း၊ ပို့ဘလဲယားဆိပ်ကမ်းမှာရှိသော မြန်မာနိုင်ငံသား ၇၀ အား မတ် ၆ ရက်က သွားရောက်ခေါ်ဆောင်ခဲ့ကြောင်း၊ မတ် ၁၀ ရက် နေ့လယ်ပိုင်းတွင် ရန်ကုန်သို့ ပြန်လည်ရောက်ရှိလာပြီးဖြစ်ကြောင်း၊ အများစုမှာ ရေလုပ်သားများဖြစ်ကြောင်း၊ တချို့မှာ မြန်မာနိုင်ငံနှင့် အဆက်အသွယ်ပြတ်နေသည့်သူများဖြစ်ပြီး ၆ နှစ်လောက် အဆက်အသွယ်ပြတ်နေသူများပါဝင်ကြောင်း၊ ၎င်းတို့မှာ ဘာမျှော်လင့်ချက်မှမရှိကြောင်း၊ ထို့နောက် သီရိလင်္ကာ၌ ပညာသင်ကြားနေသည့် စာသင်သား သံဃာတော်များ၊ သီလရှင်များအား လေယာဉ်ဖြင့် သွားရောက်ပင့်ဆောင်ခဲ့ကြောင်း၊ မတ် ၁၀ ရက် ညနေတွင် ပြန်ရောက်ပြီးဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရနှင့် တပ်မတော်အနေဖြင့် ပြည်ပရောက် မိမိမြန်မာနိုင်ငံသားတွေအပေါ်မှာပင် စေတနာထား လက်တွေ့ဆောင်ရွက်ပေးခဲ့ကြောင်း၊ မိမိနိုင်ငံအတွင်းမှာရှိသည့် နိုင်ငံသူ၊ နိုင်ငံသား ပြည်သူလူထုအတွက်ဆိုလျှင် ဆိုဖွယ်ရာမရှိကြောင်း၊ အစိုးရ၊ တပ်မတော်နှင့် ပြည်သူလူထုကြား သွေးကွဲစေရန် ဆောင်ရွက်နေသည့် အကြံအစည် လုပ်ဆောင်ချက်များကို သတိထားစေရန်အတွက် သတင်းစကားပါးလိုပါကြောင်း ပြောကြားသည်။

**ဝန်ထမ်းအများစုလုပ်ငန်းခွင်ကို ပြန်လည်ဝင်ရောက်**

နံပါတ်(၃)ချက်အနေဖြင့် CDM ကိစ္စနှင့်ပတ်သက်ပြီး ပြောကြားလိုကြောင်း၊ အစိုးရ၏ အုပ်ချုပ်မှုယန္တရားပျက်ပြားစေရန် ရည်ရွယ်ပြီး နိုင်ငံ့ဝန်ထမ်းများအား အလုပ်မဆင်းရန်၊ ရုံးမတက်ရန် လှုံ့ဆော်နေသည့်လူအများစုမှာ နိုင်ငံ့ဝန်ထမ်းများမဟုတ်ကြောင်း၊ မိမိထပ်မံပြောကြားလိုသည်မှာ CDM ကို လှုံ့ဆော်နေသူများမှာ နိုင်ငံ့ဝန်ထမ်းတွေမဟုတ်ကြောင်း၊ ဖေဖော်ဝါရီလအလယ်မှ အရှိန်မြင့်တက်လာပြီး နိုင်ငံတော်နှင့် ပြည်သူလူထုကို သစ္စာစောင့်သိရိုသေကြသည့် ပြည်သူ့ဝန်ထမ်းတွေကို ရုံးဆင်း၊ ရုံးတက်မှာ နှောင့်ယှက်ခြင်းများ၊ ဟန့်တားခြင်းများ၊ ကိုယ်ထိလက်ရောက် ကျူးလွန်ခြင်းများ ဆောင်ရွက်လာသည်ကို တွေ့ရကြောင်း၊ တရားမဝင်အဖွဲ့အစည်းအသီးသီးက Social Media မှတစ်ဆင့် CDM တွင်ပါဝင်သည့် ဝန်ထမ်းများအား လစာပေးမည်၊ ဝန်ထမ်းအဖြစ်ထုတ်ပယ်ပါက အလုပ်ခန့်အပ်မည်၊ နေစရာပေးမည်ဆိုသည့် မက်လုံးအမျိုးမျိုးပေးခြင်းများနှင့် ခြိမ်းခြောက်ခြင်းအမျိုးမျိုး ဆောင်ရွက်ခဲ့ကြောင်း၊ ဒါကြောင့် အစပထမပိုင်းတွင် ဝန်ထမ်းအင်အား ၂၀ ရာခိုင်နှုန်းမှ ၃၀ ရာခိုင်နှုန်းခန့် CDM မှာ ပါဝင်သွားကြောင်း၊ ဖေဖော်ဝါရီလ တတိယပတ်လောက်မှစ၍ အစိုးရ၏ နှိုးဆော်ချက်များ၊ CDM သွေးထိုးလှုံ့ဆော်မှုတွေ၏ အပြောနှင့်အလုပ် မညီမှုများကြောင့် ဝန်ထမ်းအများစုလုပ်ငန်းခွင်ကိုပြန်လည်ဝင်ရောက်လာပြီး ကောင်းမွန်မှန်ကန်သည့် ဆုံးဖြတ်ချက်များဖြစ်ကြောင်း၊ CDM တွင်ကျန်ရှိနေသည့် ဝန်ထမ်းတချို့အနေဖြင့်လည်း ၎င်းတို့ပြောနေသည့် ထောက်ပံ့ကြေးများ မရရှိကြောင်း၊ CDM အတွက် အလှူငွေကောက်ခံနေသည့် အဖွဲ့အစည်းအသီးသီးအနက် တချို့အလှူခံပုဂ္ဂိုလ်များနှင့် အဖွဲ့အစည်းများမှာ ထောက်ပံ့ကြေး အလွဲသုံးစားလုပ်ဆောင်နေခြင်းကို တွေ့ရကြောင်း၊ ထိုအရာများကိုလည်း စာရင်းဇယားများဖြင့် ပြသထားကြောင်း၊ ယခုပြသထားသည်မှာ CDM တွင် ပါဝင်သည့်သူများရရှိသည့် ထောက်ပံ့ကြေးငွေများဖြစ်ကြောင်း၊ ထိုအရာကို ကြည့်မည်ဆိုပါက တချို့ဆိုလျှင် တစ်ဦးကို ၇၀၀၀ ကျပ်သာ ရရှိပြီး တချို့မှာ လုံးဝမရရှိကြောင်း၊ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ဝန်ထမ်းမဟုတ်သည့် နိုင်ငံရေးသမားများ သွေးထိုးလှုံ့ဆော်နေသူများ၊ CDM အကြောင်းပြ၍ အလှူငွေကောက်ခံသူများ၊ ဝန်ထမ်းများအပေါ် ဂုတ်သွေးစုတ်နေသည့် လုပ်ရပ်များဖြစ်ကြောင်း၊ CDM ကြောင့် သိသာထင်ရှားသည့် ပြည်သူလူထုအပေါ် ဒုက္ခရောက်စေသည်မှာ ကျန်းမာရေးကဏ္ဍဖြစ်ကြောင်း၊ ပြည်သူလူထုအနေဖြင့် ပြည်သူအားကိုးနေသည့် ဆေးရုံ၊ ဆေးခန်းများအား ပိတ်ထားကြောင်း၊





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့ ခေါင်းဆောင် ဗိုလ်မှူးချုပ်ဇော်မင်းထွန်း သတင်းမီဒီယာများနှင့်တွေ့ဆုံ၍ သတင်းစာရှင်းလင်းပွဲပြုလုပ်စဉ်။

မိမိတို့နိုင်ငံတွင် ဆေးရုံဆေးခန်းပေါင်း ၁၀၀၀ ကျော်ရှိပြီး မတ်လ၌ ဆေးရုံကြီးများ ဖွင့်လှစ်နိုင်မှုအနေဖြင့် အပြည့်အဝဖွင့်လှစ်နိုင်မှု ၁၅ ရာခိုင်နှုန်းသာရှိကြောင်း၊ ပြင်ပလူနာဆောင်ပင် ဖွင့်ထားနိုင်မှု ၁၅ ရာခိုင်နှုန်းသာရှိပြီး ကျန်သည့် ၇၀ ရာခိုင်နှုန်းခန့်မှာ CDM အကြောင်းပြ၍ ပိတ်ထားဆဲဖြစ်ကြောင်း၊ ပြည်သူလူထု ဘယ်လောက်ဒုက္ခရောက်နေမည်ကို စာနာကြည့်စေလိုကြောင်း၊ ယင်းသို့ပိတ်ထားခြင်းကြောင့် ဖေဖော်ဝါရီလအလယ်လောက်တွင် နေရာအနှံ့မှာ ပြည်သူလူထုက CDM မှာ ပါဝင်နေသည့် ကျန်းမာရေးဝန်ထမ်းများအား ဆန္ဒပြနေကြောင်း၊ တပ်မတော်အနေဖြင့် တပ်မတော်ဆေးရုံများတွင် ပြည်သူလူထုတက်ရောက်ကုသနိုင်ရေး ဆောင်ရွက်ခဲ့ကြောင်း၊ မတ်လ ၁၀ ရက်နေ့အထိ ပြင်ပလူနာ ၅၉၆၈၇ ဦး၊ အတွင်းလူနာ ၃၈၀၀၊ ခွဲစိတ်ကုသမှုလူနာ ၄၀၄၉ ဦး၊ မီးဖွားလူနာ ၃၇၉၁ ဦးနှင့် ကလေးမီးဖွားပေးနိုင်မှု ၃၇၉၁ ဦး မွေးဖွားကုသဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ ဒေသခံပြည်သူလူထု၏ ဆန္ဒအရ တချို့ဆေးရုံများအား ဖွင့်လှစ်ပေးပြီး ဆေးရုံများတွင် ဝင်ရောက်တာဝန်ယူထမ်းဆောင်ပေးခြင်းများ ပြုလုပ်ပေးခဲ့ကြောင်း၊ ကျန်းမာရေးဝန်ထမ်းများအနေဖြင့် အစိုးရဆိုသည်ကို ခေါင်းထဲထည့်လျှင်ထည့်၊ မထည့်လျှင်နေ၊ ပြည်သူလူထုနှင့် နိုင်ငံတော်၊ နိုင်ငံသားဆိုသည်ကို ခေါင်းထဲထည့်ဖို့လိုကြောင်း၊ ကျန်းမာရေးဝန်ထမ်းများအနေဖြင့် စစ်ဖြစ်နေလျှင်ပင် မိတ်ဆွေ၊ ရန်သူမခွဲခြားဘဲ ကုသပေးရမည်ဖြစ်ကြောင်း၊ ပြည်သူ့ဆေးရုံများကို CDM ကြောင့်ပိတ်ထားပြီး အခကြေးငွေယူ၍ ကုသနေသည့် ပုဂ္ဂလိကဆေးရုံ၊ ဆေးခန်းများတွင် ယင်းပုဂ္ဂိုလ်များ သွားရောက် ဖွင့်လှစ်ပေးနေခြင်းများတွေ့ရကြောင်း၊ ပြင်ပပုဂ္ဂလိကဆေးရုံ၊ ဆေးခန်းများတွင် CDM လုပ်သည်ဆိုကာ ဆေးရုံ၊ ဆေးခန်း သွားထိုင်နေသည့် ဆရာဝန်များ၏ အမည်စာရင်း ပြုစုထားကြောင်း၊ ဘုတ်များတွင်လည်း ကပ်ပြထားကြောင်း၊ Power point တွင်လည်း ပြထားကြောင်း၊ စာရင်းဇယားများအရ CDM လုပ်သည့် ဆရာဝန်ဦးရေ ၃၉၀၅ ဦးရှိပြီး CDM လုပ်သည်ပြောပြီး ပြင်ပဆေးရုံ၊ ဆေးခန်းများတွင် ကုသနေသည့် ဆရာဝန်ပေါင်း ၃၁၈ ဦးရှိကြောင်း၊ ထိုအရာများကို ဘုတ်များတွင်ထုတ်နုတ်ပြီး ဓာတ်ပုံများဖြင့်ပြသထားပြီး ကျန်သည့် ၁၀၀၀ ကျော်ကို စုံစမ်းနေဆဲဖြစ်ကြောင်း၊ ပြည်သူလူထုအနေဖြင့်လည်း ထိုလုပ်ရပ်များမှန်၊ မမှန် ၎င်းတို့ကို အားပေးအားမြှောက် လုပ်နေသည့်သူတွေ ဘယ်သူတွေဆိုသည်ကို ဆန်းစစ်ပေးဖို့ မေတ္တာရပ်ခံအပ်ပါကြောင်း၊ မိမိအနေဖြင့် မေတ္တာရပ်ခံလိုသည်မှာ ပြည်သူလူထု တစ်ရပ်လုံး ကျန်းမာရေးသည် အရေးကြီးသည့်အနေအထားဖြစ်ပြီး ယင်းသို့အရေးကြီးသည့် အနေအထားမျိုးတွင် အစိုးရဆိုသည်ကို ခေါင်းထဲထည့်လျှင်ထည့်၊ မထည့်လျှင်နေ ပြည်သူလူထုနှင့် နိုင်ငံသူ၊ နိုင်ငံသားများ၏ ကျန်းမာရေးကို ခေါင်းထဲထည့်ရန် ပြောလိုကြောင်း၊ CDM နှင့်ပတ်သက်၍ သွေးထိုးလှုံ့ဆော်သူများ၊ အလှူခံအလွဲသုံးစားလုပ်သူများ၊ အဖွဲ့အစည်းများကိုလည်း ထိရောက်စွာ အရေးယူမှုပြုလုပ်လျက်ရှိကြောင်း၊ နာရေးကူညီမှုအသင်း(ရန်ကုန်)ဥက္ကဋ္ဌ ဦးကျော်သူနှင့် ဒေါ်မြင့်မြင့်ခင်ဖေ တို့ပိုင်သည့် နာရေးကူညီမှုအသင်းအား မတ် ၃ ရက်က စစ်ဆေးခဲ့ကြောင်း၊ လှူဒါန်းထားသည့် ငွေတချို့ယူ၍ ထွက်ပြေးတိမ်းရှောင်သွားကြောင်း၊ ထိုနှစ်ဦးမှာ CDM တွင်ပါဝင်နေသည့် နိုင်ငံ့ဝန်ထမ်းများအား ထောက်ပံ့ရန် ကူညီဖန်တီးနေခြင်းဖြစ်ပြီး ၈၈ ငြိမ်းပွင့်အပါအဝင် ပြည်တွင်း၊ ပြည်ပကော်မတီအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ် ၄၉၈ ဦးတို့က ဖေဖော်ဝါရီ ၁၀ ရက်မှ မတ် ၃ ရက်အထိ ပေးပို့လှူဒါန်းငွေ ငွေကျပ်သိန်းပေါင်း ၆၁၀၀၊ အမေရိကန်ဒေါ်လာ ၂၀၆၇၀ လက်ခံရရှိပြီး တိုင်းဒေသကြီးနှင့်ပြည်နယ် ၇ ခုမှ CDM ဝန်ထမ်း ၂၀၀၈ ဦးထံကို မတ် ၂ ရက်အထိ ကျပ်သိန်း ၂၈၀၀ ထောက်ပံ့ခဲ့ကြောင်း၊ ကျပ်သိန်းပေါင်း နှစ်သောင်းထည့်ဝင်ထားသည့် (Fix deposit) ဘဏ်အကောင့် ၆ ခု ဖော်ထုတ်ရရှိခဲ့ပြီး လက်ခံငွေမှာ သိန်း ၆၀၀၀ ကျော်ဖြစ်ကြောင်း၊ CDM ဝန်ထမ်းများကို လှူဒါန်းငွေမှာ သိန်း ၂၈၀၀ ကျော်ရှိကြောင်း၊ မည်မျှကွာခြားသည်ကို တွေ့နိုင်ကြောင်း၊ သိမ်းဆည်းရမိသည့် စာရင်းဇယားများအရလည်း သိနိုင်ကြောင်း၊ သိမ်းဆည်းရမိသည့် စာရင်းဇယားများကို Board များတွင်လည်း အသေးစိတ်ကပ်ထားပါကြောင်း၊ သက်ဆိုင်ရာ ဥပဒေနှင့် အမှုဖွင့်အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း၊ နေပြည်တော်ကောင်စီနယ်မြေအတွင်း အစိုးရဝန်ထမ်းများကို CDM တွင်ပါဝင်လာစေရေး အဓိကကြိုးကိုင်ဆောင်ရွက်ခဲ့သည့် နေပြည်တော်စည်ပင်ကော်မတီဝင်ဟောင်း ဦးမင်းသူကို ဖေဖော်ဝါရီ ၂၆ ရက်က ဖမ်းမိခဲ့ကြောင်း၊ ၎င်းကို စစ်ဆေးရာတွင် ဝန်ထမ်းများကို သွေးထိုးလှုံ့ဆော်ရန်အတွက် မင်းကိုနိုင်၊ ဂျင်မီတို့နှင့် ချိတ်ဆက်ဆောင်ရွက်ခဲ့ကြောင်း၊ ဖေဖော်ဝါရီ ၁၄ ရက်တွင် NLD ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဦးအောင်ကြည်ညွန့်က CDM လှုပ်ရှားမှုတွင်ပါဝင်သည့် ဝန်ထမ်းများကို လှုံ့ဆော်စည်းရုံးနိုင်ရန် CDM Supporting Teams များ ဖွဲ့ပြီး သက်ဆိုင်ရာမြို့နယ်အသီးသီးရှိ NLD ပါတီဝင်များက ဝိုင်းဝန်းကူညီရန် ညွှန်ကြားချက်စာတစ်စောင် ထုတ်ပြန်ဆောင်ရွက်ခဲ့ကြောင်း၊ ၎င်းအဖွဲ့ ၁၅ ဦးရှိကြောင်းနှင့် လွတ်မြောက်နေသူများကို အမှုဖွင့်ထားကြောင်း၊ CDM အဓိကလှုံ့ဆော်သူ ရန်ကုန်တက္ကသိုလ် အရှေ့ပိုင်း၌ာနက ဦးအာကာမိုးသူကိုလည်း မတ် ၂ ရက်က ဖမ်းဆီးခဲ့ပြီး ၎င်းအဖွဲ့မှာ ပါဝင်သူ ၁၄ ဦးကိုလည်း အမှုဖွင့်ဖမ်းဆီးနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း၊ CDM ဦးဆောင်လှုပ်ရှားမှုတွင် ခေါင်းဆောင်ပါဝင်ခဲ့သည့် ဗကသဟောင်း ကျော်ကိုကို ဦးဆောင်သည့်အဖွဲ့ကို ထိန်းသိမ်းခဲ့ရာတွင် ဖော်ထုတ်တွေ့ရှိရသည့် တွေ့ရှိမှုများကိုလည်းဖော်ပြထားကြောင်း၊ ၎င်းတို့ ချိတ်ဆက်ဆောင်ရွက်မှုများကိုလည်း ပြထားကြောင်း၊ Board များတွင်လည်း Link များဖြင့် ပြသထားကြောင်း၊ မလေးရှားနှင့် ကိုရီးယားနိုင်ငံမှာရှိသည့်အဖွဲ့အစည်း လူပုဂ္ဂိုလ်များက CDM လှုပ်ရှားမှုအတွက် တရားမဝင် ငွေကြေးထောက်ပံ့နေမှုများ၊ ပါဝင်ပတ်သက်နေမှုများကိုလည်း တွေ့နိုင်ကြောင်း၊ ကိုရီးယားမှ ကောက်ခံရရှိငွေ ဝမ် ၂၅၆ သန်း၊ မလေးရှားမှ လွှဲပြောင်းငွေကျပ်သိန်း ၂၀၀ ခန့်ရှိပြီး အားလုံးနီးပါးသည် ဦးကျော်သူ၏ နာရေးကူညီမှုအသင်း(ရန်ကုန်)ငွေစာရင်းထဲသို့ စီးဝင်ခဲ့ခြင်းဖြစ်ကြောင်း၊ အဆိုပါငွေများနှင့်ပတ်သက်ပြီး ဆက်လက်စစ်ဆေးသွားမည်ဖြစ်ကြောင်း၊ ဆက်စပ်မှုများကိုလည်း မိမိတို့ပြသထားကြောင်း၊ CDM တွင်မပါဝင်သည့် နိုင်ငံတော်နှင့်ပြည်သူအပေါ် သစ္စာရှိစွာ တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများကိုလည်း တရားဥပဒေစိုးမိုးရေးအဖွဲ့များက ကာကွယ်စောင့်ရှောက်ပေးလျက်ရှိကြောင်း၊

**စာမျက်နှာ ၂၁ သို့** ☆




မန္တလေးတိုင်းဒေသကြီးမှ မဲလက်မှတ်များ မြေပြင်စစ်ဆေးမှု မှတ်တမ်းဓာတ်ပုံများ ပြသထားစဉ်။

☆ စာမျက်နှာ ၂၀ မှ

CDM တွင်ပါဝင်ရန် အတင်းအကျပ်ခြိမ်းခြောက်သူများက တိုင်ကြားသည်များကို တွေ့ရှိရပါက ရာဇသတ်ကြီးပုဒ်မများ၊ ဆက်သွယ်ရေး ဥပဒေများဖြင့် အမှုဖွင့်ထားလျက်ရှိကြောင်း၊ ရာဇသတ်ကြီးပုဒ်မဖြင့် အမှုဖွင့်ထားသူ ၇၆ ဦးရှိကြောင်း၊ ဆက်သွယ်ရေးပုဒ်မဖြင့် အမှုဖွင့်ထားသူ ၂၂ ဦးရှိကြောင်း၊ CDM တွင်မပါဝင်ဘဲ နိုင်ငံ့တာဝန်ထမ်းဆောင်နေသည့် ဝန်ထမ်းများကို နှောင့်ယှက်ခဲ့သည့်အတွက် အမှုဖွင့်ထားမှုဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံ့ဝန်ထမ်းများကို နိုင်ငံရေးသမားများ၊ ချိန်ခါမီလုပ်စားသမားများ၏ CDM ထောင်ချောက်ထဲကို ဝင်ရောက်မသွားစေဖို့ ယခုလို ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် သေသေချာချာ စဉ်းစားချင့်ချိန်ပြီး သွေးထိုးလှုံ့ဆော် ချောက်ချစကားများကို နားမယောင်ကြရန် အကြံပြုလိုကြောင်း ပြောကြားသည်။ နံပါတ်(၄)အနေဖြင့် နိုင်ငံတော်အဆင့် လာဘ်ပေး၊ လာဘ်ယူမှုနဲ့ အလွဲသုံးစားမှု(Corruption) ဖော်ထုတ်တွေ့ရှိချက်တွေကို ပြောမည်ဖြစ်ကြောင်း၊ ယခင်ဝန်ကြီးဟောင်း သူရဦးအောင်ကိုအနေဖြင့် ဝန်ကြီးတာဝန်ထမ်းဆောင်စဉ် နိုင်ငံတော်မှ လူပုဂ္ဂိုလ်များသို့ သာသနာ့နုဂ္ဂဟဘွဲ့တံဆိပ် ၈ မျိုး နှစ်စဉ်ချီးမြှင့်ပေးအပ်ခြင်းနဲ့ပတ်သက်ပြီး ၂၁-၇-၂၀၂၀ ရက်တွင် သက်ဆိုင်ရာပုဂ္ဂိုလ်များထံမှ ငွေကျပ်သိန်း ၁၀၀ နှင့် ၂၁-၃-၂၀၂၀ ရက်တွင် ငွေကျပ်သိန်း ၃၀၀ တန် Blank Cheque တစ်စောင် လက်ခံရယူပြီး ၁၆-၇-၂၀၂၀ ရက်မှာ ငွေထုတ်ခဲ့တာတွေ၊ ၁၈-၁၂-၂၀၂၀ ရက်မှာ လုပ်ငန်းရှင်တစ်ဦးထံက လုပ်ငန်းများ ရေရှည်အဆင်ပြေစေဖို့ ငွေကျပ်သိန်း ၁၀၀၀ ကျော်တန် Ford ကားတစ်စီး လက်ခံရယူခဲ့တာတွေ ပေါ်ပေါက်လာလို့ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေအရ အရေးယူနိုင်ဖို့ ဆောင်ရွက်လျက်ရှိပါကြောင်း၊ အထောက်အထား ချက်လက်မှတ်တွေ၊ ကားပုံတွေကို တင်ပြပါ Board မှာ လေ့လာနိုင်ပါကြောင်း ပြောကြားသည်။

ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းသည် ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၈ ရက်တွင် စတင်တည်ထောင်ခဲ့ပြီး တက္ကသိုလ်ရိပ်သာလမ်းတွင်ရှိသည့် ဒေါ်အောင်ဆန်းစုကြည်၏နေအိမ်တွင် ခေတ္တဖွင့်လှစ်ပြီး မရမ်းကုန်းမြို့နယ်၊ အင်းယားလိတ်ဟိုတယ်သို့ ပြောင်းရွှေ့ငှားရမ်းဖွင့်လှစ်ခဲ့ကြောင်း၊ ထို့နောက် ၂၀၁၉ ခုနှစ်တွင် လက်ရှိဖွင့်လှစ်ထားသော ဗဟန်းမြို့နယ်၊ ရွှေတောင်ကြားရပ်ကွက်၊ တက္ကသိုလ်ရိပ်သာလမ်း၊ အမှတ်(၁) သို့ ရွှေ့ပြောင်းဖွင့်လှစ်ခဲ့ကြောင်း၊ စတင်ဖွဲ့စည်းစဉ်ဥက္ကဋ္ဌမှာ ဒေါ်အောင်ဆန်းစုကြည်ဖြစ်ပြီး အလုပ်အမှုဆောင်အဖွဲ့ဝင်များအနေဖြင့် ဦးထင်ကျော်၊ ဒေါက်တာတင်မျိုးဝင်း၊ ဒေါက်တာဥမ္မာမိုးမြင့်နှင့် ဒေါ်မေနှင်းဆီ တို့ဖြစ်ကြောင်း၊ ၂၀၁၅ ခုနှစ် ဦးထင်ကျော် သမ္မတဖြစ်လာပြီး နာယကအဖြစ်ပြောင်းလဲတင်မြှောက်ခဲ့ကြောင်း၊ ၂၀၁၇ တွင် ဒေါ်မေနှင်းဆီ၊ ၂၀၂၀ မှာ ဒေါက်တာဥမ္မာမိုးမြင့်တို့ဖြစ်ပြီး ယခုအချိန်တွင် ဖောင်ဒေးရှင်းအားနာယကဦးထင်ကျော်၊ ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်၊ အလုပ်အမှုဆောင်များဖြစ်သည့် ဒေါက်တာတင်မျိုးဝင်းတို့ဖြင့် ဖွဲ့စည်းထားကြောင်း၊ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းကို စစ်ဆေးရာတွင် ဒေါ်ခင်ကြည် ဖောင်ဒေးရှင်းကို ပြည်ပနိုင်ငံများမှ NGO ၊ INGO များနှင့် အသင်းအဖွဲ့များဖြစ်သည့် အဖွဲ့များ၊ နိုင်ငံ ၁၃ နိုင်ငံမှ အဖွဲ့အစည်းများက ကုမ္ပဏီများ၊ ပုဂ္ဂလိက အလှူရှင်များမှ လှူဒါန်းငွေသည် အမေရိကန်ဒေါ်လာ ၇ ဒသမ ၉ သန်းကျော်ရှိကြောင်း၊ သုံးစွဲငွေ ၆ ဒသမ ၈ သန်းကျော်ဖြစ်သည့်အတွက် လက်ကျန်ငွေ တစ်သန်းကျော်ရှိသည်ကိုတွေ့ရကြောင်း၊ ပြည်တွင်း အလှူငွေအနေဖြင့် ၃၆ ဘီလီယံကျော်ရှိပြီး သုံးစွဲငွေ ၃၀ ဘီလီယံကျော်ဖြစ်သည့်အတွက် လက်ကျန်ငွေ ၆ ဘီလီယံကျော်သည်ကို စစ်ဆေးတွေ့ရှိရကြောင်း၊ ဖောင်ဒေးရှင်း၏ အလှူငွေလက်ခံရရှိမှုများ၊ သုံးစွဲမှုများနှင့်ပတ်သက်ပြီး သက်ဆိုင်ရာ အသင်းအဖွဲ့၏ ဘဏ္ဍာရေး စည်းမျဉ်းစည်းကမ်း သတ်မှတ်ချက်များနှင့်အညီ ရယူသုံးစွဲ ဆောင်ရွက်ထားခြင်းရှိ/မရှိ၊ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းအနေဖြင့် ဌာနဆိုင်ရာ အဖွဲ့အစည်းများထံမှ အခွင့်အရေးတစ်စုံတစ်ရာ ရယူထားခြင်း ရှိ/မရှိတို့ကို သက်ဆိုင်ရာက အသေးစိတ်စစ်ဆေးလျက်ရှိကြောင်း၊ ဖောင်ဒေးရှင်းနှင့်ပတ်သက်ပြီး လရောင်တော စီမံကိန်းလုပ်နေမှုရှိကြောင်း၊ ထိုစီမံကိန်းတွင် ငွေသုံးစွဲမှု၊ ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများနှင့် ကိုက်ညီခြင်းရှိ/မရှိလည်း စစ်ဆေးလျက်ရှိကြောင်း ပြောကြားသည်။

## ဖော်ထုတ်စစ်ဆေးလျက်ရှိ

နောက်တစ်ချက်မှာ NLD ပါတီ ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်နှင့်ပတ်သက်သည့်ကိစ္စဖြစ်ကြောင်း၊ ရွေးကောက်ပွဲဖြစ်စဉ်များအရ နိုင်ငံတော်နှင့် ပြည်သူလူထုကိုပြောရန် တပ်မတော်အနေဖြင့် အထူးလိုအပ်၍ ပြောကြားခြင်းဖြစ်ကြောင်း၊ ဖေဖော်ဝါရီ ၁ ရက်မှ စပြီး NLD ပါတီဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်နှင့် ဦးဝင်းမြင့်တို့ကို လုံခြုံရေးအရ အကျယ်ချုပ်ဖြင့် ထားရှိခဲ့ကြောင်း၊ ဖြစ်ပေါ်ခဲ့သည့် အခြေအနေများ၊ စစ်ဘက်၊ နယ်ဘက်ဆက်ဆံရေးနှင့်ပတ်သက်ပြီး သက်ဆိုင်သည့် ပြည်ထောင်စုဝန်ကြီးအချို့၊ ဝန်ကြီးချုပ်အချို့နှင့် လူပုဂ္ဂိုလ်အချို့၊ ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်အချို့ကိုလည်း ကျယ်ကျယ်ပြန့်ပြန့် မေးမြန်းမှုများပြုလုပ်ခဲ့ကြောင်း၊ ထိုသို့မေးမြန်းသည့်အချိန်တွင် ရန်ကုန်တိုင်းဝန်ကြီးချုပ်ဟောင်း ဦးဖြိုးမင်းသိန်းက NLD ပါတီ ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်နှင့်ပတ်သက်ပြီး ပတ်သက်ဆက်စပ်မှု အခြေအနေများကို ထွက်ဆိုလာခဲ့ကြောင်း၊ ထိုပြောဆိုချက်များကို မှန်/မမှန် အကြိမ်ကြိမ်အခါခါ စစ်ဆေးမေးမြန်းခဲ့ကြောင်း၊ **ဦးဖြိုးမင်းသိန်း၏ ပြောဆိုချက်များအရ ဒေါ်အောင်ဆန်းစုကြည်နှင့်ပတ်သက်ပြီး ယခင်ရန်ကုန်တိုင်းဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းမှ ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလမှ ၂၀၁၈ ခုနှစ်၊ မတ်လအကြား ငွေသား အမေရိကန်ဒေါ်လာ ၆၀၀,၀၀၀ နှင့် အကယ်ဒမီရွှေ ၇ ပိဿာကို ကိုယ်တိုင်ကိုယ်ကျပေးအပ်ခဲ့ရကြောင်းကို အခိုင်အမာ ပြောဆိုခဲ့ကြောင်း၊ ဒေါ်အောင်ဆန်းစုကြည်အနေဖြင့်လည်း ထိုအမေရိကန်ဒေါ်လာ ၆၀၀,၀၀၀ နှင့် အကယ်ဒမီရွှေ ၇ ပိဿာကို ကိုယ်တိုင်ကိုယ်ကျ လက်ခံရယူခဲ့ကြောင်း** သိရှိရသည့်အတွက် လိုအပ်သည်များ ဆက်လက်စုံစမ်းစစ်ဆေးနိုင်ရေး၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်မှ ဖော်ထုတ်စစ်ဆေးလျက်ရှိကြောင်း၊ သက်ဆိုင်ရာ လူပုဂ္ဂိုလ်အချို့နှင့် ဌာနဆိုင်ရာ တာဝန်ရှိဝန်ထမ်းအချို့ကို မေးမြန်းချက်၊ ၎င်းတို့၏ ပြောဆိုချက်များအရလည်း အလားတူ ယခင်ဝန်ကြီးချုပ်များဖြစ်သည့် ဒေါက်တာ ဇော်မြင့်မောင်၊ ဒေါက်တာမြင့်နိုင်၊ ဒေါက်တာအေးဇံတို့သည်လည်း အဂတိလိုက်စားမှုများနှင့် ငြိစွန်းကြောင်း စိစစ်တွေ့ရှိရသဖြင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်က လိုအပ်သည့် စစ်ဆေးဖော်ထုတ်မှုများ ပြုလုပ်လျက်ရှိကြောင်း၊ ပြည်ထောင်စုဝန်ကြီးတချို့၊ ဝန်ကြီးချုပ်တချို့၊ လူပုဂ္ဂိုလ်တချို့နှင့် ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်တချို့ကို မေးမြန်းချက်၊ ပြောဆိုချက်များအရ ယခင်သမ္မတဟောင်း ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ချိုချိုတို့နှင့်ပတ်သက်ပြီး စီးပွားရေးလုပ်ငန်းရှင်တချို့မှ ငွေရေးကြေးရေး အကူအညီတောင်းခံမှုများ၊ လက်ခံရယူမှုများ စိစစ်တွေ့ရှိရသည့်အတွက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဖြင့် စုံစမ်းစစ်ဆေးမှုများ ပြုလုပ်သွားမည်ဖြစ်ပါကြောင်း၊ နံပါတ် ၅ အချက်အနေဖြင့် ယခင် UEC ၏ မဲရလဒ်ကြေညာချက်များနှင့် ယခု UEC ၏ မဲရလဒ်စစ်ဆေးချက်များ၊ တွေ့ရှိချက်များကို ပြောမည်ဖြစ်ကြောင်း၊ ပြီးနောက် ယခင် UEC မှအဖွဲ့ဝင်ဟောင်းတစ်ဦး၏ ပြည်သူလူထုသိရှိစေရန် ပြောကြားချက်ကို Video Click ဖြင့်ပြသမည်ဖြစ်ကြောင်း၊ UEC အနေနဲ့ မဲစာရင်းစစ်ဆေးချက်များကို မြေပြင်ကွင်းဆင်းပြီး၊ မဲလက်မှတ်ရေတွက်မှုများအပါအဝင် အသေးစိတ်ဆောင်ရွက်လျက်ရှိပြီး၊ တွေ့ရှိချက်များကို ဖေဖော်ဝါရီလ ၂၅ ရက်မှစ၍ ထုတ်ပြန်လျက်ရှိကြောင်း၊ မတ်လ ၉ ရက်အထိ ၁၄ မြို့နယ်ထုတ်ပြန်ခဲ့ကြောင်း၊ ၁၄ မြို့နယ်နှိုင်းယှဉ်စစ်ဆေးရာမှာ မဲလက်မှတ်ထုတ်ယူမှု ၂၀၇၆၀၆၅ စောင်ရှိကြောင်း၊ အသုံးပြုမဲလက်မှတ်များသည် ၁၄၃၆၅၁၆ စောင်ရှိကြောင်း၊ ကျန်ရမည့်မဲလက်မှတ်သည် ၆၃၉၅၆၄ စောင်ဖြစ်ပြီး လက်တွေ့မဲလက်မှတ်များကို ရေတွက်ကြည့်သည့်အခါ မြေပြင်လက်ကျန်သည် ၅၉၆၀၀၇ စောင်သာရှိပြီး ပျောက်ဆုံးနေသည်မှာ ၆၅၅၃၀ ဖြစ်ကြောင်း၊ ပိုသုံးထားသည့်မဲလက်မှတ်မှာ ၂၁၉၈၈ ဖြစ်ကြောင်း၊ ဒီဟာသည် မဲမသမာမှုများပြုလုပ်ထားသည့် အရေအတွက်ပေါင်း ၈၇၅၇၈ စောင်ဖြစ်ပါကြောင်း၊ ဘာကြောင့် မဲလက်မှတ်များ ပျောက်ဆုံးခဲ့တာလဲ၊ ဒါကိုအစားထိုးနိုင်ရန် ဘယ်လိုမှ လက်မှတ်များ ပိုသုံးခဲ့လဲဆိုတာကို ရွေးကောက်ပွဲကော်မရှင်မှ ရှင်းလင်းသည့်အခါမှာ ဆက်စပ်တွေးကြည့်နိုင်တယ်လို့ ပြောချင်ပါကြောင်း၊ နောက်တစ်ခုသည် ယခင် UEC အဖွဲ့ဝင်ဟောင်းတစ်ဦးဖြစ်သည့် ဦးသန်းဌေး၏ ပြည်သူသို့ အသိပေးချက်ဖြစ်ကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှာ အသေးစိတ်မဲစာရင်းများတောင် မရှိခဲ့သည့်အကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ယခင်အစိုးရသည် သူတို့ လွှမ်းမိုးခွင့်မရှိကြောင်း၊ လွတ်လပ်သည့်ကော်မရှင်ဖြစ်သည်ဟု ပြောခဲ့သော်လည်း လက်တွေ့တွင်မည်သူက လွှမ်းမိုးခဲ့သည်ဆိုသည်ကို မိမိတို့ထင်ထင်ရှားရှား တွေ့ရမှာ ဖြစ်ပါကြောင်း ပြောကြားသည်။

ဒီဟာသည် ကော်မရှင်အဖွဲ့ဝင်ဟောင်းတစ်ဦး၏ ပြောဆိုချက်များအရ ကောက်နုတ်ချက်များပဲဖြစ်ပါကြောင်း၊ ဥက္ကဋ္ဌအပါအဝင်ကျန်အဖွဲ့ဝင်များ၏ ပြောဆိုချက်များကိုလည်း အချိန်တန်ပါက ပြည်သူလူထုကို မိမိတို့ချပြအသိပေးမည်ဖြစ်ကြောင်း၊ တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့အနေနှင့် မဲစာရင်းများနှင့်ပတ်သက်ပြီး တွေ့ရှိချက်များ၊ သတင်းစာရှင်းလင်းပွဲများမှာ ပြောခဲ့ကြောင်း၊ မီဒီယာများကိုရှင်းခဲ့ကြောင်း၊ ရှင်းသည့်အခါမှာ မိမိတို့ကိုယ်တိုင်လည်း မသိပါကြောင်း၊ မသိရှိခဲ့ပါကြောင်း၊ မသိရှိခဲ့ဘူးဆိုတာသည် မည်သည့်အတွက်ကြောင့် ရွေးကောက်ပွဲကော်မရှင်အနေနှင့် မဲစာရင်းများကို မရှင်းခဲ့သလဲဆိုတာဖြစ်ကြောင်း၊ သက်သေအထောက်အထား ခိုင်ခိုင်လုံလုံရှိလျှင် ရှင်းလို့ရကြောင်း၊ မည်သည့်အတွက်ကြောင့် မရှင်းခဲ့သလဲဆိုတာ၏ အဖြေသည် ဒီမှာပဲရှိကြောင်း ပြောကြားသည်။

## ရှင်းလင်းဖို့ပြောဆို

နိုဝင်ဘာလ ၃၀ ရက်မှစပြီး ကျွန်တော်တို့သည် ဒီမဲစာရင်းတွေ့ရှိချက်များကို ပြောခဲ့ပါကြောင်း၊ ဆောင်ရွက်ခဲ့ပါကြောင်း၊ ၎င်းနှင့်ပတ်သက်၍ မရှင်းလင်းတာများကို ရှင်းလင်းဖို့ပြောဆိုခဲ့ကြောင်း၊ ကျွန်တော်ပြောခဲ့ဖူးသည့် ဖြစ်စဉ်အစကို ပြန်ကောက်ရလျှင် ရွေးကောက်ပွဲကော်မရှင်ကို ကျွန်တော်တို့ရှင်းခိုင်းကြောင်း၊ မရှင်းခဲ့ပါကြောင်း၊ ဘာ့ကြောင့်မရှင်းတာလဲ၊ ကျွန်တော်တို့ သဘောမပေါက်ပါကြောင်း၊ သို့သော် ဘာကြောင့် မရှင်းတာလဲဆိုတာသည် ခုနက ပြောသွားသည့်အဖြေမှာပါကြောင်း၊ ကျွန်တော်တို့သည် ဒီအဆင့်နဲ့မရသည့်အတွက် လွှတ်တော်ခေါ်ယူပေးဖို့ပြောကြောင်း၊ ဥပဒေအရ လွှတ်တော်ခေါ်ယူပေးရမည်၊ မရှင်းခဲ့ပါကြောင်း၊ မလုပ်ခဲ့ပါကြောင်း၊ ဘာကြောင့်မလုပ်ခဲ့လဲဆိုတာသည် အဲ့ဒီ Video ထဲမှာပဲရှိမည်ဖြစ်ကြောင်း၊ ပြီးနောက် နိုင်ငံတော်သမ္မတကို တင်ပြကြောင်း၊ နောက်ဆုံးအဆင့်မှာ နောက်ဆုံးအခြေအနေအထိ နိုင်ငံတော်သမ္မတနှင့် တာဝန်အရှိဆုံးပုဂ္ဂိုလ်ကို ကျွန်တော်တို့ဆီမှ ဗိုလ်ချုပ်မှူးကြီးကိုယ်တိုင် လက်ရေးဖြင့်ရေးပြီး ရှင်းပေးဖို့ပြောခဲ့ကြောင်း၊ မရှင်းခဲ့ပါကြောင်း၊ ဘာကြောင့်မရှင်းလဲဆိုတာသည် အဲ့ဒီ Video ထဲမှာပဲရှိပါကြောင်း၊ ကျန်သည့်အပိုင်းများကို အချိန်တန်လျှင် ကျွန်တော်တို့ ပြည်သူလူထုကို ဆက်လက်အသိပေးမည်ဖြစ်ကြောင်း၊ ပြောရလျှင် စည်းမဲ့ကမ်းမဲ့၊ စည်းပျက်ကမ်းပျက်၊ ထင်ရာစိုင်း ဒီမိုကရေစီအမည်ခံသည့် အာဏာရှင်များ မပေါ်ပေါက်စေရေးအတွက် ပြည်သူလူထုအတွက် စစ်မှန်စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီစနစ်ဖြစ်စေရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။ **(ဆက်လက်ဖော်ပြပါမည်)**

# ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ၊ သာသနာ့နွယ်ဝင် သီလရှင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံ

**နေပြည်တော် မတ် ၁၃**

တပ်မတော်အနေဖြင့် တိုင်းစစ်ဌာနချုပ်နယ်မြေအသီးသီးရှိ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများအပါအဝင် လူမျိုးမရွေး၊ ဘာသာမရွေး အသက် ၆၅ နှစ်အထက် သက်ကြီးဘိုးဘွားများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် တိုင်းရင်းသားပြည်သူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံနိုင်ရေးအတွက်ဆေးပစ္စည်းများအား တပ်မတော်လေယာဉ်များဖြင့် သယ်ယူပို့ဆောင်ပေးခြင်းများနှင့် ကာကွယ်ဆေးထိုးနှံပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့နယ်၊ လောက်ကိုင်မြို့နယ်၊ ကွမ်းလုံမြို့နယ်၊ ကွတ်ခိုင်မြို့နယ်၊ နမ့်ဆန်မြို့နယ်၊ နမ္မတူမြို့နယ်၊ မိုင်းရယ်မြို့နယ်၊ မန်တုံမြို့နယ်၊ နမ့်ခမ်းမြို့နယ်၊ သီပေါမြို့နယ်၊ နောင်ချိုမြို့နယ်၊ ကျောက်မဲမြို့နယ်နှင့် ပန်မြို့နယ်များအတွင်းရှိ ဘာသာရေးခေါင်းဆောင်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများအား သတ်မှတ်နေရာအသီးသီး၌ လည်းကောင်း၊ ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့၊ ဟိုပုံးမြို့နယ်၊ ကလောမြို့နယ်၊ ပင်လောင်းမြို့နယ်၊ လင်းခေးမြို့၊ ကွန်ဟိန်းမြို့၊ မိုင်းနောင်မြို့၊ မိုးနဲမြို့နှင့် ကယားပြည်နယ် ဘောလခဲမြို့နယ်များအတွင်းရှိ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံတိုင်းရင်းသား ပြည်သူများအား သတ်မှတ်နေရာအသီးသီး၌လည်းကောင်း၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ်၊ တာချီလိတ်မြို့နယ်၊ မိုင်းဖြတ်မြို့နယ်၊ မိုင်းယောင်းမြို့နယ်၊ မိုင်းဆတ်မြို့နယ်၊ မိုင်းတုံမြို့နယ်၊ မိုင်းခတ်မြို့နယ်၊ မိုင်းယန်းမြို့နယ်၊ မိုင်းပျဉ်းမြို့နယ်နှင့် မက်မန်းမြို့နယ်များရှိ သံဃာတော်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံ တိုင်းရင်းသားပြည်သူများအား သတ်မှတ်နေရာအသီးသီး၌ လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းမြို့



အတွင်းရှိ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံ တိုင်းရင်းသားပြည်သူများအား ဘုတ်ပြင်းမြို့ ပြည်သူ့ဆေးရုံ၌ လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ၊ သာသနာ့နွယ်ဝင် သီလရှင်များနှင့် ဒေသခံပြည်သူများအား သတ်မှတ်နေရာ အသီးသီး၌လည်း ကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်မြို့ပေါ်ရှိ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ၊ သာသနာ့နွယ်ဝင် သီလရှင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံ တိုင်းရင်းသားပြည်သူများအား သတ်မှတ်နေရာအသီးသီး၌ လည်း ကောင်း၊ မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့နှင့် အမရပူရမြို့နယ်ရှိ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများအား သတ်မှတ်နေရာအသီးသီး၌ လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့၊ ဇီးကုန်းမြို့၊ နတ်တလင်းမြို့၊ ကြို့ပင်ကောက်မြို့၊ မင်းလှမြို့နှင့် မိုးညိုမြို့အတွင်းရှိ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများနှင့် ဌာနဆိုင်ရာဝန်ထမ်းများအား သတ်မှတ်နေရာ အသီးသီး၌လည်းကောင်း သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တပ်မတော်သား ပါရဂူများ၊ ဆရာဝန်များနှင့် သူနာပြုများ ပါဝင်သောအဖွဲ့များက CDM တွင် ပါဝင်ခြင်းမရှိဘဲ ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအား ဆောင်ရွက်ပေးနေသည့် ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ ကျန်းမာရေးဝန်ထမ်းများနှင့်အတူ ပူးပေါင်း၍ ကျန်းမာရေးစစ်ဆေးပေးပြီး ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးကြသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် အဖွဲ့ဝင်များက သွားရောက်ကြည့်ရှုအားပေးကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးပြီး သံဃာတော်များအား ဖူးမြော်ကြည်ညိုခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ရေဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်၌ ဆူပူဆန္ဒပြရာတွင် အသုံးပြုသည့် လက်လုပ်ဒိုင်းများနှင့် ဆက်စပ်ပစ္စည်းများအား လက်ဝယ်ထားရှိသူနှင့်အတူ ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၁၃**

နိုင်ငံတော်အတွင်း နေရာဒေသအများအပြား၌ လူစုလူဝေးများအတွင်း အသုံးပြုရန်အတွက် "ခါတော်မီ"စီးပွားရေးသမားများက လက်လုပ်ဒေသန္တရပစ္စည်းများကို တီထွင် ရောင်းချနေကြကြောင်း သိရသည်။



၂၀၂၁ ခုနှစ် မတ်လ ၁၃ ရက် နံနက် ၁၀ နာရီခန့်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့သည် သတင်းအရ ညောင်တုန်းမြို့နယ် (၉) ရပ်ကွက်နေ ဒေါ်မြင့်အေး (၆၂)နှစ် (ဘ) ဦးဟန်ညွှန့် နေအိမ်အတွင်း ဝင်ရောက်ရှာဖွေခဲ့သည်။

ထိုသို့ရှာဖွေခဲ့ရာ ၎င်း၏ နေအိမ်ခြံဝင်းအတွင်းမှ GXYZ စာသားပါ သံဒိုင်းကာ ၂၇ ခု၊ သံပီပါ အဖုံးအဝိုင်း ငါးခု၊ အနက်ရောင် သုတ်ဆေးဘူး၊ အဝါ/အဖြူရောင် ပလတ်စတစ်ဦးထုပ် အလုံး ၂၀၊ ဒေါ်အောင်ဆန်းစုကြည်ရုပ်ပုံနှင့် "ဖက်ဒရယ် ဒီမိုကရေစီပေါ်ထွန်းရေး ဒို့အရေး" စာသားပါ ကတ်ထူပြားများကို သိမ်းဆည်းရမိခဲ့သည်။

၎င်းပစ္စည်းများကို သိမ်းဆည်းနေစဉ် နံနက် ၁၀ နာရီ ၁၅ မိနစ်ခန့်၌ ဒေသခံပြည်သူ ၃၀ ခန့် စုဝေးရောက်ရှိလာသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ခြောက်လှန့်ပစ်ခတ်လူစုခွဲခဲ့ရပြီး ဆူပူဆန္ဒပြမှုများတွင် အသုံးပြုရန် ရည်ရွယ်ပြုလုပ်ထားသော တရားမဝင်ပစ္စည်းများ လက်ဝယ်ထားရှိသူ ဒေါ်မြင့်အေးနှင့် ၎င်း၏သားဖြစ်သူ နှစ်ဦးတို့အား ဥပဒေအရ အမှုဖွင့် အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက် ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ကျေးရွာ / ရပ်ကွက် စီမံအုပ်ချုပ်ရေးမှူးရုံးများပြန်လည်ဖွင့်လှစ်၍ အုပ်ချုပ်မှုယန္တရားများ မှန်ကန်စွာအကောင်အထည်ဖော်ဆောင်ရွက်

**နေပြည်တော် မတ် ၁၃**

တိုင်းဒေသကြီးနှင့် မြို့နယ်များအတွင်းရှိ ရပ်ကွက်၊ ကျေးရွာများတွင် ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးအား ပျက်ပြားစေရန်ရည်ရွယ်ချက်ဖြင့် ရပ်ကွက်၊ ကျေးရွာ စီမံအုပ်ချုပ်ရေးအဖွဲ့များ ခန့်အပ်ထားရှိမှုအပေါ် ကျေနပ်မှုမရှိသည်ကို အကြောင်းပြု၍ ရပ်ကွက်/ကျေးရွာစီမံအုပ်ချုပ်ရေးမှူးများအား ဖိအားပေးခြင်း၊ စီမံအုပ်ချုပ်ရေးမှူးရုံးများတွင် အုပ်စုဖွဲ့ပြီး ရမ်းကားဆန္ဒပြခြင်း၊ စီမံအုပ်ချုပ်ရေးရုံး ဆိုင်းဘုတ်များဖြုတ်ချခြင်း၊ အဖျက်အမှောင့်စာများရေးသား၍ ရုံးရှေ့တွင်ချိတ်ဆွဲခြင်း၊ သစ်သားချောင်းများဖြင့်ရိုက်ပိတ်ခြင်း၊ ရုံးအဝင်တံခါးများအား သော့ခတ်ခြင်း၊ တံခါးများအား သံချောင်းများဖြင့် ဂဟေဆော်ပိတ်ခြင်းများအား မင်းမဲ့စရိုက်ဆန်ဆန် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လာခြင်းကြောင့် ရပ်ကွက်၊ ကျေးရွာနေပြည်သူလူထုများအနေဖြင့် ဥပဒေ၏ အကာအကွယ်ကို မရရှိသည့်အပြင် ရပ်ကွက်၊ ကျေးရွာ အုပ်ချုပ်မှုယန္တရားယိုယွင်းမှုများ ဖြစ်ပေါ်လာနိုင်ကြောင်း တွေ့ရှိရသဖြင့် ရပ်ကွက်၊ ကျေးရွာနေပြည်သူလူထုနှင့် ရပ်မိရပ်ဖများ၏ တောင်းဆိုချက်အရ အထက်ပါဖြစ်စဉ်များဖြစ်ပွားခဲ့သည့်နေရာများတွင် ဆူပူမှုဖြစ်ပေါ်အောင်လှုံ့ဆော်သူများနှင့် ဆူပူမှုတွင် ပါဝင်ပတ်သက်သူများအား တရားဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆောင်ရွက်ခဲ့သည်။

အဆိုပါ ဥပဒေမဲ့လုပ်ရပ်များ လုပ်ဆောင်ပြီး ပိတ်ထားသည့် တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့နယ် ခမောက်ကြီးမြို့ ဖောသုတ်ကျေးရွာအုပ်စုရှိ ကျေးရွာစီမံအုပ်ချုပ်ရေးမှူးရုံး ဘုတ်ပြင်းမြို့နယ် ဘုတ်ပြင်းမြို့၊ ရွှေဘုံသာရပ်ကွက်၊ အောင်မင်္ဂလာရပ်ကွက်၊ အတွင်းဘုတ်ပြင်းကျေးရွာအုပ်စု ထောင်စုံမဟာကျေးရွာများရှိ ကျေးရွာစီမံအုပ်ချုပ်ရေးမှူးရုံးများ၊ သရက်ချောင်းမြို့နယ် ကမြိုင်ကျေးရွာအုပ်စု၊ ရင်ကျေးရွာအုပ်စု၊ ကျွဲမဲကုန်းကျေးရွာအုပ်စု၊ ကနက်သီရိကျေးရွာအုပ်စု၊ ပင်းဒပ်ကျေးရွာအုပ်စု၊ ကတွဲကျေးရွာအုပ်စုများရှိ ကျေးရွာစီမံအုပ်ချုပ်ရေးမှူးရုံးများ၊ မြိတ်မြို့နယ် မြိတ်မြို့ မြိတ်တောင်ရပ်ကွက်၊ ဈေးတန်းရပ်ကွက်၊ ထားဝယ်စုရပ်ကွက်များရှိ ရပ်ကွက်/ကျေးရွာ စီမံအုပ်ချုပ်ရေးမှူးရုံးများနှင့် မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် ဝွေးတောက်ကုန်းကျေးရွာရှိ ကျေးရွာစီမံအုပ်ချုပ်ရေးမှူးရုံးများသို့ မတ် ၁၂ ရက်နှင့် ယနေ့တို့တွင် သက်ဆိုင်ရာ မြို့နယ်အသီးသီးမှ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက သွားရောက်၍ ရပ်မိရပ်ဖများ၊ ရပ်ကွက်နေပြည်သူများနှင့် ဆွေးနွေးညှိနှိုင်းမှုများပြုလုပ်ပြီး အုပ်ချုပ်မှုယန္တရားများ မှန်ကန်စွာအကောင်အထည်ဖော်နိုင်ရေးအတွက် ရပ်ကွက်/ ကျေးရွာ စီမံအုပ်ချုပ်ရေးမှူးရုံးများအား အသီးသီးပြန်လည်ဖွင့်လှစ်ပေးနိုင်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ်၌ ရဲအရာရှိကြီး တစ်ဦး၏နေအိမ်အား ဓာတ်ဆီပုလင်းအား မီးရှို့၍ လာရောက်ပစ်ခတ်

**နေပြည်တော် မတ် ၁၃**

မတ် ၁၃ ရက်နေ့ မွန်းလွဲ ၁ နာရီ ၅၅ မိနစ်ခန့်တွင် ချမ်းအေးသာစံမြို့နယ် ပြည်ကြီးမျက်မှန်ရပ်ကွက် ၂၈ x ၆၅ လမ်းထောင့်ရှိ ရဲအရာရှိကြီး တစ်ဦးတည်းနေထိုင်သည့် နေအိမ်သို့ ဆိုင်ကယ်တစ်စီးကို စီးနင်းလာသော လူနှစ်ဦး(စိစစ်ဆဲ)က ဓာတ်ဆီပုလင်းကို မီးရှို့၍ ပစ်ပေါက်ထွက်ပြေးသွားခဲ့သည်။

ထပ်မံ၍ မွန်းလွဲ ၂ နာရီခန့်တွင် ယာဉ်မောင်း(စိစစ်ဆဲ)သည် WISH အဖြူရောင်ယာဉ်အား မောင်းနှင်လာကာ ဓာတ်ဆီပုလင်းကို မီးရှို့၍ ထပ်မံပစ်ပေါက်ခဲ့သဖြင့် လုံခြုံရေးအဖွဲ့က ပြန်လည်ခြောက်လှန့်ပစ်ခတ်ခဲ့ရာ ၎င်းယာဉ်မှာ ၆၅ လမ်းအတိုင်း လမ်း ၃၀ ဘက်သို့ မောင်းနှင်ထွက်ပြေးသွားခဲ့ကြောင်း သိရသည်။

ဆူပူသူအဖွဲ့အစည်းများအနေဖြင့် အကြမ်းဖက်မှုလုပ်ရပ်များကဲ့သို့ ကျူးလွန်ဆောင်ရွက်မှုများအား ထိထိရောက်ရောက် ပြတ်ပြတ်သားသား အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# မောင်တောမြို့နယ် တပ်ဦးချောင်းကျေးရွာ၌ တရားမဝင် ဝင်ရောက်လာသော ဘင်္ဂါလီ ၂၂ ဦးအား ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၁၃**

ရခိုင်ပြည်နယ် မောင်တောမြို့နယ်အတွင်း လုံခြုံရေးဆောင်ရွက်နေသော ပူးပေါင်းအဖွဲ့သည် တရားမဝင်ဘင်္ဂါလီများရောက်ရှိနေကြောင်းသတင်းအရသွားရောက်စစ်ဆေးရာ မတ် ၁၂ ရက် မွန်းတည့် ၁၂ နာရီတွင် မောင်တောမြို့နယ် တပ်ဦးချောင်းကျေးရွာအတွင်း၌ တရားမဝင် ဝင်ရောက်လာသော ဘင်္ဂါလီ အမျိုးသား ၁၃ ဦး၊ အမျိုးသမီး ကိုးဦး စုစုပေါင်း ၂၂ ဦးကို တွေ့ရှိဖမ်းဆီးရမိခဲ့သည်။

အဆိုပါဖမ်းဆီးရမိ ဘင်္ဂါလီများအား လုပ်ထုံးလုပ်နည်းနှင့်အညီ သက်ဆိုင်ရာသို့ အပ်နှံသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ်ရှိ မြို့မရဲစခန်းအား လူစုလူဝေးဖြင့် ဝိုင်းဝန်းရန်ပြု အကြမ်းဖက်၍ ရဲစခန်းသို့ဝင်ရောက်စီးနင်းရန် ကြိုးစားသဖြင့် ခြောက်လှန့်ပစ်ခတ်လူစုခွဲ

နေပြည်တော် မတ် ၁၃
နိုင်ငံတော်ဆန့်ကျင်ရေးလူစုလူဝေးများအနေဖြင့် မတ် ၁၂ ရက် ညပိုင်းတွင် ညသပိတ်မဖြစ်မနေဆင်နွှဲရန်အတွက် လူမှုကွန်ရက်စာမျက်နှာပေါ်တွင် သွေးထိုးလှုံ့ဆော်ခဲ့ပြီး ယင်းနေ့ ညပိုင်းတွင် နေရာဒေသအချို့၌ လူအများအပြားစုဝေး၍ ညသပိတ်ဆောင်ရွက်ခဲ့ကြသည်ကို တွေ့ရှိရသည်။

မတ် ၁၂ ရက် ည ၁၂ နာရီ မိနစ် ၂၀ ခန့်တွင် ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ်အတွင်းရှိ မြို့မရဲစခန်း၏ တောင်ဘက် မြင်တော်သာလမ်းမ ခတ်ဆီဆိုင်မှတ်တိုင်ဘက်မှ အင်အား ၅၀၀ ခန့်သည်လည်းကောင်း၊ မြောက်ဘက် မြင်တော်သာလမ်းမ စည်ပင်ရုံးဘက်မှ အင်အား ၅၀၀ ခန့်သည် လည်းကောင်း၊ အရှေ့ဘက်ခြမ်း ရေကန်ဘက်မှ အင်အား ၂၀၀ ခန့်သည်လည်းကောင်း အော်ဟစ်ဆူပူခြင်း၊ အရက်မူးယစ်ရမ်းကားသည့် အသံသွင်ပြင်များဖြင့်လည်းကောင်း စုစည်းပြီး သာကေတမြို့မရဲစခန်းအား လောက်လေးခွများ၊ ခဲများဖြင့် ပစ်ခတ်ခြင်း၊ ခတ်ဆီဆိုင် မှတ်တိုင်ဘက်မှ ခတ်ဆီပုလင်းများ၊ မီးကွင်းများ ပစ်ခတ်ခြင်းဖြင့် အကြမ်းဖက်အဖွဲ့အစည်း၏ ဆောင်ရွက်မှုပုံစံအတိုင်း အကြမ်းဖက်လုပ်ဆောင်လာခဲ့သည်။

လုံခြုံရေးရဲတပ်ဖွဲ့အနေဖြင့် စခန်းပြင်ပသို့ ထွက်ခွာမှုမရှိဘဲ မိမိရဲစခန်းသို့ ဝင်ရောက်စီးနင်းမှုမခံရစေရေး၊ မီးရှို့ဖျက်ဆီးမှုမခံရစေရေးအတွက် တပ်အသင့်ပြင်ဆင်ဆောင်ရွက်ခဲ့ကြသည်။

အကြမ်းဖက်လူစုလူဝေးများအနေဖြင့် ရဲစခန်းအနီး ပတ်ဝန်းကျင်ရှိ မှောင်ရိပ်များအတွင်း စောင့်ဆိုင်းနေကြပြီး လူစုလူဝေးအင်အားအသုံးပြုကာ ရဲစခန်းသို့ အကြမ်းဖက်စီးနင်းဝင်ရောက်လာနိုင်သည့် အခြေအနေအရပ်ရပ်ကို ည ၁၂ နာရီ မိနစ် ၄၀ ခန့်တွင် တွေ့ကြုံလာရသဖြင့် ခြောက်လှန့်ပစ်ခတ်ခဲ့ရာ ရဲစခန်းအနီးထိ ရောက်ရှိလာပြီး စခန်းအတွင်းသို့ ထိုးဖောက်ဝင်ရောက်ရန် ကြိုးစားလာသူလူအုပ်စုမှာ လူစုကွဲသွားခဲ့ကာ အမျိုးသား တစ်ဦး(စိစစ်ဆဲ)မှာ ထိခိုက်ဒဏ်ရာရရှိခဲ့သဖြင့် ၎င်းဒဏ်ရာရရှိသူအား တပ်မတော်ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ပြီး လိုအပ်သည့် ခွဲစိတ်ကုသမှုဆောင်ရွက်ပေးလျက်ရှိသည်။

ဖြစ်စဉ်ပြီးဆုံးချိန် လူစုလူဝေးများ ပြန်လည်ထွက်ခွာသွားရာတွင် ထိခိုက်ဒဏ်ရာရရှိသူ အမျိုးသား နှစ်ဦး(စိစစ်ဆဲ) ပါရှိသွားခဲ့ပြီး ၎င်း နှစ်ဦးမှာ မတ် ၁၃ ရက် မွန်းလွဲပိုင်းတွင် သေဆုံးသွားခဲ့သည်ဟု သိရှိရသဖြင့် သေဆုံးမှုဖြစ်စဉ်နှင့်ပတ်သက်၍ ဥပဒေနှင့်အညီ သေမှုသေခင်းရေးဖွင့်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**



# CDM လုပ်ဆောင်ရန် စည်းရုံးသိမ်းသွင်းထားသော အင်းစိန်မီးရထားစက်ခေါင်းစက်ရုံ၊ ကြို့ကုန်းမီးရထားဝန်ထမ်းအိမ်ရာ၊ နံ့သာကုန်းရပ်ကွက်မီးရထားဝန်ထမ်းအိမ်ရာနှင့် လှိုင်မြို့နယ် မီးရထားဝန်ထမ်းအိမ်ရာတို့အား လုံခြုံရေးတပ်ဖွဲ့ဝင်များက အေးချမ်းတည်ငြိမ်စွာ ထိန်းသိမ်းနိုင်ခဲ့

နေပြည်တော် မတ် ၁၃
နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသောအုပ်စုများက အုပ်ချုပ်ရေးယန္တရားပျက်ပြားစေရန်ရည်ရွယ်ကာ ဖေဖော်ဝါရီ ၄ ရက်မှစ၍ နိုင်ငံတစ်ဝန်း လမ်းပန်းဆက်သွယ်ရေးတွင်အဓိကကျသော ပစ်မှတ်များအဖြစ် မီးရထားလမ်းများအား ပိတ်ဆို့ခြင်း၊ ကားလမ်းများအား ပိတ်ဆို့တားဆီးခြင်းများအပါအဝင် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ၌ အဓိကကျသော မီးရထားဝန်ထမ်းများအား CDM တွင် ပါဝင်စေ၍ နိုင်ငံအတွင်း လမ်းပန်းဆက်သွယ်ရေးကိစ္စရပ်များ ရပ်တန့်သွားစေရန် အဖျက်အမှောင့်လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ နိုင်ငံ၏ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများအား ရပ်တန့်အောင် ဆောင်ရွက်လျက်ရှိသော နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့်အုပ်စုများ၏ သွေးထိုးလှုံ့ဆော်မှုကြောင့် CDM တွင် ပါဝင်ခဲ့သော ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မလွကုန်း မီးရထားဘူတာဝန်းအား မတ် ၁၀ ရက်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက သွားရောက်ညှိနှိုင်းရှင်းလင်းပြီး အေးချမ်းတည်ငြိမ်စွာ ထိန်းသိမ်းနိုင်ခဲ့ကြောင်းကို သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။

အဖျက်အမှောင့်သမားများ၏ CDM လုပ်ဆောင်ရန် နည်းမျိုးစုံဖြင့် ဖိအားပေး စည်းရုံးသိမ်းသွင်းခဲ့ခြင်းကြောင့် ဖေဖော်ဝါရီလ ၆ ရက်နေ့မှစတင်၍ အင်းစိန်မီးရထားစက်ခေါင်းစက်ရုံ၊ ကြို့ကုန်းမီးရထားဝန်ထမ်းအိမ်ရာ၊ နံ့သာကုန်းရပ်ကွက် မီးရထားဝန်ထမ်းအိမ်ရာနှင့် လှိုင်မြို့နယ် မီးရထားဝန်ထမ်းအိမ်ရာတို့ရှိ အချို့သောဝန်ထမ်းများသည် CDM တွင်ပါဝင်ခဲ့ကြောင်း သိရှိရသည်။ ထိုကဲ့သို့ CDM တွင်ပါဝင်ခဲ့သည့် ဝန်ထမ်းများအား ယနေ့တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက သွားရောက်၍ ဝန်ထမ်းများ၊ မိသားစုဝင်များနှင့် တွေ့ဆုံဆွေးနွေးမှုများ ဆောင်ရွက်ပြီး အေးချမ်းတည်ငြိမ်စွာ ထိန်းသိမ်းနိုင်ခဲ့ကြောင်း သိရှိရသည်။ အဆိုပါ CDM ပါဝင်ခဲ့သည့် ဝန်ထမ်းမိသားစုများနှင့် ဆွေးနွေးညှိနှိုင်းမှုများအရ မီးရထားဝန်းအသီးသီးတွင် ပိတ်ဆို့ထားသည့် အတားအဆီးများအား ဖယ်ရှားရှင်းလင်းခြင်းကို ပူးပေါင်းဆောင်ရွက်ပေးခဲ့ကြောင်း၊ ဝန်ထမ်းအချို့မှာ အဖျက်အမှောင့်သမားများ၏ ဝါဒဖြန့်ချိမှုများ၊ ကောလာဟလသတင်းများကြောင့် ပြင်ပသို့ ထွက်ခွာသွားခဲ့သော်လည်း အများစုမှာ လက်ရှိနေထိုင်လျက်ရှိသည့် ဝန်ထမ်းအိမ်ရာများတွင် နေထိုင်၍ လုပ်ငန်းတာဝန်များကို ထမ်းဆောင်နိုင်ရေး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ အဆိုပါဝန်ထမ်းများ၏ လုံခြုံရေးနှင့် လိုအပ်သည့် အကူအညီများကို တာဝန်ရှိသူများက ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရှိရသည်။

လူမှုကွန်ရက်များနှင့် ၎င်းမီဒီယာများပေါ်မှ သတင်းမှားများ လုပ်ကြံဖန်တီးမှုများကြောင့် အကြမ်းဖက်ဆူပူဆန္ဒပြသူများအပေါ် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အင်အားကို အလွန်အကျွံသုံးစွဲဖြေရှင်းကြောင်း ဝေဖန်စွပ်စွဲမှုများ ရှိနေသော်လည်း လုံခြုံရေးတပ်ဖွဲ့များအနေဖြင့် ဆူပူအကြမ်းဖက်မှုများ ဖြေရှင်းရာတွင် အကြမ်းဖက်လူအုပ်စု၏ လုပ်ဆောင်ချက်ပေါ်မူတည်၍ ၁၉၅၆ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ ရှန်းရှင်းဆန်ခတ်မှု လက်စွဲနှင့် လူစုလူဝေးအား ကြီးကြပ်ထိန်းသိမ်းခြင်းပါ ပြဋ္ဌာန်းဥပဒေများနှင့်အညီ အနည်းဆုံးအင်အား အနိမ့်ဆုံးအဆင့်မှစ၍ ဖြေရှင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်အတွင်း အများပြည်သူအသုံးပြုသည့် လမ်းမကြီးများအား အတားအဆီးများဖြင့် လမ်းပိတ်ဆို့ကာ ထိုင်သပိတ်ပြုလုပ်

နေပြည်တော် မတ် ၁၃
ဆူပူဆန္ဒပြသူလူစုလူဝေးများအနေဖြင့် အများပြည်သူအသုံးပြုသည့် လမ်းမကြီးများတွင် ဝါးကပ်များ၊ သစ်မြစ်ဆုံများ၊ ကားတာယာများအား အသုံးပြုကာ အတားအဆီးများ အခိုင်အမာပြုလုပ်၍ ထိုင်သပိတ်ပြုလုပ်ဆောင်ရွက်နေကြောင်း နေရာဒေသအချို့တွင် တွေ့ရှိရပါသည်။



ရန်ကုန်-ညောင်တုန်းသွား ကားလမ်းမရှိ အောင်ဇေယျ တံတားအဆင်း (၁)ထိပ်မှတ်တိုင်တွင် အင်းစိန်မြို့နယ်ဘက်သို့ သွားလာနိုင်မှုမရှိအောင် အတားအဆီးနေရာ လေးနေရာ ပြုလုပ်ပြီး မင်းမင်း(ဘ) စိစစ်ဆဲ၊ (၁၆)ရပ်ကွက်၊ လှိုင်သာယာအနောက်ပိုင်းနေသူ ဦးဆောင်၍ နံနက် ၁၀နာရီအချိန်ခန့်တွင် အင်အား ၁၀၀ ဦးခန့်ဖြင့်လည်းကောင်း၊ နေ့လည် ၁၂ နာရီ မိနစ် ၂၀ ခန့်တွင် အင်အား ၂၅၀ ခန့်ဖြင့်လည်းကောင်း ထိုင်သပိတ်များ ပြုလုပ်ခဲ့ရာ ညနေ ၃ နာရီ မိနစ် ၅၀ ခန့်တွင် အောင်ဇေယျတံတား အဆင်းနှင့် (၃)ထိပ်လမ်းဆုံရှိ အင်အား ၅၀၀ ဦးခန့်သည် လူစုကွဲသွားခဲ့ပါသည်။

ရန်ကုန်-ညောင်တုန်းလမ်းနှင့် ဗိုလ်အောင်ကျော်လမ်းဆုံနေရာတွင် သားဇော်(ခ)ခင်မောင်ဇော် (ဘ) ဦးသိန်းအောင်၊ လှိုင်သာယာအရှေ့ပိုင်း ဦးဆောင်သည့် အင်အား ၁၀၀ ဦးခန့်ဖြင့် အတားအဆီးများ ချထားပိတ်ဆို့နေပြီး မွန်းလွဲ ၁၂ နာရီ မိနစ် ၂၀ ခန့်တွင် အမှတ်(၇) ရပ်ကွက်ဘက်ခြမ်းတွင် အင်အား ၂၀၀ ဦးခန့်၊ အမှတ်(၈)ရပ်ကွက်ဘက်ခြမ်းတွင် အင်အား ၂၀၀ ဦးခန့်ဖြင့် ထိုင်သပိတ်များ ပြုလုပ်ခဲ့ရာ ညနေ ၃ နာရီ မိနစ် ၅၀ ခန့်တွင် အင်အား ၄၀၀ ဦးခန့် လူစုကွဲသွားခဲ့ပါသည်။

ရန်ကုန်-ညောင်တုန်းလမ်းနှင့် ဦးပုညလမ်းဆုံနေရာတွင် ဦးကေသရ၊ ညောင်တစ်ပင်ကျောင်း (၂၁)ရပ်ကွက်၊ လှိုင်သာယာအနောက်ပိုင်း ဦးဆောင်သည့် အင်အား ၁၀၀ ဦးဖြင့် လမ်းပိတ်ဆို့ကာ ထိုင်သပိတ်ပြုလုပ်ခဲ့ပြီး ညနေ ၃ နာရီ မိနစ် ၅၀ ခန့်တွင် လူစုကွဲသွားခဲ့ပါသည်။

လှိုင်သာယာမြို့နယ်၊ အမှတ်(၆) ရပ်ကွက်၊ ကျန်စစ်သားလမ်း၊ ဈေးလေးမှတ်တိုင်တွင် ခေါင်းဆောင် (စိစစ်ဆဲ) ဦးဆောင်ပြီး အင်အား ၁၀၀ ဦးခန့်သည် လမ်းပိတ်ဆို့၍ ထိုင်သပိတ်ပြုလုပ်ခဲ့ရာ ညနေ ၃ နာရီ မိနစ် ၅၀ တွင် လူစုကွဲသွားခဲ့ပါသည်။

ဆူပူဆန္ဒပြသူ လူအုပ်စုများအနေဖြင့် ပြည်သူလူထုသွားလာမှု ခက်ခဲအောင် လမ်းကြောင်းပိတ်ဆို့ခြင်းများ ဆောင်ရွက်မှုအတွက် အများပြည်သူလူထုအနေဖြင့် စိတ်ပျက်ခြင်း၊ ကြောက်ရွံ့ခြင်းများဖြစ်ပေါ်ကာ အဖျက်အမှောင့်လုပ်ငန်းများ လုပ်ဆောင်နေမှုအား ကန့်ကွက်ရှုတ်ချပြီး ဥပဒေအရ ထိရောက်စွာအရေးယူနိုင်ရေး ဆောင်ရွက်ပေးစေလိုသည့် သဘောများရှိလာကြကြောင်း အသိပေးသတင်းထုတ်ပြန်ထားသည်။

**သတင်းစဉ်**

# မိဘပြည်သူများအနေဖြင့် စိတ်အေးချမ်းသာယာစွာ နေထိုင်အိပ်စက်နိုင်စေရေး၊ ရပ်ရွာအေးချမ်းသာယာမှုရှိစေရေးတို့အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက နေ့ညမပြတ် လုံခြုံရေးဆောင်ရွက်



နေပြည်တော် မတ် ၁၃
နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် အများပြည်သူတို့၏ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးတို့အတွက် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့တို့မှ တပ်ဖွဲ့ဝင်များဖြင့် ပူးပေါင်း၍ ဖေဖော်ဝါရီ ၁၄ ရက် ညပိုင်းမှ စတင်ကာ လုံခြုံရေးအား ပြည့်ဝစွာဆောင်ရွက်ပေးလျက်ရှိသည်။

ယနေ့တွင်လည်း မိဘပြည်သူများအနေဖြင့် စိတ်အေးချမ်းသာယာစွာ နေထိုင်အိပ်စက်နိုင်စေရေး၊ ရပ်ရွာအေးချမ်းသာယာမှုရှိစေရေးတို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ မြို့နယ်များ၌ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့တို့မှ တပ်ဖွဲ့ဝင်များဖြင့် ပူးပေါင်း၍ လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများကို ပြည့်ဝစွာ ဆက်လက်ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက နေ့ညမပြတ် လုံခြုံရေးတာဝန်များကို ထမ်းဆောင်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပဲခူးတိုင်းဒေသကြီး ပြည်မြို့၌ ဆူပူအကြမ်းဖက်ဆန္ဒပြသူ လူစုလူဝေးအား ခြောက်လှန့်ပစ်ခတ်လူစုခဲ့



**နေပြည်တော် မတ် ၁၃**

နိုင်ငံတော်အတွင်း တည်ငြိမ်ရေး၊ အေးချမ်းသာယာရေးနှင့် လုံခြုံရေးကို မလိုလားသည့် လူစုလူဝေးများအနေဖြင့် NLD ပါတီ၏ နောက်ကွယ်မှ စည်းရုံးလှုံ့ဆော်မှုများဖြင့် လမ်းပေါ်သို့ လူအုပ်စုများရောက်ရှိအောင် ဆူပူအကြမ်းဖက်မှု မဖြစ်ဖြစ်အောင် ဆောင်ရွက်ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များအား ထိပ်တိုက်ရန်ပြုအကြမ်းဖက်မှုများကို တစ်နေ့တခြား ပိုမိုတိုးမြှင့်လုပ်ဆောင်လာနေသည်ကို တွေ့ရှိရသည်။

မတ် ၁၃ ရက် နံနက် ၉ နာရီ ၁၅ မိနစ်ခန့်တွင် ပဲခူးတိုင်းဒေသကြီး ပြည်မြို့ ပြည်သာယာရပ်ကွက် ရွှေတစ်ချောင်းလမ်းမပေါ်တွင် ဦးဆောင်သူ (စိစစ်ဆဲ) လူစုလူဝေးအင်အား ၅၀၀ ခန့်သည် အများပြည်သူသွားလမ်းမအား အတားအဆီးများဖြင့် ကာရံပိတ်ဆို့ပြီး သွားလာအသုံးပြု၍မရအောင် ပြုလုပ်ခြင်း၊ ပတ်ဝန်းကျင်ရှိ ငြိမ်းချမ်းစွာနေထိုင်လိုသူ ပြည်သူလူထု အော်ဟစ်ဆဲဆိုခြင်းများ ဆောင်ရွက်နေသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အခြေအနေအား ဥပဒေနှင့်အညီ ထိန်းသိမ်းနိုင်ရေးသွားရောက်ဆောင်ရွက်ခဲ့သည်။

အဆိုပါ ဆူပူဆန္ဒပြလူစုလူဝေးများအား လူစုခွဲရန် ညှိနှိုင်းဖြေလျှော့ခဲ့သော်လည်း ဖြေလျှော့နေစဉ်အတွင်းမှာပင် လူစုလူဝေးအတွင်းမှ လောက်လေးခွများ၊ ကျောက်ခဲများ၊ မီးရှူးမီးပန်းများ၊ အက်စစ်ထည့်ထားသော ရေဘူးများဖြင့် ပစ်ခတ်အကြမ်းဖက်ခဲ့ရာ လုံခြုံရေးတပ်ဖွဲ့ဝင်များက အဓိကရုဏ်းနှိမ်နင်းရေးလုပ်ငန်းစဉ်များနှင့်အညီ ခြောက်လှန့်ပစ်ခတ် လူစုခွဲခဲ့ရာ နံနက် ၉ နာရီ ၄၅ မိနစ်ခန့်တွင် လူစုကွဲသွားခဲ့သည်။

ဖြစ်စဉ်တွင် ဆူပူဆန္ဒပြသူအမျိုးသား ငါးဦးမှာ ထိခိုက်ဒဏ်ရာရရှိခဲ့သည့်အတွက် လိုအပ်သော ကုသမှုများဆောင်ရွက်ရန် တပ်မတော်စစ်ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ရာ ဆေးရုံအရောက်တွင် အမျိုးသား တစ်ဦး (စိစစ်ဆဲ)မှာ ရရှိသောဒဏ်ရာဖြင့် သေဆုံးသွားခဲ့ကြောင်း သိရှိရသည်။ သေဆုံးမှုဖြစ်စဉ်အပေါ် သေမှုသေခင်းရေးဖွင့်ကာ လိုအပ်သည့်လုပ်ငန်းစဉ်များအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် စိန်ပန်းရပ်ကွက်ရှိ ဆူပူအကြမ်းဖက်သူများက လုံခြုံရေးတပ်ဖွဲ့ဝင်များအား အကြမ်းဖက်တိုက်ခိုက်မှုများပြုလုပ်



**နေပြည်တော် မတ် ၁၃**

မြန်မာနိုင်ငံအတွင်းရှိ အချို့မြို့ကြီးများ၌ ဆူပူဆန္ဒပြမှုများ ဖြစ်ပေါ်လျက်ရှိပြီး ဆူပူအကြမ်းဖက်သူများအနေဖြင့် အစိုးရလုပ်ငန်း ယန္တရားလည်ပတ်မှုကို အနှောင့်အယှက်ဖြစ်စေရန် ရည်ရွယ်၍ အများပြည်သူသွားလာအသုံးပြုလျက်ရှိသော လမ်းများအား နည်းလမ်းမျိုးစုံအသုံးပြု၍ ပိတ်ဆို့ခြင်းများအပါအဝင် အခြားအဖျက်အမှောင့်လုပ်ရပ်များကို ပြုလုပ်လျက်ရှိသည်။

ထိုသို့ဥပဒေမဲ့လုပ်ရပ်ကို ကျူးလွန်လျက်ရှိရာ ယနေ့တွင် မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် စိန်ပန်းရပ်ကွက်အတွင်း ဆူပူအကြမ်းဖက်လိုသူ လူတစ်စုက ရပ်ကွက်အတွင်း ဝင်ထွက်သွားလာနိုင်သည့်လမ်းများအား သဲအိတ်များဖြင့် ပိတ်ဆို့ခြင်း၊ သုံးမြှောင့်သံဆူး အတားအဆီးများချထားခြင်း၊ အုတ်ခဲ၊ ကျောက်ခဲများချထားခြင်း စသည့် နည်းလမ်းများဖြင့် လမ်းများပိတ်ဆို့၍ ဆူပူဆန္ဒပြခဲ့ကြောင်း သိရသည်။

ယင်းသို့ အများပြည်သူအသုံးပြုလျက်ရှိသော လမ်းအားပိတ်ဆို့ပြီး ဆူပူဆန္ဒပြမှုများ ဆောင်ရွက်လျက်ရှိသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်၍ လူစုခွဲခြင်းအား လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်စဉ် ဆူပူအကြမ်းဖက်သူများက ညာသံပေးအော်ဟစ်ကာ လုံခြုံရေးတပ်ဖွဲ့ဝင်များအား လက်လုပ်မီးခိုးဗုံးများ၊ လောင်ကျွမ်းပေါက်ကွဲစေတတ်သော မီးရှို့ထားသည့် ဓာတ်ဆီပုလင်းများဖြင့် ပစ်ပေါက်ခြင်း၊ Air Short Gun ၊ လက်လုပ်သေနတ်များ၊ တုတ်၊ ဓားများ၊ ဂျင်ကလိများ၊ လေးခွများဖြင့် ပစ်ခတ်၍ အကြမ်းဖက်လူအုပ်စု(Anarchy Mob) အသွင်သို့ ဦးတည်ဆောင်ရွက်ချက်များကို လူမှုကွန်ရက်စာမျက်နှာပေါ်၌ တွေ့ရှိခဲ့ရသည်။

ထိုကဲ့သို့ အကြမ်းဖက်လူအုပ်စု(Anarchy Mob) အသွင်သို့ ဦးတည်ဆောင်ရွက်လာသည့်အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက အနည်းဆုံးအင်အား အနိမ့်ဆုံးအဆင့်ဖြင့် လူစုခွဲခြင်းများကို လုပ်ထုံးလုပ်နည်းနှင့်အညီ ပိတ်ဆို့ထားသည့်အတားအဆီးများအား အဆင့်ဆင့်ဖယ်ရှားရှင်းလင်းခြင်းများ ဆောင်ရွက်ခဲ့ရာ ဆူပူအကြမ်းဖက်သူများ အသုံးပြုခဲ့သည့် သံဒိုင်းများ၊ သံတုတ်များ၊ ဂျင်ကလိများ၊ ဓားရှည်များ၊ လက်လုပ်မိုင်းများအား သိမ်းဆည်းရမိခဲ့သည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် အကြမ်းဖက်ဆူပူမှုများ ထပ်မံဖြစ်ပွားမှုမရှိစေရေး ဆူပူဆန္ဒပြသူများ၏ စုရပ်အဖြစ် သတ်မှတ်ထားသည့် နေရာတစ်ဝိုက်အား လုံခြုံရေးတပ်ဖွဲ့ဝင်များက ထပ်မံရှာဖွေမှုများ ဆောင်ရွက်ခဲ့ရာ ဆူပူဆန္ဒပြသူများအသုံးပြုသည့် ယာဉ်များ၊ ဆိုင်ကယ်များ၊ ခဲသီးအသုံးပြုပစ်ခတ်နိုင်သည့်သေနတ်များ၊ ကျည်ကာအင်္ကျီများ၊ မီးသတ်ဆေးဘူးများ၊ ဝါးဆစ်မိုင်းများ၊ တိပ်များဖြင့် ပတ်ထားသော လက်လုပ်မိုင်းများ၊ ဒိုင်းကာများ၊ တုတ်၊ ဓားများ ထပ်မံသိမ်းဆည်းရမိခဲ့သည်။

ဖြစ်စဉ်တွင် ဆူပူအကြမ်းဖက်ဆန္ဒပြသူများအနက်မှ အမျိုးသား ၆၁ ဦး၊ အမျိုးသမီး ကိုးဦးတို့အား ဖမ်းဆီးထိန်းသိမ်းခဲ့ပြီး အမျိုးသား လေးဦး၊ အမျိုးသမီး တစ်ဦးတို့မှာ ဒဏ်ရာရရှိခဲ့သဖြင့် လိုအပ်သော ဆေးဝါးကုသမှုများဆောင်ရွက်ပေးလျက်ရှိသည်။

ဆူပူဆန္ဒပြသူလူတစ်စုအနေဖြင့် အစိုးရအုပ်ချုပ်မှုယန္တရားကို ဟန့်တားနှောင့်ယှက်မှုများ ပြုလုပ်လျက်ရှိသည့်အပြင် အေးချမ်းစွာနေထိုင်လိုသည့် ပြည်သူများကိုလည်း ဖိအားပေးခြိမ်းခြောက်ခြင်း၊ နှောင့်ယှက်ဟန့်တားခြင်းများကို ဆောင်ရွက်ခြင်း၊ အများပြည်သူများ၏ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများလုပ်ဆောင်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား အသက်အန္တရာယ် ခြိမ်းခြောက်သည်အထိ မင်းမဲ့စရိုက်ဆန်သည့် အကြမ်းဖက်လူအုပ်စု (Anarchy Mob)အသွင်သို့ ဦးတည်ဆောင်ရွက်လာသောကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အဖျက်အမှောင့်လုပ်ငန်းများ လုပ်ဆောင်နေသူများ၊ ပါဝင်ပတ်သက်သူများကို ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်၌ ဆူပူအကြမ်းဖက်သူ လူအုပ်စုများအား ခြောက်လှန့်ပစ်ခတ်လူစုခဲ့



**နေပြည်တော် မတ် ၁၃**

နိုင်ငံတော်တည်ငြိမ်အေးချမ်းသာယာရေးကို အလွန်အမင်း ထိခိုက်စေရန် ဆောင်ရွက်နေသူများအနေဖြင့် မင်းမဲ့စရိုက်ဆန်စွာ အကြမ်းဖက်မှုပုံစံသို့ ပြောင်းလဲကျင့်သုံးဆောင်ရွက်နေသည်ကို တွေ့ရှိရသည်။

မတ် ၁၃ ရက် ညနေ ၃ နာရီခွဲခန့်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် အုပ်ချုပ်ရေးတာဝန်ရှိသူများပါဝင်သော ပူးပေါင်းအဖွဲ့သည် ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးရုံးများ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် တွံတေးမြို့ ရွှေဆံတော်ဘုရားလမ်း ကျွန်းတောရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးရှေ့သို့ ရောက်ရှိခဲ့သည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များ ၎င်းနေရာသို့ ရောက်ရှိစဉ် လမ်းမကြီးပေါ်တွင် အတားအဆီးများအား အခိုင်အမာနီးပါး ပြုလုပ်၍ လမ်းအားပိတ်ဆို့ထားသည်ကို တွေ့ရှိရ၍ ဖယ်ရှားရှင်းလင်းနေစဉ် ကျွန်းတောရပ်ကွက် ကျွန်းတော(၁)လမ်းထိပ်မှ ဆူပူသူလူစုလူဝေးများက လေးခွ၊ ဂျင်ကလိများဖြင့် အကြမ်းဖက်ရန်ပြုပစ်ခတ်ခဲ့ကြသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်အချို့ ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ထိုသို့ အကြမ်းဖက်ရန်ပြု ဆောင်ရွက်လာမှုကြောင့် အဓိကရုဏ်းနှိမ်နင်းရေး လုပ်ငန်းစဉ်များနှင့်အညီ ပစ်ခတ်လူစုခွဲခဲ့ရာ ညနေပိုင်း ၃ နာရီ မိနစ် ၅၀ ခန့်တွင် လူစုကွဲသွားခဲ့ပြီး ပတ်ဝန်းကျင်အား ရှင်းလင်းစဉ် အသင့်ပြုလုပ်ထားရှိသော ဓာတ်ဆီပုလင်းများနှင့် “စစ်အစိုးရမှ ခန့်အပ်ထားသည့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ အလိုမရှိ” စာသားပါ ဆိုင်းဘုတ်များအား တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။

၎င်းဖြစ်စဉ်တွင် ဆူပူအကြမ်းဖက်သူ လူအုပ်စုအတွင်းမှ အမျိုးသားနှစ်ဦး(စိစစ်ဆဲ)မှာ ထိခိုက်ဒဏ်ရာရရှိသေဆုံးခဲ့ပြီး အမျိုးသား ငါးဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရှိရကာ ဒဏ်ရာရရှိသူများအား တပ်မတော်ဆေးရုံသို့ ပို့ဆောင်ကုသနိုင်ရေးနှင့် သေဆုံးမှုဖြစ်စဉ်နှင့်ပတ်သက်၍ သေမှုသေခင်းရေးဖွင့်နိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အဲအေးရှား၏ ပွဲကိုင်ရှင် တိုနီဖာနန်ဒါစ်

*"ယုံရခက်တာတွေကို ယုံပါ"၊ "မဖြစ်နိုင်တာကို အိပ်မက်မက်ပါ" "မလုပ်နိုင်ဘူးဆိုတဲ့ အဖြေကို ရှောင်ပါ"*

ကျော်ကျော်လှိုင်



အဲအေးရှား၏ ပွဲကိုင်ရှင် တိုနီဖာနန်ဒါစ်

အဲအေးရှား လေကြောင်းလိုင်းကို အောင်မြင်အောင် ဆောင်ရွက်ခဲ့သူကတော့ မလေးရှားလူမျိုး တိုနီဖာနန်ဒါစ် (Tony Fernades) ဖြစ်ပါတယ်။ ဈေးနှုန်းချိုတဲ့ လေကြောင်းလိုင်းတွေထဲမှာ အဲအေးရှားကို အာရှတိုက်မှာ အကြီးဆုံးဖြစ်အောင် တိုနီ စွမ်းဆောင်နိုင်ခဲ့ပါတယ်။ အဲအေးရှားရဲ့ ဆောင်ပုဒ် "Now everyone can fly"၊ "အခုတော့ လူတိုင်း လေယာဉ်ပျံစီးနိုင်ပြီ" ဆိုတာနဲ့အညီ အဲအေးရှားကြောင့် အာရှတိုက်မှာရှိတဲ့ လူသားပေါင်းများစွာ ဈေးနှုန်းချိုသာစွာနဲ့ ကမ္ဘာအနှံ့ကို ခရီးဆန့်နိုင်ပါပြီ။

အဲအေးရှားဆိုတာ ဘတ်ဂျက်အဲလိုင်းလို့ လူတွေ ခေါ်ဝေါ်သုံးစွဲကြတဲ့ လေကြောင်းလိုင်းပါ။ ဘာကြောင့် ဘတ်ဂျက်အဲလိုင်းလို့ ခေါ်တာလဲ ဆိုရင် ဈေးသက်သာလို့ ဖြစ်ပါတယ်။ အထူးသဖြင့် လက်မှတ်ကို နှစ်လ သို့မဟုတ် သုံးလ စောပြီး ဝယ်နိုင်ရင် ဈေးပိုသက်သာပါတယ်။ ဈေးသက်သာရတဲ့ အကြောင်းရင်းကတော့ ပုံမှန်လေကြောင်းလိုင်းတွေမှာပေးတဲ့ ဝန်ဆောင်မှုတွေကို လျှော့ချထားလို့ ဖြစ်ပါတယ်။ ဥပမာ –

(၁) လက်မှတ်ဝယ်ပြီးရင် မိမိစီးမည့်နေ့ကို ပြောင်းလို့မရပါဘူး။
(၂) လက်ဆွဲအိတ်ကလွဲရင် ကျန်တဲ့အပိုအိတ်တွေအတွက် သီးသန့် အခပေးရပါတယ်။
(၃) လေယာဉ်ပျံပေါ်မှာ အစားအသောက်ကို အခမဲ့မကျွေးပါဘူး။ ဝယ်စားရင်တော့ ရပါတယ်။
(၄) လေကြောင်း တစ်လိုင်းနဲ့တစ်လိုင်း ချိတ်ဆက်ပျံသန်းစီးနင်းဖို့ ခက်ခဲပါတယ်။
(၅) လေယာဉ်ပျံပေါ်မှာ ခုံကလည်း အမျိုးအစားတစ်မျိုးပဲ ပါလေ့ရှိပါတယ်။ ဝန်ဆောင်မှုတွေ လျှော့လိုက်တဲ့အတွက် ကုန်ကျစရိတ်တွေလည်း သက်သာသွားတဲ့သဘောပါ။ ရန်ကုန်–ဗန်ကောက်–ရန်ကုန် ခရီးစဉ်ကို ပုံမှန်လေကြောင်းလိုင်းနဲ့သွားရင် အမေရိကန်ဒေါ်လာ ၁၂၀ အနည်းဆုံးပေးရမှာဖြစ်ပြီး ရန်ကုန်–ဗန်ကောက်–ရန်ကုန် ခရီးစဉ်ကို အဲအေးရှားနဲ့ သွားမယ်၊ သုံးလကြိုဝယ်မယ်ဆိုရင် အကြမ်းဖျင်းအားဖြင့် အမေရိကန်ဒေါ်လာ ၈၅ ဒေါ်လာနီးပါးပဲ ကျမှာပါ။

တန်ဖိုးနည်း လေကြောင်းလိုင်းတွေရဲ့ အားသာချက်က တန်ဖိုးနည်းတာ တစ်ခုတည်းဖြစ်ပြီး အားနည်းချက်တွေကတော့ ခရီးသွားမယ့်ရက်ကို ကြိုတင်သတ်မှတ်ရတာပါပဲ။ ဝယ်ထားတဲ့နေ့မှာ ခရီးမသွားဖြစ်ရင်လည်း လက်မှတ်ဆုံးတာပါပဲ။ ကိုယ့်နေရာမှာ တခြားလူလည်း ပြောင်းစီးလို့ မရပါဘူး။

### တိုနီနှင့် အဲအေးရှား

အဲအေးရှားကို မလေးရှား အစိုးရပိုင်ကုမ္ပဏီတစ်ခုက ပထမပိုင်တာပါ။ မလေးရှား အစိုးရပိုင်တဲ့ အချိန်တုန်းက တစ်နေ့တခြား ရှုံးနေတဲ့အတွက်ကြောင့် မလေးရှားဝန်ကြီးချုပ်ဟောင်း ဒေါက်တာမဟာသီရာက တိုနီကို ဝယ်ဖို့ တိုက်တွန်းပါတယ်။ တိုနီက ဘိုးရင်း ၇၃၇ ဂျက်လေယာဉ်ပျံ အဟောင်းနှစ်စင်းနဲ့ အဲအေးရှားက တင်နေတဲ့ အကြွေး ၁၂ သန်းကို မလေးရှားငွေ တစ်ရင်းဂစ်နဲ့ ဝယ်လိုက်ပါတယ်။ ဝယ်ပြီးတဲ့အခါမှာ တိုနီက သူ့ရဲ့ အိမ်ကိုပေါင်ပြီး ရတဲ့ငွေရယ်၊ သူစုထားတဲ့ငွေရယ်ပေါင်းပြီး အဲအေးရှားကို ပျံသန်းနိုင်ဖို့ ကြိုးစားခဲ့ပါတယ်။ တိုနီ အဲအေးရှားကို ဝယ်လိုက်တာ ၂၀၀၁ ခုနှစ် အောက်တိုဘာလကပါ။ ၂၀၀၁ ခုနှစ် စက်တင်ဘာလ ၁၁ ရက်နေ့က အမေရိကန်နိုင်ငံ နယူးယောက်မြို့မှာရှိတဲ့ ကမ္ဘာ့ကုန်သွယ်မှု အဆောက်အအုံကြီးကို အကြမ်းဖက်သမားတို့က ခရီးသည်တင်လေယာဉ်ပျံကို ပြန်ပေးဆွဲပြီး ဝင်ရောက်တိုက်ခိုက်တဲ့အတွက် လူအများအပြား သေကျေပျက်စီးခဲ့ပါတယ်။ ဒီအဖြစ်ဆိုးကြီးကြောင့် လူအတော်များများက လေယာဉ်ပျံစီးရမှာကို ကြောက်နေတဲ့အချိန်မှာ တိုနီက အဲအေးရှားကိုဝယ်လိုက်တဲ့အတွက်လူတော်တော်များများက ဝေဖန်ကြပါတယ်။ တိုနီတော့ အကြီးအကျယ် ကျဆုံးပြီလို့ လူအများစုက တွက်ကြပါတယ်။ ဒါပေမဲ့

> **စီးပွားရေးခေါင်းဆောင်တစ်ဦးအနေနဲ့ မရှိမဖြစ် ပိုင်ဆိုင်သင့်တဲ့ စွန့်စားရဲတဲ့စိတ်ကို တိုနီ ပိုင်ဆိုင်ပါတယ်။ အမေရိကန်ဒေါ်လာ ၁၁ သန်း အကြွေးတင်နေတဲ့ ကုမ္ပဏီကို ဝယ်တယ်ဆိုတဲ့သတ္တိက စွန့်စားရဲတဲ့သတ္တိဖြစ်ပါတယ်။ စက်တင်ဘာလ ၁၁ ရက်နေ့ အရေးအခင်းကြောင့် လေကြောင်းလိုင်းတွေ စီးပွားပျက်နေတာကို အခွင့်အရေးယူတွက်ချက်ပြီး တိုနီက သူ့ရဲ့ လေကြောင်းလိုင်းကို အောင်မြင်အောင် ထူထောင်ခဲ့။**

အဲအေးရှားကို တိုနီဝယ်လိုက်ပြီး တစ်နှစ်အကြာမှာတော့ တင်နေတဲ့အကြွေး အမေရိကန်ဒေါ်လာ ၁၁ သန်း ကျေသွားတဲ့အပြင် အမြတ်ရလာပါတယ်။

ရှုံးနေတဲ့ လေကြောင်းလိုင်းကို မြတ်အောင်လုပ်နိုင်တာ တိုနီရဲ့ အမြော်အမြင်ကြီးမှုကြောင့်ပါ။ တိုနီဟာ အလွန်အတွက်အချက်တော်သူလည်း ဖြစ်ပါတယ်။ ၂၀၀၁ ခုနှစ် စက်တင်ဘာလ ၁၁ ရက်နေ့ အရေးအခင်းကြောင့် လေယာဉ်ပျံငှားခတွေဟာ ၄၀ ရာခိုင်နှုန်း သက်သာလာပါတယ်လို့ တိုနီက ပြောပါတယ်။ လေကြောင်းလိုင်းတွေ လူလျော့တဲ့အတွက် အတွေ့အကြုံရှိတဲ့လူတွေကို အလွယ်တကူရခဲ့ပါတယ်လို့ ပြောပါတယ်။ စီးပွားရေးကျဆင်းနေချိန်မှာ လေယာဉ်စီးခသက်သာတဲ့သူ့ရဲ့လေကြောင်းလိုင်းကို မလေးရှားနိုင်ငံက ခရီးသွားတွေ သုံးမယ်ဆိုတာကိုလည်း တိုနီက ကြိုမြင်ပါတယ်။ အဲဒီအချိန်က ကမ္ဘာပေါ်မှာ ဈေးနှုန်းချိုသာတဲ့ လေကြောင်းလိုင်းထဲမှာ အအောင်မြင်ဆုံးဖြစ်တဲ့ ရိုင်အင်အဲ (Ryanair) လေကြောင်းလိုင်းရဲ့ ကောင်းတဲ့အချက်တွေကို ပုံတူကူးခဲ့ပါတယ်။

တိုနီရဲ့အဆိုအရ အာရှတိုက်မှာရှိတဲ့ တန်ဖိုးနည်းလေကြောင်းလိုင်းတွေကို သုံးတဲ့ ခရီးသည်တွေရဲ့ တစ်ဝက်လောက်ဟာ ပထမဦးဆုံး လေယာဉ်ပျံစီးဖူးသူတွေ ဖြစ်ပါတယ်။ အဲအေးရှား မပေါ်မီက မလေးရှားနိုင်ငံ လူဦးရေရဲ့ ခြောက်ရာခိုင်နှုန်းပဲ လေယာဉ်ပျံ စီးဖူးပါတယ်။ အခုဆိုရင်တော့ အဲအေးရှားက နိုင်ငံပေါင်း ၂၅ နိုင်ငံ၊ မြို့ပေါင်း ၁၂၅ မြို့ကျော်ကို ပျံသန်းနေပါပြီ။ ၂၀၁၆ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်နေ့ စစ်တမ်းကောက်ယူချက်အရ အဲအေးရှားမှာ ခရီးသည် ၁၈၀ စီးနိုင်တဲ့ အဲဘတ်စ် ၃၂၀ –၂၀၀ အမျိုးအစား ၉၆ စင်းနဲ့ ခရီးသည် ၁၈၆ ဦးစီးနိုင်တဲ့ အဲဘတ်စ် ၃၂၀–နီယို အမျိုးအစား လေးစင်းတို့နဲ့ ပျံသန်းပြေး ဆွဲနေပါတယ်။ အဲဘတ်စ် ၃၂၀–နီယို အမျိုးအစား ၂၆၅ စင်းနဲ့ ခရီးသည် ၂၃၆ ဦးစီးနိုင်တဲ့ အဲဘတ်စ် ၃၂၁–နီယိုအမျိုးအစား အစင်း ၁၀၀ ကိုလည်း လေကြောင်းလိုင်းတိုးချဲ့ဖို့ မှာယူထားပါတယ်။

### တိုနီ၏ ငယ်ဘဝ

တိုနီကို ၁၉၆၄ ခုနှစ် ဧပြီလ ၃၀ ရက်နေ့မှာ မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့မှာ မွေးဖွားခဲ့ပါတယ်။ တိုနီရဲ့ အဖေက အိန္ဒိယနိုင်ငံ ဂိုဟာမြို့ကဖြစ်ပြီး တိုနီရဲ့အမေကတော့ပေါ်တူဂီနဲ့မလေးသွေးရောထားသူ ဖြစ်ပါတယ်။ အထက်တန်းကျောင်းကို အင်္ဂလန်နိုင်ငံ အပ်ဆမ်ကောလိပ် (Epsam College) မှာတက်ခဲ့ပြီး တက္ကသိုလ်ပညာကိုတော့ လန်ဒန်စီးပွားရေးကျောင်း (School of Economics) ကနေ ၁၉၈၇ ခုနှစ်မှာ ပြီးခဲ့ပါတယ်။ ကျောင်းပြီးတဲ့အခါ ဗားဂျင်းအတ်လန်တစ် (Virgin Atlantic) လေကြောင်းလိုင်းမှာ စာရင်းစစ်အဖြစ် ခဏဝင်လုပ်ခဲ့ပါတယ်။ ၎င်းနောက် ဗားဂျင်းဓာတ်ပြားကုမ္ပဏီရဲ့ စာရင်းကိုင်ချုပ်အဖြစ် ၁၉၈၉ ခုနှစ်အထိ လုပ်ခဲ့ပါတယ်။ ၁၉၉၁ ခုနှစ်မှာ Chartered Accountant လို့ခေါ်တဲ့ လက်မှတ်ရ စာရင်းကိုင် ဖြစ်လာပါတယ်။ ၁၉၉၂ ခုနှစ်မှာ မလေးရှားနိုင်ငံသို့ ပြန်ခဲ့ပြီး ဝါနာမြူးဇစ် (Warner Music) မလေးရှားရဲ့ အငယ်ဆုံး မန်နေဂျင်းဒါရိုက်တာ ဖြစ်လာပါတယ်။ မကြာခင်မှာပဲ တိုနီဟာ အရှေ့တောင်အာရှ ဝါနာမြူးဇစ်လုပ်ငန်းစုရဲ့ ဒုတိယအကြီးဆုံး မန်နေဂျာ ဖြစ်လာပါတယ်။

ဝါနာမြူးဇစ်ကို ဝါနာဘရားသား (Warner Bros) ရုပ်ရှင်ထုတ်လုပ်ရေးက ပိုင်ခဲ့တာပါ။ ဝါနာမြူးဇစ်အတွက် တိုနီအလုပ်လုပ်နေတဲ့အချိန်မှာ ဝါနာမြူးဇစ်ကို တိုင်းဝါနာ (Time Warner) ကုမ္ပဏီက ပိုင်ပါတယ်။ ၂၀၀၁ ခုနှစ်မှာ တိုင်းဝါနာကုမ္ပဏီက အမေရိကားအွန်လိုင်းကုမ္ပဏီနဲ့ ပေါင်းမယ်လို့ ကြေညာလိုက်တဲ့အချိန်မှာတော့ တိုနီက သူ့ရဲ့ အိပ်မက်ကို အကောင်အထည်ဖော်ဖို့ အလုပ်ထွက်ခဲ့ပါတယ်။

### တိုနီ၏ အိပ်မက်

တိုနီရဲ့ အိပ်မက်ကတော့ တန်ဖိုးနည်း လေကြောင်းလိုင်း ထူထောင်ဖို့ပါ။ သူ့အိပ်မက်ကို အကောင်အထည်ဖော်ဖို့ မလေးရှားအစိုးရဆီမှာ လေကြောင်းလိုင်းထူထောင်ခွင့်လိုင်စင် လျှောက်ခဲ့ပါတယ်။ ဒါပေမဲ့ မလေးရှားအစိုးရက လိုင်စင်ထုတ်မပေးခဲ့ပါဘူး။

ကိုယ်ပိုင်လေကြောင်းလိုင်းထောင်ခွင့် မရခဲ့ပေမယ့် အဲအေးရှားကို ဝယ်ယူပိုင်ဆိုင်ခွင့်ရတဲ့အချိန်မှာတော့ အောင်မြင်အောင် ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ၂၀၀၃ ခုနှစ်မှာလည်း မလေးရှားနိုင်ငံရဲ့ အိမ်နီးချင်းနိုင်ငံတွေဖြစ်တဲ့ ထိုင်းနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ စင်ကာပူနိုင်ငံတို့နဲ့ လွတ်လပ်စွာပျံသန်းခွင့်သဘောတူညီချက် ထိုးနိုင်ရန်အတွက် မလေးရှားဝန်ကြီးချုပ် ဒေါက်တာမဟာသီရာကို အကြံပေးတိုက်တွန်းခဲ့သူတစ်ဦးလည်း ဖြစ်ပါတယ်။ ဒီသဘောတူညီချက်ကို လက်မှတ်ထိုးခဲ့တဲ့ အကျိုးကျေးဇူးကြောင့် အဲအေးရှားဟာ ထိုင်းနိုင်ငံ၊ အင်ဒိုနီးရှားနဲ့ စင်ကာပူနိုင်ငံတွေကို ပျံသန်းခွင့်ရခဲ့ပါတယ်။

### တိုနီ၏ အခြားစီးပွားရေးများ

၂၀၀၇ ခုနှစ်မှာ "ကျွန်း" (Tune Hotel) ဟိုတယ်တွေကို တိုနီတည်ထောင်ခဲ့ပါတယ်။ "ကျွန်း" ဟိုတယ်ဆိုတာကတော့ တန်ဖိုးနည်းလေကြောင်းလိုင်းတွေရဲ့မူကို သုံးထားတဲ့ ဟိုတယ်တွေ ဖြစ်ပါတယ်။ "ကျွန်းဟိုတယ်"တွေမှာလည်း ဝန်ဆောင်မှုတွေကို အနည်းဆုံးလျှော့ထားတဲ့အတွက် ဈေးနှုန်းသက်သာပါတယ်။ ဝန်ဆောင်မှုတွေကို လျှော့ထားတယ်ဆိုပေမယ့်လည်း ကိုယ်ကြိုက်တဲ့ဝန်ဆောင်မှုကိုရွေးပြီး အခကြေးငွေပေးရင် ရပါတယ်။ "ကျွန်းဟိုတယ်"တွေရဲ့ ဆောင်ပုဒ်က "ဝမ်းစတားဟိုတယ်ခပေးပြီး ကြယ်ငါးပွင့်အဆင့်ဟိုတယ်မှာ အိပ်ပါ" ဖြစ်ပါတယ်။ "ကျွန်းဟိုတယ်"လို့ ပေးရတာကတော့ တိုနီ ပထမဦးဆုံးထောင်တဲ့ကုမ္ပဏီရဲ့နာမည်က "ကျွန်း" ဖြစ်လို့ပါ။ "ကျွန်း" ဆိုတာ ဂီတတေးသံလို့ မြန်မာလို အဓိပ္ပာယ်ရပါတယ်။ တိုနီဟာ "ကျွန်း" ဆိုတဲ့နာမည်ကို သုံးခဲ့တာကိုကြည့်ရင် ဂီတကို ဝါသနာကြီးသူဆိုတာ သိနိုင်ပါတယ်။ တိုနီက ဂီတာကောင်းကောင်းတီးတတ်တဲ့အပြင် စန္ဒရားကိုလည်း အဆင့် (၈) အထိ တီးတတ်ပါတယ်။

စာမျက်နှာ ၁၆ သို့ ✪

# ဘုန်းတော်ကြီးကျောင်းများ၊ သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများ၌ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမည်လေးမျိုး၊ နေ့ဆွမ်းဆက်ကပ်လှူဒါန်း

**နေပြည်တော် မတ် ၁၃**

ဘုန်းတော်ကြီးကျောင်းများ၊ သာသနာ့နွယ်ဝင်သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများတွင် ဆွမ်းအဆင်ပြေစေရေးအတွက် တပ်မတော်(ကြည်း၊ ရေ၊ လေ)အရာရှိစစ်သည် အရာထမ်း၊ အမှုထမ်းများက တိုင်းစစ်ဌာနချုပ်များအလိုက် မြို့နယ်အသီးသီး၌ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမည်လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများလှူဒါန်းခြင်း၊ နေ့ဆွမ်းဆက်ကပ်လှူဒါန်းခြင်းနှင့် ကျန်းမာရေးစစ်ဆေးမှုများကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် အမှတ်(၁)ရပ်ကွက်ရှိ ရွှေမှော်တင်ကျောင်းတိုက်နှင့် ချင်းပြည်နယ် တီးတိန်မြို့ ထေရဝါဒဗုဟိုသာသနာပြုကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမည်လေးမျိုး ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အထောက်အကူပြုပစ္စည်းများနှင့် လှူဖွယ်ပစ္စည်းများကိုလည်းကောင်း၊ ရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့၊ ချင်းပြည်နယ် တီးတိန်မြို့၊ မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်နှင့် ပြည်ကြီးတံခွန်မြို့နယ်တို့ရှိ ဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင်စာသင်တိုက်စုစုပေါင်း ၁၁ ကျောင်းရှိ သံဃာတော်များနှင့် သာသနာ့နွယ်ဝင်သီလရှင်များအား နေ့ဆွမ်းများကိုလည်းကောင်း သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များအလိုက် တာဝန်ရှိသူများက သွားရောက်၍ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

ထို့အပြင် ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့ရှိ သီရိမင်္ဂလာမန်ဆူရှမ်းကျောင်း၌ ပြုလုပ်သော(၃၆)ကြိမ်မြောက် လားရှိုးမြို့နယ်လုံးဆိုင်ရာ ပရိယတ္တိသဒ္ဓမ္မပါလ စာပွဲတော်သို့ ယနေ့နံနက်ပိုင်းတွင် အရှေ့မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်လှမိုးနှင့် အဖွဲ့ဝင်များက သွားရောက်ဖူးမြော်၍ ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



# တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဒေသခံပြည်သူ လူနာများအား တပ်မတော်ဆေးရုံများ၌ ဆက်လက် လက်ခံကုသ

**နေပြည်တော် မတ် ၁၃**

တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ တိုင်းရင်းသား ပြည်သူများ၏ ကျန်းမာရေးဆိုင်ရာ အခက်အခဲများကို တစ်ထောင့်တစ်နေရာမှ အထောက်အကူပြုစေရန်အတွက် မြို့နယ်အသီးသီးရှိ တပ်မတော်ဆေးရုံများနှင့် ယာယီကုသဆေးရုံများတွင် ကျန်းမာရေးစောင့်ရှောက်မှုများကို ဆောင်ရွက်ပေးလျက်ရှိရာ ဖေဖော်ဝါရီ ၅ ရက်မှ ယနေ့အထိ ပြင်ပလူနာ ၆၆၉၈၇ ဦး၊ အတွင်းလူနာ ၃၉၀၉ ဦးကို တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများဖြင့် ကျန်းမာရေးစစ်ဆေးပေးခြင်း၊ ခွဲစိတ်ရန်လိုအပ်သည့် လူနာများအား ခွဲစိတ်ခြင်း၊ ဆေးရုံတက်ရောက် ကုသရန်လိုအပ်သော လူနာများကိုဆေးရုံတင်ကာ ကျန်းမာရေးစောင့်ရှောက်ပေးခြင်းများ ဆောင်ရွက်ပေးသည့်အပြင် ဆေးရုံတက်လူနာများနှင့် လူနာစောင့်များ နေထိုင်စားသောက်ရေး အဆင်ပြေစေရန်အတွက်ကိုပါ စီမံဆောင်ရွက်ပေးသည်။



ထိုသို့ လာရောက်ကုသမှုခံယူလျက်ရှိသည့် လူနာများအနက် အကြီးစားခွဲစိတ်ကုသရန် လိုအပ်သူ ၁၀၄၆ ဦး၊ အသေးစားခွဲစိတ်ကုသရန်လိုအပ်သူ ၁၆၃၉ ဦး စုစုပေါင်း ၄၆၈၅ ဦးတို့ကို ခွဲစိတ်ကုသပေးနိုင်ခဲ့ပြီး စိုးရိမ်ဖွယ်ရာရှိသည့် လူနာများကိုလည်း ပါရဂူများ၊ ဆေးမှူးများဖြင့် အထူးကြပ်မတ်ကုသပေးလျက်ရှိသည်။ ၎င်းအပြင် ကလေးမီးဖွားရန် အခက်အခဲဖြစ်နေသည့် မွေးလူနာများကို တပ်မတော်ဆေးရုံအသီးသီးတွင် တက်ရောက်စေလျက်ရှိပြီး ၎င်းတို့အနက် ၁၇၀၁ ဦးကို ခွဲစိတ်မွေးဖွားပေးနိုင်ခဲ့ကာ ၂၆၁၂ ဦးကို သာမန်မွေးဖွားပေးနိုင်ခဲ့ခြင်းကြောင့် ယနေ့အထိ ကလေးငယ် ၄၃၁၃ ဦးကို အောင်မြင်စွာ မွေးဖွားပေးနိုင်ခဲ့သည်။

ယင်းသို့ ဒေသခံပြည်သူများအား ဆေးကုသပေးနေမှုအခြေအနေများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ် အသီးသီးမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး ဆေးရုံတက်ရောက်ကုသမှုခံယူနေသော လူနာများအတွက် စားသောက်ဖွယ်ရာများနှင့် ကျန်းမာရေးဝန်ထမ်းများအတွက် ချီးမြှင့်ငွေများပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဆေးကုသရန်အခက်အခဲဖြစ်ပေါ်လျက်ရှိသည့် ပြည်သူ့ဆေးရုံနှင့် တိုက်နယ်ဆေးရုံများသို့ တပ်မတော်သားပါရဂူများ၊ ဆရာဝန်များနှင့် သူနာပြုများ သွားရောက်၍ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် မတ် ၁၃**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်ဆေးရုံ၊ ဟံဇားတိုက်နယ်ဆေးရုံ၊ ယင်းမာပင်တိုက်နယ်ဆေးရုံနှင့် သပိတ်ကျင်းမြို့နယ် တကောင်းတိုက်နယ်ဆေးရုံ၊ ကျောက်ဆည်မြို့နယ် စဥ့်ကိုင်ပြည်သူ့ဆေးရုံ၊ ပျော်ဘွယ်မြို့နယ် ယင်းတော်တိုက်နယ်ဆေးရုံ၊ ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ်ပြည်သူ့ဆေးရုံ၊ ရွှေကျင်မြို့နယ် ဒိုဇရစ်ကျေးရွာ တိုက်နယ်ဆေးရုံနှင့် လက်ပံတန်းမြို့နယ် မြို့နယ်ပြည်သူ့ဆေးရုံတို့ရှိ ဝန်ထမ်းများနှင့် လူနာရှင်များက နယ်မြေခံတပ်ရှိ တပ်မတော်ဆေးရုံမှ ဆရာဝန်များနှင့် သူနာပြုများ လာရောက်ကုသပေးနိုင်ပါရန် အကူအညီတောင်းခံမှုကြောင့် သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တပ်နယ်များအလိုက် တပ်မတော်ဆေးရုံမှ တပ်မတော်သားပါရဂူများ၊ ဆရာဝန်များနှင့်သူနာပြုများပါဝင်သော ဆေးကုသရေးအဖွဲ့အား စေလွှတ်၍ ရောဂါဝေဒနာခံစားနေရသည့် ဒေသခံပြည်သူများကို လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါဆေးရုံများ၌ တပ်မတော်ဆေးကုသရေးအဖွဲ့များက ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ရာ ယနေ့တွင် ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ သွားနှင့် ခံတွင်းရောဂါ၊ အရိုးအကြောရောဂါ၊ အစာအိမ်ရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ သွေးတိုးရောဂါ၊ နှလုံးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆက်လက်ဆောင်ရွက်ပေးပြီး ခွဲစိတ်ကုသရန်လိုအပ်သော လူနာများအား ခွဲစိတ်ကုသပေးခြင်းများ ဆောင်ရွက်ပေးခဲ့သည်။

အလားတူ စစ်ကိုင်းတိုင်းဒေသကြီး ဖောင်းပြင်မြို့ ပြည်သူ့ဆေးရုံရှိ ဆရာဝန်များနှင့် သူနာပြုများသည် ၎င်းတို့၏ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်းမရှိဘဲ တာဝန်များပျက်ကွက်လျက်ရှိပြီး ဆေးရုံ၌ အထက်တန်းသူနာပြု ခြောက်ဦးတို့ဖြင့် ဒေသခံပြည်သူများအား ဆေးထည့်ပေးခြင်း၊ ကာကွယ်ဆေးထိုးနှံပေးခြင်းတို့သာ ဆောင်ရွက်ပေးနိုင်သဖြင့် ဆေးကုသရန်အခက်အခဲများ ဖြစ်ပေါ်လျက်ရှိသောကြောင့် ဒေသခံပြည်သူများက အနောက်မြောက်တိုင်းစစ်ဌာနချုပ်သို့ အကူအညီတောင်းခံလာခဲ့သည်။ ထို့ကြောင့် မတ် ၁၂ ရက်တွင် တိုင်းစစ်ဌာနချုပ် နယ်မြေခံတပ်မှ တပ်မတော်သားဆရာဝန်များနှင့် သူနာပြုများ ပါဝင်သောဆေးအဖွဲ့အား အဆိုပါဆေးရုံသို့ စေလွှတ်ခဲ့ရာ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် မြို့မိမြို့ဖများက ကြိုဆိုခဲ့ကြောင်းနှင့် သံဃာတော်များ၊ ရှင်သာမဏေများ၊ သာသနာ့နွယ်ဝင်သီလရှင်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ပေးနေမှုများကို တိုင်းစစ်ဌာနချုပ်အသီးသီးရှိ တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ ဒေသခံပြည်သူများအား ဆေးကုသပေးထားမှုအခြေအနေများ၊ ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများပေးအပ်ကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။ ထိုသို့ ကျန်းမာရေးစောင့်ရှောက်ပေးမှုအပေါ် ဒေသခံပြည်သူများအနေဖြင့် အထူးပင် ကျေးဇူးတင်ဝမ်းမြောက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

❂ စာမျက်နှာ ၂၅ မှ

တိုနီဟာ ဖော်မြူလာ ၁ လို့ခေါ်တဲ့ အဖ်ဝမ်း (F1) ကားပြိုင်ပွဲကို ဝင်ပြိုင်တဲ့အဖွဲ့ကိုလည်း ထောင်ထားပါတယ်။ ၂၀၁၀ ပြည့်နှစ် အဘူဒါဘီမြို့ အဖ်ဝမ်းကားပြိုင်ပွဲမှာ တိုနီရဲ့ ပြိုင်ကားနဲ့ ဗားဂျင်းလေကြောင်းလိုင်းတည်ထောင်သူ ဆာရစ်ချဒ်ဘရန်ဆင် ပြိုင်ကားတို့ ဘယ်သူနိုင်မယ်ဆိုတာ အလောင်းအစား လုပ်ကြပါတယ်။ ရှုံးသူက နိုင်သူရဲ့ လေကြောင်းလိုင်းပေါ်မှာ လေယာဉ်မယ် အဝတ်အစားဝတ်ပြီး လေယာဉ်မယ်တာဝန်ကို ထမ်းဆောင်ရမှာပါ။ တိုနီရဲ့ ပြိုင်ကားက အဆင့် ၁၀ ရခဲ့ပေမယ့် ဆာရစ်ချဒ်ဘရန်ဆင် ပြိုင်ကားက အဆင့် ၁၂ ရလို့ တိုနီ နိုင်ခဲ့ပါတယ်။ လန်ဒန်ကနေ မလေးရှားနိုင်ငံကို ပျံသန်းတဲ့ လေယာဉ်ပေါ်မှာ ဆာရစ်ချဒ်ဘရန်ဆင်က အဲအေးရှား လေယာဉ်မယ် အဝတ်အစားဝတ်ပြီး လေယာဉ်မယ် အလုပ်လုပ်ခဲ့ပါတယ်။ တိုနီနဲ့ ဆာရစ်ချဒ် ဘရန်ဆင်က လေယာဉ်လက်မှတ်တွေကို လေလံတင်ရောင်းခဲ့ပြီး လက်မှတ်ရောင်းရငွေတွေကို လှူမယ်လို့ ကြေညာခဲ့ပါတယ်။ လေယာဉ်ပေါ်မှာ တိုနီလည်း လိုက်ပါစီးနင်းခဲ့ပြီး ဆာရစ်ချဒ်ဘရန်ဆင်က တိုနီကို စားပွဲထိုးခဲ့ရပါတယ်။ လေယာဉ်ပျံလက်မှတ်ရောင်းရငွေ ဒေါ်လာ ၃၀၀၀၀၀ ကို လှူခဲ့ပါတယ်။

■

## *တိုနီအောင်မြင်မှုမှ အတုယူစရာများ*

### ပထမအချက်

စီးပွားရေးခေါင်းဆောင်တစ်ယောက် မရှိမဖြစ်ပိုင်ဆိုင်သင့်တဲ့ စိတ်ကူးအိပ်မက်ကို တိုနီ ပိုင်ဆိုင်ပါတယ်။ အင်္ဂလန်နိုင်ငံမှာ တက္ကသိုလ်က အောင်ပြီးပြီးချင်း တိုနီအလုပ်စလုပ်တာ ဗားဂျင်းအဲလေကြောင်းလိုင်း ဖြစ်ပါတယ်။ ဗားဂျင်းအဲလေကြောင်းလိုင်းဟာ တန်ဖိုးနည်းလေကြောင်းလိုင်းဖြစ်ပြီး ဆာရစ်ချဒ်ဘရန်ဆင် (Sir Richard Branson) က ပိုင်ဆိုင်ပါတယ်။ ဗားဂျင်းအဲမှာ လုပ်ကတည်းက တစ်နေ့မှာ တန်ဖိုးနည်းလေကြောင်းလိုင်းကို ထောင်မယ်လို့ တိုနီမှာ စိတ်ကူးအိပ်မက်ရှိခဲ့တာ ဖြစ်ပါလိမ့်မယ်။

### ဒုတိယအချက်

စီးပွားရေးခေါင်းဆောင်တစ်ဦးအနေနဲ့ မရှိမဖြစ်ပိုင်ဆိုင်သင့်တဲ့ စွန့်စားရဲတဲ့စိတ်ကို တိုနီ ပိုင်ဆိုင်ပါတယ်။ အမေရိကန်ဒေါ်လာ ၁၁ သန်း အကြွေးတင်နေတဲ့ ကုမ္ပဏီကို ဝယ်တယ်ဆိုတဲ့ သတ္တိက စွန့်စားရဲတဲ့ သတ္တိ ဖြစ်ပါတယ်။ စက်တင်ဘာလ ၁၁ ရက်နေ့ အရေးအခင်းကြောင့် လေကြောင်းလိုင်းတွေ စီးပွားပျက်နေတာကို အခွင့်အရေးယူတွက်ချက်ပြီး တိုနီက သူ့ရဲ့ လေကြောင်းလိုင်းကို အောင်မြင်အောင် ထူထောင်ခဲ့ပါတယ်။

### တတိယအချက်

တိုနီရဲ့ စေတနာပါ။ အာရှတိုက်ကလူတွေ ဈေးနှုန်းချိုသာစွာနဲ့ ခရီးသွားလာနိုင်ရေး၊ လေယာဉ်စီးနိုင်ရေးကို ဦးစားပေးဆောင်ရွက်ခဲ့တဲ့အတွက်ကြောင့် တိုနီ အောင်မြင်ခဲ့တာပါ။

### စတုတ္ထအချက်

တိုနီနဲ့ဗားဂျင်းလေကြောင်းလိုင်း တည်ထောင်သူ ဆာရစ်ချဒ်ဘရန်ဆင်တို့ရဲ့ ပြိုင်ဆိုင်မှုကလည်း စိတ်ဝင်စားစရာပါ။ အပျော်ပြိုင်ကြပြီး အနိုင်၊အရှုံးကနေ အများကောင်းကျိုးအတွက် အလှူငွေရှာသွားတာကလည်း အတုယူစရာပါ။ အောင်မြင်တဲ့သူတွေဆီမှာ "အလုပ်ကို ကြိုးကြိုးစားစား လုပ်မယ်။ ပျော်စရာရှိရင်လည်း အစွမ်းကုန်ပျော်မယ်"ဆို တဲ့ ခံယူချက်ရှိတာကိုလည်း သတိထားမိပါတယ်။ ။

(ဆရာ ကျော်ကျော်လှိုင်၏ "၂၁ ရာစု တစ်လွှား လူသားအကျိုးပြု၍ ချမ်းသာအောင်မြင်လာသူများ" စာအုပ်မှ "အဲအေးရှား၏ ပွဲ့ကိုင်ရှင် တိုနီဖာနန်ဒါစ်" အတ္ထုပ္ပတ္တိဆောင်းပါးကို စာရေးသူ၏ ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။ စာတည်း)

# မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်၌ ဆူပူအကြမ်းဖက်လူစုလူဝေးများတွင် အသုံးပြုရန် ရည်ရွယ်ပေးပို့သောဓားများ သိမ်းဆည်းရမိ



နေပြည်တော် မတ် ၁၃

နိုင်ငံတော်ဆန့်ကျင်ရေးအစုအဝေးများအနေဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ထိပ်တိုက်ရင်ဆိုင်ရာတွင် ထိခိုက်သေကျေစေနိုင်သည့် လက်လုပ်မိုင်းများ၊ ဂျင်ကလိများ၊ လက်လုပ် Gas သေနတ်များကို အသုံးပြု၍ အကြမ်းဖက်ပြုမူဆောင်ရွက်လာကြသည်ကို တွေ့ရှိနေရသည်။

မတ် ၁၃ ရက်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များသည် မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် လက်ဆည်ကန်ကျေးရွာ၌ အများပြည်သူခရီးသွားလာမှုများ လုံခြုံချောမွေ့စေရေးအတွက် ယာဉ်များသွားလာမှုအား စစ်ဆေး ခဲ့ရာ ရန်ကုန်ဘက်သို့ ယာဉ်မောင်း ဆန်းအေး (၅၂)နှစ်၊ ဗမာ/ဗုဒ္ဓ၊ (ဘ)ဦးညွန့်စိန် (၁)ရပ်ကွက် ဖားအံမြို့နေသူမောင်းနှင်ပြီး ယာဉ်နောက်လိုက် ဇော်မျိုးထွန်း(၂၇)နှစ် (ဘ)ဦးမြဦး ဝမ်းတွင်းမြို့နယ်နေသူ လိုက်ပါလာသော 1R/1593(ရွှေစင်) ခရီးသည်တင် မှန်လုံယာဉ်အား ရပ်တန့်စစ်ဆေးခဲ့ရာ ကိုဖြိုး(ရန်ကုန်)၊ အောင်ဇော်ထွန်း (လှိုင်မြို့နယ်)၊ ရှိုင်းလင်းထက်(ရန်ကုန်မြို့) အစရှိသည့် အမည်၊ ဖုန်းနံပါတ်၊ လိပ်စာများပါ ဆာလာအိတ် သုံးအိတ်အတွင်းမှ အရှည် နှစ်ပေ၊ သုံးပေခန့်ရှိ ဓားမျိုးစုံ ၈၁ ချောင်းအားတွေ့ရှိ သိမ်းဆည်းရမိခဲ့ပြီး ၎င်းပစ္စည်းများအား ပျော်ဘွယ်မြို့ မိုးဟိန်းကားဂိတ် ဂိတ်မှူးဖြစ်သူမှ တင်ဆောင်ပေး လိုက်ကြောင်း သိရှိရသည်။

ဆူပူအကြမ်းဖက်သည့် အုပ်စု၏ နောက်ကွယ်မှ ကြိုးကိုင်စေခိုင်းနေသည့် NLD ပါတီ၏ နိုင်ငံတော်အား အကြမ်းဖက်လက်နက်ကိုင်ဆောင်၍ ကြံစည်ကြိုးစားလာမှုများအတွက် နိုင်ငံတော်အေးချမ်းသာယာမှုကို လိုလားသူများက ကြိုတင်သတင်းပေးခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ရခိုင်ပြည်နယ်အတွင်းရှိ တိုက်ပွဲရှောင်ပြည်သူများ ၎င်းတို့၏နေရပ်ဒေသအသီးသီးသို့ ပြန်လည်နေထိုင်နိုင်ရေးအတွက် မိုင်းရှင်းလင်းရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်



နေပြည်တော် မတ် ၁၃

ရခိုင်ပြည်နယ်အတွင်းရှိ တိုက်ပွဲရှောင်ပြည်သူများ ၎င်းတို့၏ နေရပ်ဒေသအသီးသီးသို့ ပြန်လည်နေထိုင်နိုင်ရေးအတွက် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံတပ်မတော်သားများက မိုင်းရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ကြပ်စင်တံတားပတ်ဝန်းကျင်နေရာတစ်ဝိုက်တွင် လည်းကောင်း၊ အမ်းမြို့နယ် ဒါးလက်မြောက်ကျေးရွာ၊ ဘူးသီးတောင်မြို့နယ် ပြင်ရှည်ကျေးရွာ ပတ်ဝန်းကျင်တစ်ဝိုက်နေရာများနှင့် ကျေးရွာချင်းဆက်လမ်းများတွင် လည်းကောင်း မိုင်းရှင်းလင်းရေးလုပ်ငန်းများကို နယ်မြေခံတပ်မတော်သားများက ဆက်လက်ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ သတင်းစဉ်

# ကျွန်းစုမြို့နယ် စခန်းသစ်ကျေးရွာရှိ ပြည်သူတစ်ဦးအား မင်းမဲ့စရိုက်ဆန်စွာ ပြုမူဆောင်ရွက်ခဲ့သည့် ဆူပူဆန္ဒပြသူလူတစ်စုအား ဖမ်းဆီးရမိ

နေပြည်တော် မတ် ၁၃

တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ် စခန်းသစ်ကျေးရွာ အမှတ်(၄)ရပ်ကွက်နေ ဦးတာယာမင်းဒီ၊ မသဇင်ဝေ၊ ဦးသကြိန်ဦးတို့ ဦးဆောင်သည့် ဆူပူအကြမ်းဖက်သူအင်အား ၆၀ ခန့်သည် မတ် ၉ ရက် နံနက် ၉ နာရီခွဲခန့်တွင် အမှတ်(၃) ရပ်ကွက်နေ ဦးအောင်မြင့်(ဘ)ဦးဘမင်း၊ စက်ချုပ်လုပ်ငန်း လုပ်ကိုင်သူ၏ နေအိမ်ရှေ့သို့ လာရောက်စုရုံးပြီး နေအိမ်အား ခဲများဖြင့် ပစ်ပေါက်ခြင်း၊ တံခါးများအား ဖျက်ဆီးခြင်း၊ မော်တော်ဆိုင်ကယ်အား မီးရှို့ခြင်း စသည့် အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်ခဲ့သဖြင့် ဦးအောင်မြင့်၏ သားဖြစ်သူ မောင်မျိုးမြန်မာ အသက် (၂၃)နှစ်တွင် နဖူးပေါက်ပြဲဒဏ်ရာများရရှိခဲ့ပြီး ဆိုင်ကယ်တစ်စီး၊ အပ်ချုပ်စက် သုံးလုံးနှင့် ပရိဘောဂပစ္စည်းများ ပျက်စီးဆုံးရှုံးခဲ့သည့်သတင်းအား ထုတ်ပြန်ပြီးဖြစ်ပါသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက အဆိုပါဖြစ်စဉ်တွင် ပါဝင်ပတ်သက်သူများအား ဖမ်းဆီးရမိရေး ဆောင်ရွက်ခဲ့ရာ ပါဝင်ပတ်သက်သူများအနက်မှ မတ် ၁၁ ရက် နံနက် ၁၀ နာရီခန့်တွင် ဦးညီညီဦး(ဘ)ဦးထွန်းဦး ကျောင်းဆရာ(အလယ်တန်းပြ) ဖြစ်သူအား ၎င်း၏ နေအိမ်တွင်လည်းကောင်း၊ နံနက် ၁၁ နာရီခန့်တွင် မသင်းသင်းအေး (ဘ) ဦးမောင်အေး ငါးခြောက်ရောင်းဝယ်ရေးလုပ်ကိုင်သူအား ၎င်း၏ နေအိမ်တွင် လည်းကောင်း၊ နေ့လယ် ၁ နာရီခွဲခန့်တွင် ဦးမြင့်စိန် (ဘ)ဦးထွန်းရွှေ ငါးဖမ်းလုပ်ငန်း လုပ်ကိုင်သူအား ၎င်း၏ နေအိမ်တွင် လည်းကောင်း အသီးသီးဖမ်းဆီးရမိခဲ့သည်။

အဆိုပါဖမ်းဆီးရမိသူများအား တရားဥပဒေအရ အရေးယူနိုင်ရေးနှင့် ဦးဆောင်သူများနှင့် ပါဝင်ပတ်သက်သူများအား ဖမ်းဆီးရမိရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ သတင်းစဉ်

# အခြေခံပညာကျောင်းများ၌ ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာရေးအတွက် စုပေါင်းသန့်ရှင်းရေးပြုလုပ်

နေပြည်တော် မတ် ၁၃

ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုကြောင့် စာသင်ကြားမှုများအား ရပ်ဆိုင်းထားရှိရာမှ ပြန်လည်ဖွင့်လှစ်ခွင့်ရရှိပါက ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းသာစွာ ပညာသင်ကြားနိုင်စေရန်နှင့် ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာလှပစေရေးအတွက် သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်အသီးသီးမှ တပ်မတော်သားများက အခြေခံပညာကျောင်းများ၌ စုပေါင်းသန့်ရှင်းရေး လုပ်ငန်းများနှင့် လိုအပ်သည့်ထိန်းသိမ်း စောင့်ရှောက်မှုများကို ဆောင်ရွက်ပေးလျက်ရှိသည်။



ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့၊ ဘန်းယဉ်မြို့၊ ဆီဆိုင်မြို့နယ် လွိုင်လင်မြို့၊ လင်းခေးမြို့၊ ကွန်ဟိန်းမြို့၊ မိုင်းနောင်မြို့၊ ကျေးသီးမြို့၊ နမ့်စန်မြို့နှင့် ကယားပြည်နယ် ဘောလခဲမြို့၊ ဖားဆောင်းမြို့၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့၊ မိုင်းယောင်းမြို့နယ်၊ မိုင်းဖြတ်မြို့နယ်၊ မိုင်းခုတ်မြို့နယ်၊ ရခိုင်ပြည်နယ် စစ်တွေမြို့၊ အမ်းမြို့နယ်၊ တပ်တောင်မြို့နယ်ခွဲ၊ စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့၊ ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နှင့် မြို့လှမြို့တို့ရှိ အခြေခံပညာအထက်တန်းကျောင်းများ၊ အခြေခံပညာအထက်တန်း ကျောင်းခွဲများ၊ အခြေခံပညာအလယ်တန်းကျောင်းများ၊ အခြေခံပညာအလယ်တန်း ကျောင်းခွဲများ၊ အခြေခံပညာမူလတန်းလွန်ကျောင်းများ၊ အခြေခံပညာ မူလတန်းကျောင်းများ၌ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်အသီးသီးရှိ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ကျောင်းဝင်းများအတွင်း၊ အပြင်ရှိ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များ ရှင်းလင်းခြင်းနှင့် စာသင်ဆောင်များအတွင်း၊ အပြင်သန့်ရှင်းရေးလုပ်ငန်းများကို စုပေါင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်အတွင်း ညပိုင်း နယ်မြေစိုးမိုးရေး လှည့်ကင်းဆောင်ရွက်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရန်ပြုသဖြင့် ခြောက်လှန့်ပစ်ခတ်လူစုခွဲ

နေပြည်တော် မတ် ၁၃

နိုင်ငံတော်အစိုးရမှ ညမထွက်ရ ဒေသန္တရအမိန့် ထုတ်ပြန်ထားရှိသော အရေးပေါ်ကာလအတွင်း ည ၈ နာရီမှ နံနက် ၄ နာရီအထိ သွားလာမှုကန့်သတ်ထားရှိချိန်တွင် မြို့ရွာ၊ ရပ်ကွက်များအတွင်း လုံခြုံရေးနှင့်တရားဥပဒေစိုးမိုးရေးအတွက်လှည့်ကင်းယာဉ်များဖြင့် လှည့်ကင်းဆောင်ရွက်ခြင်းအား လုံခြုံရေးတပ်ဖွဲ့ဝင်များပူးပေါင်း၍ ညစဉ်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ကြရာတွင် ၂၀၂၁ ခုနှစ် မတ် ၁၂ ရက် ည ၁၂ နာရီခွဲခန့်တွင် လှိုင်မြို့နယ် ၁၆ ရပ်ကွက် မာလာမြိုင်(၃)လမ်းအတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်များက ကင်းလှည့်လည်နေစဉ် ရပ်ကွက်အတွင်းရှိ လူစုလူဝေး ၂၀၀ ခန့်က လေးခွ၊ အုတ်ခဲကျိုး၊ ဓာတ်ဆီဘူးများဖြင့် ပစ်ပေါက်ခြင်းတို့ ဆောင်ရွက်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ခြောက်လှန့်ပစ်ခတ်လူစုခွဲခဲ့ရာ နံနက် ၁ နာရီ ၁၅ မိနစ်တွင် လူစုကွဲသွားခဲ့သည်။

၎င်းဖြစ်စဉ် ဖြစ်ပွားခဲ့ပြီးနောက် ကမာရွတ်မြို့နယ် ဂရင်းဟန်သာဆေးရုံတွင် လှိုင်မြို့နယ်ဘက်မှ လူနာ တစ်ဦးရောက်ရှိနေကြောင်း သတင်းရရှိသဖြင့် မြေပြင်ဆက်သွယ်စုံစမ်းခဲ့ရာ လှိုင်မြို့နယ် ၁၆ ရပ်ကွက် မာလာမြိုင်(၃)လမ်းဖြစ်စဉ်မှ ဦးခေါင်းတွင် ထိခိုက်ဒဏ်ရာရရှိခဲ့သူဖြစ်ကြောင်း သိရှိရကာ ၎င်းလူနာအား မိခင်ဖြစ်သူမှ နေအိမ်ရှိရာ မှော်ဘီသို့ ပြန်လည်ခေါ်ဆောင်သွားစဉ် သေဆုံးသွားခဲ့ကြောင်း သိရှိရသဖြင့် သေဆုံးမှုဖြစ်စဉ်နှင့်ပတ်သက်၍ ဥပဒေနှင့်အညီ သေမှုသေခင်းရေးဖွင့်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ သတင်းစဉ်

# သံဃာတော်၊ သီလရှင်၊ နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူများအား ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံ



**တာလေ**
တာလေမြို့တွင် အသက်ရှုလမ်းကြောင်းဆိုင်ရာ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး COVISHIELD ထိုးနှံပေးခြင်းကို မတ် ၁၁ ရက်က စတင်ဆောင်ရွက်ပေးလျက်ရှိပြီး ဒုတိယနေ့အဖြစ် မတ် ၁၂ ရက်က ဌာနဆိုင်ရာဝန်ထမ်းများအပြင် အသက် ၆၅ နှစ်အထက်ရှိ သက်ကြီးဘိုးဘွားများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများအား ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာလေမြို့ တာလေဘုန်းတော်ကြီးကျောင်းခန်းမဆောင်အတွင်း ကာကွယ်ဆေးများ ဆက်လက်ထိုးနှံပေးခဲ့ကြောင်း သိရသည်။

တာလေမြို့ရှိ ဌာနဆိုင်ရာဝန်ထမ်းများအပြင် အသက် ၆၅ နှစ်အထက်ရှိသက်ကြီးဘိုးဘွားများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများအား ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုမရှိစေရေးနှင့် ရောဂါကူးစက်မှုများ မဖြစ်ပေါ်စေရေးအတွက် ကာကွယ်ဆေး COVISHIELD များကို နယ်မြေခံတပ်မတော်ဆေးတပ်ဖွဲ့ဝင်များနှင့် တာလေမြို့ ပြည်သူ့ကျန်းမာရေးဝန်ထမ်းများက ပူးပေါင်းထိုးနှံပေးကြပြီး သက်ဆိုင်ရာဌာနဆိုင်ရာတာဝန်ရှိသူများနှင့် လူမှုရေးအသင်းအဖွဲ့များက အနီးကပ်နေ၍ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးလျက်ရှိသည်။

"တာလေမြို့ရှိ ဌာနဆိုင်ရာဝန်ထမ်းများအပြင် အသက် ၆၅ နှစ်အထက် သက်ကြီးရွယ်အိုများ၊ ဘာသာရေးဆိုင်ရာအဖွဲ့အစည်းများနှင့် လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံတိုင်းရင်းသားပြည်သူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး COVISHIELD ထိုးနှံရန် ပထမအကြိမ်အဖြစ် လူဦးရေ ၁၂၉၃ ဦး ထိုးနှံပေးသွားမှာဖြစ်ပါတယ်။ ကာကွယ်ဆေးထိုးကာလကို မတ် ၁၁ ရက်မှ ၁၅ ရက်အတွင်း အပြီးသတ်ထိုးနှံပေးသွားဖို့ လျာထားပါတယ်။ မတ် ၁၂ ရက်အထိ ကာကွယ်ဆေးထိုးပြီးသူ ၂၀၇ ဦးရှိပြီး ကျန်ရှိသူများကို ဆက်လက်ထိုးနှံပေးသွားပါမယ်" ဟု တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

**အောင်ကျော်မိုး (ပြန်/ဆက်)**

**အုတ်ဖို**
ပဲခူးတိုင်းဒေသကြီး အုတ်ဖိုမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများအား ပထမအကြိမ် ကိုဗစ်-၁၉ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းကို မတ် ၁၂ ရက် နံနက် ၁၀ နာရီက မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ရုံးစုရပ်၌ ကျင်းပသည်။

အဆိုပါ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံရာတွင် အုတ်ဖိုမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဇော်မင်းနှင့် မြို့နယ်အုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်များ၏ အုပ်ချုပ်မှုဆိုင်ရာ ပံ့ပိုးကူညီမှု၊ မြို့နယ်ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး (မြို့နယ်ဆရာဝန်ကြီး) ဒေါက်တာသန့်ဇော်မောင်၊ မြို့နယ်လက်ထောက်ဆရာဝန် ဒေါက်တာမင်းထက်ကျော်တို့၏ အနီးကပ်ကြီးကြပ်မှုဖြင့် ကျန်းမာရေးဝန်ထမ်းများက မြို့နယ်အဆင့် ဌာနဆိုင်ရာများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးကြကြောင်း သိရသည်။

အဆိုပါ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံရာတွင် ဌာနဆိုင်ရာဝန်ထမ်းများအား ကျန်းမာရေးဝန်ထမ်းများက ကာကွယ်ဆေးထိုးနှံခြင်းမပြုမီ ကိုယ်အပူချိန်တိုင်းတာပေးခြင်း၊ သွေးပေါင်ချိန် တိုင်းတာပေးခြင်း၊ သွေးအတွင်း အောက်ဆီဂျင် ပါဝင်မှုပမာဏ တိုင်းတာပေးခြင်း၊ စာရင်းဇယားမှတ်တမ်းယူခြင်းများ ဆောင်ရွက်ပေးကာ ပုံမှန်အနေအထားရှိမှသာ ကာကွယ်ဆေးထိုးနှံပေးခြင်းဖြစ်ပြီး ပထမအကြိမ် ကာကွယ်ဆေးထိုးနှံပြီးသူများအား လေးပတ်အကြာတွင် ဒုတိယအကြိမ် ကာကွယ်ဆေးကို ထပ်မံထိုးနှံပေးမည်ဖြစ်ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

**မောင်တော**
ရခိုင်ပြည်နယ် မောင်တောမြို့၌ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများအား ပထမအကြိမ်အဖြစ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများကို မတ် ၁၂ ရက် နံနက် ၉ နာရီမှစ၍ မြို့နယ်ပြည်သူ့ဆေးရုံနှစ်ထပ်ဆောင်တွင် စတင်ထိုးနှံပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ကာကွယ်ဆေးထိုးနှံခြင်းမပြုမီ ကျန်းမာရေးဝန်ထမ်းများက လာရောက်ထိုးနှံသည့် ခရိုင်/မြို့နယ် ဌာနဆိုင်ရာများအား ကိုယ်အပူချိန်တိုင်းတာခြင်း၊ သွေးပေါင်ချိန်တိုင်းတာပေးခြင်းများ ဆောင် ရွက်ပေးကာ ပုံမှန်အခြေအနေရှိမှသာ စနစ်တကျ ကာကွယ်ဆေးထိုးနှံပေးပြီး ထိုးနှံပြီးသည့်သူများကို မိနစ် ၃၀ ခန့် အနားယူစေကာ ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးသည်။

မောင်တောမြို့နယ်ရှိ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာစာရင်းရှိ ၂၆၉၃ ဦးရှိရာ မြို့နယ်အတွက် ခွဲတမ်းရရှိသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအရေအတွက် အလုံးရေ ၂၉၀ ရရှိပြီး ကာကွယ်ဆေးတစ်လုံးကို လူ ၁၀ ဦးအထိ ထိုးပေး၍ရကြောင်း သိရသည်။

ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများအား ကာကွယ်ဆေးထိုးနှံပေး ခြင်းကို မတ် ၁၂ ရက်မှ ၁၆ ရက်အထိ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်များနှင့်အညီ ထိုးနှံပေးလျက်ရှိကြောင်း သိ ရသည်။

အဆိုပါ အိန္ဒိယနိုင်ငံထုတ် Covidshieid ကာကွယ်ဆေးထိုးနှံပေးခြင်းကို ခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များက လာရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များကို ဆောင်ရွက်ပေးကြောင်း သိရသည်။

**သက်လွင်စိုး (ခရိုင် ပြန်/ဆက်)**


**ကသာ**
စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ပြည်သူ့ဆေးရုံကြီး၌ ကသာမြို့နယ်အတွင်းရှိ သံဃာတော်များ၊ သီလရှင်များနှင့် ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ နိုင်ငံ့ဝန်ထမ်းများအား မတ် ၁၂ ရက် နံနက် ၈ နာရီမှစ၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ထိုးနှံပေးသည်။

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို မြို့နယ်အတွင်းရှိ သံဃာတော် ၃၁ ပါး၊ သီလရှင် ၁၄ ပါးနှင့် ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ နိုင်ငံ့ဝန်ထမ်း ၅၁၅ ဦးတို့အား နံနက်ပိုင်းနှင့် ညနေပိုင်း အချိန်ခွဲ၍ ထိုးနှံပေးခဲ့ကြောင်း၊ ယင်းသို့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံရာတွင် နိုင်ငံ့ဝန်ထမ်းများအပြင် ဝန်ထမ်းများ၏ အတူနေမိသားစုဝင်များကိုပါ ထိုးနှံပေးခဲ့ပြီး ခရိုင်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူများကလည်း ကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



## ဗန်းမောက်မြို့နယ် ညောင်ခြေထောက်-ဘူးတောင်းလမ်းအဝင် ခေါ်ပုတ်ချောင်းကူးတံတားတည်ဆောက်



**ဗန်းမောက် မတ် ၁၃**
စစ်ကိုင်းတိုင်းဒေသကြီး ဗန်းမောက်မြို့နယ် လေးသီကျေးရွာအနီး ညောင်ခြေထောက်-ဘူးတောင်းလမ်းမပေါ်ရှိ ခေါ်ပုတ်ချောင်းကူးတံတားတစ်စင်းအား ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၂၉ ရက်မှ စတင်၍ တည်ဆောက်လျက်ရှိသည်။

အရှည်ပေ ၁၅၀၊ အကျယ် ၁၂ ပေ၊ ရေလယ်ကင်းလွတ်အမြင့် ပေ ၂၀၊ ကမ်းကပ်ခုံနှစ်ခု၊ ရေလယ်တိုင်နှစ်တိုင်ရှိ နှစ်လွှာတစ်ထပ် ဘေလီတံတားဖြစ်ပြီး ဇူလိုင်လအကုန်အပြီးတည်ဆောက်သွားရန် မြို့နယ်နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်မြင့်ထွန်းနှင့် တာဝန်ရှိသူအဖွဲ့က မတ် ၁၂ ရက်က တံတားကြီး အချိန်မီပြီးစီးနိုင်ရေးအတွက် သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

မိုးရာသီရောက်ပါက ခေါ်ပုတ်ချောင်းသည် ရေကြီးရေလျှံမှုများ နှစ်စဉ်ဖြစ်ပေါ်လျက်ရှိသောကြောင့် လူနှင့်ဆိုင်ကယ်များ ဖြတ်သန်းသွားလာနိုင်ရန် ကိုယ့်အားကိုယ်ကိုး အလှူရှင်များ၏ ထည့်ဝင်လှူဒါန်းငွေများဖြင့် သစ်သားတံတားတစ်စင်းကို တည်ဆောက်ပေးထားပြီး လူနှင့်ဆိုင်ကယ်များ သွားလာရေး အဆင်ပြေလာကြသော်လည်း ကားကြီး၊ ကားငယ်များမှာ ချောင်းရေအကျကို စောင့်ဆိုင်းနေကြရသဖြင့် အချိန်ကြန့်ကြာမှုရှိခဲ့ပြီး သွားလာရေးအခက်အခဲများစွာ ရှိခဲ့ကြသည်။

ယခုအခါ ခေါ်ပုတ်ချောင်းကူး နှစ်လွှာတစ်ထပ် ဘေလီတံတားကြီးကို တည်ဆောက်နေပြီဖြစ်၍ အဆိုပါတံတားကြီး တည်ဆောက်ပြီးစီးသွားပါက လူ၊ ဆိုင်ကယ်၊ ကားငယ်များနှင့် တန် ၂၀ တင်ဆောင်နိုင်သည့် ကားကြီးများပါ သွားလာနိုင်တော့မည်ဖြစ်၍ ဗန်းမောက်မြို့နယ် မြောက်ပိုင်းမံထုံဒေသစိပ်ရှိ ကျေးရွာပေါင်း ၅၀ သို့ ကုန်စည်စီးဆင်းမှုသာမက စီးပွားရေး၊ လူမှုရေး၊ ပညာရေးနှင့် ကျန်းမာရေးတို့အတွက် အချိန်တိုအတွင်း သွားလာရေး လွယ်ကူချောမွေ့ ကောင်းမွန်လာတော့မည်ဖြစ်သည်။ **လှိုင်ဘွား (ဗန်းမောက်)**

## မိတ္ထီလာခရိုင်အတွင်း ကျေးလက်ကုန်ထုတ်လမ်းများ အဆင့်မြှင့်တင်

**မိတ္ထီလာ မတ် ၁၃**
မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင်အတွင်းရှိ ကျေးရွာရှစ်ရွာတွင် ဒေသထွက်ကုန်များ သယ်ယူပို့ဆောင်ရာတွင် အဆင်ပြေစေရန် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ရန်ပုံငွေကျပ် သန်း ၆၆၀ ကျော်ဖြင့် ကျေးလက်ကုန်ထုတ်လမ်းများကို အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

မိတ္ထီလာခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကွပ်ကဲမှုအောက်ရှိ မိတ္ထီလာ၊ ဝမ်းတွင်း၊ သာစည်၊ မလှိုင်မြို့နယ်တို့မှ ကျေးရွာရှစ်ရွာတွင် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ရန်ပုံငွေကျပ် ၆၆၀ ဒသမ ၀၅၄ သန်းဖြင့် ကျေးလက်ကုန်ထုတ်လမ်း ရှစ်လမ်း၊ ကွန်ကရစ်တံတားတစ်စင်း၊ ရေကျော်တံတားသုံးစင်း၊ Slab Culvert ၁၇ စင်းတို့ကို ကုမ္ပဏီများက ဇန်နဝါရီ ၁၅ ရက်မှ စတင်၍ တာဝန်ယူဆောင်ရွက်လျက်ရှိသည်။

အဆိုပါလုပ်ငန်းများပြီးစီးပါက ထုတ်ကုန်များကို ကုန်ကျစရိတ်အနည်းဆုံးဖြင့် ဈေးကွက်အတွင်းသို့ လျင်မြန်စွာရောက်ရှိတော့မည်ဖြစ်ကြောင်း သိရသည်။

**သိန်းမြင့်ကျော်**
**(မိတ္ထီလာ)**

■




# လမ်းခွဲလိုက်ပြီဖြစ်တဲ့ ဂျနီဖာလိုပက်ဇ်နဲ့ အဲလက်ရော့ဒရီဂွက်ဇ်

လတ်တလောမှာတော့ ဟောလိဝုဒ်ရဲ့ ကျော်ကြားတဲ့ ကြယ်ပွင့်စုံတွဲတစ်တွဲ လမ်းခွဲလိုက်ပြီဆိုတဲ့ သတင်းပေါ်ထွက်လာခဲ့ပါတယ်။ သူတို့တွေကတော့ ကျော်ကြားတဲ့ တေးသံရှင်နဲ့ သရုပ်ဆောင်တစ်ဦးဖြစ်သူ ဂျနီဖာလိုပက်ဇ်နဲ့ ဘေ့စ်ဘောကစားသမားတစ်ဦးဖြစ်သူ အဲလက်ရော့ဒရီဂွက်ဇ်တို့ ဖြစ်ကြပါတယ်။ သူတို့နှစ်ဦးဟာ ချစ်သူတွေအဖြစ် လေးနှစ်ကြာ လက်တွဲခဲ့ပြီးနောက် ယခုလို လမ်းခွဲဖို့ရာ ဆုံးဖြတ်ခဲ့ကြတာဖြစ်ကြောင်း အေးရှားဝမ်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

သတင်းရင်းမြစ်တစ်ဦးရဲ့ ပြောကြားချက်အရ အဲလက်ရော့ဒရီဂွက်ဇ်ဟာ လာမယ့် ဘေ့စ်ဘောရာသီအတွက် အဆင်သင့်ဖြစ်နေပြီးလက်ရှိမှာ မိုင်ယာမီမှာ ရောက်ရှိနေပါတယ်။ ဂျနီဖာလိုပက်ဇ်ကတော့ ဒိုမီနီကန်သမ္မတနိုင်ငံမှာ ရောက်ရှိနေကာ ရုပ်ရှင်သစ်ရိုက်ကူးနေတာဖြစ်တယ်လို့လည်း သိရပါတယ်။

ကျော်ကြားတဲ့ ကြယ်ပွင့်စုံတွဲတစ်တွဲဖြစ်တဲ့ သူတို့နှစ်ဦး လမ်းခွဲလိုက်ပြီဆိုတဲ့ သတင်းဟာ ပရိသတ်တွေကို အံ့အားသင့်စေခဲ့ပါတယ်။ အဲလက်ရော့ဒရီဂွက်ဇ်ကို မကြာသေးမီက ဂျနီဖာလိုပက်ဇ်ရဲ့ ရုပ်ရှင်ရိုက်ကွင်းမှာတွေ့ခဲ့ရပြီး သူတို့နှစ်ဦးရဲ့ ဆက်ဆံရေးဟာလည်း ကောင်းမွန်နေဆဲဖြစ်တာ တွေ့ရပါတယ်။ ဂျနီဖာလိုပက်ဇ်ရဲ့ ရုပ်ရှင် Shotgun Wedding ကို ဒိုမီနီကန်သမ္မတနိုင်ငံမှာ သွားရောက်ရိုက်ကူးနေတာဖြစ်ပြီး အဆိုပါရိုက်ကွင်းမှာ အဲလက်ရော့ဒရီဂွက်ဇ်ကို အတူတွေ့ခဲ့ရတာလည်း ဖြစ်ပါတယ်။

ယခင်ကပြုလုပ်ခဲ့တဲ့ အင်တာဗျူးမှာ အဲလက်ရော့ဒရီဂွက်ဇ်က သူ့အနေနဲ့ ဂျနီဖာလိုပက်ဇ်နဲ့ လက်ထပ်ပွဲကို ထပ်မံရွှေ့ဆိုင်းလိုခြင်းမရှိတော့ကြောင်း ပြောကြားခဲ့ပါတယ်။ သူတို့နှစ်ဦးဟာ စေ့စပ်ခဲ့ပြီးဖြစ်ကာ မင်္ဂလာပွဲကိုပြုလုပ်သွားဖို့ စီစဉ်ခဲ့ပြီးဖြစ်ပေမယ့် ကမ္ဘာတစ်ဝန်းဖြစ်ပွားနေတဲ့ ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုတွေကြောင့် မင်္ဂလာပွဲကျင်းပမယ့်ရက်ကို နှစ်ကြိမ်တိုင်ရွှေ့ဆိုင်းခဲ့ရတာပါ။ ဒီလိုရွှေ့ဆိုင်းခဲ့ရတာနဲ့ပတ်သက်ပြီး အဲလက်ရော့ဒရီဂွက်ဇ်က သူ့အနေနဲ့ ၂၀၂၀ ပြည့်နှစ်အတွင်း ကျင်းပဖို့ရာ စီစဉ်ထားတဲ့ မင်္ဂလာပွဲတွေကို နှစ်ကြိမ်တိုင်ရွှေ့ဆိုင်းပြီးနောက် သုံးကြိမ်မြောက် ရွှေ့ဆိုင်းလိုခြင်းမရှိဘဲ ကျင်းပသွားလိုကြောင်း ပြောကြားခဲ့ပါတယ်။ ဒါပေမယ့် ဂျနီဖာလိုပက်ဇ်ရဲ့ မင်္ဂလာပွဲနဲ့ ပတ်သက်တဲ့ ဆန္ဒကတော့ အဲလက်ရော့ဒရီဂွက်ဇ်နဲ့ ထပ်တူမကျခဲ့ပါဘူး။ ဂျနီဖာလိုပက်ဇ်ရဲ့ အဆိုအရ သူ့အနေနဲ့ မင်္ဂလာပွဲကို အလျင်စလိုလုပ်မှာမဟုတ်ကြောင်းနဲ့ သူ့ရဲ့ စိတ်ကူးထဲက မင်္ဂလာပွဲပုံစံအတိုင်း ကျင်းပသွားလိုကြောင်းလည်း သိရပါတယ်။

လက်ရှိပေါ်ထွက်လာတဲ့ လမ်းခွဲလိုက်ပြီဆိုတဲ့ သတင်းနဲ့ ပတ်သက်ပြီး ကာယကံရှင်တွေက တစ်စုံတစ်ရာ အတည်ပြုပြောကြားတာမျိုးတော့ မတွေ့ရပါဘူး။ ဒါ့အပြင် လမ်းခွဲလိုက်ရတဲ့ အကြောင်းရင်း အတိအကျကိုလည်း မသိရှိရဘဲ လမ်းခွဲခြင်းဟာလည်း အပြီးတိုင်လမ်းခွဲလိုက်တာလား ခေတ္တလမ်းခွဲခြင်းမျိုးလားဆိုတာကိုတော့ စောင့်ကြည့်ရမှာပဲ ဖြစ်ပါတယ်။


**အေးပြည့် – စုစည်းသည်**

# ရိုဇ်ရဲ့ တေးအယ်လ်ဘမ်သစ် ကမ္ဘာတစ်ဝန်းက တေးဂီတဇယားတွေကို ဦးဆောင်

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသမီးတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ BLACK PINK ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ရိုဇ်ဟာ လတ်တလောမှာ တစ်ကိုယ်တော်တေးအယ်လ်ဘမ်သစ် R ကို စတင်ထုတ်လွှင့်ခဲ့တာ ဖြစ်ပါတယ်။ အဆိုပါ တေးအယ်လ်ဘမ်စတင်ထုတ်လွှင့်ပြီးနောက် ၂၄ နာရီအတွင်းမှာ ရိုဇ်ဟာ ကမ္ဘာတစ်ဝန်းမှာရှိတဲ့ တေးဂီတဇယားတွေကို ဦးဆောင်နေကြောင်း စွန်ပီဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

အဆိုပါတေးအယ်လ်ဘမ်ဟာ ရိုဇ်အတွက် ပထမဆုံးသော တစ်ကိုယ်တော်တေးအယ်လ်ဘမ်ဖြစ်ပြီး မတ် ၁၂ ရက်က စတင်ထုတ်လွှင့်ပေးခဲ့တာပါ။ တေးအယ်လ်ဘမ်သစ်ထုတ်လွှင့်မှုနဲ့အတူ ယင်းတေးအယ်လ်ဘမ်မှာပါဝင်တဲ့ တေးသီချင်းတစ်ပုဒ်ဖြစ်တဲ့ On The Ground ရဲ့ တေးဗီဒီယိုကိုလည်း ထုတ်လွှင့်ပေးခဲ့ပါတယ်။ အဆိုပါ တေးဗီဒီယိုကို ကြည့်ရှုသူများပြားခဲ့ပြီး မတ် ၁၃ ရက်မှာတော့ ကမ္ဘာတစ်ဝန်းက အိုင်ကျွန်းတေးဂီတဇယားတွေရဲ့ နံပါတ်တစ်နေရာကို ရယူထားနိုင်ခဲ့ကြောင်းလည်း သိရပါတယ်။

On The Ground ဟာ ဒေသတွင်းတေးဂီတဇယားတွေကိုလည်း ဦးဆောင်ထားနိုင်ပြီး ကမ္ဘာတစ်ဝန်းမှာ နိုင်ငံနဲ့ ဒေသ ၅၁ ခုမှာရှိတဲ့ အိုင်ကျွန်းတေးဂီတဇယားတွေမှာ နံပါတ်တစ်နေရာရနေတာပါ။ ဒ့ါအပြင် အဆိုပါ တေးဗီဒီယိုဟာ စတင်ထုတ်လွှင့်ပြီးနောက် ၂၁ နာရီအတွင်းမှာပင် ကြည့်ရှုသူ ၃၆ သန်းကျော်လွန်ခဲ့ပါတယ်။ ရိုဇ်ရဲ့ တစ်ကိုယ်တော်တေးအယ်လ်ဘမ် R ဟာလည်း စတင်မထုတ်လွှင့်မီကပင် စံချိန်သစ်တင်နိုင်ခဲ့ပါတယ်။ အဆိုပါ တေးအယ်လ်ဘမ်ဟာ အမျိုးသမီး ကေပေ့ါပ်တေးသံရှင်တွေ ထုတ်လွှင့်ခဲ့သမျှသော တေးအယ်လ်ဘမ်တွေအနက် ကြိုတင်မှာယူသူ အများဆုံးရရှိခဲ့တဲ့ တေးအယ်လ်ဘမ်အဖြစ်လည်း မှတ်တမ်းသစ်တင်ခဲ့တာ ဖြစ်ပါတယ်။



အဆိုပါ တေးအယ်လ်ဘမ်သစ်မှာ အင်္ဂလိပ်လိုသီဆိုထားတဲ့ တေးသီချင်းတွေသာပါဝင်ပြီး ရိုဇ်ဟာ သူ့ရဲ့ တစ်ကိုယ်တော်တေးအယ်လ်ဘမ်သစ်နဲ့ ပတ်သက်ပြီး ဖျော်ဖြေမှုတွေပြုလုပ်သွားဖို့ရာလည်း စီစဉ်ထားပါတယ်။ မတ် ၁၄ ရက်မှာ SBS ရုပ်သံလိုင်းက ထုတ်လွှင့်မယ့်အစီအစဉ် Inkigayo မှာ သူ့ရဲ့ တေးသီချင်း On The Ground ကို ဖျော်ဖြေပေးမှာဖြစ်ပြီး မတ် ၁၆ ရက်မှာ The Tonight Show Starring Jimmy Fallon အစီအစဉ်မှာ ပါဝင်ဖျော်ဖြေတင်ဆက်သွားမှာဖြစ်ကြောင်းလည်း သိရပါတယ်။



# အွန်လိုင်းဖျော်ဖြေပွဲမှာ BTS ပါဝင်တင်ဆက်

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသားတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ BTS ဟာ လတ်တလောမှာ ပြုလုပ်ခဲ့တဲ့ အွန်လိုင်းတေးဂီတဖျော်ဖြေပွဲတစ်ခုမှာ Virtual စနစ်ဖြင့် ပါဝင်ဖျော်ဖြေခဲ့ပါတယ်။ အဆိုပါ ဖျော်ဖြေပွဲဟာ ဂရမ်မီသီတင်းပတ်အတွက် ပြုလုပ်တဲ့ ရန်ပုံငွေဖျော်ဖြေပွဲတစ်ခုဖြစ်ကြောင်း စွန်ပီဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

မတ် ၁၂ ရက်မှာ အဆိုပါ ဖျော်ဖြေပွဲ ပြုလုပ်ခဲ့တာဖြစ်ပြီး Music On A Mission လို့ အမည်ပေးထားတဲ့ ယင်းဖျော်ဖြေပွဲမှာ BTS က အဖွဲ့ရဲ့ အောင်မြင်ခဲ့တဲ့ တေးသီချင်းတစ်ပုဒ်ဖြစ်တဲ့ Dynamite နဲ့ ဖျော်ဖြေခဲ့တာပါ။ အဆိုပါ တေးသီချင်းဟာ အဖွဲ့အတွက် ဂရမ်မီဆုဆန်ခါတင်စာရင်းမှာ ပထမဆုံးပါဝင်စေခဲ့တဲ့ တေးသီချင်းဖြစ်ကြောင်းလည်း သိရပါတယ်။ ယင်းဖျော်ဖြေမှုအတွင်း ဂျုံးဂုက ဒရမ်တီးခတ်ကာ ဖျော်ဖြေပေးခဲ့တာကိုလည်း တွေ့ရပါတယ်။

ယခုနှစ်အတွက် ဂရမ်မီဆုပေးပွဲကို မကြာမီပြုလုပ်သွားမှာဖြစ်ပြီး အဆိုပါ အခမ်းအနားမှာ BTS လည်း ပါဝင်ဖျော်ဖြေမှာပါ။ BTS ဟာ ယခုနှစ် ဂရမ်မီဆုပေးပွဲမှာ အကောင်းဆုံးပေ့ါပ်တေးဂီတဖျော်ဖြေမှုဆုအတွက် ဆန်ခါတင်စာရင်းဝင်ထားကြောင်းလည်း သိရပါတယ်။



# ရွှေရုပ်ရှင်ပွဲတော်မှာ လူကြိုက်အများဆုံးဆု ရရှိခဲ့တဲ့ ယွန်န

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ တေးသံရှင်တစ်ဦးဖြစ်ပြီး သရုပ်ဆောင်တစ်ဦးအဖြစ်လည်း အောင်မြင်နေတဲ့ ယွန်နဟာ လတ်တလောမှာ ပြုလုပ်ခဲ့တဲ့ အကြိမ် ၄၀ မြောက် ရွှေရုပ်ရှင်ဆုပေးပွဲမှာ လူကြိုက်အများဆုံးဆုကို ဆွတ်ခူးနိုင်ခဲ့ကြောင်း အောကေပေ့ါပ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

မတ် ၁၁ ရက်မှာ ပြုလုပ်ခဲ့တဲ့ အဆိုပါဆုပေးပွဲကို ယွန်န တက်ရောက်ခဲ့တာပါ။ ယင်းဆုပေးပွဲမှာ ယွန်နဟာ သူပါဝင်သရုပ်ဆောင်ထားတဲ့ ရုပ်ရှင် Exit နဲ့ လူကြိုက်အများဆုံးဆုကို ဆွတ်ခူးခဲ့တာဖြစ်တယ်လို့ သိရပါတယ်။

Exit ရုပ်ရှင်မှာ ယွန်နဟာ ခေါင်းဆောင်မင်းသမီးအဖြစ် ပါဝင်သရုပ်ဆောင်ထားတာလည်း ဖြစ်ပါတယ်။ ယွန်နဟာ ကေပေ့ါပ်တေးသံရှင်တစ်ဦးအဖြစ် အနုပညာလုပ်ငန်းတွေကို စတင်ခဲ့ကာ ကျော်ကြားတဲ့ တေးသံရှင်တစ်ဦးအဖြစ် အချိန်အတော်ကြာ ရပ်တည်ခဲ့ပြီးနောက် သရုပ်ဆောင်လုပ်ငန်းတွေကို စတင်ခဲ့တာဖြစ်ပါတယ်။ ဇာတ်လမ်းတွဲနဲ့ ရုပ်ရှင်တွေမှာ ပါဝင်သရုပ်ဆောင်ခဲ့ပြီးနောက် ပရိသတ်အားပေးမှုကို အခိုင်အမာရရှိခဲ့ပြီးဖြစ်ပါတယ်။ ယွန်နဟာ နောက်ပိုင်းမှာလည်း သရုပ်ဆောင်တစ်ဦးအဖြစ် ရုပ်ရှင်နဲ့ ရုပ်သံဇာတ်လမ်းတွဲတွေမှာ သရုပ်ဆောင်ခြင်းကို ဦးစားပေးလုပ်ဆောင်သွားမှာဖြစ်ကြောင်းလည်း သိရပါတယ်။

## စီရိုနယ်လ်ဒိုကို ခေါ်ယူခဲ့ခြင်းဟာ မှားယွင်းမှုတစ်ခုဖြစ်ခဲ့ဟု ဂျူဗင်တပ်အသင်းဥက္ကဋ္ဌဟောင်း ဂျီယိုဗန်နီ ကိုဘိုလ်လီ ပြောကြား

တိုက်စစ်မှူး စီရိုနယ်လ်ဒိုကို စာချုပ်ချုပ်ဆိုခေါ်ယူခဲ့ခြင်းဟာ အီတလီစီးရီးအေလက်ရှိချန်ပီယံ ဂျူဗင်တပ်အသင်းအတွက် မလုပ်သင့်တဲ့ မှားယွင်းမှုတစ်ခုဖြစ်ခဲ့တယ်လို့ ဂျူဗင်တပ်အသင်းဥက္ကဋ္ဌဟောင်း ဂျီယိုဗန်နီကိုဘိုလ်လီက ပြောကြားခဲ့ပါတယ်။

ဂျူဗင်တပ်အသင်းဟာ ၂၀၁၈ ခုနှစ် နွေရာသီအပြောင်းအရွှေ့ကာလအတွင်းက ပေါ်တူဂီ တိုက်စစ်မှူး စီရိုနယ်လ်ဒိုကို ပြောင်းရွှေ့ကြေးပေါင် ၈၈ သန်း၊ တစ်နှစ်လုပ်ခလစာပေါင် ၂၈ သန်းနဲ့ ခေါ်ယူခဲ့တာဖြစ်ပြီး ဂျူဗင်တပ်အသင်းက ပေါ်တိုအသင်းကို ရှုံးနိမ့်ကာ ချန်ပီယံလိဂ် ၁၆ သင်းအဆင့်ကနေ ထွက်ခဲ့ရပြီးနောက်မှာ ဂျူဗင်တပ်အသင်းဥက္ကဋ္ဌဟောင်းက စီရိုနယ်လ်ဒိုကို ပြစ်တင်ပြောကြားခဲ့တာဖြစ်ပါတယ်။

ဂျူဗင်တပ်အသင်းနဲ့ ပေါ်တိုအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့တဲ့ ချန်ပီယံလိဂ် ၁၆ သင်းအဆင့်မှာ နှစ်ကျော့ပေါင်း ရလဒ် လေးဂိုး-လေးဂိုးနဲ့ ပွဲပြီးဆုံးခဲ့ပေမယ့် အဝေးဂိုးစည်းမျဉ်းအရ ဂျူဗင်တပ်အသင်းဟာ ချန်ပီယံလိဂ်ပြိုင်ပွဲကနေ ထွက်ခဲ့ရတာဖြစ်ပါတယ်။

တိုက်စစ်မှူး စီရိုနယ်လ်ဒိုရဲ့ ဂျူဗင်တပ်အသင်းနဲ့အတူ နှစ်နှစ်ခွဲကြာဖြတ်သန်းခဲ့မှုမှာ အီတလီစီးရီးအေဖလား နှစ်ကြိမ်နဲ့ ကိုပါအီတာလီယာဖလား နှစ်ကြိမ်ရယူပေးနိုင်ခဲ့တာဖြစ်ပေမယ့် ဥရောပပြိုင်ပွဲမှာတော့ အခုအချိန်အထိ အောင်မြင်မှုမရရှိသေးတာဖြစ်ပါတယ်။

တိုက်စစ်မှူး စီရိုနယ်လ်ဒိုဟာ ရီးယဲလ်မက်ဒရစ်အသင်းမှာ ရှိနေစဉ်က ကမ္ဘာ့အကောင်းဆုံးကစားသမားဆု(ဘလွန်းဒီအောဆု)ကို ငါးကြိမ်အထိ ရယူဆွတ်ခူးနိုင်ခဲ့တာဖြစ်ပေမယ့် လက်ရှိကလပ် ဂျူဗင်တပ်အသင်းနဲ့အတူ ဥရောပပြိုင်ပွဲတွေမှာ အောင်မြင်မှုမရရှိခဲ့တာကြောင့် ဂျူဗင်တပ်အသင်းက စီရိုနယ်လ်ဒိုကို နွေရာသီအပြောင်းအရွှေ့ကာလအတွင်းမှာ အလွတ်ပြောင်းရွှေ့ကြေးနဲ့ ရောင်းချဖို့လည်း စီစဉ်နေတယ်လို့ သိရပါတယ်။

တိုက်စစ်မှူး စီရိုနယ်လ်ဒိုဟာ လက်ရှိမှာ အသက် ၃၆ နှစ်အရွယ်ရှိပြီဖြစ်ပြီး ဂျူဗင်တပ်အသင်းနဲ့အတူ ပွဲစဉ်စုစုပေါင်း ၁၃၁ ပွဲ ပါဝင်ကစားပေးထားကာ သွင်းဂိုး ၉၂ ဂိုးအထိ သွင်းယူပေးထားတာဖြစ်ပါတယ်။ ဂျူဗင်တပ်အသင်းဟာ တိုက်စစ်မှူး စီရိုနယ်လ်ဒိုကို ခေါ်ယူစဉ်က ငါးနှစ်သက်တမ်းရှိ စာချုပ်တစ်ရပ်ချုပ်ဆိုခဲ့တာဖြစ်ပြီး လက်ရှိချုပ်ဆိုထားတဲ့စာချုပ်အရ ၂၀၂၂ ခုနှစ်နွေရာသီကာလအတွင်းမှာ စာချုပ်သက်တမ်းကုန်ဆုံးမှာဖြစ်ပါတယ်။

■





## ကစားသမားဘဝကို အသက် ၄၀ အရွယ်အထိ ဖြတ်သန်းမယ်ဆိုတဲ့ ရီးယဲလ်မက်ဒရစ်အသင်းခေါင်းဆောင် ဆာဂျီယိုရာမို့စ်

ရီးယဲလ်မက်ဒရစ်အသင်းခေါင်းဆောင် ဆာဂျီယိုရာမို့စ်ဟာ ကစားသမားဘဝကို အသက် ၄၀ အရွယ်အထိဖြတ်သန်းသွားမယ်လို့ အခိုင်အမာပြောကြားခဲ့ပါတယ်။

ရီးယဲလ်မက်ဒရစ် နောက်တန်းကစားသမား ရာမို့စ်ဟာ ယခုလကုန်ရင် အသက် ၃၅ နှစ်အရွယ်ရှိလာတော့မှာဖြစ်ပြီး လာမယ့်ဘောလုံးရာသီ ငါးရာသီကြာအထိ ကစားသမားဘဝကို ဖြတ်သန်းမှာဖြစ်ပေမယ့် ရီးယဲလ်မက်ဒရစ်အသင်းနဲ့အတူ ကစားသမားဘဝကုန်ဆုံးဖို့တော့ မသေချာသေးဘူးလို့ ဆိုပါတယ်။

နောက်တန်းကစားသမား ရာမို့စ်ရဲ့ လက်ရှိ ရီးယဲလ်မက်ဒရစ်အသင်းနဲ့ ချုပ်ဆိုထားတဲ့ စာချုပ်သက်တမ်းဟာ ယခုဘောလုံးရာသီကုန်မှာ ကုန်ဆုံးမှာဖြစ်ပြီး ဆီဗီလာအသင်းကနေ ပြောင်းရွှေ့လာခဲ့ပြီးနောက် ရီးယဲလ်မက် ဒရစ်အသင်းနဲ့အတူ ၁၅ နှစ်ခွဲကြာ ဖြတ်သန်းခဲ့ရာမှာ ချန်ပီယံလိဂ်ဖလား လေးကြိမ်၊ စပိန် လာလီဂါဖလားငါးကြိမ်၊ စပိန်ကိုပါဒယ်ရေးဖလား နှစ်ကြိမ် အပါအဝင် ဆုဖလား ၁၈ ကြိမ်အထိ ရယူပေးနိုင်ခဲ့သူလည်း ဖြစ်ပါတယ်။

နောက်ခံလူ ရာမို့စ်ဟာ ရီးယဲလ်မက်ဒရစ်အသင်းအတွက် ပွဲစဉ်စုစုပေါင်း ၆၆၈ ပွဲ ပါဝင်ကစားပေးထားရာမှ သွင်းဂိုး ၁၀၀ အထိ သွင်းယူပေးနိုင်ခဲ့တာဖြစ်ပါတယ်။ နောက်တန်းကစားသမား ရာမို့စ်ဟာ ရီးယဲလ်မက်ဒရစ်အသင်း နောက်ဆုံးယှဉ်ပြိုင်ကစားခဲ့တဲ့ ပွဲစဉ် ၁၁ ပွဲမှာ သွင်းဂိုးခြောက်ဂိုးအထိ သွင်းယူပေးနိုင်ခဲ့တဲ့အပြင် ပြီးခဲ့တဲ့ဘောလုံးရာသီအတွင်း ရီးယဲလ်မက်ဒရစ်အသင်းကို စပိန်လာလီဂါဖလား ရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့တဲ့ ကစားသမားတွေထဲမှာ တစ်ဦးအပါအဝင်လည်း ဖြစ်ပါတယ်။

စပိန်နောက်တန်းကစားသမား ရာမို့စ်ဟာ ဇန်နဝါရီလလယ်ပိုင်းကတည်းက ဘယ်ဘက်ဒူးဒဏ်ရာရရှိခဲ့တာကြောင့် ရီးယဲလ်မက်ဒရစ်အသင်းနဲ့အတူ ပွဲထွက်ကစားနိုင်ခဲ့ခြင်းမရှိဘဲ လွဲချော်ခဲ့ရတာဖြစ်ပါတယ်။ လက်ရှိမှာတော့ နောက်ခံလူ ရာမို့စ်ဟာ ရရှိထားတဲ့ဒူးဒဏ်ရာပြန်လည်သက်သာလာပြီဖြစ်လို့ ရီးယဲလ်မက် ဒရစ်အသင်းနဲ့အတူ ပြန်လည်ပွဲထွက်လာဖို့ ရှိနေတာဖြစ်ပါတယ်။

နောက်ခံလူ ရာမို့စ်ဟာ ဥရောပရဲ့ ထိပ်တန်းအဆင့်ရှိ ဗဟိုခံစစ်ကစားသမားတွေထဲက တစ်ဦးအဖြစ် လက်ရှိအချိန်အထိ ဆက်ရှိနေသေးတာဖြစ်ပြီး ရာမို့စ်ရဲ့ လက်ရှိစာချုပ်သက်တမ်းဟာ ဇူလိုင် ၁ ရက်မှာ ကုန်ဆုံးမှာဖြစ်ပေမယ့် ရီးယဲလ်မက်ဒရစ်အသင်းကတော့ ရာမို့စ်ကို စာချုပ်သစ်ချုပ်ဆိုဖို့ မစီစဉ်ရသေးဘူးလို့ဆိုပါတယ်။

■

## ရိုးမားနောက်ခံလူ ဂီယန်လူကာမန်စီနီကို ခေါ်ယူရန် မန်ယူအသင်းနဲ့ ချယ်လ်ဆီးအသင်းတို့ ပစ်မှတ်ထားနေ

အီတလီစီးရီးအေကလပ် ရိုးမားအသင်းရဲ့ နောက်တန်းကစားသမား ဂီယန်လူကာမန်စီနီကို ခေါ်ယူရန် မန်ယူအသင်းနဲ့ ချယ်လ်ဆီးအသင်းတို့ ပစ်မှတ်ထားနေတယ်လို့ သိရပါတယ်။

အီတလီကြယ်ပွင့် ဂီယန်လူကာမန်စီနီဟာ ယခုနှစ်ဘောလုံးရာသီမှာ ရိုးမားအသင်းနဲ့အတူ အကောင်းဆုံးခြေစွမ်းပိုင်ဆိုင်လျက်ရှိတာကြောင့် နောက်တန်းခံစစ်ကြောင်းအားဖြည့်ဖို့ ပြင်ဆင်နေတဲ့ မန်ယူအသင်းနဲ့ ချယ်လ်ဆီးအသင်းတို့ ခေါ်ယူဖို့စီစဉ်နေတာဖြစ်ပါတယ်။



အသက် ၂၄ နှစ်အရွယ်ရှိနောက်တန်းကစားသမား ဂီယန်လူကာမန်စီနီဟာ ယခုနှစ်ဘောလုံးရာသီမှာ ရိုးမားအသင်းအတွက် အီတလီစီးရီးအေပွဲစဉ် ၂၆ ပွဲ ပါဝင်ကစားပေးထားတာဖြစ်ပါတယ်။ ဂီယန်လူကာမန်စီနီဟာ ကစားသမားဘဝကို အီတလီစီးရီးစီကလပ် ပီရူဂီယာအသင်းနဲ့အတူ စတင်ခဲ့ပြီး ၂၀၁၇ ခုနှစ်မှာ အတ္တလန်တာအသင်းဆီ ပြောင်းရွှေ့ခဲ့တာဖြစ်ပါတယ်။ ၂၀၁၉-၂၀၂၀ ဘောလုံးရာသီမှာ ရိုးမားအသင်းဆီသို့ အငှားစာချုပ်နဲ့ ပြောင်းရွှေ့လာခဲ့ပြီး ယခုနှစ်ဘောလုံးရာသီမှာ ရိုးမားအသင်းက နောက်ခံလူ ဂီယန်လူကာမန်စီနီကို အမြဲတမ်းစာချုပ်တစ်ရပ်ချုပ်ဆိုကာ ခေါ်ယူခဲ့တာဖြစ်ပါတယ်။

ဂီယန်လူကာမန်စီနီကို အတ္တလန္တာအသင်းမှာ ရှိနေစဉ်က အဲဗာတန်အသင်းက ခေါ်ယူဖို့ပစ်မှတ်ထားခဲ့ပေမယ့် လက်ရှိရိုးမားအသင်းကို ရောက်ရှိလာချိန်မှာတော့ ပရီမီယာလိဂ်ထိပ်တန်းအသင်းတွေဖြစ်တဲ့ မန်ယူအသင်းနဲ့ ချယ်လ်ဆီးအသင်းတို့ရဲ့ စိတ်ဝင်စားမှုခံခဲ့ရတာဖြစ်ပါတယ်။

နောက်ခံလူ ဂီယန်လူကာမန်စီနီဟာ ရိုးမားအသင်းနဲ့ ရှက်ခ်တာဒိုးနက်စ်အသင်းတို့ယှဉ်ပြိုင်ကစားခဲ့တဲ့ ယူရိုပါလိဂ် ၁၆ သင်းအဆင့် ပထမအကျော့ပွဲစဉ်မှာ အကောင်းဆုံးခြေစွမ်းပြကစားနိုင်ခဲ့ပြီး ရိုးမားအသင်းက ရှက်ခ်တာဒိုးနက်စ်အသင်းကို သုံးဂိုးပြတ်နဲ့ အနိုင်ရရှိအောင်လည်း စွမ်းဆောင်ပေးနိုင်ခဲ့တာဖြစ်ပါတယ်။

ဒါကြောင့် မန်ယူအသင်းနဲ့ ချယ်လ်ဆီးအသင်းတို့ဟာ နောက်ခံလူ ဂီယန်လူကာမန်စီနီကို ယခုနှစ်နွေရာသီ အပြောင်းအရွှေ့ကာလအတွင်းမှာ ပြောင်းရွှေ့ကြေးပေါင် ၂၇ သန်းနဲ့ ခေါ်ယူဖို့ ကမ်းလှမ်းထားတာဖြစ်ပါတယ်။

**ငွေကြယ် - စုစည်းသည်**

☆ ကျောဖုံးမှ

စုဆောင်းထားနိုင်ခဲ့ကာ ပရီမီယာလိဂ်အမှတ်ပေး ဇယားအဆင့် ၄ နေရာမှာ ရပ်တည်နိုင်ခဲ့တာဖြစ်ပြီး လိဒ်ယူနိုက်တက်အသင်းကတော့ ရမှတ် ၃၆ မှတ်နဲ့ အမှတ်ပေးဇယားအဆင့် ၁၁ နေရာမှာ ရပ်တည်လျက်ရှိတာဖြစ်ပါတယ်။

ချယ်လ်ဆီးအသင်းဟာ လာမယ့်ပွဲစဉ်အဖြစ် မတ် ၁၇ ရက်မှာ အက်သလက်တီကိုမက်ဒရစ်အသင်းနဲ့ ချန်ပီယံလိဂ် ၁၆ သင်းအဆင့် ဒုတိယအကျော့ပွဲစဉ် ယှဉ်ပြိုင်ကစားရမှာဖြစ်ပြီး မတ် ၂၁ ရက်မှာ အက်ဖ်အေဖလားကွာတားဖိုင်နယ်ပွဲစဉ်အဖြစ် ရှက်ဖီးယူနိုက်တက်အသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာဖြစ်ပါတယ်။ လိဒ်ယူနိုက်တက်အသင်းကတော့ မတ် ၁၉ ရက်မှာ ပရီမီယာလိဂ်ပွဲစဉ်အဖြစ် ဖူလ်ဟမ်အသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာဖြစ်ပါတယ်။

ရဟန်း ဒါယကာကြီး

## ဦးရှုံဂီ(မြိတ်)

### အသက်(၉၁)နှစ်

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့၊ ကန်ခေါင်းရပ်၊ ဗဟိုလမ်း၊ အမှတ်(၆၂)နေ (ဦးတိတ်ဟို-ဒေါ်သင်းညွှာ)တို့၏သား၊ (ဦးအဖွယ်-ဒေါ်ငုတ်)တို့၏သားသမက်၊ ဒေါ်အမီ(ခ) မာဂရက်လျောင်၏ ချစ်လှစွာသောခင်ပွန်း၊ ဦးဆန်နီ- ဒေါ်ထားရီ၊ ဦးတိုနီ- Dr. ခင်မာအောင်တို့၏ ချစ်လှစွာသော ဖခင်ကြီး၊ ကိုစိုးကိုကိုအောင်- Dr. မီမီလှိုင်၊ မမေဝါလှိုင်၊ Dr. အောင်ခန့်မောင်၊ ကိုထက်ဘုန်းကျော်တို့၏ ချစ်လှစွာသောအဘိုး၊ မြစ် နှစ်ယောက်တို့၏ ဘိုးဘိုးကြီးသည် ၁၂-၃-၂၀၂၁ (သောကြာနေ့) ညနေ ၄:၅၅ နာရီတွင် ရန်ကုန်မြို့ အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၃-၃-၂၀၂၁ (စနေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားသိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးကျော်ကျော်လင်း

### CDC-6561 (GEWIN- Shipping)

### အသက် (၆၅) နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ဘုရင့်နောင်လမ်း၊ အမှတ်(၂၃၃)နေ (ဦးခင်မောင်ညို- ဒေါ်တင်တင်အုန်း) တို့၏သား၊ (ဦးအာပေါ-ဒေါ်ကြွေ) တို့၏ သားသမက်၊ ဒေါ်မို့မို့၏ခင်ပွန်း၊ ဒေါ်မော်မော်ဝင်း၊ ဦးစိုးအောင်- ဒေါ်ဖြူဖြူဝင်း၊ ဦးဘိုဘို- ဒေါ်ဝါဝါညို၊ ဦးနေထွန်းမင်း-ဒေါ်မေစန္ဒာအောင်၊ (ဦးဇော်ဇော်အောင်)-ဒေါ်ယဉ်မင်းထွေး တို့၏အစ်ကိုကြီး၊ ဦးမောင်မောင်စိုး-ဒေါ်အိအိလင်း၊ ဦးကောင်းမြတ်လင်း-ဒေါ်မိုးမမထက်၊ ကိုကောင်းစံလင်းတို့၏ဖခင်၊ မြေးသုံးယောက်တို့၏ အဘိုး ဦးကျော်ကျော်လင်းသည် ၁၃-၃-၂၀၂၁ (စနေနေ့) နံနက် ၅ နာရီတွင် ကွယ်လွန်အနိစ္စရောက်သွားပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

မူးယစ်ကို ပစ်ပန်းတိုင် သစ်စိတ် သစ်လူ သစ်ဘဝ သစ်

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ခင်ထွေးရီ (ခ) ဒေါ်ထွေးရီ

### အသက် (၇၆) နှစ်

မြန်မာ့ထီးစက်ရုံ (ငြိမ်း) စက်မှူး-၁

သန်လျင်မြို့နယ်၊ အောင်ချမ်းသာ (၃) ရပ်ကွက်၊ ကသစ်ဝိုင်းဓမ္မရိပ်သာကျောင်း၊ ဦးစီးပဓာနနာယကအဂ္ဂမဟာကမ္မဋ္ဌာနာစရိယဆရာတော် ဘဒ္ဒန္တအာစရသိက္ခ၏ အစ်မတော်ကြီး၊ ရန်ကုန်မြို့၊ လှိုင်မြို့နယ် (၁၆) ရပ်ကွက်၊ အမှတ်(၃၉)၊ ပါရမီလမ်းနေ (ဦးမောင်မောင် -ဒေါ်ခင်ကြည်)တို့၏သမီး၊ (ဦးအုန်းချို-ဒေါ်သောင်း) တို့၏သမီးချွေးမ၊ (ဦးကျော်သိန်း)-ဒေါ်ခင်စန်းရီ၊ (ဦးသန်းအောင်)-ဒေါ်ခင်သိန်း၊ ဦးသိန်းစိုး-(ဒေါ်သန်းရီ)တို့၏ညီမ၊ [ဦးအောင်သန်း (လက်ထောက်အထွေထွေမန်နေဂျာ-ငြိမ်း၊ စက်မှူး-၁)]၏ဇနီး၊ ဒေါ်စုစုနိုင် (မြန်မာ့ထီးစက်-ငြိမ်း)၊ (ဦးသန်းထွဋ်)-ဒေါ်ညိုညို ဝင်း၊ ဦးခိုင်ဝင်းထွဋ်-ဒေါ်ချိုချိုသန်း၊ ဦးကျော်ဝင်း-ဒေါ်ချိုချိုမာတို့၏ မွေးသမိခင်၊ ကိုဖြိုးသီဟ- မအိသဇင်အောင်၊ မယမင်းမြတ်အောင်တို့၏အဘွား၊ မရတီမြင့်မိုရ်၏ ဘွားဘွားသည် ၁၂-၃-၂၀၂၁ (သောကြာနေ့) နံနက်တွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၂:၃၀ နာရီတွင် သုခကမ္ဘာဆေးရုံမှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၈-၃-၂၀၂၁ ရက်၊ နံနက်တွင် အထက်ပါ နေအိမ်သို့ ရက်လည် ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြား အပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်ဌေးဌေးဝင်း(မြေနီကုန်း)

### (LL.B ) အထက်တန်းရှေ့နေ

### အသက်(၇၀)

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်းနေ (ဦးကောက်-ဒေါ်မြရီ)တို့၏သမီး၊ မြေနီကုန်း၊ ဒဂုန် ဓာတ်ပုံတိုက်ပိုင်ရှင်(ဦးသိန်းမောင်-ဒေါ်ပု)တို့၏သမီးချွေးမ၊ (ဦးအေးဖေ)-ဒေါ်ခင်တုတ်၊ (ဦးမြဦး)-ဒေါ်ခင်စီ၊(ဦးစိုးမြင့်)-ဒေါ်ကြင်တီ၊ (ဦးမြင့်လွင်-ဒေါ်ခင်ဝင်း)၊(ဦးညွှန့်စိန်)- ဒေါ်ညွှန့်ညွှန့်၊ ဦးအောင်ခိုင်-(ဒေါ်စိန်လှ)၊ ဦးအောင်ဝင်း-ဒေါ်စန်းစန်းမြင့်၊(ဦးသောင်းလေး)-ဒေါ်ရီရီမြတို့၏ညီမ၊ ဒေါ်ကြည်ကြည်စိုး၊ (ဦး သန်းလွင်)-ဒေါ်ခင်အေးမွန်၊ ဦးဇင်ဝေ-ဒေါ်သန်းသန်းစိုး၊ ဦးထွန်းထွန်းတို့၏အစ်မ၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃) ရပ်ကွက်၊ ယသဝတီလမ်း၊ တိုက် ၉၄၄(ငါးလွှာ)နေ တရားလွှတ်တော်ရှေ့နေကြီး ဦးခင်စိုး၏ချစ်လှစွာသောဇနီးသည် ၁၃-၃-၂၀၂၁ရက် (စနေနေ့) နံနက် ၄:၂၅ နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

ပါမောက္ခဒေါက်တာ ခင်မေသင်း(ပါမောက္ခ/ဌာနမှူး၊ သားဖွားမီးယပ်ပညာဌာန၊ ဆေးတက္ကသိုလ်-၂၊ ရန်ကုန်)၏မိခင် ဒေါ်ခင်ခင်ထွေး အသက်(၈၆)နှစ်သည် ၁၁-၃-၂၀၂၁ရက် ည ၈နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**သားဖွားမီးယပ်ပညာဌာန**
**ဆေးတက္ကသိုလ်-၂၊ ရန်ကုန်**
**မြောက်ဥက္ကလာပအထွေထွေရောဂါကုနှင့်**
**သင်ကြားရေးဆေးရုံကြီး၊ ရန်ကုန်**

## အထူးဝမ်းနည်းကြေကွဲခြင်း

ပါမောက္ခဒေါက်တာ ခင်မေသင်း(ပါမောက္ခ/ဌာနမှူး၊ သားဖွားမီးယပ်ပညာဌာန၊ ဆေးတက္ကသိုလ်-၂၊ ရန်ကုန်)၏မိခင် ဒေါ်ခင်ခင်ထွေး အသက်(၈၆)နှစ်သည် ၁၁-၃-၂၀၂၁ရက်၊ ည ၈နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံဆရာဝန်အသင်း**
**သားဖွားမီးယပ်ပညာအဖွဲ့**

## အများသိစေရန်

ဦးအောင်ကြီး[၁၂/ဒဂန(နိုင်)၀၁၂၃၃၆]သည် ဇနီးဖြစ်သူ ဒေါ်ခင်လှလှ [၁၂/အလန(နိုင်)၀၃၁၃၆၀]၊ မိသားစုဝင် သားသမီးများနှင့် စိတ်သဘောထားတိုက်ဆိုင်ခြင်းမရှိဘဲ ၎င်း၏စိတ်ဆန္ဒအလျောက်ပြုလုပ်ဆောင်ရွက်ချက်များကို ၎င်း၏ သဘောဆန္ဒအလျောက် လုပ်ဆောင်သွားပါသဖြင့် ဦးအောင်ကြီး၏ ပြုလုပ်ဆောင်ရွက်ချက်များသည် မိသားစုနှင့် လုံးဝ(လုံးဝ) မသက်ဆိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ခင်လှလှ**
**[၁၂/အလန(နိုင်)၀၃၁၃၆၀]**

## သင့်သွေးဖြင့် အသက်ကယ်ပါ

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဦးကျော်ကျော်လင်း

### CDC-6561(GEWIN-Shipping)

### အသက်(၆၅)နှစ်

အစ်မကြီးဒေါ်မို့မို့၏ချစ်လှစွာသော ခင်ပွန်း၊ ဦးမောင်မောင်စိုး- ဒေါ်အိအိလင်း၊ ဦးကောင်းမြတ်လင်း- ဒေါ်မိုးမမထက်၊ ကိုကောင်းစံလင်းတို့၏ ချစ်လှစွာသော ဖခင်ကြီး ဦးကျော်ကျော်လင်း အသက်(၆၅)နှစ်သည် ၁၃-၃-၂၀၂၁ (စနေနေ့) နံနက်၅ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးစိုးသိန်း ဇနီး ဒေါ်ခင်ချိုအုန်း**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ကျင်စိန် (ရန်ကုန်)

### အသက် (၉၆)နှစ်

ရန်ကုန်မြို့၊ လသာမြို့နယ်၊ (၅)ရပ်ကွက်၊ (၂၁)လမ်း၊ အမှတ်(၇)၊ ဒုတိယထပ်နေ (တန်မိန်နီး-လင်မရုံ)တို့၏သမီးကြီး၊ (ဦးမောင်ဆိုင်)၏ချစ်လှစွာသောဇနီး၊ ဦးထွန်းထွန်း-ဒေါ်နီနီဝင်း၊ (ဦးလှအောင်)-ဒေါ်ညိုညိုဝင်း၊ ဦးတင်ပြုံး- ဒေါ်စန်းစန်းဝင်း၊ ဦးအောင်မြင့်- ဒေါ်ခင်ခင်စန်း၊ ဦးအောင်သန်း-ဒေါ်သန်းသန်းဝင်း၊ ဦးအောင်တင့်- Dr.အေးအေးထွေး၊ ဦးအောင်ဝင်း-ဒေါ်ခင်အေးရီ၊ ဦးမျိုးမြင့်- Dr.ဒေါ်ချိုချိုဝင်းတို့၏ ကျေးဇူးရှင်မိခင်ကြီး၊ မြေး ၁၈ ယောက်၊ မြစ်နှစ်ယောက်တို့၏ချစ်လှစွာသော အဘွားသည် ၁၃-၃-၂၀၂၁ရက် နံနက် ၇:၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၃-၂၀၂၁ (တနင်္လာနေ့) နံနက် ၁၀နာရီတွင် ရေဝေးခန်းမမှ ရေဝေးဖုကျန့်တရုတ်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

## မီးဘေးရှောင် မလောင်ခင်တား

## ငှားမည်

ကြည့်မြင်တိုင်၊ စလင်းဘောကွင်း၊ ၃-ထပ်တစ်စုံ(၁၂'x၄၈'x၁၀')ပန်းပင်ကြီးလမ်းနှင့် အောက်ကြည့်မြင်တိုင်လမ်းထောင့်(ဈေးနှုန်း ညှိနှိုင်း)

**ဖုန်း-၀၉-၅၁၀၅၂၈၉၊ ၀၉-၅၁၀၅၃၂၀**

## "(၆-၃-၂၀၂၁) ရက်စွဲပါ ကြေးမုံသတင်းစာ၏ စာမျက်နှာ ၃၁-ပါ အများသိစေရန်ကြေညာခြင်း၌ တရားလွှတ်တော်ရှေ့နေများဖြစ်သော ဦးအောင်မိုး(ကော့မှူး)နှင့် ဒေါ်သိမ့်သိမ့်ထွန်းတို့၏ ကြေညာချက်အပေါ် ဖြစ်ရပ်အမှန်အား ပြန်လည်ရှင်းလင်းကြေညာခြင်း"

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဇ)ရပ်ကွက်၊ သုဓမ္မာလမ်း၊ အမှတ် (၅၂၀-ခ)ဟုခေါ်တွင်သော အလျား(၂၀)ပေxအနံ (၅၀)ပေ၊ (၁၀၀၀) စတုရန်းပေ အကျယ်အဝန်းရှိ ဒေါ်သိန်းမြ အမည်ပေါက် နှစ်(၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်နှင့် စားသောက်ဆိုင်အား ကျွန်ုပ်မိတ်ဆွေဖြစ်သူမှ (၁၈-၁-၂၀၂၀)ရက်နေ့ကတည်းက ကြေးမုံသတင်းစာ၌ အထက်ပါ နေအိမ်ဥပစာနှင့်ပတ်သတ်၍ ဝယ်ယူမည်ဖြစ်ပါသဖြင့် တရားဝင်ကန့်ကွက်နိုင်ပါကြောင်း ထည့်သွင်းကြေညာသည့်အပေါ် တစ်စုံတစ်ရာကန့်ကွက်သူမရှိသဖြင့် အရောင်းအဝယ်အား ဥပဒေနှင့်အညီ ချုပ်ဆိုကာ လက်ရောက်ရဝယ်ယူပိုင်ဆိုင်ထားပြီးဖြစ်သည့်အပေါ် စားသောက်ဆိုင်အား အငှားပြန်လည်ထားရှိခဲ့ရာမှ ကျွန်ုပ်မိတ်ဆွေဖြစ်သူက ပြောင်း ရွှေ့ဖယ်ရှားပေးရန်တောင်းဆိုမှုအပေါ် လူကြီးမင်း ဒေါ်သိန်းမြမှ သိလျက်နှင့် ထိမ်ချန်ပြီး ကြေညာခြင်းအပေါ် ဖြစ်ရပ်အမှန်အား ပြန်လည်ရှင်းလင်းကြေညာခြင်းဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဟေမာငြိမ်းချမ်းအောင်[၁၄/မမက(နိုင်)၁၈၁၈၇၅]၏**
**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သင်းသင်းဟန်**
**တရားလွှတ်တော်ရှေ့နေ**
**(စဉ်-၁၁၉၈၆/၂၀၁၇)**
**စုပေါင်းရုံးကြီးဝင်း၊ အင်းစိန်မြို့နယ်။ ဖုန်း-၀၉-၄၂၁၁၀၃၄၅၄**

## အများသိစေရန်ကြေညာခြင်း

ကွယ်လွန်သူ အဖ ဦးရှောင်ဖိတ်(ခ)ဦးစိန် အမိ ဒေါ်လှတင်တို့မှ ထွန်းကားသည့် သားသမီး(၁၁)ဦးအနက်မှ ကျန်ရစ်သူသားများဖြစ်သော ၁။ ဦးသိန်းဟန်[၁၃/တကန(နိုင်)၀၁၅၃၀၅]၊ ၂။ ဦးအောင်လွင်[၁၃/တကန(နိုင်)၁၁၈၀၆၄]၊ ၃။ဦးသိန်းအောင်[၁၄/ဟသတ(နိုင်)၁၈၈၆၃၉]ကိုင်ဆောင်သူများ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန်ကြေညာအပ်ပါသည်။

ဦးရှောင်ဖိတ်(ခ)ဦးစိန်နှင့် ဒေါ်လှတင်တို့၏ သားသမီး(၁၁)ဦးမှ ဒေါ်ဌေးကြူဝင်း[၁၂/လမန(နိုင်) ၁၁၂၇၃၀]ကိုင်ဆောင်သူသည် (၃-၃-၂၀၂၁) ရက်တွင် ကွယ်လွန်သွားခဲ့ရာ ၎င်းပိုင်ဆိုင်နေထိုင်သည့် ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၂)ရပ်ကွက်၊ မာလာရုံလမ်း၊ အိမ်အမှတ်-၄၈၆နှင့် မရွှေ့မပြောင်းနိုင်သည့်ပစ္စည်း၊ ရွှေ့ပြောင်းနိုင်သည့်ပစ္စည်းများ ကျန်ရှိခဲ့ပါသည်။ ဒေါ်ဌေးကြူဝင်းမှာ သေဆုံးသည့်အချိန်ထိ အပျိုကြီးဖြစ်ပြီး မွေးစားအမွေခံဆက်ခံမည့် သားသမီး၊ ကိတ္တိမသားသမီးမရှိသဖြင့် ဒေါ်ဌေးကြူဝင်း၏ မွေးချင်းများအနက် အထက်ဖော်ပြပါ လွှဲအပ်ညွှန်ကြားသူ မောင်(၃)ဦးသာ ကျန်ရှိပြီး၊ ကျန်မောင်နှမသားချင်းများမှာ ကွယ်လွန်သွားကြ၍ သက်ရှိထင်ရှားကျန်ရစ်သူ မောင်(၃)ဦးသာလျှင် အမွေဆက်ခံခွင့်ရှိသူများဖြစ်ပါသည်။ ဒေါ်ဌေးကြူဝင်း၏ ကျန်ရစ်ခဲ့သော ရွှေ့ပြောင်းနိုင်သည့်ပစ္စည်း၊ မရွှေ့ပြောင်းနိုင်သည့် ပစ္စည်းများအပေါ် ညီအစ်ကို(၃)ဦးသာလျှင် အမွေဆက်ခံခွင့်ရှိသူများဖြစ်၍ စီမံခန့်ခွဲလုပ်ကိုင်ဆောင်ရွက်ခွင့်ရှိပြီး၊ ၎င်းတို့(၃)ဦး သိရှိခြင်းမရှိဘဲ မည်သူတစ်ဦးတစ်ယောက်ကမျှ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း၊ လျှုဒါန်းခြင်း၊ အာမခံတင်သွင်းခြင်း ပြုလုပ်ခွင့်မရှိကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
|---|---|
| **၁။ ဦးသိန်းဟန်[၁၃/တကန(နိုင်)၀၁၅၃၀၅]** **သစ်တောရပ်ကွက်၊ တောင်ကြီးမြို့။** | **၁။ ဒေါ်မြင့်မြင့်ကြည်(LL.B)** **တရားလွှတ်တော်ရှေ့နေ** **(စဉ်-၁၀၃၇၇/၂၆-၂-၂၀၁၅)** |
| **၂။ ဦးအောင်လွင်[၁၃/တကန(နိုင်)၁၁၈၀၆၄]** **ညောင်ရွှေဟော်ကုန်းရပ်၊ တောင်ကြီးမြို့။** | **၂။ ဒေါ်နန်းဆင်(မ်)မွန်း(LL.B)** **တရားလွှတ်တော်ရှေ့နေ** **(စဉ်-၉၈၄၃/၂၉-၄-၂၀၁၄)** |
| **၃။ ဦးသိန်းအောင်[၁၄/ဟသတ(နိုင်)၁၈၈၆၃၉]** **ကွင်းကောက်မြို့၊ အင်္ဂပူမြို့နယ်၊** **ဧရာဝတီတိုင်းဒေသကြီး။** | **မ-၂၇၊ မင်္ဂလာလမ်း၊ ကံသာရပ်၊** **တောင်ကြီးမြို့။** **ဖုန်း-၀၉-၄၂၈၃၁၀၃၁၁၊** **၀၉-၄၂၈၃၄၃၈၅၈** |

# မတ် ၁၃ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါပိုးရှိ လူနာသစ် ၁၄ ဦး တွေ့ရှိ

**COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း**

**(၁၃-၃-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ**

(၁၂-၃-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီမှ (၁၃-၃-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၁,၃၁၅) ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID-19 ရောဂါဓာတ်ခွဲအတည်ပြုလူနာသစ် (၁၄) ဦး တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာ စုစုပေါင်း (၂,၅၁၂,၂၃၈) ခုအား စစ်ဆေးခဲ့ပြီး COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၁၄၂,၁၃၆) ဦး ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၈) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၁၃၁,၇၃၆) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။

** ပြည်သူလူထုအနေဖြင့် COVID-19 ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေးအတွက် -

- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊ လက်ကို မကြာခဏဆေးကြောခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြပါရန်၊
- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် COVID-19 ရောဂါကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကို တစ်ဦး အသိပေးခြင်း/သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း COVID-19 ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

## ကြေးမုံ ယနေ့ ဖတ်စရာ


**ကမ္ဘာတစ်ဝန်းလုံးတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး တစ်ကြိမ်ထက်မနည်း ထိုးနှံပြီးသူဦးရေ သန်း ၂၀၀ ကျော်ရှိဟုဆို**

စာမျက်နှာ » ၁၂

**အီတလီနိုင်ငံ၌ ဗီဇပြောင်းကိုရိုနာဗိုင်းရပ်စ် ကူးစက်ပျံ့နှံ့မှုကြောင့် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ စည်းမျဉ်းချမှတ်သည့်ဒေသများ ထပ်တိုးမည်**

စာမျက်နှာ » ၁၃

**ငွေကြေးစီးဆင်းမှုလည်ပတ်မှ ပြည်သူများ အဆင်ပြေမည်**

စာမျက်နှာ » ၁၉

**အဲအေးရှား၏ ပဲ့ကိုင်ရှင် တိုနီဖာနန်ဒါစ်**

စာမျက်နှာ » ၂၅




# မန္တလေး-ဗန်းမော်သင်္ဘောခရီးစဉ် ပြန်လည်ပြေးဆွဲ

နေပြည်တော် မတ် ၁၃

ပြည်တွင်းရေကြောင်းပို့ဆောင်ရေးဌာန၏ စီစဉ်ကြီးကြပ်မှုဖြင့် ပြည်တွင်းရေကြောင်းပို့ဆောင်ရေး(ရောဂတီဌာနခွဲ)၏ ယာယီရပ်ဆိုင်းထားသော ခရီးစဉ်တစ်ခု ဖြစ်သည့် မန္တလေး- ဗန်းမော် သင်္ဘောခရီးစဉ်ကို ယနေ့ နံနက် ၆ နာရီက ပြန်လည်စတင်ပြေးဆွဲခဲ့ကြောင်း သိရသည်။

အဆိုပါခရီးစဉ်ကို ပြဒါးပျံအမည်ရှိ သင်္ဘောဖြင့် ခရီးသည် ၁၅ ဦးနှင့် ကုန်ချိန် ၃၁ တန် တင်ဆောင်၍ မန္တလေးမြို့ ဂေါဝိန်ဆိပ်မှ စတင်ထွက်ခွာခဲ့ကာ လမ်းခရီးတွင် ကျောက်မြောင်း၊ တကောင်း၊ ထီးချိုင့်၊ ကသာနှင့် ရွှေကူမြို့ ဆိပ်ကမ်းများသို့ ဆိုက်ကပ်သွားမည်ဖြစ်ပြီး ခရီးသည်နှင့် ကုန်စည်များ တင်ဆောင်နိုင်ရေးအတွက် ဆက်သွယ်ဆောင်ရွက်ထားရှိကြောင်း သိရသည်။

သတင်းစဉ်



# လိဒ်ယူနိုက်တက်အသင်းနဲ့ ပွဲစဉ်မှာ ဂိုးမရှိသရေရလဒ်ထွက်ပေါ်ခဲ့သော်လည်း နည်းပြ တူချယ်လက်ထက် ချယ်လ်ဆီးအသင်း ၁၂ ပွဲဆက်တိုက် ရှုံးပွဲမရှိစံချိန်တင်ခဲ့

ပရီမီယာလိဂ်ပွဲစဉ် ၂၉ ရဲ့ စနေနေ့ည အစောဆုံးပွဲစဉ်အဖြစ် ယှဉ်ပြိုင်ကစားခဲ့ကြတဲ့ လိဒ်ယူနိုက်တက်အသင်းနဲ့ ချယ်လ်ဆီးအသင်းတို့ပွဲစဉ်မှာ ဂိုးမရှိ သရေရလဒ်သာ ထွက်ပေါ်ခဲ့သော်လည်း နည်းပြ တူချယ်လက်ထက်မှာ ချယ်လ်ဆီးအသင်း ၁၂ ပွဲဆက်တိုက် ရှုံးပွဲမရှိစံချိန်တင်နိုင်ခဲ့ပါတယ်။

လိဒ်ယူနိုက်တက်အသင်းနဲ့ ချယ်လ်ဆီးအသင်းတို့ပွဲစဉ်မှာ ဧည့်သည်အဖြစ် လာရောက်ကစားရတဲ့ ချယ်လ်ဆီးအသင်းက ၄-၂-၃-၁ ကစားကွက်နဲ့ ပွဲထွက်လာခဲ့တာဖြစ်ပြီး အိမ်ရှင်လိဒ်ယူနိုက်တက်အသင်းကတော့ ၄-၁-၄-၁ ကစားကွက်နဲ့ ပွဲထွက်လာခဲ့တာဖြစ်ပါတယ်။

အဲဒီပွဲစဉ်မှာ ချယ်လ်ဆီးအသင်းတိုက်စစ်မှူး ကိုင်ဟာဗက်ဟာ ဂိုးရရှိမယ့်အခွင့်အရေး နှစ်ကြိမ်ရရှိခဲ့ပေမယ့် အသုံးမချနိုင်ခဲ့တာကြောင့် ချယ်လ်ဆီးအသင်း နိုင်ပွဲရရှိမယ့်အခွင့်အရေးဆုံးရှုံးခဲ့ရတာဖြစ်ပါတယ်။ ချယ်လ်ဆီးအသင်းဟာ နည်းပြ တူချယ်လက်ထက် ၁၂ ပွဲကစားခဲ့ရာမှာ ရှစ်ပွဲအထိ နိုင်ပွဲရရှိထားပြီး လေးပွဲက သရေရလဒ်ထွက်ပေါ်ထားတာကြောင့် လက်ရှိအချိန်အထိ နည်းပြ တူချယ်က ချယ်လ်ဆီးအသင်းကို ရှုံးပွဲမရှိအောင် ဆက်ထိန်းထားနိုင်ခဲ့တာဖြစ်ပါတယ်။

ချယ်လ်ဆီးအသင်းဟာ လိဒ်ယူနိုက်တက်အသင်းနဲ့ ပွဲစဉ်မှာ သရေတစ်မှတ်သာရရှိခဲ့ပေမယ့် ပရီမီယာလိဂ်ပွဲစဉ် ၂၉ ပွဲယှဉ်ပြိုင်ကစားအပြီးမှာ ရမှတ်စုစုပေါင်း ၅၁ မှတ်အထိ

**စာမျက်နှာ ၃၀ ကော်လံ ၁ သို့ ☆**